
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စောညို

## ဒဏ်

စာမူခွင့်ပြုချက်အမှတ် - ၂၃၄/၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၃၄/၂၀၀၃ (၅)

၂၀၀၃ ခုနှစ်၊ မေလ
ပထမအကြိမ်
တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၀၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ . . . ဦးကျော်သိုင်း(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

# စောညို

## ဒဏ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

### "ဒဏ်" ဝတ္ထုဇာတ်လမ်း၏ဦးတည်ရည်ရွယ်ချက်

(၁) သာယာညီညွတ်သောအိမ်ထောင်စု ဖြစ်ပေါ်လာစေရန်။

(၂) ဇနီးမယားလင်မယားသမီးများပီပီ မိမိ၏လင်ယောကျ်ားကို အိမ်ဦးနတ် သဖွယ်ထား၍ ရိုသေလေးစားမှုရှိစေရန်။

(၃) ယောကျ်ားများသည် မိန်းမသားများအား ညီမျှသော အခွင့်အရေး ပေးစေရန်။

(၄) မိမိ၏အကျင့်စာရိတ္တကိုရောင်းစား၍ တစ်ဘက်လူအား ဒုက္ခ ဖြစ်စေရန်ရည်ရွယ်လျှင် မိမိကိုယ်တိုင်လည်း ဒုက္ခရောက်တတ် ကြောင်း အမျိုးသမီးများအားသိစေရန်။

(၅) မိန်းကလေးများအားဖျက်ဆီးရန် ကြံရွယ်သောယောကျ်ားများ သည် ဥပဒေဘောင်အတွင်း သက်ဆင်းရှုံ့မက မိမိ၏ဂုဏ်သိက္ခာ အကျိုးပျက်စီး ဆုံးရှုံးခြင်းဒဏ်၊ နစ်နာမှုဒဏ်များရှိကြောင်း သိစေ ရန်။

(၆) ဒေါသတရားနောက်ကို လိုက်သူသည် ဒေါသတရား၏ ဒဏ်ကို ခံစားပြီး ပျက်စီးဆုံးရှုံးခြင်းဒဏ်၊ နစ်နာမှုဒဏ်များရှိကြောင်း သိစေ ရန်။

(၇) မကောင်းမှု ပြုလုပ်သူသည် မကောင်းမှုဒဏ်ကိုသာ ခံစား ရကြောင်း သိစေရန်။

(၈) တာဝန်သိလုပ်သားပြည်သူတစ်ယောက်ဝီသစေရန်။

ဤအကြောင်းအချက်ရည်ရွယ်ချက်များနှင့် ယင်းဝတ္ထုကို ရေးသား ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဤစာပေကိုရေးသားရာတွင်

၁။ ။ နိုင်ငံနှင့် ပြည်သူ၏အကျိုးကို ရှာ၏။
၂။ ။ စာဖတ်ပရိသတ်၏ အကျိုးကိုရှာ၏။
၃။ ။ စာဖတ်ပရိသတ်၏ မေတ္တာကိုရှာ၏။
၄။ ။ စာပေ၏အလှနှင့် သစ္စာတရားကိုရှာ၏။

စောညို

ကျွန်ုပ်သည်...
ရတနာသုံးပါးကို ဦးညွတ်၏။
နိုင်ငံတော်ကို ဦးညွတ်၏။
ပြည်သူကို ဦးညွတ်၏။
စာဖတ်ပရိသတ်ကို ဦးညွတ်၏။
ကျွန်ုပ်အားမွေးဖွားပေးသောစာရေးဆရာကို
ဦးညွတ်၏။

ဂျက်စနေ(စနေထွန်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ကောက်လမ်းစဉ် (၁)

ဘဝကိုဒုက္ခနှင့်အရောင်ဆိုးသလား။

သုခနှင့်အရောင်ဆိုးသလား။

ဂျက်စနေ အဲဒါကို အမြဲစဉ်းစားသည်။ သူ့မျက်မှောက်တွင် ဒုက္ခနှင့်အရောင်ဆိုးတာကိုလည်း တွေ့ဖူးသည်။ သုခနှင့် အရောင်ဆိုးနေတာလည်း ကြုံဖူးသည်။

ဒုက္ခ၊ သုခနှစ်ဖြာ ဒွန်တွဲနေသဖြင့် ဘဝနှင့်အရောင်ဆိုးသည်ကို သူ တိတိပပ မဆုံးဖြတ်နိုင်ခဲ့။

သူ့ဘဝမှာလည်း သုခလား၊ ဒုက္ခလား ဝေခွဲမရနိုင်။

နေရတာတော့ တိုက်ကြီးတာကြီး၊ သွားတာလာတာကတော့ ကားနှင့်။ အိပ်ရသည်မှာ ရေမြှုပ်မွေ့ရာပေါ်မှာ။

သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိတွေ့နေရတာက ကိုယ်ပိုင်မိန်းမချောလေး။

ဒါကိုထောက်ချင့်ပြီး ဂျက်စနေ၏ဘဝမှာ သုခနှင့် အရောင်ဆိုးသည်ဟု မြင်သူတွေ၊ ထင်သူတွေက ပြောကြမှာပေါ့။

ခက်ပါပြီ။

သူ့တိုက်ကြီးနှင့် နေရခြားလည်း အဲသည်တိုက်မှာ သူ့စိတ်သူ့ကိုယ် လှုပ်ရှားလို့မရ။

ကားနှင့်သွားသော်လည်း တစ်ပါးသူ၏ အမိန့်ကိုသာ သူ နာခံရသည်။ ရှင်းရှင်းဆိုရသော်ကား ဒရိုင်ဘာ၏ ဘဝမျိုး။

အိစက်သော မွေ့ရာပေါ်မှာ အိပ်ရသော်လည်း သူ့အမည်ကို အချိန်မရွေးခေါ်ပြီး ခိုင်းခံရသည့်အခြေ။

လှပသော မိန်းကလေးရထားစေကာမူ သည်မိန်းကလေး၏ အာဏာစက်အောက်မှာ သူရောက်နေသည်။

ခင်မင်သူ၊ အကြောင်းသိသူ အချို့က သူ့အား လူပျော့လူညံ့ဟု ပြောကြသည်။

ခက်သားပဲ။

လူ့ပါးစပ်က သူ့သဘော သူ့အတိတ်ကို မသိလို့ ပြောကြတာပဲ။

အဲသည် ပြောသည့်အထဲမှာ ဦးအာကာထက်လည်း ပါသည်။

ဦးအာကာထက်သည် ဂျက်စနေ၏ ယောက္ခမ ဦးဘကလေးနှင့် သဟဇာတမဖြစ်သော ပုဂ္ဂိုလ်သာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး စီးပွားပြိုင်ဘက်၊ မာန်မာနထားဘက်တွေ။

ဦးအာကာထက်က နိုင်ငံခြားတစ်ခုနှင့် ဖက်စပ်လုပ်သော ချည်ထည်နှင့် အဝတ်ထုတ်လုပ်ရေးစက်ရုံပိုင်ရှင်ဖြစ်သလို ဦးဘကလေးကလည်း နိုင်ငံခြားနှင့် ဖက်စပ်လုပ်သည့် သွင်းကုန်ထုတ်ကုန်ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သည်။

ငွေအားချင်းပြိုင်သလို ပုဂ္ဂိုလ်ရေးအားဖြင့်လည်း သင့်မြတ်မှုမရှိကြ။

သည်ကနေ့တွင် ဂျက်စနေက ဦးဘကလေးအား သွားလိုရာ နေရာများသို့ ပရာဒိုကားနှင့် လိုက်လံပို့ပေးအပြီး မင်း ပြန်နိုင်ပြီဟူသော အမိန့်ကို ခံယူ၍ ပြန်လာသည်။

ဗိုလ်ချုပ်လမ်းသို့အရောက် ဦးအာကာထက် နှင့် ကားချင်းယှဉ်မိသည်။

ဦးအာကာထက်က... ပါဂျဲရိုးအနက်ရောင် အမောင်းခန်းမှ သူ့ကို လက်ပြသည်။ ရပ်ပါဦးဆိုသည့်သဘော။

ဂျက်စနေမှာ ဦးအာကာထက်နှင့် သိကျွမ်းစကားပြောဖူးသည်။ သူ့ကားကို တစ်နေရာတွင် ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကားနောက်တွင် ပါဂျဲရိုးက လာရပ်သည်။

မောင်းသူက ဦးအာကာထက်ကိုယ်တိုင်။

"မင်း တစ်ယောက်တည်းလား... "

လူကြီးဖြစ်သော်လည်း သူပဲ လာမေးသည်။

"ဟုတ်တယ် အန်ကယ်(လ်)... ထုံးစံအတိုင်း ရွှေယောက္ခမကြီးကို သွားလိုရာပို့ခဲ့ပြီးပြီလေ... "

"မင်းအန်ကယ်(လ်)နဲ့ တစ်ခုခုလိုက်စားပါလား... စားရင်းစကားပြောကြရအောင်... "

ဦးအာကာထက်နှင့် စကားပြောဆို သိကျွမ်းဖူးသည့်တိုင်အောင် မျက်နှာချင်းဆိုင်ဆုံပြီး အစားမစားခဲ့ဖူးပါ။ ဂျက်စနေက လက်ခံသင့် မခံသင့် စဉ်းစားနေချိန်တွင်

"မင်းအန်ကယ်(လ်)နဲ့ တွေ့ဆုံစကားပြောတာကို မင်းယောက္ခမနဲ့ မင်းမိန်းမ မသိစေရပါဘူးကွာ... မင်းကို အန်ကယ်(လ်)က ခင်မင်လို့ပါ... "

ဂျက်စနေက လူကြီးစကားကို မငြင်းပယ်စကောင်းသည်မို့ ခေါင်းကိုညိတ်ပြလိုက်သည်။

တကယ်တော့ သူ့ဝမ်းဗိုက်မှာလည်း ဆာလောင်နေသည်။ ယောက္ခမကြီးကို မနက်ရှစ်နာရီထိုးကတည်းမှ ဟိုပို့သည်ပို့ လိုက်ပို့ရသည်မှာ ယခုဆယ်နှစ်နာရီခွဲကျော်ပြီးသည်တိုင်အောင် အိမ်မှစားခဲ့ရသည့် ရွှေပုစွန်ကီတ်နှစ်ချပ်



နှင့် ကော်ဖီတစ်ခွက်သာ ဝမ်းဗိုက်ထဲမှာရှိခဲ့၏။

သူ့ကို ပန်းဝါက နေ့တွက်ဆိုပြီး ပေးခဲ့သည့် မုန့်ဖိုးတစ်ရာမှာလည်း လမ်းမှာတွေ့သည့် အဘိုးအိုတစ်ဦး ဒုက္ခရောက်နေတာကိုတွေ့လို့ သနားတာနှင့် ပေးခဲ့သည်။

အိတ်ထဲမှာက ပိုက်ဆံခါလီ။ နှာသင်း။ နတ္ထိ။

ကောင်းကင်မှာ မိုးသားတွေကင်းမဲ့ပြီး ကြည်လင်နေသည်။ သူ့ပတ်ဝန်းကျင်မှာ နေအလင်းရောင်က သာသာလေးထွန်းတောက်နေသည်။

စကားထပ်မရှည်တော့ဘဲ ဦးအာကာထက် ခေါ်ရာကို လိုက်သွားသည်။

ပုလဲလမ်းရှိ မိုးနတ်မယ်စားသောက်ဆိုင်သို့ ရောက်လာကြသည်။

ဂျက်စနေ ကြိုက်သော ပျားရည်ဆမ်းဂျပန်ပုစွန်တုပ်ကင်နှင့် မလေးရှားခေါက်ဆွဲကြော်တစ်ပွဲ။ ဦးအာကာထက်က ဘီယာတစ်ပုလင်း၊ ဂျပန်ကြက်ကြော်တစ်ပွဲ မှာသည်။

အစားအသောက်တွေ လာမချခင် မန္တလေးဘီယာကို ဝိတ်တာအား ဖန်ခွက်နှစ်ခုထဲ မှုထည့်စေသည်။

"ကျွန်တော် မသောက်ဘူး အန်ကယ်(လ်)... "

"ဘာဖြစ်လို့လဲ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘီယာက ခါးတယ်... "

"ယိ(စ်)ကောင်းတယ်ကွ... အားရှိတယ်... "

ဂျက်စနေက ခေါင်းခါပြသည်။

"စနေထွန်းလေး... မင်းတော့ ခေတ်မမီဘူး... "

"ခေတ်မမီလည်း နေပါစေတော့ အန်ကယ်(လ်)ရယ်... မကြိုက်တာချည်းကိုတော့ အတင်းမျိုမချပါရစေနဲ့"

"မင်းနဲ့ပန်းဝါခိုင်ဟာ အတွဲမညီဘူး... မင်းက ချောချောလှလှ လူချောလေး... ပန်းဝါခိုင်က အကျည်းတန်စိတ်တော့ မဆိုးနဲ့ကွာ... "

ဂျက်စနေ ခေါ် စနေထွန်း လူချောလူလှဖြစ်တာကိုတော့ တစ်လောကလုံးသိကြပေ၏။

"မင်းက ပန်းဝါခိုင်ကို ချစ်လို့ယူခဲ့တာလား... အဲဒါဆိုရင်တော့ မေတ္တာပန်းမြိုင်လယ်မှာ မင်းမျက်စိလည်လမ်းမှားသွားတာပဲဖြစ်ရမယ်... မင်းလိုလူချောလူလှတစ်ယောက်ဟာ မိန်းမချော မိန်းမလှကိုရသင့်တယ်ကွ... "

"အချစ်မှာ မျက်စိမရှိဘူးတဲ့... အချစ်မှာ မျက်စိမရှိပေမယ့် ကျွန်တော့်မှာ မျက်စိရှိပါတယ်... "

"အေးလေ... အဲဒီမျက်စိ ရှိတာတောင် မင်းက ပန်းဝါခိုင်ကို ဘာလို့လက်ထပ်ရဲတာလဲ... ဥပမာ မင်းရသင့်



တာက ဟိုလိုမိန်းကလေးမျိုးပေါ့ကွာ... "

သူတို့နှင့် မလှမ်းမကွာစားပွဲတစ်ခုတွင် ဘဲတစ်ပွေနှင့် စားသောက်နေသော မိန်းမချောလေးတစ်ယောက်ကို မေးငေါ့ပြသည့် ဦးအာကာထက်။

"ကျွန်တော် အနိုင်ကျင့်ခံလိုက်ရတာပါ... "

မှာထားသော စားသောက်ဖွယ်ရာတွေကို ဝိတ်တာက လာချသည်။ ဘီယာမသောက်ဘူးဆိုသဖြင့် လွယ်လွယ်ကူကူ ရနိုင်သော တစ်ဘူးကိုမှာပေးလိုက်သည်။ စီပလပ်(စ်) အချိုရည်။

ဦးအာကာထက်ကတော့ ဘီယာတစ်ကျိုက် သူမှာထားသော ကြက်ကြော်တစ်ကိုက် လုပ်နေသည်။

ဝမ်းထဲက ဆာသော်လည်း အစားအသောက်ကို စနေထွန်းက နွားငတ်ရေကျမစား။

ဣန္ဒြေရရပဲ စားသောက်သည်။

"မင်းဘဝလေးကို ပြောပါဦး... "

"အန်ကယ်(လ်)က စိတ်ဝင်စားလို့လား... "

"ဝင်စားတာပေါ့ကွာ... မင်းလိုပညာတတ် ရုပ်ချောကဦးဘကလေးရဲ့သားမက် ဖြစ်လာပုံလေးတော့ သိချင်တာပေါ့... "

"ကျွန်တော့်အဖေက ပညာတတ်ပါ... ရုံးတစ်ရုံးမှာ

www.burmeseclassic.com

www.burmeseclassic.com

လက်ထောက်ညွှန်ကြားရေးမှူး လုပ်ခဲ့တယ်... ခုတော့ ပင်စင်ယူသွားပြီ ခင်ဗျ... အဖေက ရိုးတယ်... အမေက အေးတယ်... ရိုးတဲ့အရာရှိတစ်ယောက်ဟာ ရိုးပါတယ်လို့ဂုဏ်ရှိပေမယ့် ငွေကြေးမပြည့်စုံဘူး... အထက်လူကြီးတွေ ခိုင်းတာကို တာဝန်ကျေပွန်အောင် လုပ်တယ်... သူပင်စင်ယူတော့ ရာထူးမတက်ဘဲ... လက်ထောက်ညွှန်မှူး နဲ့ပဲ ပင်စင်ယူရတယ်... အဲဒါကကျွန်တော့်အဖေရဲ့ ဘိုင်အိုဒါတာ (Bio-Data)ပါ..."

ပျားရည်ဆမ်းပုစွန်တုပ်ကို ခက်ရင်းနှင့်ဖိ ဖွန်းနှင့်ဖြတ်ပြီး ခတ်ရင်းနှင့်ပင် ထိုးကော်စားလိုက်သည်။

"အမေကတော့ အေးတယ်... အိမ်ထောင်မှုနိုင်နင်းတယ်... အဖေပေး ပေးသလောက်နဲ့ သုံးတယ်... ဒါပေမယ့် မလောက်ဘူး... အကြွေးဆိုတာ ဖြစ်လာတယ်... အဲဒီ အကြွေးဟာ ဘယ်သူ့ဆီက အကြွေးလဲဆိုတော့ ဦးဘကလေးဆီက အကြွေးပဲ... အဖေနဲ့ ဦးဘကလေးက သိကြခင်ကြတယ်... သူက ကုမ္ပဏီပိုင်ရှင်ကိုး... အဖေ့ရုံးနဲ့ဆက်နွှယ်နေတော့ အဖေကသူနဲ့မကြာခဏ တွေ့ပြီး ခင်မင်ကြတာပဲ... သူ့ကိုလည်း အဖေက ကူညီတယ်လေ..."

"ကိုဘကလေးအကြောင်း ငါ သိတယ်... လူတစ်



ယောက်ကို ပေါင်းရင် ဘယ်လိုအသုံးချရမလဲဆိုတဲ့ ပညာတတ်တဲ့လူကွ..."

"အဖေ့ကို သူက သူ့ကုမ္ပဏီအတွက် အသုံးချတယ်လေ... အဲဒီမှာ လူမှုရေးဆိုတာ ပါလာပြီ... အဖေက အားနာတယ်... သူ့ကို အသုံးချလို့ ချမှန်းမသိဘူး... ဒီတော့ ဦးဘကလေးက အဖေ့ကို သူ့ငွေတွေနဲ့ ကြိုးချည်တော့တာပဲ... အဖေငွေလိုရင် သူက ထုတ်ပေးတယ်... အလကားပေးတဲ့အခါလည်း ပေးတယ်... အတိုးနဲ့ချေးတဲ့အခါလည်း ချေးတယ်... အတိုးဆိုတာဦးဘကလေးလို လုပ်ငန်းရှင်အတွက် သိပ်ဖြစ်လောက်တာ မဟုတ်ပေမယ့် အဖေ့ကိုတော့ ချည်ပြီးနှောင်ပြီးသားပဲ... ဒါပေမယ့် အဖေက ရိုးတော့ ဦးဘကလေးကို ယုံကြည်တယ်... ခင်မင်တယ် အန်ကယ်(လ်)..."

"အခုဟာ မင်းအဖေအကြောင်းပြောနေတယ်... ငါသိချင်တာက မင်းအကြောင်း..."

"လာမယ်လေ... အခုပဲ လာမယ်... ကျွန်တော် ဆယ်တန်းအောင်တယ်... ဂုဏ်ထူးနှစ်ဘာသာ ပါတယ်... တက္ကသိုလ်တက်ဖြစ်တယ်... ကျွန်တော်က စာကြိုးစားတယ်...တက္ကသိုလ်တုန်းမှာတုန်းက ရူပဗေဒမေဂျာနဲ့ တက်စဉ်က ဒုတိယနှစ်အထိ ကျွန်တော့်ကို ကင်း

www.burmeseclassic.com

ပေးကြတယ်... တတိယနှစ်ကျတော့ ကျောင်းစရိတ်တွေက ကြီးလာတယ်... အဖေကလည်း ပင်စင်ယူပြီး ကျွန်တော် ကျောင်းဆက်တက်ဖို့ အခက်အခဲတွေ့တယ်... အဲဒီမှာ ကျွန်တော် ကျောင်းဆက်တက်ရေးကို ဦးဘကလေးက တာဝန်ယူတယ်... ကျွန်တော် ဘီအက်စီအောင် ကွာလီဖိုင်းဖြစ်လို့ အမ်(မ်)အက်စီ မာစတာတန်းအထိ အောင်မြင်အောင် ဦးဘကလေးက ထားခဲ့တယ်... "

"မင်းနဲ့ ပန်းဝါခိုင်နဲ့ ရင်းနှီးနေကြပြီလား... "

"ဦးဘကလေးအိမ်ကို ကျွန်တော် ဝင်ထွက်နေခဲ့ရင်းက ပန်းဝါခိုင်နဲ့ ရင်းနှီးနေကြပါတယ်... ကျွန်တော်က ကျွန်တော့်ထက်နှစ်နှစ်ငယ်တဲ့ ပန်းဝါခိုင်ကို ညီမလေးလို စိတ်မျိုးထားခဲ့ပေမယ့် ပန်းဝါခိုင်က ကျွန်တော့်အပေါ် ဘယ်လိုစိတ်ထားခဲ့တယ်ဆိုတာ မသိခဲ့ဘူးလေ...ကျွန်တော်ပညာတော်တာသိတော့ ဦးဘကလေးက ကျွန်တော့်ကို စင်္ကာပူအထိ လွှတ်ပြီး ပညာကိုဆက်ယူစေချင်တယ်... ကျွန်တော်ကလည်း သွားမှာပါပဲ... ဒါပေမယ့် လွန်ခဲ့တဲ့ခြောက်လကျော်လောက်မှာ ဦးဘကလေးက စိတ်တစ်မျိုးတစ်ဖုံ ပြောင်းသွားပြီး ကျွန်တော့်ကို သူ့သမီး ပန်းဝါခိုင်နဲ့ အိမ်ထောင်



ချဖို့ စီစဉ်ခဲ့တယ်...

"မင်း လက်ခံခဲ့သလား...

"ကျွန်တော် လက်မခံဘူး... ဒါပေမယ့် ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ပန်းဝါခိုင်နဲ့ ပေးစားလိုတယ်... ကျွန်တော် ပညာတတ် ဖြစ်လာတာဟာ ဦးဘကလေးကျေးဇူးရှိသလို ဦးဘကလေးရဲ့ အကြွေးတွေကလည်း အဖေ့ဆီမှာ နင့်နေတယ်... "

"မင်းကို ငွေထောင်ချောက်နဲ့ ထောင်ဖမ်းလိုက်တာပါပဲလား... အဲဒီတော့ မင်းဘဝကို သူတို့လက်ထဲ ထည့်လိုက်ရတယ်ပေါ့... "

ရင်ထဲတွင်ဖြစ်ပေါ်လာသော အောင့်သက်သက်ဒဏ်ကြောင့် ဦးအာကာထက်၏စကားကို မတုံ့ပြန်မိ။

အစားကိုသာ ရှက်စိတ်နှင့်ငုံ့စားနေမိသည်။

"မင်းကြည့်ရတာ ပန်းမွေ့ရာပေါ်ထိုင်ပြီး ပျားတုပ်ခံနေရတဲ့ အဖြစ်မျိုးပါလားကွာ... မင်း မရှန်းကန်ဘူးလား... "

"ကျွန်တော် ဘယ်လိုလုပ် ရုန်းကန်ရမှာလဲ... ကျွန်တော် ရုန်းကန်တယ်ပဲထား... ကျွန်တော့်အဖေနဲ့ အမေရဲ့ မျက်နှာရှိသေးတယ်ဗျာ... အနည်းဆုံး ပန်းဝါခိုင်မျက်နှာကိုတော့ ကြည့်ရတော့မှာ... "

www.burmeseclassic.com

www.burmeseclassic.com

"မင်းမချစ်တဲ့မိန်းကလေးတစ်ယောက်ကို မင်းက သံယောဇဉ်တွယ်နေလား... "

သူ ခဏငြိမ်နေသည်။

နောက်မှ ဇွန်းခက်ရင်းကို ချလိုက်သည်။

"ပန်းဝါခိုင့်မှာ မမြင်ရသေးတဲ့အဖော်တစ်ယောက် ရှိနေပြီလေ... "

"ရင်သွေးလား... "

ဂျက်စနေက ခေါင်းကိုညိတ်ပြသည်။

"အင်း... မမြင်ရတဲ့သံယောဇဉ်တစ်မျှင်က မင်းနှလုံးသားကို ရစ်ပတ်လိုက်ပြီပေါ့လေ... "

"အဲဒါကြောင့် ကျွန်တော် ဒီအတိုင်းပဲ နေလိုက်တယ်"

"မင်းကို ကိုဘကလေးက သူ့ကုမ္ပဏီမှာ အလုပ်မခန့်ဘူးလား... မင်းပညာအရည်အချင်းနဲ့သာဆို နေရာကောင်းတစ်ခုတော့ ရနိုင်တယ်... "

"ကျွန်တော့်ပညာကို သူက အသုံးချဖို့ စဉ်းစားနေရင်ခုလောက်ဆို ကျွန်တော် နိုင်ငံခြားတစ်ခုခုကို ရောက်နေမှာပေါ့ အန်ကယ်(လ်)ရာ... ခုနေရာလည်း ကောင်းပါတယ်လေ... ဂျက်စနေ ဘီအက်စီ၊ အမ်(မ်)အက်စီ ကားဒရိုင်ဘာပေါ့... "

မချိပြုံးပြုံးသည်။ ပခုံးတွန့်သည်။





"မင်း ငါ့စက်ရုံမှာ လာလုပ်ပါလား... ကျွမ်းကျင်ဝန်ထမ်းမဟုတ်တောင် အုပ်ချုပ်စီမံရေးတစ်နေရာတော့ ပေးနိုင်တယ်... "

"ကျေးဇူးတင်ပါတယ် အန်ကယ်(လ်)... ဒီနေရာနဲ့ပဲ ကျွန်တော် တည်မြဲပါတီဝင်လုပ်နေပါ့မယ်... "

"ဦးဘကလေးကို မင်း သတိထားနော်... မင်းအပေါ် သံယောဇဉ်ထားမယ့်လူ မဟုတ်ဘူး... "

တစ်ယောက်နှင့်တစ်ယောက် ဆန့်ကျင်ဘက်တွေဆိုတော့ ဦးအာကာထက်မင်းက ဘောတီးစကားဆိုသည်။

"ကဲ... အန်ကယ်(လ်) ကျွန်တော့်ကို ခွင့်ပြုပါဦး... "

ထလိုက်သည်။ အဲသည်မှ တစ်ခုသတိရ၍

"ဩော်... အန်ကယ်(လ်)... ကျွေးခဲ့တာကို ကျွန်ုပ်တော် အလေးအမြတ်ပြုပါတယ်... ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားကိုတော့ ကျွန်တော် မပြောတော့ပါဘူး... လူမှုရေးအရ ပြောကြပေမယ့် အပိုစကားပါ... တစ်နေ့တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသလို ကျေးဇူးပြန်ဆပ်ရုံပါပဲ... "

"မင်းစကားကိုတော့ ကြိုက်သွားပြီ ဂျက်စနေ... မင်းကို ကျွေးတာကလည်း ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး... မင်းကို စိတ်ဝင်စားလို့ စကားစုမြည်ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွေးရတာပါ... ”

မိမိပွင့်လင်းသလို ဦးအာကာထက် ပွင့်လင်းတာကို ဂျက်စနေ သိသည်။

ဦးအာကာထက် ငွေရှင်းကျန်နေစဉ်မှာပင် သူထလာပြီးဖြစ်သည်။

စောစောက တစ်စားပွဲတွင် စားနေသော ဘဲတစ်ပွေ့နှင့် စကီးချောက ဂျက်စနေသွားရာကို မသိမသာ လိုက်ကြည့်၏။

တီရှပ်နှင့် စတိုင်ဘောင်းဘီဝတ်ကာ မော်ဒယ်ဆံပင် မတိုမရှည်ကိုခွဲ၍ ခေါင်းတွင် ဖွာရာကျနေသော ဆံပင်နှင့် မျက်ဝန်းလှလှ နှာတံပေါ်ပေါ်၊ လေးကိုင်းနှုတ်ခမ်းမျိုးရှိသူ စနေထွန်း၏ ငါးပေကိုးလက်မ အရပ်အမောင်းနှင့် ခန္ဓာကိုယ်ကျစ်ကျစ်လစ်လစ် နွဲ့နွဲ့က အိမ်ထောင်ရှင်ယောကျ်ား တစ်ယောက်ဟု ထင်မှတ်စရာမရှိ။

“သိပ်မကြည့်နဲ့ကွာ... တို့ဘေးမှာရှိတယ်ဆိုတာလည်း သတိရပါဦး... ”

မသိမသာ လိုက်ကြည့်သော အမျိုးသမီးလေးကို ဘေးမှလူက မနာလိုသံနှင့်ဆိုသည်။

“တချို့ယောကျ်ားတွေဟာ မတရားချောတယ်နော်... အစ်ကို... အဲဒါ ဘာကြောင့်လဲ... ”



“သူ့အဖေ ပန်းပုထုတော်လို့ ဖြစ်မှာပေါ့... ”

ငနဲသား၏ကသိကအောက်အဖြေကို မချောလေးကရယ်သည်။

မိန်းကလေးတစ်သိုက်သည် ဆူညံဆူညံစကားပြော၍ ဝင်လာသည်။

“အန်... ”

ဂျက်စနေနှင့် တိုက်မိမလိုဖြစ်သွားကြသည်။

ဂျက်စနေ ရပ်လိုက်၏။ နှုတ်မှလည်း အသံထွက်သွား၏။

ကောင်မလေးတစ်သိုက်၏ မျက်လုံးတွေက ဂျက်စနေအပေါ် စုပြုံသွားကြသည်။

သူတို့ရှောင်ပေးမလား။

ဂျက်စနေက စောင့်သည်။ သူတို့က ခြေလှမ်းမပျက်။

ယောကျ်ားကောင်းပီပီ လုပ်ရမှာပေါ့။

စားသောက်ဆိုင်အပေါက်က ကျဉ်းသည်။ တိုးထွက်လျှင် တိုက်မိခိုက်မိမှာစိုးလို့ ဂျက်စနေ နောက်ဆုတ်ပေးလိုက်၏။

မျက်လွှာကိုတော့ မချ။

အိမ်ထောင်ရှင်ယောကျ်ားပီပီ စူးစူးရဲရဲပဲကြည့်

www.burmeseclassic.com

www.burmeseclassic.com



၏။

အဲသည်အကျိုးဆက်က ပေါ်ပေါက်လာသည်။ ဂျပန်ဆံတောက်လို ပခုံးအထက်နား နားရွက်ဖုံးညှပ်ထားသော စကီချောလေးတစ်ယောက်၏ မျက်လုံးက အကြောလိုက်သလို့ စနေကို မျက်လုံးတစ်ဘက် မှိတ်ပြလိုက်သည်။

တစ်ယောက်က ပါးစပ်မှ ရှီးခနဲလုပ်သည်။

တစ်ယောက်က သူ့ကို မတော်တဆလိုလိုနှင့် ဝင်တိုက်သွားသည်။

မဟာသူ့ရဲကောင်းမလေးတွေပါလား။

ဒါလေးတွေကချစ်သင်္ကေတလေးတွေရဲ့အထိမ်းအမှတ်။

တို့မှာ လိုင်စင်ကြီးနဲ့နော့။

ဂျက်က ပြုံးသည်။ ခေါင်းကလေး မသိမသာ ဆတ်ညိတ်၍ ကားရှိရာသို့လာသည်။ သူ့အတွက်သည် အဲဒီတွေ့အကြုံတွေက ဆယ့်ခြောက်နှစ်သားလောက်မှစပြီး ကျင့်သားရလာပြီမို့ ရိုးနေပြီ။

တို့တက္ကသိုလ်မှာ ကင်းဖြစ်ခဲ့စဉ်ကကော မဖြစ်ခင်ကကော ဖြစ်ပြီးမှကော တို့ကိုတွဲချင်နွဲ့ချင်သည့်ငန်းမလေးတွေက မနည်းပါလား။

ခုတော့... သတိ။



အိမ်ထောင်နဲ့လေ။

သည်ဟာမလေးတွေ မနေတတ် မထိုင်တတ်လို့ တစ်ခါတစ်ခါ တို့ရဲ့အိမ်တယ်လီဖုန်းနံပါတ်ကိုရှာပြီး တို့ကို မိတ်ဆက်ပြီဆိုလျှင် ပန်းဝါခိုင်နှင့် စကားများကြရ သည်။

ပန်းဝါခိုင်က မနှာလိုတိုရှည်ဖြစ်တာကိုး။

အင်း... မိန်းမပီသပါပေရဲ့။

ပရာဒိုကားနှင့် အိမ်ကို ရောက်လာသည်။ ဦးဘကလေး၏အိမ်က မြို့အရှေ့ဘက်ဂေါ့ဖ်ကွင်းမြတ်လမ်းတွင် ဖြစ်သည်။

ဂေါ့ဖ်ကွင်းမြတ်လမ်းက ထင်းရှူးကုန်းတွင် ရှိသည်။

"ထင်းရှူးကုန်း" ဆိုတာ ငွေကြေးပြည့်စုံချမ်းသာသူတွေ နေကြတာပဲ။

တစ်လမ်းလုံး ထင်းရှူးပင်တွေပေါက်နေသည်။ သာယာသည်။ လှပသည်။ စိုပြည်သည်။

ပြည့်စုံသူတွေအတွက် သဘာဝတရားကပင် မျက်နှာလိုက်ထားတာပဲ။

ဝင်းအဖြစ် အုတ်ဘောင်ခတ်ထားသည်။

ဝင်းဝတွင် ခြံစောင့်အမြဲရှိသည်။ ဝင်းဝကို သံတံခါးရွက်ကြီးနှစ်ခုက စေ့ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းကို တီးလိုက်တော့ ခြံစောင့်က လာဖွင့်ပေးသည်။ လူလုပ်တံခါးကို ဖြတ်သန်း၍ ခင်းထားသော ကွန်ကရစ်လမ်းကလေးအတိုင်း မောင်းလာသည်။

ကိုက်သုံးလေးရာလောက် မောင်းလာစဉ် ဘေးတစ်ဘက်တစ်ချက်မှာတော့ ထင်းရှူး၊ သြရေးရှားပိတောက်စသည့် အပင်တွေ ကြီးစိုးနေသည်။

ကွန်ကရစ်လမ်းက ဘယ်ကိုချိုးသွားသည်။

တိုက်ကြီးတစ်တိုက်က ပေါ်လာသည်။

ရုပ်ရှင်တွေထဲကလို နောက်ဆုံးပေါ်ပုံစံလှလှတိုက်ကြီး။ ဆင်ဝင်ရှိသည်။ အုတ်ဆင်ဝင်အောက်မှာ ကားကို ရပ်လိုက်သည်။

ခန့်ထည်သော လျှာထိုးမှန်တံခါးကြီးတွေက ဝင်ပေါက်ကို ပိတ်ဆို့ထားသည်။

ဘေးပေါက်ဖြစ်သော မှန်ပြတင်းတံခါးတွေကလည်း အလုံအခြုံပိတ်ထား၏။ ထိုမှန်တွေက အတွင်းကို ဖောက်ထွင်းကြည့်လို့မမြင်နိုင်။

အတွင်းမှ အပြင်ကို ဖောက်ထွင်းကြည့်လို့ မြင်နိုင်သော နိုင်ငံခြားမှန်တွေ။

ကားစက်သတ်သလို အဲယားကွန်းကိုလည်း ပိတ်လိုက်ပြီးဖြစ်သည်။



ဂျက်က ဆင်း၍ ဆလိုက်ဒင်းဒိုး (Sliding Door) ဘေးလျှာထိုးမှန်တံခါးကို ဘေးသို့ လက်ကိုင်မှ တွန်းဖွင့်လိုက်၏။

ကြီးမားသောမှန်များသည်လည်း အပြင်မှ အတွင်းကို မမြင်နိုင်ဘဲ အတွင်းမှသာ အပြင်ကို မြင်နိုင် သည်။

ဦးစွာခံစားရသည်က အတွင်းမှ လိမ့်ထွက်လာသော အေးစိမ့်မှုပင်ဖြစ်သည်။

အဲယားကွန်းဖွင့်ထားတာကိုး။

ဒုတိယခံစားရသည်က တစ်ယောက်နှင့် တစ်ယောက် အော်ဟစ်ပြောဆိုနေကြသော စကားသံတွေဖြစ်သည်။

"နင့်ကို ပေးမယ့်အစား သူစိမ်းကို ပေးရတာကမှ ကျေးဇူးတင်ခံရဦးမယ်... တော်ပြီ... တော်ပြီ... နောက်မပေးတော့ဘူး... "

"ဟဲ့... ပန်းဝါ... နင့်ငွေနှစ်သောင်းလောက်ချေးတာကိုများ မီးလျှံဘီလျှံကြီး ချေးထားတယ်မထင်နဲ့... ဒီငွေနှစ်သောင်းက ခွေးချေးလောက်ရှိတာ... ငါ ပြန်ပေးမယ်... "

"အေး... ပြန်ပေး... မပေးရင်တော့ ဒက်ဒီနဲ့တိုင်မှာပဲ"

"ဒက်ဒီတိုင်ကော ဒက်ဒီက ငါ့ကို ဘာလုပ်နိုင်မှာလဲ...

www.burmeseclassic.com

www.burmeseclassic.com



တကတည်းဗျာ… မော်တော်ဆိုင်ကယ်ဝယ်ဖို့ ငွေလေး လိုနေတာနဲ့ နှစ်သောင်းဈေးမိပါတယ်… နေ့တိုင်း ကြောင်အော်သလို အနားမှာလာအော်နေတာ နားညည်းလာတယ်… နှစ်သောင်းနဲ့တောင်မတန်ဘူး…”

“မတန်ရင် ပြန်ပေးပေါ့ ကိုကိုရဲ့… ငါ့ငွေမရရင်တော့ ငါတောင်းမှာပဲ… နားညည်းရင် လဲသေ…”

“ကောင်မနော်… စကားပြောမရိုင်းနဲ့… ငါ လက်ပါမိမယ်…”

စကားသံပိုင်ရှင်တွေက ဘယ်သူလို့မေးစရာမလို။

ပန်းဝါခိုင်နှင့် မာန်ဝင့်ထယ် မောင်နှမအသံ။

ပန်းဝါခိုင်က ညီမ၊ မာန်ဝင့်ထယ်က အစ်ကို။

သူတို့မောင်နှမသည် တစ်ယောက်နှင့်တစ်ယောက် ကတ်သတ်သော မောင်နှမဖြစ်သည်။ တစ်ယောက်ရှိတာကို တစ်ယောက်မပေးချင်ကြ။

မောင်နှမချင်းပေမယ့် တစ်ယောက်နှင့် တစ်ယောက်လည်း အကျော့မခံချင်။

မာန်ဝင့်ထယ်က လူနာမည်နှင့်လိုက်အောင် ဂုဏ်မာန် ခနမာန်ဝင့်ပြီး မာန်မာနရှိသည်။ စီးပိုးသည်။

သူနှင့်ပေါင်းသင်းသူများသည် သူနှင့်ပေါင်းပါ



က ခဏသာဖြစ်ပြီး ရှောင်ခွာသွားကြသည်။ ဖယ်ထွက်သွားကြသည်။

“ဒီကောင်က သိပ်ကျော့တာပဲ…”

ဟူသော စကားသည် သူတို့အပေါင်းအသင်းထဲမှ လျှံထွက်လာသော စကားသံသာဖြစ်သည်။

ဂျက်စနေ ဝင်သွားသည်။

ဧည့်ခန်း၏တစ်နေရာတွင် မာန်ဝင့်ထယ်က ရပ်နေပြီးတော့ အထက်ထပ်သို့တက်သော ကျွန်းသားလှေကားထိပ် ဖိနပ်ချွတ်တွင် ပန်းဝါခိုင် ရပ်နေသည်။

ပန်းဝါခိုင်မှာ တကယ်တော့ ဦးအာကာထက်ပြောသလို အကျည်းမတန်ပါ။

ကေကေ ရုပ်ရှင်မင်းသမီးကြည်လဲ့လဲ့ဦး၏ကေချိုး ဖြစ်ကာ မျက်လုံးကလေးက ပြူးပြူး၊ နှာတံလှလှ၊ ပါးမို့မို့လေးနှင့် ချစ်စရာကောင်းသည်။

အသားကလေးသာ မသိမသာညိုလျက်၊ မျက်ခုံးအိမ်လှပြီး မျက်တောင်ကော့ကြီးတွေနှင့် မျက်လုံးပြူးပြူးကလေးက ဖမ်းစားနိုင်သောအသွင်ရှိ၏။

သူမတွင် အပြစ်ဆိုစရာ နှစ်ခုပဲရှိ၏။

ငါးပေအောက် နှစ်လက်မလောက်နိမ့်သော အရပ်နှင့် နှုတ်ခမ်းထူထူ ပါးစပ်ကလေး မသိမသာပြူးသွား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

ဒါပေမယ့် အဲဒီပါးစပ်ပြဲကလေးကပင် သူမ၏ ချစ်စရာကောင်းသော ရုပ်နှင့်လိုက်ဖက်သည်။

မာန်ဝင့်ထယ်မှာ စနေထက် အရုပ်နှစ်လက်မ နိမ့်သည်။ နိုင်ငံခြားဟဲတီးဆံပင်မျိုးက လည်ကုပ်လောက် ရှည်ကာ မျက်နှာတစ်ခြမ်းမရှိတရှိကို ဆံပင်တချို့က ဖုံးအုပ် ထား၏။

အမှတ်တမဲ့ဆိုလျှင် မျက်လုံးတစ်ခြမ်းမမြင်ရ။

သူ့ကို ဂျက်စနေက စိုင်းကလုပ် (cyclope) ဟု ခေါ်သည်။

စိုင်းကလုပ် (cyclope)ဆိုတာ အင်္ဂလိပ်ဒဏ္ဍာရီ တွေထဲက ဘီလူးတစ်မျိုးဖြစ်၍ ဘီလူးမှာ မျက်လုံးတစ်လုံး တည်းသာရှိသည် မဟုတ်လား။

မာန်ဝင့်ထယ် ဆိုသည့်နေ့သားမှာလည်း ဆံပင်အုပ်ထားတာကြောင့် မျက်လုံးတစ်ဘက် မမြင်ရသလို ကျန်မျက်လုံးတစ်လုံးကလည်း သူ့ဘက်သာ သူကြည့်သော တစ်ဖက်သတ် မျက်လုံးမျိုးသာ ဖြစ်၏။

သည်ကောင်သည်လည်း ဘွဲ့ရပြီးသား။

ပိုက်ဆံရှိ သားသမီးဆိုတော့ ဘွဲ့ဘယ်လိုရခဲ့ သည်မသိ။ သူ့မေးလျှင် ဘာမှမသိသလိုပဲ။



ဒါပေမယ့် သူကတော့ သူ့ဘွဲ့နှင့်သူ မာန်ဝင့် သယ်ပြီးသား။

"မောင်နှမနှစ်ယောက် ပြေပြေလည်လည် ပြောကြတာ များ... ပြေလည်မှပေါ့... "

ငြိမ်းချမ်းကြပါစေသတည်းဟူသော သဘော နှင့် ရင်ကြားစေ့ပေးလိုက်သော ဂျက်စနေ။

ဂျက်စနေ ဝင်လာမှန်းသိသလား၊ မသိသလား တော့ မဆိုအား။

သူတို့မောင်နှမနှစ်ယောက်က ဂျက်စနေကို လျစ်လျူရှုကာ ပန်းဝါခိုင်က ခြေဟန်လက်ဟန်နှင့်

"သူ့ပြောလိုက်ရင် လက်ရန်းအားကိုးပဲ... ဘယ်နေ့ သေမလဲ မသိဘူး... အိမ်မှာတော့ ကျယ်လိုက်တာ..."

"တိရစ္ဆာန်မ နင့်ပါးစပ်ပိတ်ထား... "

"ဘာလို့ ပိတ်ရမှာလဲ... ငါ့ပိုက်ဆံ ငါပြန်ရမှ... ပိတ် မယ်... အခု ယူသွားတာ သုံးရက်ရှိပြီ... "

"နင့်ပိုက်ဆံက သုံးရက်ထက်များ တန်ဖိုးရှိနေလို့ လား... ဘယ့်နှယ်ဗျာ... ငွေကလေးနှစ်သောင်း ချေး မိပါတယ်... နေ့တိုင်းတောင်းနေတာ... သောက်ခြင် ကပ်လို့မပေးဘဲ နေပြန်ရော့မယ်... "

"မပေးဘဲ နေကြည့်ပါလား... ဟင်း... ဖိခိုင်တဲ့ မိုးမီး

www.burmeseclassic.com

www.burmeseclassic.com

လောင်သွားမယ်... "

"အမယ်လေး ကြောက်စရာကြီး... မိုးမီးလောင်မတဲ့ ပြောလိုက်တာများ လေကကျယ်ပါပေ့... မိုးမီးလောင်ရင် လေယာဉ်ပျံနဲ့ တက်ငြိမ်းမယ်ပေါ့... "

"ကဲပါဗျာ... တော်ကြပါတော့ မောင်နှမချင်းပဲ... ရန်ဖြစ်နေတာ လူကြားလို့ မကောင်းပါဘူး... "

ဂျက်စနေက ပြေရာပြေကြောင်း ဝင်ပြောတော့မှ မာန်ဝင့်ထယ်က လှည့်ကြည့်ကာ

"ဟေ့ကောင်... မင်းနဲ့ဘာဆိုင်သလဲ... ပါးစပ်ပိတ်ထား... "

ဂျက်က သူ့ဝသီအတိုင်း ပခုံးတွန့်ပြသည်။

ပန်းဝါနိုင်က ခြေသံပြင်းပြင်းနှင့် ထွက်သွားသည်။ ဂျက်စနေလာတာကိုတောင် ဂရုမစိုက်။

"တို့မောင်နှမ ဘယ်လိုပဲစကားများများ... မင်းနဲ့ မဆိုင်ဘူး... "

"မောင်နှမတွေ ရန်ဖြစ်မှာစိုးလို့ ကျွန်တော် ဝင်ပြောတာပါ ကိုမာန်ရာ... "

"ငွေကလေးနှစ်သောင်းလောက်နဲ့ ရန်ဖြစ်ရမလားကွ... ငါက အစ်ကိုပဲ... သူပဲ အလျှော့ပေးရမှာပေါ့... "

"ဟုတ်ပါတယ်... ဟုတ်ပါတယ်... "



ပြောပြီးတော့ အတွင်းခန်းထဲ ဝင်မည်အလုပ် မာန်ဝင့်ထယ်၏စကားကြောင့် ခြေလှမ်းတုံ့သွားသည်။

"မင်းကို ငါ ပြစရာရှိတယ်... ငါနဲ့ လိုက်ခဲ့... "

ဂျက်စနေသည် ယောက်ဖနှင့် စကားမများလို။ သူ အေးအေးပဲ နေချင်သည်။ ဒါကြောင့် မာန်ဝင့်ထယ်၏ သွားကျိုင်းသော ကိုယ်ခန္ဓာနောက်မှ လိုက်သွားသည်။

အိမ်ဘေးသို့ မလှယ်ပေါက်တစ်ပေါက်ကို ဧည့်ခန်း၏တစ်ဘက်ရှိ အခန်းငယ်ကလေးတစ်ခုမှ ဖောက်ထားၡ၏။

ထိုအပေါက်သည် ပစ္စည်းသိုလှောင်ရာ စတိုခန်းနှင့် ဘေးဆွယ်ကားကိုဒေါင်ခန်းဖြစ်သည်။

ကားကိုဒေါင်ထဲတွင် ကားအပြင်ထုတ်ထားသဖြင့် ရှင်းနေသော်လည်း မော်တော်ဆိုင်ကယ်နှစ်စီး သုံးစီးရှိ၏။

အဲသည်အထဲမှ တစ်စီးမှာ တောင့်တင်းလှပသည်။ ခိုင်မာသည်။ တိုင်ကီနှင့် ထိုင်ခုံမှာ အနီရင့်ရောင်နှင့် ရဲနေသည်။ ပြောင်နေသည်။

စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းတွေမှာ သံမဏိရောင်ပြေးနေသည်။ လက်ကိုင်နှင့် ဒိုင်ခွက်တွေကလည်း လှပပ။

www.burmeseclassic.com

www.burmeseclassic.com



ယာမဟာဒီတီဖြစ်ကြောင်း ဂျက်စနေ သိ၏။

"ကိုမာန် ပြချင်တာ ဒါလား... "

"အေး... အဲဒါပဲ မလုလား... "

"လုပါ... "

"မနိုင်လား... "

"နိုင်ပါ... "

ဂျက်စနေက လိုက်၍ အလိုက်အထိုက် ပြောသော သဘောပဲရှိသည်။ စိတ်မဝင်စားလှ။

"မနက်က ငါ ဝယ်လာတာလေ... စီးလို့ သိပ်ကောင်း မောင်းလို့ သိပ်ကောင်းပေါ့လား... ဂီယာက မမာဘူး... ပျော့ပျော့လေးနဲ့ ထိုးလို့ကောင်းတယ်... မခုန်လည်း မခုန်ဘူး... မင်းတက်ထိုင်ကြည့်ပါလား... "

"နေပါစေ... နောက်တော့ ကိုမာန်နဲ့ စီးရမှာပဲ... "

မာန်ဝင့်ထယ်မှာမူ တစ်စင်ထူထောင်၍ မော်တော်ဆိုင်ကယ် အရောင်းအဝယ် လုပ်နေသူဖြစ်သည်။

တစ်ခါတစ်ခါ သူ့စီးပွားရေးကိုပင် ဖအေနှင့် ပြိုင်တတ်သည်။

"ဒီဆိုင်ကယ်မျိုးက ပိုက်ဆံရှိမှ ဝယ်နိုင်တာကွ... "

"ဟုတ်တာပေါ့... "

"မင်းလည်း ဝယ်နိုင်အောင်ကြိုးစား... ဒါပေမယ့် မင်းက ငါ့နှမယောက်ျားဖြစ်ပြီး ကားဒရိုင်ဘာ လုပ်နေတော့ ဘယ်လိုဝယ်နိုင်မှာလဲကွာ... "

ပေါ်တင်ကြီးကို သူ့ကို နှိမ်ထည့်သည်။

ဂျက်စနေရင်ထဲ အောက်သိအောက်သက် ဖြစ်သွားသည်။

"အေးဗျာ... ခင်ဗျား ပြောတာ မှန်တယ် ကိုမာန်... ကားဒရိုင်ဘာတစ်ယောက်ဟာ ဒီအိမ်မှာနေသရွေ့တော့ဘယ်ဝယ်နိုင်မှာလဲ... ဒါပေမယ့် ဒရိုင်ဘာလည်း လူပဲ... တစ်နေ့ သူဌေးမဖြစ်ဘူးလို့ မပြောနိုင်ဘူး... စီးပွားရေးသမားတော်င် ဝန်ကြီးချုပ် ဖြစ်သေးတာ... ဒရိုင်ဘာလည်း သူဌေးမဖြစ်ဘူးလို့ မပြောနိုင်ဘူး"

"အာသမားသက်သက် မဖြစ်အောင် ကြိုးစားပေါ့ကွာ... ငါက ငါ့နှမယောက်ျားဆိုတော့ မင်းကို ကောင်းစေချင်လို့ပါ... "

"ဒါပေါ့ဗျာ... ခင်ဗျားဆန္ဒအရပေါ့... "

ပြောပြီး ထွက်လာသည်။

မာန်ဝင့်ထယ်က သူ့မော်တော်ဆိုင်ကယ်ကို ကြွားချင်တာနှင့် မိမိကို အထင်အမြင်သေးသလို ပြောလိုက်တာကိုတော့ စိတ်ထဲတေးမှတ်ထားလိုက်၏။

"ဟော... အစ်ကို... "

www.burmeseclassic.com



ညည့်ခန်းမှာ အလှပြပန်းအိုး မရှိပါဘဲလျက် ပန်းကလေးတစ်ပွင့်က ဝင့်ထည်စွာ ပေါ်နေသည်။

ပန်းကလေးနှင့်တူသော ရွှန်းလဲ့ဝါ။

ရွှန်းလဲ့ဝါသည် အသက်နှစ်ဆယ့်သုံးနှစ်သာ ရှိသေးသော ပန်းဝါခိုင်ထက် လေးနှစ်လောက်ငယ်မည်။

သည်အိမ်ကြီးမှာတော့ သည်သူငယ်မအလှဆုံး ဖြစ်ပေမည်ဟု ဆိုရလောက်သည်။ ဆယ့်ကိုးနှစ်သာရှိသေးသော သူမသည် မြစ်ဝကျွန်းပေါ်သူဖြစ်သည်။

ဦးဘကလေးနှင့် သူမ၏မိဘတွေက အလုပ်နှင့်ပတ်သက်ပြီး ခင်မင်ကြသည်။

ရန်ကုန်တက္ကသိုလ်မှာတက်ချင်သည်ဆိုသဖြင့် ဆယ်တန်းအောင်ပြီး ပထမနှစ်ကျောင်းသူ ဖြစ်ကတည်းက ကျောင်းတက်ရအောင်ဆို၍ ဦးဘကလေးက အိမ်မှာခေါ်ထားခဲ့သည်။

သူမသည် ဂျက်စနေနှင့် သိတာကြာပြီ။ ဂျက်စနေကို လေးစားသည်။ ခင်မင်သည်။ ယခု သူမ တက္ကသိုလ်တက်တာ ဒုတိယနှစ်ရှိပြီ။

ပန်းဝါခိုင်က ဆယ်တန်းတောင်မအောင်ခဲ့။

"ရွှန်းလဲ့... ညီမ... ဒီနေ့ကျူရှင် မသွားဘူးလား..."

သူမတက်သည်မှာ ဝိဇ္ဇာတန်းဖြစ်သည်။ လို



...သော ဘာသာအတွက် အပြင်တွင်ကျူရှင်ယူရသည်။

"ဒီနေ့ သွားရမယ့်နေ့မှ မဟုတ်ဘဲ... မီးဖိုထဲမှာ ဒေါ်ဒေါ်င်းကို ကူညီပေးနေတာ..."

"ဪ... အေး... အေး... ကိုယ်မေ့သွားတယ်..."

"အစ်ကို ထမင်းစားမလား... ရွှန်းလဲ့ သွားပြင်လိုက်မယ်..."

"အပြင်မှာ ကိုယ် ဟိုဟာလေး ဒီဟာလေး စားလာလို့ မဆာတော့ဘူး..."

သူ့ထမင်းပွဲကို ရွှန်းလဲ့ဝါကပဲ အမြဲပြင်ပေးရသည်။

သူ့ထမင်းပွဲဆိုသည်မှာ သူနှင့် ပန်းဝါခိုင် နှစ်ယောက်အတူ စားရသော ထမင်းပွဲမဟုတ်ဘဲ သူချည်းသက်သက် စားရသည်။

တစ်ခါတလေမှသာ... ပန်းဝါခိုင်က ဝင်စားတတ်သည်။

အကြောင်းက ဂျက်စနေကို ဦးဘကလေးက သော်လည်းကောင်း၊ ပန်းဝါခိုင်ကသော်လည်းကောင်း၊ မာန်နှင့်ထယ်ကသော်လည်းကောင်း ဟိုကိစ္စသည်ကိစ္စ ခိုင်းတတ်သည်။

အဲသည်အခါတွင် အလုပ်ကိစ္စတွေ လုပ်နေရ

www.burmeseclassic.com

www.burmeseclassic.com

တာနှင့် ပန်းဝါခိုင်နှင့်ကို မျက်နှာချင်းဆိုင် ထမင်းမစားဖြစ်တော့။

သူ့အိမ်ထောင်ရေးတွင် သူသည် အခိုင်းခံသက်သက် ဖြစ်နေတာကို စဉ်းစားမိသည်။

အဲသည်အခါကျတော့လည်း ခိုပြင်းသည်။

ပန်းဝါခိုင်သည် အိပ်ခန်းထဲ တူနှစ်ကိုယ်ရှိကြသောအခါကျတော့လည်း ကြည်ကြည်ဖြူဖြူပဲ ဖြစ်သည်။

ဒါကြောင့်သာ မမြင်ရသောရင်သွေးကလေး ေ ဟာခြင်းဖြစ်သည်။

ရှုန်းလုံဝါက ခေါင်းကလေးငုံ့ကာ နောက်ဖေး နား းသို့ ထွက်သွားချိန်တွင် အိပ်ခန်းထဲရှိ ခုတင်ထက်တွင် ၎န်သုန်မှုန်မှုန် ထိုင်နေသော ပန်းဝါခိုင်နှင့် မျက်နှာချင်းဆိုင်မိသည်။

“ခိုင်... ”

“ဘာလဲ... ”

သူသည် ညင်ညင်သာသာ ခေါ်သည်။ စိတ်တိုနေသော ပန်းဝါက မာဆတ်ဆတ်နှင့် ထူးသည်။ လှည့်မကြည့်

“ဟာကွာ... ခိုင်ကလည်း ကိုယ့်ကိုပါ ရောစိတ်တိုနေပြီကွာ... ခိုင်ဖြစ်တာ မာန်ဝင့်ထယ်နဲ့လေ... ကိုယ်



မဟုတ်ဘူး... ”

“ကိုယ်တွေ ဘာတွေ ရှာလုပ်မနေနဲ့... မိန်းမနဲ့ ပြော... နင့်ကို စိတ်မဆိုးဘဲနေမလား... နင့်ကြောင့်”

သူနှင့် ပန်းဝါခိုင်သည် ငယ်ငယ်ကလေးကတည်းမှ ခင်မင်လာကြသောကြောင့် စကားပြောလျှင် နင်ငါနှင့် နှုတ်ကျိုးနေကြ၏။

ငယ်တော့လည်း သည်အသုံးအနှုန်း။

ကြီးတော့လည်း သည်အသုံးအနှုန်း။

လင်မယားဖြစ်ပြန်တော့လည်း သည်အသုံးသည်လေပဲ သုံးစွဲလာကြသည်။

လူကြားလို့မကောင်းသည်ကြောင့် ဂျက်ကစကားကို ပြုပြင်သုံးလျှင် ဘာကြောင့်ရယ်မသိ သူမ လက်မခံ။

“ဘာ ငါ့ကြောင့်လဲ... ”

“နင် လုပ်လို့လေ... ကိုကို ငွေလာချေးတုန်းက နင်ပဲ ငါ့ကို ချေးလိုက်ပါ... သနားပါတယ်... သူ့မှာ ငွေလိုလို့ ဘာညာပြောလို့ ငွေချေးခဲ့တာ... ”

“ပြန်ပေးရင်ပြီးရောပေါ့... ”

“ပြန်ပေးမယ့်လူက သုံးရက်တောင် ကြာနေပြီ... သူ့မော်တော်ဆိုင်ကယ်တောင် ဒီနေ့အိမ်ပေါ်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီ… ”

“ပန်းဝါရာ… နင်ကလည်း လောလိုက်တာ… ငွေချေးတာ… ဒီနေ့နဲ့ သုံးရက်တောင်ဆိုတော့ သိပ်မကြာသေးပါဘူး… ခုနစ်ဆယ့်နှစ်နာရီပဲ ရှိပါသေးတယ်”

“ငါ့မှာ စုထားတဲ့အထဲက ပေးရတာဟဲ့… ငွေဆိုတာ အလကားရတာ မဟုတ်ဘူး… ”

“အလကားရတာပါ… ငါတို့အတွက် ဒက်ဒီက တစ်လနှစ်သောင်း မုန့်ဖိုးပေးနေတာ… ”

“ဘာပဲပေးပေး… ငါ့ငွေဟာ ငါ့ငွေပဲ… ”

“အေးပါဟာ… သူ ပြန်ပေးမှာပေါ့… ”

ပြောပြီး နှစ်သိမ့်သည့်အနေနှင့် ပန်းဝါခိုင်၏ ပခုံးကလေးကို လှမ်းကိုင်လိုက်သည်။

“သွား… ”

သူ့လက်ကို ပန်းဝါခိုင်က ဆီးကြိုပုတ်ထုတ်လိုက်ပြီး တစ်ဆက်တည်း

“ဒီငွေကို နင်ပဲ ပြန်တောင်းပေး… ငွေမရရင် ငါ့နားနင် လာမကပ်နဲ့… ဒါပဲ… ”

“ပန်းဝါကလည်းကွာ… ချေးတော့ နင်ပဲ ချေးတာ… ငါက ကြားဝင်တောင်းလို့ ဖြစ်မလား… ”

“အေး… နင်က နင့်ယောက်ဖကို ချေးပါဆိုလို့ ငါက



ချေးလိုက်ရတာ… ”

“ဒါတော့ နင် လွန်လွန်းတယ်… ”

ဂျက်စနေ အတော်စိတ်ပျက်သွားသည်။ ဆက်ပြီးနေလျှင် ပန်းဝါနှင့် ဆက်စကားများတော့မှာမို့ အိပ်ခန်းထဲမှ အလျင်အမြန် ထွက်လာသည်။

နိုးဂွဒ်။

ဖွတ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂)

"ဒီကောင် သက်သက်လူပါးဝတာကွာ... လူပါးဝတာ"

စိတ်ဆိုးမာန်ဆိုးနှင့် ဦးဘကလေးက သူ့ကုမ္ပဏီ ရုံးခန်းတွင်းရှိ စားပွဲကို လက်နှင့်ထုပစ်သည်။

ရုံးခန်းထဲတွင် ဂျက်စနေနှင့် မာန်ဝင့်ထယ်ပဲ ရှိ၏။

အပြင်တွင် စားပွဲနှင့် ထိုင်နေသော အတွင်းရေး မှူးမလေးမှာ ဒုန်းခနဲအသံကြောင့် လန့်သွားသည်။

မာန်ဝင့်ထယ်မှာ မတ်တပ်ရပ်နေသည်။

ဦးဘကလေးက သူ့စားပွဲမှာပဲရှိ၏။

ဂျက်စနေက ဦးဘကလေးစားပွဲရှေ့နှင့် မလှမ်း မကမ်းတွင် ဧည့်သည်များထိုင်ဖို့ လုပ်ထားသော ဆိုဖာပေါ် မှာ ထိုင်နေသည်။



မာန်ဝင့်ထယ်က ဒေါသကြီးနေသော သူ့အဖေ ကို စီးကရက်ဖွာလျက် ကြည့်နေရာမှ

"ဘာတွေ ဖြစ်နေတာလဲ ဒက်ဒီ... "

သူ မေးသင့်မေးထိုက်သည်။ ပြီးခဲ့သော မိနစ် ပိုင်းက ဖုန်းခေါ်သည်။ ဆယ်လူလာဖုန်းကို ခေါ်ခြင်းဖြစ်၏။

ဦးဘကလေးက ဆယ်လူလာဖုန်းကို ဖွင့်ပြီး နားထောင်သည်။

ဖုန်းနှင့် စကားခပ်အုပ်အုပ်ပြောသည်။ အဲသည် နောက် တစ်ဘက်မှ စကားကို နားထောင်ရင်း မျက်နှာကြီး ညိုပုပ်လာတော့သည်။

သူသည် ဒေါသသံနှင့်ပြန်ပြော၏။

သူ့စကားနှစ်လုံးသုံးလုံးကိုတော့ ကြားလိုက် သည်။

"ယုံသလား... "

"အေး... ပြီးရောပေါ့... "

"သိမယ်... "

ဖုန်းကိုလည်း ချပြီးရော ကြိမ်းဝါးသံနှင့် ရှေ့ ရှိ လေးထောင့်စားပွဲကြီးကို လက်သီးဆုပ်နှင့် ထုပစ်လိုက် ခြင်းပဲ။

မာန်ဝင့်ထယ်နှင့် ဂျက်စနေ တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လှမ်းကြည့်ကြသည်။ မာန်ဝင့်ထယ်အမေး ကြောင့်...

"အာကာလေကွာ... အာကာ... ဒီကောင် ငါ့စီးပွားရေးကို လိုက်ရှုပ်နေပြီကွ... "

"ဒီလူကြီးက ဘာတွေ ရှုပ်ပြန်တာလဲ ဒက်ဒီ... "

"မာန့်ထက်... ငါ သည်းမခံနိုင်တော့ဘူး... ပြီးခဲ့တဲ့ သုံးလက ( )ဘဏ်ကို ငါငွေချေးတယ်... ဒီဘဏ်က ပုဂ္ဂလိကဘဏ်ပဲ... ချေးငွေအတွက် အာမခံချက်နဲ့ အမ်(မ်)အိုယူ စာချုပ်တစ်ခုလုပ်ဖို့ရှိတယ်... အဲဒါ ငွေချေးလို့မရအောင် ဒီကောင် ဝင်ရှုပ်တယ်ကွာ... အမ်(မ်)အိုယူစာချုပ် မလုပ်ဖြစ်တော့ ငွေချေးလို့မရတော့ဘူးပေါ့... လွန်ခဲ့တဲ့လကလည်း ပြည်ပနိုင်ငံတစ်ခုက ပစ္စည်းတွေ ငါမှာတယ်... ကျသင့်ငွေကို..."

ပြောရင်း တောက်ခေါက်လိုက်သည်။

"သူ့ဂါးမင်းဖက်ထရီ (Garment Factory)ကပစ္စည်းတွေကို သူက ပို့ချင်သလား မသိဘူး... ငါနဲ့အထည်စက်ရုံတစ်ခု သဘောတူညီမှုရတယ်... အဲဒီက အဝတ်အထည် ဂါးမင့်တွေကို ပြည်ပကို ငါက တင်ပို့ဖို့ ဒီစက်ရုံနဲ့ သဘောတူညီမှုရပြီးမှ သူက ငါ့သိက္ခာကို ချတယ်လေ... ငါ့ကုမ္ပဏီဟာ မကြာခင်ဖျက်သိမ်း



တော့မယ့်ကုမ္ပဏီ ဖြစ်တော့မယ့်အကြောင်းနဲ့ ပစ္စည်းရောင်းချရာမှာ အာမခံချက် တောင်းခိုင်းတယ်... ဒီနေ့ပဲ ပစ္စည်းဝယ်ဖို့ စာချုပ်တော့မယ့်ဟာကို ဦးအာကာထက် ဆိုတဲ့လူက ဒီလို ဒီလို ပြောပါတယ်ဆိုပြီး ပစ္စည်းရောင်းဝယ်ရေးစာချုပ်မှာ အာမခံထားဖို့ ထည့်သွင်းဖို့ စက်ရုံက ပြောတယ်... ဒါဟာ ငါ့ရဲ့ဒစ်ဂနက်တီ (Dignity) ကို မတရားသက်သက် ထိခိုက်နစ်နာအောင် လုပ်တာပဲ မာန်ဝင့်... "

"ဟာ... ဒါတော့ သက်သက် ဒီလူကြီး ယုတ်မာတာပဲ... ပညာပေးရမယ် ထင်တယ်... "

"ဟုတ်တယ်... သည်းခံနေလို့ မရဘူး... ဒီကောင်ကြီးကို ဘာကဲလေး ဘာလဲဆိုတာ အကြောင်းပြရမယ်"

ပြောပြီးတော့ ဂျက်စနေကို လှမ်းကြည့်လိုက်၏။

"ဂျက်... "

"ဒက်ဒီ... "

သူက အများခေါ်သလိုပဲ ခေါ်သည်။

"မင်း ဒီကိစ္စ တာဝန်ယူမလား... "

ဂျက်စနေက ချက်ချင်းပြန်အဖြေပေးပါ။

ရှေ့သို့ငေးစိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်း ညာမှန်းမသိရသော ပြဿနာတစ်ခုတွင် မိမိပါဝင်လိုစိတ် မရှိတာအမှန်ပင်။

ပြီးတော့ ဦးအာကာထက်ဆိုတာ မိမိအပေါ် အကောင်းမြင်ဝါဒ ရှိနေသူတစ်ယောက်။ ထို့ပြင် တစ်နေ့က ပဲ သူကျွေးသော မိမိစားခဲ့ရသည်။

"ဘယ်လိုလဲ... "

"ဒက်ဒီ... ကျွန်တော် ကြောက်တယ်... ပြီးတော့ ဒါမျိုး အတွေ့အကြုံရှိဖူးတာ မဟုတ်ဘူး... "

သူ့စကားက အကြောင်းပြပါသော်လည်း ငြင်းဆန်လိုက်သောစကားများပင်။

ဦးဘကလေး၏မျက်နှာက ညိုပုပ်တာထက်ပိုညိုပုပ်သွားသည်။ နှုတ်မှလည်း တစ်ခုခုကို အလိုမကျလျှင် သူ ပြောနေကြအတိုင်း။

"... ... ... ... "

အင်္ဂလိပ်လို ဆဲရေးတိုင်းထွာလိုက်သည်ကို ဂျက်စနေ သိ၏။ ကျောင်းပညာ ငါးတန်းခြောက်တန်းအထိသာ သင်ဖူးသော ဦးဘကလေးအတွက် ဘယ်ကရလာမှန်း မသိသော အင်္ဂလိပ်စကားနှစ်ခုက ဒါတွေပဲ။

"မင်းအားစကိုးရဘူး... သတ္တိမရှိဘူး... "

သူက ရှုံ့ချသော လေသံနှင့် ပြောအပြီး မာန်ဝင့်ထယ်က ဝင်၍

"သတ္တိမရှိတဲ့လူကို ပြောမနေစမ်းပါနဲ့ ဒက်ဒီရာ... ဒီကိစ္စ ကျွန်တော်ပဲ စွမ်းဆောင်လိုက်ပါမယ်... "

ဦးဘကလေးက သူ့သားနှင့် တိုင်ပင်လိုသည်။ ဂျက်စနေရှိလျှင် ထိုစကားသည် စကားပေါက်ကြားမှာစိုးသဖြင့်...

"လုပ်မနေပါနဲ့တော့ကွာ... အာကာထက်လိုကောင်မျိုး သွားလုပ်ရင် ခွေးရိက်မနာ ဖြစ်နေမှာပါပဲ... "

မာန်ဝင့်ထယ်က လူပါး။

သူ့အဖေ ဘာသဘောနှင့်ပြောသည်ကို နားလည်၏။ အသာငြိမ်နေသည်။ ခဏကြာမှ ဟိုဟာလုပ်သည်ဟာလုပ်နှင့် လုပ်နေသော ဦးဘကလေးက ခေါင်းမော့လျက် မျက်မှန်တွင်းရှိ မျက်လုံးများနှင့် ဖြကြည့်ရင်း...

"ဂျက်... ငါ စားဖို့ ဒဲပေါက်ထမင်း သွားဝယ်စမ်း... ကြက်သားနဲ့ ဝယ်မလာနဲ့... ဆိတ်သားနဲ့ဝယ်လာ..."

အံဆွဲထဲမှ ငါးရာတန်တစ်ချပ် ထုတ်ပေးလိုက်၏။

"မင်းစားဦးမလား မာန်ဝင့်... "

မာန်ဝင့်က ခေါင်းယမ်းပြသည်။ ဂျက်စနေ့ကိုတော့ အရေးတယူ လုပ်မမေးမနေ။

www.burmeseclassic.com

www.burmeseclassic.com

ဂျက်စနေက ထွက်သွားတော့မှ

"သမီးတစ်ယောက်ပေးရတာကျွန်ကောင်းတစ်ယောက်ရသလိုပါပဲကွာ... "

"ဒီကောင့်ကို သိပ်မယုံနဲ့ ဒက်ဒီ... ခုနက ဒက်ဒီ သူ့ကို တာဝန်ပေးလိုက်တာဟာ ကျွန်တော့်ကို လုပ်မယ့် အလုပ်ကို သူ့ကို အသိပေးသလို ဖြစ်သွားတယ်... ပြီးတော့ ဒီကောင်က လုပ်တာလည်း မဟုတ်ဘူး"

"ငါက သတိလစ်သွားတယ်... ဒီကောင့်ကြည့်ရတာ အေးတိအေးစက်နဲ့ မစွံပါဘူး... ဒါကြောင့် ငါက ပရိယာယ်ပြောင်းပြီး မလုပ်တော့ဘူးလို့ ပြောလိုက်တာ... အခု ဒီကောင်မရှိတုန်း မင်းနဲ့ငါ စကားပြောဖို့အတွက် ရမယ်ရှာပြီး ဒံပေါက် ဝယ်ခိုင်းလိုက်တာပဲ... "

"ကောင်းတယ်... "

သူတို့ပြောနေစဉ် ဂျက်စနေက ကုမ္ပဏီရှေ့ လူသွားစင်္ကြံပေါ်ရောက်နေသည်။

သူကလည်း လူပါး။

ဒံပေါက် ဝယ်ခိုင်းခြင်းသည် မိမိအား 'ပ' ထုတ်လိုက်ကြောင်း ရိပ်မိသည်။

မိမိရှိနေလျှင် သူတို့သားအဖ တိုင်ပင်ရကြမည်



ဟုတ်။

ဒံပေါက်ဆိုင်က "စိန်ပန်းပြာ" ဈေးဘက်တွင်ရှိသည်။ သူ့ကားနှင့်သွားလျှင် ခဏအတွင်း ရောက်နိုင်သည်။

ကားကိုမောင်းလာသည်။ မီးပွိုင့်တစ်ခုအရောက် ကျော်ဖြတ်နိုင်ဘဲ မီးနီနှင့်တိုးနေသည်။ သူ့ရှေ့မှာက ရပ်တန့်နေသော ကားသုံးလေးစီး။

"အစ်ကိုရေ... ကိုဂျက်... "

ခေါ်သံကလေးတစ်ခု။

လှမ်းကြည့်၏။ မလှမ်းမကမ်းရှိ လူသွားစင်္ကြံပေါ်မှ မိမိကို လက်ပြနေသော ရွှန်းလဲ့ဝါ။

ဂျက်စနေက မီးပွိုင့်ရှေ့ကို လက်ညှိုးထိုးပြသည်။

မိမိစောင့်နေမည်ဟူသော သဘောအဓိပ္ပာယ်။

မီးက စိမ်းသွားသည်။

ကားက တက်လာသည်။ မီးပွိုင့်နှင့် မနီးမဝေးတွင် ပရာဒိုကို ရပ်ထားလိုက်သည်။

နောက်ကြည့်မှန်ထဲ ကြည့်နေသည်။

မကြာမီ သုတ်သုတ် သုတ်သုတ် လျှောက်လာသော ရွှန်းလဲ့ဝါကို နောက်ကြည့်မှန်ထဲမှာ မြင်နေရသည်။

အနားသို့ သူမရောက်လာတော့ ကိုဂျက်က

www.burmeseclassic.com

"ဘယ်သွားမှာလဲ... "

"ကျူရှင်ပြီးသွားပြီ... ကျောင်းကို သွားမလို့... "

ရွှန်းလဲ့ဝါကျောင်းတက်လျှင် ဘတ်(စ်)ကားနှင့်ပဲ သွားတတ်သည်။

"တက်လေ... လိုက်ပို့ပေးမယ်... "

"အန်ကယ်(လ်)ကော... "

"သူ့ကုမ္ပဏီမှာပဲပေါ့... ငါ့ကို ဒ်ပေါက်ဝယ်နိုင်းတာနဲ့ ထွက်လာတာ... "

"အစ်ကိုဂျက် ထမင်းမစားရသေးဘူးမဟုတ်လား"

"တို့ ဒီအချိန် ဘယ်မှာစားရဦးမှာလဲဟာ... "

"အစ်ကိုလည်း သနားစရာပဲနော်... စားချိန်တန် မစားရနဲ့... ဘယ်တော့ အစာအိမ်ရောဂါ ဖြစ်မလဲမသိဘူး"

"ဖြစ်တော့လည်း သေပေါ့ဟာ... "

"စိတ်လျှော့လှချည်လား အစ်ကိုရ... "

"ငါဆိုတဲ့ကောင်က ဘယ်လိုအိမ်ထောင်စုထဲ ရောက်လာမှန်းမှ မသိတာ... "

ပြောရင်း ကားစက်နှိုးသည်။

ကားကို စတင်မောင်းလာသည်။

သူ့ဘေးတွင် လွယ်အိတ်ကလေး လွယ်ထားသော ရွှန်းလဲ့ဝါ ပါလာသည်။



ရွှန်းလဲ့ဝါသည် သိပ်ခေတ်အဆန်ကြီးမဟုတ်ဘဲ ရိုးရိုးကလေးပင် ဝတ်ထားသည်။

သူမအလှနှင့် သူမ ကြည့်ကောင်းသည်။

မျက်ခုံးကောင်းကောင်း၊ မျက်တောင်ကော့ကော့ ညိုမျက်လုံးနှင့် မျက်နှာသွယ်သွယ်ကလေးသည် လှပသော သူမအား သက်တူရွယ်တူပဲဖြစ်စေ၊ ကြီးသော်သူပဲဖြစ်စေ သမင်လည်ပြန်တော့ ကြည့်သွားကြစမြဲဖြစ်သည်။

တက္ကသိုလ်နယ်မြေတွင် သူမသည် ရုပ်ပါတန်းဝင် ဖြစ်သည်ကိုတော့ ဂျက်စနေ ကြားထားသိထားသည်။

"အစ်ကိုတို့အိမ်ထောင်ရေးက တစ်မျိုးကြီးပဲနော်"

"ရွှန်းလဲ့ ဘယ်လိုထင်သလဲ... "

"အစ်ကိုတို့အိမ်ထောင်ရေးကို ရွှန်းလဲ့ မဝေဖန်လိုပါဘူး... "

"ညီမအမြင် ပြောစမ်းပါဦး... "

"မမပန်းဝါခိုင်က ထန်းပင်ပေါ်ကလူ... အစ်ကိုက ထန်းပင်အောက်ကလူ ဖြစ်နေတယ်... "

"တို့အမြင် မတောင်းပါဘူး... "

"ထန်းပင်ပေါ်ကလူက အမြင်စောင်းတယ်လေ... သူ့ကို အထက်စီးနေရတာကိုး... "

ပြောပြီးမှ အသံတိုးတိုးလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို သနားတယ်... "

"မသနားပါနဲ့ဟာ ငါယောကျ်ားတစ်ယောက်ပါ"

မိန်းကလေးတစ်ယောက် အသနားကိုမခံလိုသော ဂျက်စနေက ရယ်သလိုလို မောသလိုလို အသံနှင့် ပြောသည်။

ကောင်မလေးက သူ့ဘက်ခေါင်းလှည့်ကြည့်လိုက်၏။

"အစ်ကို... ထမင်းမစားရသေးရင် ရွှန်းလဲ့ကျွေးမယ်လေ... ရွှန်းလဲ့လည်း ထမင်းမစားရသေးဘူး... "

"မလုပ်ပါနဲ့... ငါ့ညီမ ဗိုက်ဆံကုန်နေမယ်... တို့မဆာသေးပါဘူးကွာ... "

"လုပ်မနေနဲ့... အခု ဆယ့်နှစ်နာရီထိုးနေပြီ... ကျောင်းမှာ ဒီနေ့ ကျူတိုရီရယ်တစ်ချိန်ပဲ ရှိတယ်... ရွှန်းလဲ့သွားလို့မီတယ်... အခု ဆယ်နှစ်နာရီမှ အစ်ကို ထမင်းမစားရင် ဘယ်အချိန် သွားစားမလဲ... "

"တို့ကျွေးမှာပေါ့... "

"မလိမ်စမ်းပါနဲ့... ကိုယ့်မိန်းမဆီက တစ်နေ့မှ မုန့်ဖိုးလေးတစ်ရာရတဲ့လူက... ဒံပေါက်ကျွေးနိုင်ပါ့မလား... အားနာမနေနဲ့... တစ်နေ့က ဖေဖေက ငွေတစ်သောင်းပို့ပေးလိုက်တယ်... ကျောင်းလခ ကျူရှင်



လခပြီးရင် ပိုနေသေးတယ်... ဒံပေါက်ဆိုင်ကိုပဲ မောင်း... "

သူ့အပေါ်တွင် စေတနာထားရှာသော ရွှန်းလဲ့ကို ဂျက်စနေ ဆက်မပြောတော့။

အိမ်ထောင့်ရှင် ယောကျ်ားဖြစ်လျက်နှင့် မိမိယောက်ထံမှ လက်ဝေခံစနစ် သုံးနေရတာကိုတော့ ရှက်ဖို့ကောင်းသည်။

လဲသေလိုက်ပါတော့ စနေ။

ဒံပေါက်ဆိုင်တွင်မျက်နှာချင်းဆိုင်နှစ်ယောက် အတူစားကြသည်။

ပန်းဝါခိုင် မလုပ်သောအလုပ်ကို ရွှန်းလဲ့ဝါ က လုပ်ပေးသည်။ ဒံပေါက်တွင်ပါသော ကြက်သားမှအသား နှင့် အရိုးကို တခြားစီဖြစ်အောင် ရွှန်းလဲ့က ထွင်ပေးပြီး ဂျက်စနေအား အသားတွေထည့်ပေး၏။

ကောင်မလေး ဂရုစိုက်ပုံက တစ်မျိုးပဲ။

ဂျက်စနေ စိတ်မှာမလှုပ်ရှားပါ။

နှစ်သိမ့်မှုတော့ ဖြစ်ပေါ်နေသည်။

ယောကျ်ားချောလေးနှင့် မိန်းမချောလေးထမင်းလက်ဆုံစားကြတာကို စားနေသူတချို့က လှမ်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားများ၏မျက်လုံးတွေက ရွှန်းလဲ့ဝါ အပေါ်တွင် ပိုမိုငြိတွယ်နေကြသည်။

မိန်းကလေးတချို့၏မျက်လုံးတွေကတော့ ဂျက်စနေအပေါ်မှာ ရစ်ဝဲရစ်ဝဲ။

နှစ်ယောက်စလုံးအဖို့မှာတော့ ထိုအကြည့်ခံ အဖြစ်သည် ရိုးနေသောအဖြစ်သာ။

စားသောက်ပြီးတော့ ဂျက်စနေက ဦးဘကလေး အတွက် ဆိတ်သားဒံပေါက် ပါဆယ်(လ်)တစ်ထုပ် မှာလိုက် သည်။ ငွေရှင်းတော့ မိန်းကလေးက သုံးယောက်စာအတွက် ရှင်းလိုက်၏။

"ဟာ... ဘယ်လိုလုပ်တာလဲ..."

"ရွှန်းလဲ့က အန်ကယ်(လ်)အိမ်မှာ နေတယ်လေ... အန်ကယ်(လ်)ကျွေးတဲ့ထမင်းကို စားနေတာ... ဒီတော့ သူ့အတွက်ပါ ရှင်းပေးလိုက်ရမှာပေါ့..."

"ဖြစ်ပါ့မလား... သူ့ပိုက်ဆံပေးထားတာ..."

"ပြန်ပေးလိုက်ပေါ့..."

ဂျက်စနေ အတော်အပြောရခက်နေသည်။

သူက ရွှန်းလဲ့ဝါနှင့် ဒံပေါက်ထမင်းလိုက်စား ခြင်းကို ဦးဘကလေးအား အသိမပေးလို။

ဒါကို ပါးနပ်စွာ ရိပ်မိသော ရွှန်းလဲ့ဝါက



"အစ်ကိုကို ရွှန်းလဲ့ ကျွေးတာ... အန်ကယ်(လ်)မသိ စေချင်ရင် မှသားမပါ လက်ာမချော ပြောလိုက်... လမ်းမှာ ရွှန်းလဲ့နဲ့တွေ့ပြီး အန်ကယ်(လ်) ဒံပေါက် ဝယ်ခိုင်းမှန်းသိလို့ ဝယ်ပေးလိုက်တာလို့ ပြောလိုက်"

"အင်း... ဒါဆိုရင်တော့ မဆိုးပါဘူး..."

"အစ်ကိုက သိပ်တုံးတာပဲ..."

"တို့ညဏ်မများတတ်တာက ခက်ပါတယ်... လိမ်စ လည်း မပြောတတ်ဘူး..." တဲ့

"ဒါကြောင့် အစ်ကိုဟာ သူတို့အနိုင်းခံဖြစ်နေတာ"

လွှတ်ခနဲ သူမပြောပြီးမှ မျက်နှာပျက်သွား သည်။

သူမသည် အဲသည်အိမ်မှာပဲ ထမင်းစားနေမှ ထိုအိမ်မှလူတွေ မကောင်းကြောင်း မပြောသင့်တာကို ချက် ချင်း သတိရလိုက်သောကြောင့် ဖြစ်၏။

ဂျက်စနေက သတိထားမိဟန်မတူဘဲ ရှေ့မှ ပါဆယ်ထုပ်ကိုကိုင်၍ ထွက်သွားသည်။

အပြင်တွင် အအေးရောင်းသောဆိုင်ရှိ၏။

သူ့တွင် ငွေတစ်ရာရှိနေပါသေးသည်။

သူက ရွှန်းလဲ့အား ယင်းငွေတစ်ရာအားလုံးဖြင့်

www.burmeseclassic.com

www.burmeseclassic.com

**အအေးအ**ချိုရည်ပုလင်းကို သူတစ်ပုလင်း ရွှန်းလဲ့တစ်ပုလင်း **ဝယ်လိုက်၏**။

ငွေတစ်ရာ ပြောင်သွားသည်။

ကလေးမုန့်ဖိုးလောက်ရှိသော ငွေ၏ဖောင်းကြ **မှုတန်ဖိုး**ထက် သူ့အဖို့ တစ်ရာပဲသုံးနိုင်သည်ကို စနေတွေးပြီး **ရှက်သွား၏**။

ပန်းဝါခိုင်ကို ယခုထက်ပိုပေးရန် ပြောဆိုမှုဟ **စိတ်ထဲမှာ** ဆုံးဖြတ်လိုက်သည်။

အဘိုးကြီးဆီကို ပြန်သည်။

လမ်းတွင် ရွှန်းလဲ့ဝါနှင့်တွေ့ပြီး ဒံပေါက်ကို **ဦးတာ**ကလေးစားဖို့ ဝယ်ပေးလိုက်ကြောင်းပြောသည်။

ငွေငါးရာကို ပြန်ပေးလိုက်သည်။

သူ့ကို မာန်ဝင့်ထယ်က မချိမချဉ် ကြည့်နေ **သည်**။

"**မ**င်းကို ဘာပြောသေးသလဲ... "

သူက ဆန်းစစ်သည်။

"**ဘာ**မှမပြောပါဘူး... ဒါပဲ ဝယ်ပေးလိုက်တာ... "

"**တစ်**အိမ်တည်းနေလည်း ခပ်ဝေးဝေးနေပေါ့ကွာ- **မင်း**မှာ အိမ်ထောင်နဲ့ဟာ... "



မာန်ဝင့်ထယ်၏ ပြောစကားကြောင့် ဂျက်စနေ၏ရင်တွင်းမှ ထောင်းခနဲ ဒေါသဖြစ်သွားသည်။ ဖြိုးဖြိုးဖျတ်ဖျတ် ပြောလိုက်မည်ပြုပြီးမှ စိတ်ကိုလျှော့ချလိုက်သည်။

ရွှန်းလဲ့ဝါဆိုတဲ့ ကောင်မလေးကို မာန်ဝင့်ထယ် စိတ်ဝင်စားနေကြောင်းတော့ ရိပ်မိသည်။ မနာလို မရှုစိမ့်တတ်သော ယောက်ျားတို့၏သဘောနှင့် မာန်ဝင့်ထယ်ပြောတာကို ထောက်ချင့်မိ၏။

"ကိုမာန်... ကျွန်တော်က ယောက်ျားကောင်းတစ်ယောက်ပါ... ကိုယ့်အိမ်ထောင် ကိုယ်ထိန်းသိမ်းနိုင်တဲ့လူ... "

"ငါက ယောက်ဖဆိုတော့ သတိပေးရတာပါ... မင်းထက်လည်း အသက်ကြီးတယ် မဟုတ်လား... "

မိမိက အစိတ်။

သူကသုံးဆယ်။

ဟုတ်ပေတာပေါ့၊ သူကြီးတာပဲ။

အသက်ကြီးတော့လည်း မြန်မြန်သချိုင်းသွားပေါ့။

"ဒီဒံပေါက်ကို မင်းစားလိုက်တော့... ငါ မစားတော့ဘူး... "

ဒံပေါက်ထုပ် ချထားရာ စားပွဲပေါ်တွင် လက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဘက်နှင့် ဦးဘကလေးက ဒံပေါက်ကို ထိုးပေးလိုက်၏။

"ကျွန်တော် မဆာဘူး... "

"အိမ်ကို ယူသွားပေါ့... အိမ်မှာ စားပေါ့... "

အဘိုးကြီးစကားကို မပယ်ရှားလိုသဖြင့် ဒံပေါက်ထုပ်ကို သူ့ဘက်ရွှေ့ယူလိုက်၏။

မာန်ဝင့်ထယ်က ထလိုက်၏။

"ကျွန်တော် သွားမယ် ဒက်ဒီ... "

"အေး... မင်း... ဂါးမင့်စက်ရုံကိုသွား... နှစ်ဦးသဘောတူ နားလည်မှုစာချုပ်ကို ငါ လုပ်ချင်တယ်... အာကာ ထက်စကား မယုံပါနဲ့လို့... စက်ရုံဒါရိုက်တာကိုပြော... ငါနဲ့လည်း တွေ့မယ်လို့... "

"ယက်(စ်) ဒက်ဒီ... "

မာန်ဝင့်ထယ်က ထွက်သွားသည်။

ဦးဘကလေးက နံရံကပ်နာရီကို မော့ကြည့်သည်။

"တစ်ချက်တောင်ကျော်နေပြီ... မင်းအိမ်ကို ပြန်ပြီး ခဏနားယူချင်ယူ... ဩ်... နေဦး... မင်းထွက်တုန်းဖုန်းလာတယ်... သမီးလေးက မင်းကိုလွှတ်လိုက်ပါတဲ့... "



အခိပ္ပာယ်ကတော့ သဘောကတော့ အိမ်ကိုပဲ တိုက်ရိုက်ပြန်စေချင်သည့်သဘော။

"ဟုတ်ကဲ့ ဒက်ဒီ... "

"ငါးနာရီမှာ ငါ့ကိုလာကြို... "

ဂျက်စနေ ထွက်လာသည်။ ရုံးခန်းဝတွင် ထိုင်ပြီး ရုပ်ပြဖတ်နေသော အတွင်းရေးမှူးလေး တင်မို့မို့အေးက ဂျက်စနေကို ပြုံးပြလိုက်၏။ ဂျက်စနေက ပြန်ပြုံးပြသည်။

ကောင်မလေးက ခေတ်ဆန်သည်။ မော်ဒယ်(လ်) ကြောထဲဝင်သည်။ အသားအရေကောင်းကောင်း၊ ခေါင်ကောင်းကောင်းနှင့် လှပနုနယ်သည်။

ဂျက်စနေ ထွက်သွားပြီး တအောင့်အကြာ အင်တာကွမ်းမှ မြည်လာသည်။ စကားပြောခွက်ကို တင်မို့မို့အေးက ဆွဲယူနားထောင်လိုက်သည်။

"မို့မို့... အန်ကယ်(လ်)ဆီလာခဲ့ပါဦး... "

တင်မို့မို့အေးက အခန်းထဲဝင်သွားတော့ ဆိုလည်ဆိုဖာကုလားထိုင်တွင် ထိုင်နေသော ဦးဘကလေးက

"မို့မို့... အပြင်မှာ ဘာလုပ်စရာရှိသေးလဲ... "

"နိုး... ဘော့စ်... "

"အန်ကယ့်(လ်)ဇက်ကြောတွေ တင်းလို့ နည်းနည်း နှိပ်ပေးပါလား မို့မို့... "

www.burmeseclassic.com

www.burmeseclassic.com

မို့မို့က ပြုံးသည်။

မို့မို့ အတွင်းရေးမှူးအလုပ်ကို လုပ်လာတာ သည်တစ်ခါပဲ မဟုတ်ပါ။ ကုမ္ပဏီအချို့တွင် လုပ်ခဲ့ဖူးသည်။ ဝါဏိဇ္ဇဘွဲ့ကို ရထားသော သူမ၏ရုပ်ရည်၊ သူမ၏အလုပ်ကျွမ်းကျင်မှုဖြင့် အတွင်းရေးမှူးနေရာကိုချည်း လုပ်ခဲ့ဖူးရာ ဝါသနာထူပြောသော ကုမ္ပဏီပိုင်ရှင်တချို့၏ အသားလိုလို အရိုးတောင်းဓာတ်လမ်းကို ကြုံခဲ့ဖူးပြီးပြီ။

တင်မို့မို့အေးကလည်း လည်သည်။

အိမ်ထောင်ပျက်ဖူးသော သူမအနေနှင့် အပေးအယူ အလုပ်တွေကို အဲသည်လူမျိုးတွေနှင့် ရဲရဲတင်းတင်း လုပ်ခဲ့ဖူးသည်။

ဒါကြောင့် သူမမှာ ရေလျှံခဲ့သည်။

ယခုလည်းအိမ်ထောင်မဲ့မုဆိုးဖိုကြီးဦးဘကလေးက အသားလိုလို အရိုးတောင်းပြီး အကြော စမ်းနေတာ ကြာလှပြီ။

သည်ကနေ့တော့ အဘိုးကြီးအကြောလျှော့ပေးရဦးမည်။

သူမသည် တိုက်ပုံအင်္ကျီချွတ်ထားပြီး ရှပ်အင်္ကျီနှင့် ဖြစ်နေသော ဦးဘကလေး၏ ပခုံးကြောနှစ်ဘက်ကို သွယ်ပျောင်းသော လက်ကလေးများနှင့် ကိုင်လိုက်သည်။



ဦးဘကလေး၏နှုတ်ခမ်း မည်းမည်းတွင် ပြုံးရိပ်ကလေးတွေ ထင်လာသည်။

သူကလည်း အကြံနှင့်။

တင်မို့မို့အေးကလည်း အကြံနှင့်။

ကောင်းကြရောပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com

## အတ်လမ်းစဉ် (၃)

အိမ်တွင် အလုပြင်ပြီး ထိုင်စောင့်နေသည်။

ချစ်စရာကောင်းသော ရုပ်ကလေးမှာ သူမ၏ ပေါ့ပါးသောဖရီးစတိုင်(လ်)အဝတ်အစားကလေးတွေကြောင့် ပိုချစ်စရာ။

အသားကလေး မသိမသာညိုတာကလွဲလို့ သူမကို ဝွဒ်ရှယ်အဆင့်တွင် ထည့်ထားနိုင်သည်။

ဂျက်စနေက လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဆလိုက်ဒင်းဘေးလျှောမှန်တံခါးချပ်ကြီးနှစ်ချပ်က ပွင့်သွားသည်။

အိမ်စေမလေးမိငြိမ်းအေးလာရောက်ဖွင့်ပေး၏။

သူက အထဲကို ရောက်တာနှင့် ထိုင်စောင့်နေသော ပန်းဝါခိုင်အား ဒံပေါက်ထုပ်ကို ပြလိုက်သည်။



"ပန်းဝါစားဖို့... "

"နင်က ငွေတစ်ရာနဲ့ ဝယ်လာတယ်... "

"ဒက်ဒီ ပေးလိုက်တာ... "

"မိငြိမ်း... ဒံပေါက်ကို သိမ်းထားလိုက်... ပြန်လာရင် ငါ စားမယ်... "

သူမ၏အမိန့်အတိုင်း... အိမ်စေမလေးက ဒံပေါက်ထုပ်ကို ယူသွားသည်။

"ကဲ... ဘယ်သွားမလဲ... "

"နင် ထမင်းမစားဘူးလား... "

"ငါ မဆာဘူး... မနက်က မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ စားသောက်ဆိုင်မှာ စကားပြောရင်း စားကြတာ... "

ရွှန်းလဲ့ဝါ ကျွေးတာပါလို့ မပြောရဲပါ။ ရွှန်းလဲ့ဝါမှာ သူမတို့အိမ်မှာနေ၊ သူမတို့ကျွေးသော ထမင်းကို စားပြီး ကျောင်းတက်ရတာမို့ အထင်မှား အမြင်မှား အဖြစ်မခံနိုင်ပါ။

သူ့ခမျာ ဆူးကြားထဲသီးသည့် ဘူးသီးဖြစ်သွားမှာ စိုးရသည်။ ပန်းဝါခိုင်ကလည်း ငြိုငြင်မည်။

မာန်ဝင့်ထယ်ကလည်း ငြိုငြင်မည်။

"ဒါဖြင့် ငါ့ကို မြို့ထဲလိုက်ပို့... မြို့မဈေးမှာ ငါ ဝယ်

www.burmeseclassic.com

www.burmeseclassic.com



စရာရှိတယ်… ”

မြို့မဈေးဆိုတာက ယောက်ျားများထက် မိန်းမများ ခြေရှုပ်သောဈေးဖြစ်သည်။

အဝတ်အစားအမျိုးမျိုး၊ အထည်ဆန်းအမျိုးမျိုး အလှပြင်ကိရိယာ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အမျိုးမျိုး ရောင်းသောဆိုင်တွေနှင့် ပြည့်ကျပ်နေသည်။

အရုပ်ဆိုး အကျည်းတန်ရော၊ အလှပိုင်ရှင်မကလေးတွေပါ သွားလာဝယ်ယူကြည့်တတ်သည်။

တချို့ယောက်ျားတွေက အကြီးအငယ်မရွေး မိန်းမလှလေးတွေကို လိုက်ပြီးငေးမောကာ အလှ၏ရသကို ခံစားတတ်ကြသည်။

အချို့ယောက်ျားတွေက ပစ္စည်းဝယ်ယူသော မိန်းမလှကလေးတွေအတွက် ငွေကုန်ခံပိုက်ဆံထုတ်ပေးရုံ သက်သက်သာ။

အဲသည်ယောက်ျားမျိုးတွင် ဂျက်စနေ မပါပါ။

သူ လုပ်ရမည့်တာဝန်က မိချောလေးပန်းဝါခိုင် ဝယ်သမျှပစ္စည်းတွေကို လိုက်ကိုင်ပေးရုံသက်သက်ပဲ ဖြစ်၏။

“ဒီဂါဝန်ကလေးက ပန်းဝါနဲ့ မလိုက်ဘူးလား… ”

နိုင်ငံခြားမှ မဟုတ်ဘဲ မြန်မာပြည်တွင်းဖြစ် ဂါဝန်တစ်ထည်ကို ဒီဇိုင်းက နိုင်ငံခြားဒီဇိုင်းနှင့် တံဆိပ်တပ်



ထားသည်။

“နင်က ဝယ်မလို့လား… ”

“ငါနဲ့လိုက်ရင် ဝယ်မှာပေါ့… ”

“နင့်ကိုယ်နင် မှန်ထဲမှာ ဝတ်ကြည့်ပေါ့… ”

ဆိုင်တစ်ဆိုင်တွင်းက မှန်ထဲတွင် ပန်းဝါခိုင်က သူမကိုယ်ကိုသူမ ဂါဝန်နှင့်တိုင်းကြည့်၏။

ကိုယ်လုံးဖွံ့သော သူမနှင့် အနည်းငယ် ငယ်နေ၏။

“ဟွန်း… ”

နှာခေါင်းလေး သူမ ရှုံ့လိုက်သည်။ အရောင်းဈေးသည်မလေးအား ဈေးမေးသည်။ သုံးထောင့်ငါးရာတဲ့။

ဈေးကမဆိုး။

မတော်တာက ခက်သည်။ နောက်ထပ် နံပါတ်တွေကို မေးသည်။ ဂျက်စနေက

“နင် မတော်မတည့်တွေ လျှောက်ဝယ်မနေနဲ့ဦး… နင့်ဗိုက်ထဲမှာ ကလေးက နှစ်လရှိပြီဆို… နောက်… နင့်ဗိုက်ကြီး ပူလာတော့… ဒါကြီး ဘယ်လိုလုပ်ဝတ်မှာလဲ… ”

“ဗိုက်ကြီးတာနဲ့ပဲ ကိုယ်ကြိုက်တဲ့အဝတ် မဝတ်ရတော့ဘူးလားဟဲ့… မှတ်ထား… မိန်းမဆိုတာ ဗိုက်ကြီးလေ

www.burmeseclassic.com

www.burmeseclassic.com



အလှအပ ပြင်ရလေပဲ... ”

“နင့်ဂါဝန်က သုံးထောင့်ငါးရာ မတန်ပါဘူး... ဒီမှာ နိုင်ငံခြားကုမ္ပဏီနဲ့ စပ်တူလုပ်တဲ့စက်ရုံတွေက ထွက်တဲ့ ဂါဝန်ပါဟာ... အပြင်ရောက်မှ လူတွေက အကြံအဖန်လုပ်ပြီး နိုင်ငံခြားတံဆိပ်တပ်တာပါ... ဟိုး... ရန်ကုန်ရောက်တုန်း... မင်္ဂလာဈေးက အထည်ရောင်းဆိုင်က ပြောဖူးတယ်... မင်္ဂလာဈေးမှာ အဲဒီလို ‘အင်’တွေ ပြည့်လို့... ဒီမှာလည်း ဒီအတိုင်းပဲ... ”

“နင် တိုးတိုးပြော... နင့်စကားကြားရင် ရိုက်လိမ့်မယ်... ”

အရောင်းဈေးသည်မလေးက တစ်စွန်းတစ်စ ကြားဟန်တူသည်။ ပြုံးလျက်...

“အစ်ကိုပြောတာတွေ ရှိပါတယ်... ရှိပါတယ်... အဲဒါတွေက ကျွန်မတို့ဆိုင်မှာ မတင်ပါဘူး... ‘အင်’တွေကို ကျွန်မတို့က လက်မခံဘူး... အခု ဒီဂါဝန်ကိုကြည့်... အသားကဒီမှာလုပ်တဲ့အသား မဟုတ်ဘူး... ဟောင်ကောင်ဂျင်းသားပဲ... ညက်ပြီး အသားက စေ့တယ်... ချောတယ်... ”

တခြားလိုက်ကြည့်၏။

မိန်းမဝတ်တော့(ပ်)စတိုင်လ် ဒူးဆစ်ထိဘောင်းဘီတိုတစ်ထည်၊ တော့(ပ်)စတိုင်စပို့ရှပ်လက်စည်းတစ်ထည် ဝယ်သည်။



ငွေတစ်သောင်းကျော် ပျော့ပျော့လေးထွက်သွားသည်။

နောက်ထပ် လိုက်ဝယ်သည်။

ကာနေဗယ်(လ်) လက်သည်းဆိုးဆေး။

ရှူးဝါးဘရက် (Sure Breath) ခံတွင်းအနံ့ ပျောက်ဆေး။ ပျားရည်နှင့်ပြုလုပ်ထားသော ဟန်းနီးကရင်(မ်) ချက်နှာသန့်စင်ဆေး စသည့်အလှပစ္စည်းတွေ။

သူမကိုယ်တိုင်ချည်း ဝယ်ပစ်လိုက်တာ နှစ်သောင်းကျော်ဖိုးရှိမည်။

ဂျက်စနေအတွက်ကတော့ ဘီအက်စီတီရှပ်လက်ရှည်တစ်ထည်နှင့် ဂျင်းတစ်ထည်။

“နင်က အသွားအလာမရှိတော့ ဒီလောက်နဲ့ပဲ ဝတ်ဦးပေါ့ဟာ... နောက်ထပ် ငါ ဝယ်ပေးပါ့မယ်... ”

သူမ ဝယ်သမျှ တစ်ထပ်ကြီးပစ္စည်းတွေ ကိုင်ထားသော ဂျက်စနေမှာ စိတ်ထဲ အောင့်သက်သက် ဖြစ်သွားသည်။

ဖေါ်မက သူမအတွက် နှစ်သောင်းကျော်ဖိုး ဝယ်သော်လည်း သူ့အတွက်တော့ ငါးထောင်ဖိုးလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိမည်။

ငွေကို သူမကိုင်ရ။

သူ့လုပ်ခအဖြစ် ငွေတစ်သောင်းနှင့် သူမ၏ မုန့်ဖိုးအဖြစ် ငွေတစ်သောင်းကို ပန်းဝါခိုင်က သူမအဖေဆီမှ ယူမြဲ။ ဂျက်စနေကလည်း အောက်ကျနောက်ကျခံပြီး တောင်းမနေ။

ပန်းဝါခိုင်အတွက် အဝတ်အစားဖိုးမပါ။

သူမအတွက် အဝတ်အစားဖိုးက သူမ ဒက်ဒီဆီမှ ဈေးဝယ်ထွက်လျှင် တောင်းနေကျ။

အဝတ်အစားအလှပပစ္စည်းက လတိုင်းပဲ ဝယ်တတ်သည်။

ခါးပေါ်တွင် သုံးလေးခါတင်ပြီးလျှင်အဟောင်း ဝယ်သောဆိုင်မှာ သွားရောင်းတတ်တာက ပန်းဝါခိုင်၏ အကျင့်။

စိန့်ပန်းပြာမှ အဟောင်းဝယ်ဈေးသည်တွေက ပန်းဝါခိုင်နှင့် ဖောက်သည်ဖြစ်နေကြပေပြီ။

သူမမျက်နှာကို ပေါင်းတင်ဦးမည်ဆို၍ ဆံပင် အလှပြင်ဆိုင်သို့ ဝင်ပြန်သည်။

ပေါင်းတင်လျှင် အနည်းငယ်ကြာမည်။

ဂျက်စနေက ကားကို ထားခဲ့သည်။ ပန်းဝါခိုင်



ဆီမှ တောင်းထားသော ငွေတစ်ရာနှင့် ဘာလုပ်ရမည်ကို စဉ်းစားသည်။

ဤငွေတစ်ရာသည် လ[illegible] ခံရမည်။

နီးရာလက်ဖက်ရည်ဆိုင်သို့ ဝင်လာသည်။

ဆိုင်ကောင်တာဘက်တွင် စကားပြောဖုန်းက ရှိပြီး နံရံတွင် "ဖုန်းစကားပြော (၃)မိနစ် သုံးဆယ်" ဟု ရေးထား၏။

သူ စိတ်ကူးတစ်ခုရလာသည်။

သူ့တွင် ဦးအာကာထက် ပေးထားခဲ့သော ဖုန်းနံပါတ်နှစ်ခုရှိ၏။ စက်ရုံနံပါတ်ရော၊ အိမ်ဖုန်းနံပါတ်ရော။

အဲသည်နံပါတ်တွေကို သူက အမည်မဖော်ဘဲသည်အတိုင်းပဲ စာအုပ်ကလေးတစ်အုပ်ထဲတွင် ရေးထားလိုက်၏။

အဘိုးကြီးက သူ့ကို ဗစ်ဇင်းကတ် မပေးညည်လုပ်ပြီးမှ ကတ်က ကုမ္ပဏီတွင် ကျန်ရစ်ခဲ့သဖြင့် ဖုန်းနံပါတ်တွေကို နှုတ်ပြောဖြင့် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဂျက်စနေက သူ့ဘောင်းဘီအိတ်ထဲမှ စာအုပ်သေးသေးလေးကို ထုတ်လိုက်သည်။

အဲသည်အထဲတွင် ဖုန်းနံပါတ်မှတ်ထားတာ

www.burmeseclassic.com

ရှေ့ကအမည်နှင့်တကွရှိသည်။

ဦးအာကာထက်အမည်သာ နာမည်မပါဘဲ မှတ်ထားသောနံပါတ်တွေ ဖြစ်၏။

အဲသည်မှပင် ဂျက်စ်နေက ကုမ္ပဏီဖုန်းနံပါတ် အတိုင်းခေါ်သည်။

စက်ရုံတွင် သည်လူကြီးရှိနေပါစေ။

"ဟဲလို... "

မိန်းကလေးတစ်ယောက်၏အသံ။

"ဦးအာကာထက်နဲ့ စကားပြောပါရစေ... "

"ဘယ်သူပါလဲရှင်... "

"သူ့မိတ်ဆွေတစ်ယောက်ပါ... "

မိမိနာမည် မပြောချင်။

"ခဏကိုင်ထားပါ... "

လေးငါးစက္ကန့်လောက်ပဲဖြစ်မည်။

"ဟဲလို... "

"ဦးအာကာထက်လား... "

ဘေးလူတွေ ကြားမှာစိုးသဖြင့် လေသံနှင့်ပဲ ဂျက်စနေက မေးသည်။

"ဟုတ်ပါတယ်... "

"ဦးအာကာထက် ခင်ဗျားကို ပြောစရာရှိတယ်... နား



ထောင်ပါ... ခင်ဗျားအသက်ကို အန္တရာယ်ပြုဖို့ လူတစ်စုက ကြံစည်နေကြတယ်... အဲဒါ ဂရုစိုက်ပါ"

"ဘယ်သူလဲ... ဘာတွေပြောနေတာလဲ... "

"ခင်ဗျားကို နောက်နေတာ မဟုတ်ဘူး... ခင်ဗျား အသက်ကို အန္တရာယ်ပြုမယ့်လူတွေ ရှိနေတယ်... ဒါပဲ... ဂရုစိုက်ပါ... "

ပြောပြီးလျှင်ပြီးချင်း ဖုန်းကိုချလိုက်သည်။

ကောင်တာမှ ထိုင်နေသူနှင့် ဘေးဘီကို အကဲခတ်လိုက်သည်။ ဘယ်သူကမှ သူ့ကို ဂရုမစိုက်ပါ။

ပြောတာ တစ်မိနစ်လောက်ရှိသည်ဖြစ်သော်လည်း ငွေသုံးဆယ်ပဲပေးလိုက်သည်။

ဦးအာကာထက်ကို သတိပေးလိုက်ရလို့ကျေနပ်သလို ရှိသွားသည်။ ဟိုးတစ်နေ့က ကျွေးမွေးခဲ့ဖူးသော ကျေးဇူးအတွက် တန်ဖိုးဆပ်လိုက်ရချေပြီ။

ပုဂံခေတ်မှ သူ့ရဲကောင်းငခင်ညိုက မိမိလုပ်ရပ်ကို သာဓုခေါ်ပါလိမ့်မည်။

ငခင်ညိုသည်လည်း တစ်လုတ်စားဖူး သူ့ကျေးဇူး သိခဲ့ဖူးသူ မဟုတ်လား။

လက်ဖက်ရည်သောက်သည်။

ဆယ့်ငါးမိနစ်လောက် အချိန်ဖြုန်းပြီး ထွက်

www.burmeseclassic.com

www.burmeseclassic.com

လာသည်။

မျက်နှာပေါင်းတင်ခြင်းအလုပ်က ပန်းဝါခိုင်အတွက်မပြီးသေး။

နောက်ထပ် နာရီဝက်လောက် ပျင်းပျင်းရိရိစောင့်လိုက်ရသည်။

မျက်နှာလေး ချောမွတ်နေသော ပန်းဝါခိုင်၏အလှမှာ ပိုတောက်ပ ပိုချစ်စရာကောင်းသွားသည်။

ညိုသောအသားကပျောက်ပြီး အရေပြားပြင်မှာကြည်လင်ချောမွတ်နေသည်။

"ငါ့မိန်းမဟာ လှပါတယ်... တကယ်ချစ်စရာကောင်းတာပဲ... သူ့မျက်လုံးလေးတွေ ကြည့်ပါလား... ပြူးပြူးလေးနဲ့ကြည်လင်နေတာပဲ... ညို့ဓာတ်လည်းရှိတာပဲ... "

ပိုက်ဆံရှင်းပေးနေသော မိန်းမမျက်နှာကိုကြည့်ကာ သူတွေးနေသည်။

"ဒါလောက်လှတာတောင် ဦးအာကာထက်ဆိုတဲ့အဘိုးကြီးက ငါ့မိန်းမကို ဘာလို့အကျည်းတန်ပြောတာပါလိမ့်... သူမလို့လို့ပြောတာပဲ... "

"ကိုဂျက် သွားမယ်လေ... "

ပြုံးရွှင်သောမျက်နှာနှင့် ရှေ့မှာလာရောက်



ပြော သံကြားမှ သတိဝင်လာသည်။

"စောင့်နေတာ အားနာတယ်ဟယ်... "

"ငါ့မိန်းမလှဖို့ရေးအတွက် နောက်တစ်ကမ္ဘာတည်အောင်ပဲ... စောင့်ရစောင့်ရ ငါကျေနပ်တယ်... နင်သိပ်လှတာပဲ... "

ရင်တွင်းမှချည်းပင် ပြောလိုက်သံက ပန်းဝါခိုင်အတွက် ကျေနပ်စရာ။

"ဒီနောက်ဆုံးစကားလေးကိုတော့ ငါကလေးမွေးပြီးတည့်တိုင်အောင် ပြောနိုင်ပါစေဟာ ဘာကြောင့်လဲဆိုရင် ငါတို့မိန်းမတွေဟာ ကလေးမွေးပြီးရင် များသောအားဖြင့် မလှတော့ကြလို့ပဲ... အဲဒီလို ကလေးမွေးပြီးရင် နင်တို့ယောက်ျားတွေဟာ အနားကပ်ချင်ကြတော့တာ မဟုတ်ဘူး... အချစ်ဟာ နှလုံးသားထဲမှာရှိတာ မဟုတ်ဘူး... အလှမှာရှိတာပဲ ဂျက်... "

"ငါက လှလို့ချစ်တာထက် ချစ်လို့လှတာပါဟာ"

သူတို့ကားမောင်းလာကြသည်။ သည်တစ်ခါတော့ ကားကို ဂျက်စနေက မမောင်းဘဲ ပန်းပါခိုင်ကပဲ မောင်းသည်။

လိုသောပစ္စည်းတွေ ဝယ်လို့ရတာ၊ မျက်နှာပေါင်းတင်လိုက်ရတာ။ သူမကို ဂျက်စနေက လှတယ်ပြော

www.burmeseclassic.com

www.burmeseclassic.com

လို့ ကျေနပ်တာရယ်၊ ဒါတွေနှင့် သူမစိတ်မှာ ကျေနပ်ရွှင်လန်းနေသည်။

"နင့်ကို တစ်ခုခုကျွေးမယ်… ဘာစားမလဲ ကိုဂျက်"

"နင်က ငါ့ကို တစ်ခုခုကျွေးမယ်ဆိုလို့ ခုမှ ငါ သတိရတယ်… ငါ ဒီနေ့ ရှက်လိုက်တာ… "

"ဘာဖြစ်ရပြန်တာလဲ… "

"ငါနဲ့ ကျောင်းနေဖက်ဘော်ဒါကြီးလေ… ဟိုကောင်ဝင်းထွန်းကြီးရယ်ဟာ… တစ်ခါတစ်ခါ ငါနဲ့တွဲခဲ့တာ… "

"ဟဲ့… ငါ ဘယ်မှတ်မိမှာလဲ… "

"အေး… အောင်ဝင်းထွန်းကြီးနဲ့ တွေ့တော့ လက်ဖက်ရည်ဆိုင် ထိုင်ကြတာပေါ့… ငါ တစ်ယောက်တည်းဆိုရင် ငါက ရိုးရိုးသောက်နေကြဟာ… အောင်ဝင်းထွန်းကြီးပါလာတော့ ငါ ရိုးရိုးဘယ်သောက်ရဲမလဲ… ရိုးရိုးသောက်ရင် ပုံမှာပေါ့… ဒီတော့ ရှယ်နှစ်ခွက်မှာလိုက်တယ်… အောင်ဝင်းထွန်းကြီးက မုန့်တစ်ခုပါစားတယ်… အဲဒီမှာ သွားပြီပေါ့လေ… နင်က ငါ့ကို ပေးထားတာ တစ်ရာပဲ… ဒီတစ်ရာနဲ့ ဘယ်လိုလုပ်လောက်မလဲ… သောက်ပြီးတော့ အောင်ဝင်းထွန်းကြီးက ငါ့ကို စတယ်… မင်းရှင်းလိုက်ကွာတဲ့… ငါကလည်း ရှင်း



တော့ တစ်ရာ့အစိတ်ကျသွားတယ်… ရှယ်က လေးဆယ့်ငါးကျပ်… နှစ်ခွက်ဆိုတော့ ကိုးဆယ်… မုန့်က သုံးဆယ့်ငါးကျပ်… တစ်ရာ့အစိတ်ပဲ… သွားပါပြီဟာ… သူငယ်ချင်းနှစ်ယောက် စားတာသောက်တာလေးမှ ငါ မရှင်းနိုင်ဘူး… ငါက ပြောင်ပြောင်ပဲပြောတယ်… ငါ့မှာ တစ်ရာပဲ ပါတယ်လို့… ရှက်တာပေါ့ဟာ… အောင်ဝင်းထွန်းကြီးက ရယ်ပြီး အစိတ်စိုက်လိုက်တယ်… ငါ သိက္ခာကျတာပဲ… "

ပြောစဉ် မီးပွိုင့်ရောက်လာသည်။

ယာဉ်ထိန်းရဲက တားသဖြင့် ပန်းဝါခိုင်ကကားကို ရပ်ပေး၏။

"အဲဒါ ဘာဖြစ်သလဲ… "

"ဘာဖြစ်ရမလဲ… ငါ သိက္ခာကျတာပေါ့ဟာ… သူဌေးသားမက်… သူဌေးသမီးရဲ့ယောက်ျားလုပ်နေပြီး… တစ်နေ့တစ်ရာတည်းဆိုတော့ ဘယ်အိုကေမှာလဲဟာ… ငါပုံ့တာပေါ့… ဒီတော့… တတ်နိုင်ရင် ငါ့ကိုနှစ်ရာလောက်ပေးဟာ… "

"နှစ်ရာဆိုတော့… အင်း… တစ်နေ့နှစ်ရာ… တစ်လခြောက်ထောင်… ဒက်ဒီက နင့်အတွက် တစ်သောင်းပဲပေးတာ… အခုလို အဝတ်အစားဝယ်လိုက်တော့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့လို့လဲ... ”

“နင် ဝယ်နေ ဝတ်နေတာလောက် ငါလခမရှိပါဘူး ဟာ... ငါအပြင်မှာသာ ထွက်လုပ်ရင် တစ်သောင်း မက ရနိုင်ပါတယ်... နင်တို့ ငါ့ကို နှိမ်နေတာ ငါ သိတာပေါ့... ”

သည်စကားတွေက နှုတ်ကမထွက်ဘဲ ရင်ထဲ မှာပဲ ပြောမိသည်။ ဂျက်စနေ သက်ပြင်းချလိုက်သည်။

“ငါနဲ့ နင်ဟာ သူငယ်ချင်းလည်း သူငယ်ချင်း... လင် မယားလည်း လင်မယားပါဟာ... ငွေကို နင်ကိုင်တော့ နင့်ဆီမှာပဲ ငါ တောင်းရမှာပါ... တစ်ရာကတော့ ဘယ်နည်းနဲ့မှ မလောက်နိုင်ဘူး ပန်းဝါရယ်... သည် ကနေ့ ကုန်ဈေးနှုန်းတွေ တက်နေတာ နင်လည်း သိ သားပဲ... ”

ပြောရတာ မျက်နှာကလည်း ပူသည်။ ကိုယ့် ကိုယ်ကိုလည်း ဒေါသထွက်လာသည်။ သည်မိန်းမမျိုးမှ ယူ ခဲ့မိတာ။

“ငါ့အဝတ်အစားဝယ်တာ တစ်လတစ်ခါ ဝယ်ရတာ မဟုတ်ပါဘူး... နှစ်လသုံးလနေမှတစ်ကြိမ်ဝယ်ရတာ”

မီးနိုဇြိမ်းလို့ မီးဝါပြ။

ကားကို စက်နှိုးစဉ် မီးစိမ်းပြ၏။ ယာဉ်ထိန်းရဲ



က ထွက်ရန်လက်ပြသည်။

“အေးပါ... ငါ သိပါတယ်... နင့်ကိုတစ်နေ့ နှစ်ရာ ပေးမယ်... ဒါပေမယ့် ဒက်ဒီတော့ မသိစေနဲ့... သိရင် သည်ကောင် သိပ်သုံးနေတယ်ပြောမယ်... ”

စိတ်လက်ကြည်လင် ရွှင်ပြနေသဖြင့် မချော လေး မီးစိမ်းပြသည်။

ဂျက်စနေ ကျေနပ်သွားသည်။

“တစ်ခုခုစားရအောင်... ”

ရှက်ဖို့သိပ်ကောင်း။

မယားကျွေးမှ စားရတဲ့ဘဝ။

အအေးဆိုင်တစ်ဆိုင်တွင် သူတို့ဒိုမိနိုသီးစုံ ဝင် စားကြသည်။ ဒိုမိနိုသီးစုံကို စနေရော ပန်းဝါခိုင်ပါ ကြိုက် သည်။

“ကိုယ်ဝန်ရှိတဲ့အချိန်မှာ အပူအစပ်မစားဘဲ သည်လို အအေးတွေချည်း များများစားရမယ်... နော်... ဂျက်”

“ဟုတ်တာပေါ့... ”

စားပြီး ... မက ငွေရှင်းသည်။ ဂျက်စနေက ငုတ်တုတ်။

သာဓုပါခင်ဗျာ။ သာဓုပါ၊ ခုလို ကျွေးလို့ ဘုရားအစ်မ၊ ကျောင်းအစ်မ၊ ရဟန်းအစ်မ ဖြစ်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com

သည်လိုပဲ သူတောင်းစားဆိုဆိုရတော့မတတ်။

ငါ ဘာလို့ ဒါလောက် ညံ့တာလဲလို့ တစ်လမ်းလုံး တွေးလာသည်။ ယောက်ျားဖြစ်လျက်နဲ့ ကိုယ့်ငွေကို ကိုယ်ကိုင်မသုံးနိုင်တဲ့အပြင် သူတို့သားအဖ၏ အာဏာစက်ထဲရောက်နေတာ။

သူ့ကိုယ်သူ တွေးပြီးခံပြင်းသည်။

ယောက်ျားတို့ရဲ့ဘုန်း၊ အာဏာမရှိသလောက်ကိုပါပဲလား။

ဦးအာကာထက် စကားကို သတိရသည်။

သူ့ဆီမှာဝင်ပြီး အလုပ်လာလုပ်ဖို့။

သည်လိုတော့လည်း သူနှင့်ဦးဘကလေးသမီး ယောက္ခမ အခြေအနေမှ ရန်သူဖြစ်သွားနိုင်သည်။

"ဘာတွေ တွေးနေတာလဲ... "

"ဩော်... အဖေတို့အကြောင်း တွေးနေတာ... သူတို့ဆီ မရောက်တာကြာပြီ... နေမှကောင်းကြရဲ့လားလို့"

"သွားချင်သွားလေ... "

"သွားကြရအောင်... "

အဖေနှင့်အမေက ပုဏ္ဏားကုန်းမှာနေသည်။

ပုဏ္ဏားကုန်းဆိုတာ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က ပုဏ္ဏားတွေ နေသောနေရာမို့ ပုဏ္ဏားကုန်းဟုခေါ်၏။



နောက်တော့ ပုဏ္ဏားတွေ တဖြည်းဖြည်းပျောက်သွား၍ လူမျိုးပေါင်းစုံဝင်လာကြသည်။

တိုက်တွေရော ပျဉ်ထောင်အိမ်တွေရော ရောနေ သည်။ ဖေဖေတို့နေသော တစ်လမ်းထဲသို့ ကားဝင်ပြီး ပျဉ် ထောင်အိမ်ဟောင်းတစ်လုံးရှေ့တွင် ထိုးရပ်လိုက်သည်။

"ဂျက်... နင်သွားတော့... ငါ ဒီက စောင့်နေမယ်... "

ဒါက ပန်းဝါခိုင်လိုက်လာလျှင် ပြုလုပ်နေကြမှု။

ပန်းဝါခိုင်သည် မိမိနှင့် မရခင်က ဖေဖေနှင့် မေမေကို ရိုသေလေးစားသည်။

လက်ထပ်ပြီးချိန်မှစ၍ ရိုသေလေးစားရမည့် အသိပျောက်သွားသည်။ ဖေဖေနှင့်မေမေကို ခပ်တန်းတန်းမှန်မှန်ပဲ ဆက်ဆံသည်။

ယောက္ခမနှင့် ချွေးမဖြစ်လာလျှင် ဘယ်လိုနေရထိုင်ရမည်ကို ဦးဘကလေးက ပညာပေးခဲ့ဟန်တူသည်။

"မင်းလာတာ အတော်ပဲဟေ့... မင်းဆီ ဖုန်းဆက်မလို့"

"မရောက်တာ ကြာသွားလို့ ဖေဖေနဲ့မေမေ နေကောင်းရဲ့လားလို့ လာကြည့်တာ... "

ဖေဖေက ဖတ်လက်စစာအုပ်တစ်အုပ်ကို လက်မှချ၍ ကုလားထိုင်မှထသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေသည် အသက်ခြောက်ဆယ်ကျော်နေပြီ။

ဦးဘကလေးနှင့်စာလျှင် ခန္ဓာကိုယ်ချည့်နဲ့မှု ရှိသည်။

ဖေဖေ့မျက်နှာက ဦးဘကလေးမျက်နှာလို ခက်ထန်မှုမရှိဘဲ ရိုးသားကြည်လင်ကင်းစင်သည်။

မေမေက ဘုရားပန်းလဲနေသည်။

"ပန်းဝါနိုင်ရော... သား... "

မေမေ့မေးခွန်း။

"ကားပေါ်မှာ နေခဲ့တယ် မေမေ... "

သည်လာလျှင် ချွေးမက ကားပေါ်မှာနေနေကျ။ မေမေကလည်း သူမ၏ဝတ္တရားအတိုင်း သွားရောက်ခေါ်နေကျ။

ဘုရားပန်းလဲတာကို ခေတ္တထားလျက် အိမ်ပြင်ထွက်လာသည်။ အဘွားကြီးလာတာကို ပန်းဝါနိုင် မြင်သော်လည်း မမြင်ဟန်ဆောင်ကာ ဒက်ရှ်ဘုတ်ထဲက တွေ့ရှိသော အချစ်ဂျာနယ်ကို ဖတ်နေသည်။

"သမီးလေး... အိမ်ထဲဝင်ဦးလေ... "

ခေါ်နေကျစကား ပြောနေကျလေသံနှင့် ပြောလိုက်သံကြောင့် ပန်းဝါနိုင် မော့ကြည့်လိုက်သည်။

ပြီးမှ သဲ့သဲ့ကလေးပြုံး၍...



"သြော်... အန်တီ... မဝင်တော့ပါဘူး... "

"ကော်ဖီသောက်ဦးမှပေါ့... "

"အခုပဲ စားခဲ့သောက်ခဲ့ပြီးပြီ... "

"ဦးအဘကလေး နေကောင်းရဲ့လား... "

"နေကောင်းပါတယ်... "

ပြောပြီး ဂျာနယ်ကို ဆက်ဖတ်နေသည်။

ကိုဂျက်၏ မေမေက သက်မြင်းမသိမသာချပြီးတော့ အိမ်ဘက်ပြန်လှည့်ထွက်လာသည်။

"မင်းမိန်းမ မပါမလာတာလည်း ကောင်းတယ်ကွ"

"ဘာဖြစ်လို့လဲ... "

"သြော်... ပြောစရာရှိ လွတ်လွတ်လပ်လပ် ပြောရတာပေါ့ကွာ... "

ဖေဖေနှင့်မေမေသည် ကိုဂျက်၏အတွင်းရေးကို မသိ။ ကိုဂျက်ကလည်း သူဘယ်လိုနေရထိုင်ရသည်ကို မပြောပြ။ မယားထံမှ လက်ဝေခံသုံးနေရတာကို ဖေဖေတို့ မသိစေချင်။

"ငါနဲ့မင်းမေမေ မန္တလေး မုံရွာ ပြင်ဦးလွင်ကို ဘုရားသွားဖူးကြမလို့... "

"ကောင်းတာပေါ့ ဖေဖေ... "

"ဘုရားဖူးပြီဆိုကတည်းက ဘာလိုပြီဆိုတာ မင်းသိ

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ သား... ”

သိပါသည်။

ငွေ... ငွေ... ။

သည့်ခေတ်ကြီးမှာ ဘာပဲလုပ်လုပ် ဘယ်ပဲသွားသွား ငွေ... ငွေ... ။

ငွေဆိုတာ တစ်လုံးတည်းပေးမယ့် သုံးတော့ ငွေစက္ကူတစ်ချပ်တည်းနှင့် မပြီးပါ။ အချပ်ပေါင်းများစွာ လိုက်ရသည်။

ကိုဂျက်သိသော်လည်း မသိဟန်ဆောင်သည်။ သူ့မှာသာ အလုံးလိုက် အထည်လိုက်ရှိလျှင် ဖေဖေသည့်ပုံစံပါးစပ်ဟပုံမျိုးနှင့် ငွေကို အထပ်လိုက် လက်ထဲထည့်ပေးလိုက်မည်။

ယခုတော့ ခပ်ကြောင်ကြောင် ကြည့်၍ ပါးစပ်ပိတ်နေမိ၏။ ဖေဖေက မရိပ်မိပေ.

“ဘာလိုသလဲဆိုတော့ ငွေပေါ့ကွာ... ”

ဖေဖေက သူ့မေးခွန်းကို သူ့ဖာသာသူ ပြန်ဖြေသည်။

ဂျက်စနေ ငြိမ်နေသည်။ ဖေဖေက သူ့မျက်နှာကို ကြည့်၍...

“ဘုရားဖူးသွားမယ်ဆိုတော့ ငွေနှစ်သောင်းလောက်



လိုနေတယ်သား... အဲဒါမင်းဆီက ချေးချင်တယ်... အဖေ သုံးလေးလနေရင် ပြန်ပေးနိုင်မှာပါ... ”

ဘုရား... ။

ဘယ်လိုလုပ်ရပါ့။

ကျွန်တော် ဒီလိုဒီလိုဖြစ်နေပါသည်ဟု အဖေ့ကို မပြောချင်ပါ။ ဖေဖေကတော့ သူ့ငွေးသားမက်ဆိုပြီးတော့ အထင်တကြီး လာပြောနေသည်။

“ဘယ်လိုလဲ သား... ”

ရုတ်တရက် ငိုင်သွားသော ဂျက်စနေကို ဖေဖေက အကဲခတ်လိုက်သည်။ ဂျက်စနေမှာ ကျွန်တော့်မှာ မရှိပါဘူးဟု မပြောရက်ပါ။

ဖေဖေနှင့်မေမေက အသက်ကြီးလာပြီ။

မိုးခိုရာဆိုလို့ မိမိပဲရှိသည်။

လူဖြစ်လာသည်မှာ မိဘနှစ်ပါး၏ကျေးဇူးကြောင့်။ ပညာတတ်လာသည်မှာလည်း မိဘနှစ်ပါး၏ကျေးဇူးတရားကြောင့်။

ဖေဖေသည် မိမိကိုပဲ အားကိုးချင်သည်။ ငွေကို ဘယ်သူ့ဆီကိုမှ ပြောဆိုချေးငှားမည်မဟုတ်။

ပင်စင်ရှိပြီး ဝင်ငွေမရှိသော ဖေဖေ့ကို ဘယ်သူကမှလည်း ချေးငှားမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ဖေဖေ့ရင်ဝကို မကြောက်လို့။

မေမေက ဖေဖေ့စကားသံကြား၍ ဘုရားပန်း ဆက်တင်ရင်း သားအဖနှစ်ယောက် ဘယ်လိုပြောကြမလဲဟု နားစွင့်နေသည်။

"ရပါတယ် ဖေဖေ... "

လွှတ်ခနဲ ဂျက်စနေ နှုတ်မှထွက်သွားသည်။

အဘိုးကြီးမျက်နှာ ရွှင်လန်းသွားသည်။

"အေးကွာ... ရရင်တော့ ချေးချင်တယ်... "

"ဘယ်တော့သွားမှာလဲ... "

"တစ်လနီးပါးလောက် လိုပါသေးတယ်... အခုဟာက သားမှာ အခက်အခဲမရှိအောင် ကြိုတင်ပြောထားတာပါ... အခက်အခဲရှိခဲ့ရင်လည်း သားငွေကို ဖေဖေတို့ မလိုချင်ပါဘူး... အခုဟာက ဘုရားဖူးဖို့အတွက်ပါ ကွာ... "

"ဖြစ်ပါတယ်... အခုချက်ချင်းကြီးတော့ မဟုတ်သေးဘူး မဟုတ်လား... "

"သုံးပတ်လောက်လိုပါသေးတယ်... သုံးပတ်ပြီးရင် ဖေဖေ မင်းဆီကို လာယူမယ်... "

ဂျက်စနေစိတ်ထဲမှာ ခုချက်ချင်းကြီး မဟုတ်လို့ သက်သာသွားသည်။



"ဖြစ်ပါတယ်... ကျွန်တော် လာပေးပါ့မယ်... "

စိတ်ထဲမှာတော့ ရှုပ်နေသည်။ သည်ငွေကို ဘယ်လိုရှာရပါ့မလဲ။ အနီးကပ်နေသူကတော့ ပန်းဝါနိုင် ပဲ။

ဖေဖေနှင့်မေမေကို စကားပြောသည်။

ဟိုစကား သည်စကား စတာတွေ သားအမိ တွေ ပြောကြသည်။ ပန်းဝါနိုင်က လာတိုင်းအိမ်ထဲကို င်သောကြောင့် မေမေက မျက်နှာကတော့မကောင်း။

သားပြန်တော့ မေမေက သားကို ကားအထိ ိုက်ပို့သည်။ ချွေးမကို လိုက်လိုက်လှဲလှဲ လေသံနှင့် နှုတ် က်သည်။ ပန်းဝါနိုင်ကတော့ အဘွားကြီးမျက်နှာကို ကြည့်ဘဲ ဝတ်ကျေတန်းကျေပဲ နှုတ်ဆက်ထွက်လာသည်။

သည်တစ်ခါတော့ ကားကို ဂျက်စနေက မောင်း ာသည်။

"ဘာတွေများ ဒါလောက်ပြောနေကြတာလဲ... အခါ ပေါ်မှာ စောင့်နေရတဲ့လူက အပျင်းရောဂါနဲ့ သေတော့ မယ်... ပန်းဝါနိုင်ကို ရှိမှရှိသေးရဲ့လို့ အောက်မေ့ကြ ရဲ့လား... "

စတင်ပြီး ပန်းဝါနိုင်က ထိုးစစ်ဆင်လာ၏။

ဖေဖေနှင့်မေမေဆီ လာတိုင်း သည်လိုပဲ ပန်းဝါနိုင်က ဖောက်

www.burmeseclassic.com



တတ်သည်။ လိုက်ခိုင်းတော့လည်း မလိုက်။

စောင့်ပြန်တော့လည်း မလိုတမာဖြစ်။

ယခင်ကဆိုလျှင် အဖေ... အမေ့ဆီလာတိုင်း စကားအဖုအထစ်တွေ ဖြစ်ခဲ့ကြရ၏။

ယခုလည်း သိပ်မကြာ။

စိတ်ထင် ဆယ်မိနစ် ဆယ့်ငါးမိနစ်ပဲ။

ဒါကိုပဲ ပန်းဝါခိုင်က အပြစ်တင်စကားတွေ ဖွင့်လာသည်။

ယခင်အတိုင်း ယခင်အပြောတိုင်းဆို စကားတွေများမှာ သေချာသည်။ ယခုတော့ ကြဲစည်တာလေးရှိထားတာမို့ ဂျက်စနေက လေအေးနှင့်

"သိပ်မကြာပါဘူးကွာ... အပြင်မှာ ပန်းဝါကလေး ရှိတော့ တို့စကားပြောရတာတောင် ကြတ်မဖြောင့်ဘူး"

"ဘာတွေ ပြောနေကြတာလဲ... "

"ဖေဖေတို့ ဘုရားဖူးသွားမယ်ဆိုတဲ့အကြောင်းတွေ ပြောနေကြတာပါ... "

"ပန်းဝါခိုင်အကြောင်း မပါဘူးလား... "

ရွှေကြာအကြောင်းပြောရာမှာ မစင်ပါလို့ဖြစ်ပါ့မလားဟု ပြောလိုက်ချင်သည်။

ဒါပေမယ့်...



ကြဲစည်ထားတာလေးရှိတာမို့...

"မပါပါဘူး... သူတို့မန္တလေး မုံရွာဘုရားဖူးသွားမယ့် အကြောင်းပဲ... "

"ဒက်ဒီအကြောင်းကော... "

နင့်ဒက်ဒီကြီးကို အရေးတောင်မလုပ်ဟု ရှင်းရှင်း ခိုင်းစိုင်း ပြောလိုက်ချင်သည်။ သို့သော် ကြဲစည်ရင်းစွဲရှိနေတာကြောင့်

"မပါပါဘူး... ဒါပေမယ့် မေမေက တစ်ခုတော့ ပြောတယ်... "

"ဘာလဲ... "

"သြော်... ငါ့ချွေးမပန်းဝါခိုင်ကလေးက သိပ်လှလာတာပဲတဲ့... "

"အဟီး... ယောက္ခမကြီးက အလိုက်သိတတ်လိုက်တာ... ကုသိုလ်တွေရပါစေတော်... "

ပန်းဝါခိုင်က လုပ်ကြံပြောကြားချက်ကလေးကို အဟုတ်သဘောပိုက်လို့ ကျေနပ်သွားသည်။

တကယ်လို့ အဲဒီအချိန်မှာ ဂျက်စနေ၏မျက်နှာကြီးကို လှမ်းကြည့်လိုက်လျှင် တစ်ဘက်လှည့်၍ မဲ့ရွဲ့နေသော သူ့ပါးစပ်ကြီးကို တွေ့လိမ့်မည်။

သူ့ဘက်တော့ သူသိတတ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငွေချေးမည့်အကြောင်းကို ရှ
တာရက် ပန်းဝါခိုင်ကို ဂျက်စနေ မပြောရဲပါ။

ပြောရမှာကို လျှာမရဲသလို ဖြစ်နေသည်။

မိမိအတွက် ပြောရလျှင် အရေးမကြီး။ ဖေ
မမေတို့အတွက် ပြောတော့ ပန်းဝါခိုင် လက်ခံလျှင် တေ
ပါရဲ့။ လက်မခံလျှင် ဖေဖေတို့ ဂုဏ်သိက္ခာကို ထိခိုက်သွာ
နိုင်သည်။

နှစ်ရက်သုံးရက်လောက် သူတွေးနေ စဉ်းစာ
နေသည်။

တစ်ရက်တွင် ပန်းဝါခိုင်က သူ့သူငယ်ချင်
အိမ်သို့ သွားချင်သည်ကို လိုက်ပို့ပေးပါဟု ပြောသည်။

အဲသည်အချိန်က ပန်းဝါမျက်နှာမကောင်းလှ

မနေသာလို့ ဂျက်စနေက မေးတော့ မာန်ဝင့်
ထယ်က သူမ၏ ချေးယူထားသောငွေကို ပြန်မပေးဘ
ဟောက်ပစ်လိုက်သဖြင့် ဒေါသဖြစ်နေရသည်ဟု ပြော၏။

ပြီးတော့ ငွေနှစ်သောင်းကို ဂျက်စနေက ပြန်
တောင်းပေးရမည်ဟု မိန့်တော်မူသည်။

ခုတလော ငွေပြဿနာပဲ လာကြုံနေသည်။
သူမကိုမေးမိသည်မှာ မှားလေခြင်းဟု နောင်တရသည်။

ငွေကြောင့် ဂျက်စနေအကျပ်ရိုက်နေ၏။



အိမ်တွင် ကျောင်းမသွားသော ရွှန်းလဲ့ဝါနှင့်
မာန်ဝင့်ထယ်ပဲ ကျန်ရစ်ခဲ့၏။

အပြန်တွင် မာန်ဝင့်ထယ်နှင့်တွေ့ပြီး အကျိုး
အကြောင်းပြောပြ၍ ပန်းဝါခိုင်၏ငွေကို ပြန်တောင်းပေးမည်။
သည်ငွေကို မိမိရလျှင် ပန်းဝါခိုင်ဆီမှပဲ မိမိဆက်ချေးပြီး
ဖေဖေနှင့် မေမေတို့အား ပေးလိုက်မည်ဟု အကြံပြုလိုက်၏။

အဲသည်အကြံကြောင့် သူ့တစ်ကိုယ်လုံးပေါ့ပါး
သွားသည်။

သူ ပြန်လာတော့ တစ်အိမ်လုံး တိတ်ဆိတ်နေ
သယောင် အိမ်အောက်ထပ်မှာ တိတ်ဆိတ်သော်လည်း အပေါ်
ထပ်မှာတော့ စကားပြောသံတွေ ကြားရသလို...

မာန်ဝင့်ထယ်၏ဒီတီမော်တော်ဆိုင်ကယ်ကို
ဆင်ဝင်အောက်မှာ တွေ့ရတာကြောင့် သည်ကောင် ဘယ်မှ
မသွားသေးဟု သိလိုက်ရသည်။

အထက်ထပ်သို့ တက်ရသော ကျွန်းသား
လှေကားအတိုင်း တက်လာသည်။ လှေခါး၏တစ်ဆစ်ချိုး
သို့ရောက်လျှင်...

"မဟုတ်ဘူး... ရွှန်းလဲ့ကို ကိုမာန် အထင်မှားနေပြီ...
ရွှန်းလဲ့ ကိုမာန့်ကို မချစ်ဘူး..."

"အေး... ရွှန်းလဲ့က ကိုမာန့်ကို မချစ်ပေမယ့် ကိုမာန်

www.burmeseclassic.com

ကတော့ ရွှန်းလဲ့ကို ချစ်တာပဲ... ဒက်ဒီကိုပြောပြီး ရွှန်းလဲ့ကို လက်ထပ်ယူမယ်... "

"ကိုမာန်ကိုမှ မချစ်တာ... ရွှန်းလဲ့ကို ဘယ်လိုလက်ထပ်ယူလို့ရမှာလဲ... အိုး... လက်ကို မကိုင်နဲ့လေ... မယ်ပါ ကိုမာန်... ရွှန်းလဲ့ မကြိုက်ဘူး... မလုပ်ပါနဲ့"

အထက်တွင် ဆက်တက်တော့မည့် ဂျက်စနေ၏ ခြေလှမ်းတွေက လှေကားထစ်ဝက် တစ်ဆစ်ချိုးနေရာမှာပင် သေသွားသည်။

ဂျက်စနေ အံ့အားသင့်သွားသည်။

မော်ကြည့်သည်။ ဘာတွေဖြစ်လာမလဲ။

ဖြစ်လာပါသည်။

"ကိုမာန်နော်... ကိုမာန် မလုပ်နဲ့... ဒါမျိုးမရဘူး... "

"မရလည်း ရအောင်ယူမှာပဲ... အချစ်ဆိုတာ သာသာညွှင်းညွှင်း မရရင် ဓားပြတိုက်ယူရတယ်ကွ... "

"ဟောဒီမှာ... "

ရွှန်းလဲ့ဝါ၏အသံကလေးက တိမ်မြုပ်သွားသည်။ ရှူးရှူးဝါးဝါး အသံတွေပေါ်နေသည်။

ရွှန်းလဲ့တော့ ပြဿနာပဲ။

ဂျက်စနေ၏သေနေသောခြေလှမ်းတွေ အသက်ဝင်လာသည်။ လှေကားထစ်တွေကို တစ်ထစ်ချင်းဟောင်

ခတက်တော့။ တစ်ထစ်ကျော် လှမ်း[illegible]ပေါ်ပါရွတ်တက်သွားသည်။

မြင်ကွင်းက [illegible]ထိုတာနော်။

မာန်[illegible]သည် အထက်ထပ်၏ ရှေ့ခန်းကျယ်ကြီးထဲမှာ ရွှန်းလဲ့ကို ပါးစပ်လက်နှင့်ပိတ်၍ ကြမ်းပြင်သို့ အတင်းအဓမ္မလှဲချနေသည်။

အင်အားကြီးနိုင်ငံက နိုင်ငံငယ်ကလေးကို မတရားကျင့်ကြံတဲ့ ပုံစံလို အဓမ္မအနိုင်ကျင့်နေပါလား။

"ကိုမာန်... "

ဂျက်စနေ ခါးထောက်ရပ်၍ သံပြတ်နှင့်ခေါ်လိုက်၏။ ရာဂစိတ်ဝင်နေသော ကိုမာန်က မကြား။

"ကိုမာန်... "

သည်တစ်ခါတော့ အသံကျယ်ကျယ်ပြတ်ပြတ်ခေါ်လိုက်သည်။

"ဟာ... "

ဂျက်စနေကို တွေ့သည်။ ဟာခနဲအသံထွက်သွားသည်။ လန့်ဖျပ်ပြီး ကောင်မလေးကို လွှတ်လိုက်သည်။

"အစ်ကို... "

ရွှန်းလဲ့ဝါသည် ဂျက်စနေကို မြင်သည်နှင့် အားကိုးတကြီး ပြေးဖက်သည်။ ထိုနောက် အီးခနဲငိုချလိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်။

ရှက်လိုက်တာနော်။

"ကိုမာန် မကောင်းဘူး... နီးဂွဒ်... "

ပထမတော့ ကိုမာန် ရှက်သွားသည်။ ချက် ချင်း မျက်နှာကြီးနီလာ၏။

ဒေါ်လာ ရောင်းရခါနီးမှ ရဲအဖမ်းခံရသလို ထိတ်ထိတ်လန့်လန့် ဖြစ်သွားသည်။ ပြီးတော့ ပေါင်မုန့်ကြီး စားရခါနီး ပါးစပ်နားရောက်ခါနီးမှ အပုတ်ချခံရသလို အခံ ခက်သည့်ဒေါသ။

"မင်း... မင်း... "

"ကိုမာန်... ခင်ဗျားလုပ်ပုံက လူကြီးလူကောင်းမဆန် ဘူး... ဒီတိုက်ကြီးနဲ့ မလိုက်ဘူး... နီးဂွဒ်... "

ဂျက်စနေ ထပ်ပြောသည်။ မျက်နှာက တည် တည်ငြိမ်ငြိမ်ပဲ။ တအီးအီးငိုနေသော ကောင်မလေးကို ကြည့် ပြီး မာန်ဝင့်ထယ်က ဒေါသနှင့်...

"ဩော်... မင်းတို့ကဒီလိုကိုး... "

"ဒညင်းသီးက အီးတပြန်မလုပ်နဲ့ ကိုမာန်... အီးမုန်ရင် မကောင်းဘူး... ဒီလိုကိုးဆိုတာ ကျွန်တော်က ပြော ရမှာ... ကောင်မလေးက အပျက်မှ မဟုတ်ဘူး... ခင် ဗျား ရောင်းဝယ်နေတဲ့ မော်တော်ဆိုင်ကယ်စုတ်



မဟုတ်ဘူး... သူက မိကောင်းဖခင်သားသမီးဗျ... ဒီလိုကိုးဆိုတာ ကျွန်တော်က ပြောရမှာ... "

မာန်ဝင့်ထယ် သတိဝင်လာသည်။ ဒေါသကို မျိုသိပ်၍ မျက်နှာကိုချိုလိုက်သည်။

"ငါ သူ့ကိုချစ်လို့ပါကွာ... "

"ဘာချစ်တာလဲ... နင်... ငါ့ကို စော်ကားတာ... ငါက နင့်ကို အစ်ကိုလို သဘောထားယုံကြည်ခဲ့တာ... "

ငိုရင်းမှ ငိုသံပါလေးနှင့် ရွှန်းလဲ့ဝါက အားကိုး တကြီးရန်တွေ့သည်။ နိုင်ငံငယ်လေးက နိုင်ငံကြီးကို အန်တု ဖို့ အားကိုးရာတွေ့ပြီ မဟုတ်လား။

"ကောင်းကောင်းပြော ရွှန်းလဲ့... ဒေါသသိပ်မဖြစ်နဲ့"

"သူက... အီး... ရွှန်း... ရွှန်းလဲ့ကို စော်ကားတာကိုး... အီး... တော်ပြီ... ဒီအိမ်မှာ မနေတော့ဘူး... အီး... "

ကောင်မလေးဆက်ငိုသည်။

**စနေထွန်း စိတ်မကောင်းဖြစ်သွားသည်။**

**သူ့မျော အားကိုးတကြီး**နှင့် ပညာသင်ကြားဖို့ လာနေကာမှ **ပန်းကောင်းအညွန့်ကျိုး** ပုံစံမျိုး မာန်ဝင့်ထယ် လုပ်ရက်သည်ဟု တွေးပြီး ဒေါသတော့ ဖြစ်လာသည်။

"ကိုမာန်... ခင်ဗျားလုပ်ရက်တယ်ဗျာ... သူ့မျော မိဘ နဲ့ဝေးပြီး ဒီမှာလာနေရတာ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်… မင်း ဒီမှာ ဆရာကြီး လာလုပ်မနေနဲ့… မာန်ဝင့်အကြောင်း သိတယ်မဟုတ်လား… "

"ကျွန်တော် မဖယ်နိုင်ဘူး… ခင်ဗျား ရွှန်းလဲ့ဝါကို ပြန်တောင်းပန်ပါ… ဒီလိုမှ မလုပ်ရင်တော့ ဒက်ဒီ့ကို တိုင်ရမယ်… "

"တိုင်မယ်… အာဟာ… ဒက်ဒီက ငါ့ကို ဘာလုပ်နိုင်မှာလဲ… ဆူရုံပဲပေါ့ကွ… ပိုတောင်ကောင်းသေး… တစ်ခါတည်း နားဖောက်ပြီးသားဖြစ်သွားမှာ… "

"ရွှန်းလဲ့… ညီမ… ငါ့ညီမ ဘာလုပ်ချင်လဲ… "

ရွှန်းလဲ့ မျက်ရည်သုတ်သည်။

"ရွှန်းလဲ့… သူ့ကိုဘာမှ မလုပ်ချင်ဘူး… ရွှန်းလဲ့ ဒီမှာ မနေတော့ဘူး… "

ပြောကာ နှာရည်ကိုသုတ်ပြန်၏။

သည်တစ်ခါတော့ မာန်ဝင့်ထယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ရွှန်းလဲ့ရယ်… အဲဒီလိုတော့ မလုပ်ပါနဲ့… ရွှန်းလဲ့ မရှိရင် ကိုမာန် မနေတတ်ဘူး… ရွှန်းလဲ့ကို ကိုမာန် ချစ်နေခဲ့တာ ကြာပြီ… ရွှန်းလဲ့မကြိုက်ရင် ရွှန်းလဲ့ကို ကိုမာန် လက်ဖျားနဲ့တောင် မထိပါဘူး… နော်… မသွားပါနဲ့"

ရွှန်းလဲ့ သွားမှာကို မာန်ဝင့်ထယ် မလိုလား။



"ညီမ… ဒီအိမ်က မသွားပါနဲ့ကွာ… ညီမပညာရေး ထိခိုက်သွားမယ်… ကိုဂျက်ကလည်း ရွှန်းလဲ့ကို မသွားစေချင်ဘူး… မသွားပါနဲ့ ရွှန်းလဲ့… နော်… တို့က ကိုမာန့်အစား တောင်းပန်ပါတယ်… "

ဂျက်စနေကပါ ရွှန်းလဲ့ကို ပြော၏။ ရွှန်းလဲ့က ဂျက်စနေကို မျက်ရည်စိုစွတ်သော မျက်လုံးရွဲကြီးများ နှင့် မော်ကြည့်သည်။ အဲဒါကို ကြည့်ကာ မာန်ဝင့်ထယ် စိတ်ထဲမခံချိ မခံသာ ဖြစ်သွားတော့သည်။

ရွှန်းလဲ့သည် တွေစဉ်းစားနေသည်။

ပြီးတော့မှ ခေါင်းကလေးကို လေးတွဲစွာ ညိတ်ကာ အောက်ထပ်သို့ ဆင်းသွားတော့သည်။

"မင်းကို မကျေနပ်ဘူး… "

သွားကြီးတွေစေ့၊ အံကိုကြိတ်ပြီး ဂျက်စနေကို မာန်ဝင့်ထယ်က မျက်နှာနားကပ်ပြောသည်။

"မကျေနပ်ရင် ခင်ဗျားကျေနပ်သလို လုပ်လေ… "

"မင်းယောက်ျား မဟုတ်လား… "

"ဟုတ်မဟုတ် စမ်းကြည့်ပါလား… "

"မင်း ငါ့ကို နှောင့်ယှက်တဲ့ကောင်… မင်းကို ပညာပေးရမယ်… "

"ဒီနေရာမကောင်းဘူးဗျ… ကောင်မလေးသိသွားမယ်"

www.burmeseclassic.com



"ဂျက်စနေ မင်း... ငါ့ကို တောင်းပန်ပါ... "

"ဒညင်းသီးက အီးတပြွန်မလုပ်စမ်းပါနဲ့ဗျာ.., ခင်ဗျား ကသာ ကောင်မလေးကို တောင်းပန်ရမှာ... "

"ကဲကွာ... သတ္တိရှိရင် ကားဂိုဒေါင်ထဲလာ... "

"အိုကေ... သွားမယ်... "

သူတို့နှစ်ဦးက ဂိုဒေါင်ထဲရောက်သွားကြတာ ကို ရွှန်းလဲ့ဝါ မသိပါ။ ရွှန်းလဲ့ဝါ အိပ်ခန်းထဲတွင် ငိုနေသည်။

"လူတွေသိမယ်... တံခါးတွေပိတ်လိုက်ဦးမှ... "

ဂျက်စနေက ပြောပြီး တံခါးတွေလိုက်ပိတ်၏။ ငယ်နိုင်လို အိမ်မှာသဘောထား အနိုင်ယူခဲ့သူ မာန်ဝင့်ထယ်မှာ ဂျက်စနေ လုပ်မှုကြောင့် စိတ်ထဲမသက်မသာ ဖြစ်သွားသည်။

တကယ်တော့ သူ့ပင်ကိုယ်သတ္တိမှာ ကြီးနိုင်ငယ်ညင်း လုပ်ချင်သည့်သတ္တိပဲရှိသည်။

ဂျက်စနေက ကားဂိုဒေါင်မီးကို ဖွင့်၏။

ဂိုဒေါင်ထဲ မီးချောင်းက ထိန်သွားသည်။

ဂျက်စနေက သူ့စပို့ရှပ်လက်ရှည်အနီကို ချွတ်လိုက်သည်။

"ဒီအကျႌက ပန်းဝါဝယ်ပေးထားတာ... တစ်နေ့ကမှဝယ်ပေးထားတာ... အကျႌစုတ်သွားရင် မလွယ်ဘူး...



မြည်ခံနေရဦးမယ်... "

သူ့ဟာသူ ပြောသည်။

သူ့ကိုယ်လုံးသည် အိမ်ထောင်သည်ဖြစ်ပေမယ့် သုပဆဲ။

ပခုံးကျယ်သည်။ ရင်အုပ်ကျယ်သည်။ ရင်အုပ်ကြွက်သားရှိ၏။ ဝင်းဝါသော အသားနှင့်ခါးက သေးသွားသည်။

"ခင်ဗျားကို ကျုပ် ကိုင်ပြမယ်... ဝမ်ချိုင်းက ဒတ်(စ်) အီဗန်းဆိုတဲ့ကောင်ကို ချတာထက် မြန်အောင်ချပြမယ်... "

တကယ်ရင်ဆိုင်လာတော့ မာန်ဝင့်ထယ်ရင်ထဲ သွေးတွေက ဒိတ်ဒိတ်တိုးခုန်လာသည်။ သူက မျက်နှာကို ချိုလိုက်သည်။

"နေဦးကွ... မင်းနဲ့ငါ ချကြတာ အရေးမကြီးဘူး... တို့ဒဏ်ရာဒဏ်ချက်တွေရလာရင် အိမ်ကိုဘယ်လိုပြောမလဲ... မင်းမိန်းမကို ဘယ်လိုပြောမလဲ... အဲဒါလည်း စဉ်းစားနော်... "

"လွယ်ပါတယ်... ခင်ဗျားက အပြင်မှာ ဆိုင်ကယ်မှောက်တယ် ပြောလိုက်... ကျုပ်ကတော့ ဒဏ်ရာရမှာ မဟုတ်ဘူး... "

www.burmeseclassic.com

www.burmeseclassic.com



"လေဖင်ခေါင်းကျယ်လိုက်တာ... "

မာန်ဝင့်ထယ်စိတ်ထဲမှ ရေရွတ်သည်။ သူက

"အေးကွာ... မိန်းမတစ်ယောက်အတွက်နဲ့ ရန်ဖြစ်နေ တာ မကောင်းပါဘူး... ရှက်စရာပါ... "

"ကျွန်တော်က မဖြစ်ချင်ဘူး... ခင်ဗျားက ဖြစ်ချင် တာ... "

"အေးပေါ့လေ... ငါက အကြီးဆိုတော့ သည်းခံရမှာ ပေါ့... မိဝါမျက်နှာကလည်း ရှိသေးမဟုတ်လား... "

"ဒါဆိုလည်း ပြီးရောပေါ့... "

ဂျက်စနေက အကျီပြန်ဝတ်စဉ် မာန်ဝင့်ထယ် က ထပ်ကွန့်လိုက်သည်။

"ငါက ဘယ်သူမှ ညှာတဲ့ကောင်မဟုတ်ဘူး... မင်းက ယောက်ဖဖြစ်နေတော့ ခက်တယ်... "

အာပဲ အာနိုင်သေးတော့။



## အခန်းစဉ် (၄)

ရွှန်းလဲ့နှင့် မာန်ဝင့်ထယ်အကြောင်းကို ဂျက်စနေက လွဲပြီး ဘယ်သူကမှမသိ။

ဂျက်စနေကလည်း နှုတ်ပိတ်နေသည်။

မာန်ဝင့်ထယ်ကလည်း မှုမပျက်။

တစ်ခုပဲရှိသည်။

ရွှန်းလဲ့နှင့် စကားမပြော။ ရွှန်းလဲ့ကလည်း သူ့ ကို အရေးတယူမလုပ်။ စကားမပြော။

ပထမတော့ ရွှန်းလဲ့ဝါ သည်ကထွက်သွားဖို့ စိတ်ကူးသေးသည်။ သို့ပေမယ့် ငဲ့ညှာစရာလေးတွေ ရှိနေ သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒက်ဒီကလည်း သူ့အပေါ် သမီးရင်း...
ကောင်းသည်။ ပန်းဝါနိုင်ကလည်း ငဲ့ညှာသည်။

ဂျက်စနေကလည်း ကောင်းသည်။

ယခုအကြောင်းကို ပြောပြီးလည်း မသွားချ...

ဘာအကြောင်းမှ မပြောဘဲ ထွက်သွားလျှ... လည်း နောင်တစ်ချိန်တွင် မျက်နှာပူစရာရှိနေမည်။

သည်တော့ မောင်ဘိုနေမြဲ၊ ကျားနေမြဲစကား... အတိုင်း နေလိုက်၏။

ဂျက်စနေမှာ ကောင်မလေးသွားမှာ စိတ်ပူနေ... သေးသည်။ ကောင်မလေး အေးအေးလူလူဖြစ်နေမှ သူ စိတ်... အေးသွားသည်။

နှစ်ရက်သုံးရက်လောက်တော့ ကောင်မလေး... မျက်နှာမကောင်း။

နောက်မှ ယခင်လို ပြုံးပြုံးရွှင်ရွှင် ဖြစ်လာ... သည်။

"ဘယ်လိုလဲဂျက်... နင် ကိုကို့ဆီက ပိုက်ဆံတောင်း... လို့ရပြီးလား... "

တစ်ညနေတွင် သူ့အား ပန်းဝါနိုင်က မေးလာ... သည်။



ဘုန်းကြီးအမှူးရှာပတ်ဆိုသလို သူတို့လုပ်သည့်... မိမိနှင့်မဆိုင်ဘဲ မိမိကို တာဝန်လွှဲပြောင်းပေးလာသော... ...ါနိုင်အား စိတ်ကွက်မိသော်လည်း ပြောစရာကလေးက... ...သောကြောင့် ဂျက်စနေက အေးဆေးစွာ

"သူက ပြောပါတယ်... ကိုယ့်နှမပိုက်ဆံပဲတဲ့... ဘယ်ကိုမှ ယူမပြေးပါဘူးတဲ့... အခုလက်ရှိ မော်တော်ဆိုင်ကယ်သုံးစီးထဲမှာ ဆိုင်ထားတာတွေ ရှိတယ်တဲ့... အဲဒါ တစ်စီးလောက် ထွက်သွားရင် ရှင်းမယ်တဲ့... အကြွေးရော နင့်ရှယ်ယာလည်းပေါ့ဟာ... "

မြွေမသေ တုတ်မကျိုးပြောရသည်။

ဟုတ်ကယ်တော့ သူနှင့်မာန်ဝင့်ထယ် မျက်နှာ... ဆိုင်ကြ။ စကားလည်း မပြောကြ။ ဒါကို မရိပ်မိသော... ...ါနိုင်က

"ဟွန်း... သူ့ဆိုင်ကယ်ကြီးတွေက နံပါတ်ဟောင်းကြီးတွေ...ဟွန်ဒါဆိုတာ လူကြိုက်နည်းသွားပြီ... မနေလေး... တက်ရောင်းမှ ရမှာ... "

"ဒါတော့ တို့မသိဘူး... သူရောင်းလို့ ပိုက်ဆံရရင် နင် ရမှာပဲ... ငါက ကြားက တာဝန်ယူနေရတာ"

"အမယ်... ရရင် နင့်ကိုလည်း ငါ နည်းနည်းပါးပါး ပေးမှာပေါ့... "

www.burmeseclassic.com

www.burmeseclassic.com



"ပန်းဝါ... "

"ဘာလဲ"

"ငါ နင့်ဆီက အကူအညီတစ်ခုတောင်းချင်လို့..."

"ဘာပြောမှာလဲ... "

"ငါ အဖေနဲ့ အမေက မန္တလေးဘုရားဖူးသွားမ ဆိုတာ နင်လည်း သိပြီးသား... "

"အဲဒါ ဘာဖြစ်သလဲ... "

သူ့ကို စကားပြောနေကြတာက အတွင်းထမ စားခန်းထဲမှာ။

သည်အချိန်တွင် ထမင်းစားခန်းနား၌ ဖြ သွားသော ရွှန်းလဲ့ဝါကို သူတို့သတိမထားမိ။

သူတို့ပြောစကားတွေကို ရွှန်းလဲ့ဝါ ကြားလို သည်။

"ဒီလိုဟာ ဖေဖေနဲ့မေမေက မန္တလေးကို တစ် ရောက်ဖူးကြတာ မဟုတ်ဘူး... ဖေဖေဆိုလည်း ဝန်ထမ်းဘဝမှာ ရာထူးအဆင့်ဆင့်သာတိုးလို့ ပင် ယူရော... သူရောက်ဖူးတာ မော်လမြိုင်၊ ပြည်နဲ့ ပုသ ပဲရှိတယ်... သူ့အလုပ်ခွင်မှာ အလုပ်နဲ့အချိန်ပြီး တာ... "

"အမလေးဟယ်... သူ့အဖေအမေတိုင်းခန်းလှည့်လ တာ စကားကြောရှည်လိုက်တာ... ငါနဲ့ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ဟာ... အဖေအမေဟာ နင့်ယောက္ခမပဲ... အခု သူတို့ခရီးထွက်မယ်ဆိုတော့ ငွေလိုနေပြီလေ... ငွေနှစ်သောင်းလောက် လိုနေပြီ... ဖေဖေက ငါ့ဆီက ချေးတယ်... နင်သိတဲ့အတိုင်း... ငါ့ဆီမှာလည်း ရှိတာ မဟုတ်ဘူး... ဒီတော့ နင့်ဆီက နှစ်သောင်းလောက် ငါချေးချင်တယ်... ဖေဖေတို့ဆီက ပြန်ရတော့ ငါဆပ်ပါ့မယ်... "

"အလိုလေးတော်... နှစ်သောင်း... ဟုတ်လား... ဟဲ့... ဂျက်... နင်ရူးနေသလား... ဒီနှစ်သောင်း ငါ့ဆီမှာ တယ်လိုလုပ်... "

"နင့်မှာရှိပါတယ်ဟာ... ဒက်ဒီက နင့်ကိုပေးတာ... မာန်ဝင့်ထယ်နဲ့ နင့်ရှယ်ယာလုပ်ထားတဲ့ ဆိုင်ကယ် အရောင်းအဝယ်လုပ်ငန်းက ပိုက်ဆံတွေ နင့်မှာရှိနေတာပဲ... "

"ဟဲ့... ငါ့မှာရှိတာနဲ့ နင့်ကို ချေးရမလားဟဲ့... နင်အဖေအမေ ဘုရားဖူးသွားတာ ငါက ကြားက ပိုက်ဆံချေးရမယ်လို့... မန္တလေးမှာ မိုးရွာတာ ရန်ကုန်နဲ့တခြားစီပါဟယ်... "

"ငါ့မှာ နင့်ပဲ တောင်းစရာရှိတယ်... နင်နဲ့ငါနဲ့ လင်

www.burmeseclassic.com

www.burmeseclassic.com

မယားဆိုတော့... "

"လင်မယားက လင်မယားပဲ... ငွေကငွေပဲ... ပြီ... တော်ပြီ... လာမပြောနဲ့တော့... "

"မလုပ်ပါနဲ့ဟာ... ငါ့မှာ နင့်ပဲအားကိုးပြီး ချေးရမှာ အရေးကြီးလို့ ငါ ချေးတာပါ... မဆုံးစေရဘူး... "

"ပင်စင်ယူတဲ့လူက ငွေနှစ်သောင်းကို ဘယ်လိုလ ပြန်ဆပ်မှာလဲ... တော်စမ်းပါ... "

"ဒီခေတ်ကြီးမှာ ငွေနှစ်သောင်းဆိုတာ မများပါဘူး ဟာ... ပြန်ရှာရင် ရပါတယ်... သူတို့မဆပ်နိုင်ရင် ငါ ဆပ်မယ် ပန်းဝါ... အခု အရေးကြီးလို့... "

"ငွေနှစ်သောင်း မများရင် နင်ပဲ သွားရှာပေးလိုက်"

"ငါ... "

"ဟော်တော့... "

ထန်ပြင်းသော ပန်းဝါခိုင်စကားကြောင့် ဂျက်စနေ စကားကို ရှေ့မဆက်တော့ဘဲ ခေါင်းကို ကုတ်လိုက်၏။ ပြီးတော့မှ ခေါ်သသံနှင့်...

"နေစမ်းပါဦး... နင်... ငါ့ကိုယူတာ ဘာသဘောနဲ့ ယူခဲ့တာလဲ... နင်က ငါ့ကို ချစ်လှပါချည်ရဲ့ဆို... "

"ဟုတ်တယ်... လွန်ခဲ့တဲ့ခြောက်လ ခုနစ်လက နင့်ကို ငါ ချစ်လို့... ဖေဖေ့ကို နင်နဲ့လက်ထပ်ပေးဖို့ ပူဆာ



ခဲ့တယ်... ဒါပေမယ့် နင်နဲ့ငါရမှ မှားမှန်းသိတယ်... ငါကသာ နင့်ကို ချစ်ခဲ့တာ... နင်ဟာ လက်ထပ်ပြီး ကတည်းက ငါ့ကို ချစ်ပါတယ်လို့ တစ်ခွန်းမှ မပြော ခဲ့ဘူး... ဒါတွေ ငါ ဘယ်လောက်ခံစားရသလဲ... နင့် ကို အို... တော်ပြီ... "

သူမ၏အသံလေးမှာ ခံပြင်းသံလေးပေါက်နေ ရှေ့တွင်ရှိသော ဂျက်စနေကို တွန်းဖယ်လိုက်သည်။

ခြေသံပြင်းပြင်းလေးနှင့် ဆောင့်နင်းကာထမင်း ...း:ထဲမှ ထွက်သွားသည်။

ဂျက်စနေ ငိုင်ကျန်ခဲ့သည်။

ထိုညနေတစ်ညနေလုံး ဂျက်စနေနှင့် ပန်းဝါ ...ျက်နှာချင်း မဆုံမိကြ။

အိပ်ခန်းထဲတွင်လည်း တစ်ခုတင်ထဲမှာ အတူ ...ကြတော့။

ဂျက်စနေက ခုတင်ပေါ်မှာ အိပ်သည်။

ပန်းဝါခိုင်က အောက်ဘက်တွင် ဖျာခင်းအိပ် ...ည်။

တစ်ယောက်နှင့်တစ်ယောက် စိတ်ကောက်ကြ ...ည့်ပုံစံ။

ဂျက်စနေမှာ အိပ်မပျော်။

www.burmeseclassic.com

www.burmeseclassic.com

ငွေနှစ်သောင်းကို အဖေနှင့်အမေအား ပေး
သည်။ အဲသည် ငွေနှစ်သောင်းကို ဘယ်လိုလုပ်ရှာရပါ
ဟု တွေးနေသည်။ ဦးနှောက်လည်း ချောက်သည်။

သူသည် ဤအိမ်ကြီးမှာ ပန်းဝါခိုင်ကို ထ
ထပ်ပြီး ရိုးနီမှလွဲပြီး အခိုင်းအစေလိုဖြစ်နေသည်။

ယောကျ်ားဖြစ်လျက်နှင့် လူညွန့်တုံးနေရသည်

ပန်းဝါခိုင်သည် သူ့ကို အရုပ်ကလေးတစ်
လို သဘောထားယူခဲ့သည်။

ထိုအရုပ်ကလေးကို ဆော့ချင်သည့်အခါ ဆ
ဘယ်ရိုမွေ့ပြီး မလိုချင်သည့်အခါ ပစ်ထားလိုက်သည်။ အ
ကလေးကို ဆော့ဖို့ပဲ သဘောထားသည်။ တယုတယ မ

ယခု မိမိကိုလည်း သူမလိုအင်ဆန္ဒရှိမှ အ
ချစ် နိုင်းလိုသည့်အခါမှ ခိုင်းခြင်းသည် အရုပ်ကလေး
ဆော့ခြင်းသဘောနှင့် မတူပေဘူးလား။

တွေးကြည့်လျှင် ယောကျ်ားတစ်ယောက်အ
နှင့် စံမြင်းစရာ။

ပြီးတော့ မိမိက ပညာတတ်။

လေးငါးခြောက်တန်းမျှ တတ်ပြီး စီးပွား
ကျွမ်းကျင်သော ဦးဘကလေးကလည်း နေအင်အား
ပညာတတ်ကို ငါ ခိုင်းနိုင်သပေါ့ ဟူသော မာန်နှင့် မိမိ



အိမ်ကကားကို မောင်းစေသော အဆင့်ပဲ ထားသည်။

ကုမ္ပဏီမှာ မိမိပညာနှင့်ဆိုကောင်းကောင်း
အလုပ်ပေးနိုင်ပါသည်။

ဒါပေမယ့် နိမ့်သောသဘောနှင့် အိမ်မှာခိုင်းဖို့
လောက်ပဲ သဘောထားသည်။

တကယ်တော့ မိမိအပြစ်လည်းပါ၏။

ပန်းဝါခိုင်ကို ညီမလို သဘောထားပြီး ချစ်ခဲ့
သောကြောင့် ပန်းဝါခိုင်ကို လက်ထပ်ခဲ့စဉ်က သူ့တွင် အချစ်
နှင့် ပတ်သက်လို့ ဘာခံစားမှုမှမရှိခဲ့။

ဒါကြောင့် ပန်းဝါခိုင်ကို ချစ်ပါသည် မပြောခဲ့
တာ သည်နေ့အထိပဲ။

ကိုယ်မချစ်သည့်လူတစ်ယောက်ကို တွယ်ကပ်
ပြီး နေသင့်သလား။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

အပ္ပယေဟိ သံပယောဂေါ ဒုက္ခောတဲ့။

အင်း… ခက်ပါဘိ။

ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရခြင်းသည
လည်း ဆင်းရဲခြင်း။

မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်းသည
လည်း ဆင်းရဲခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဟာမှ မကောင်းပါလား။

သည်တော့တွယ်တာနေမည့်အစား ပန်းဝါနိုင်ကို ခွဲခွာလိုက်တာကမှ အအိုကေဆုံး။

အင်း... ဒါလည်း မဖြစ်နိုင်ပါဘူး။

ကိုယ်က မဖိတ်ကြားဘဲ လူ့လောကထဲရောက်လာမည့် ဧည့်သည်ကလည်း ရှိသေးသည်။

ပန်းဝါနိုင်၏ဗိုက်ထဲမှ ရင်သွေးကလေး။

သည်ရင်သွေးကလေးကိုတော့ မပစ်ရက်။

အေးလေ... ရင်သွေးကလေးမျက်နှာကို ထောက် ဦးမှပေါ့။

မနက်ဘက်...

တစ်နာရီခွဲ နှစ်နာရီမှ အိပ်ပျော်သွားသော သူ့ပါးကို ခပ်ဖွဖွလေးနမ်းလိုက်ခံရတာကြောင့် ခုတင်ပေါ်တွင် ဖျတ်ခနဲနိုးလာ၏။

ပန်းဝါနိုင်၏မျက်နှာလေး။

သူမျက်လုံးတွေ ပြန်မှိတ်ထားလိုက်သည်။

သူနိုးတာကို ပန်းဝါနိုင် မသိလိုက်။

ပန်းဝါနိုင် ထွက်သွားသည်။ ဂျက်စနေ၏ရင်ထဲမှာ တစ်မျိုးခံစားလိုက်ရသည်။ သူသည် သက်ပြင်း ကိုပဲ အဖော်ပြုသည်။

မနက်အိပ်ရာနိုးနိုးခြင်း သက်ပြင်းမချကောင်းဟု မိဘတွေက ပြောခဲ့ဖူးသည်။

ခုမချလို့မဖြစ်။

ရင်တွင်းက ခံစားမှု၏အဖော်က သက်ပြင်းသာပဲ။

သူမနက် အိပ်ရာထ အနည်းငယ်နောက်ကျသွားသည်။ သူ့စိတ်တွေ ခုတလောထွေနေသည်။

သူ လူပျိုတုန်းက အဆက်မပြတ်ကစားခဲ့သော လက်ဝှေ့ထိုးနှင့် သိုင်းလေ့ကျင့်ခန်းတွေကို စိတ်တည်ငြိမ်အောင် ပြန်လေ့ကျင့်ကစားဦးမှပဲဟု စဉ်းစားဆုံးဖြတ်သည်။

"အစ်ကို... ကော်ဖီသောက်ရအောင်... "

သူတို့မနက်စောစောစာ ကော်ဖီနှင့်မုန့်ကို တာဝန်ယူပြင်ပေးရသူက ရွှန်းလဲ့ဝါ။

ကိုယ်ပေါ်တွင် မျက်နှာသုတ်ပဝါခြုံထားလျက်က ထမင်းစားခန်းထဲသို့ ဂျက်စနေ ရောက်လာ၏။

အခန်းထဲတွင် သူနှင့်ရွှန်းလဲ့ဝါပဲ ရှိသည်။

"အစ်ကို... ဒီကနေ့ အိပ်ရာထနောက်ကျပါလား... "

"ဟုတ်တယ်... ညက ချက်ချင်းအိပ်မပျော်လို့... "

ဖျော်ပြီးသားလက်ရွေးစင်ကော်ဖီကို ကရားထဲမှ ကော်ဖီပန်းကန်လုံးထဲ သူမက ငှဲ့ထည့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့အိမ်တွင် ကော်ဖီမစ်တို့ တီးမစ်တို့သောက်သုံးကြခြင်းမရှိ။

ဟင်းချိုမှုန့်လိုပဲ ကျန်းမာရေးနှင့် မညီညွတ်ဟုဆိုကာ ဖယ်ထားကြသည်။

အကြောင်းက ကော်ဖီမစ်ကို ဦးဘကလေးကော ပန်းဝါခိုင်ပါ အထင်တကြီးနှင့် သောက်ကြရာ နေ့စဉ်သောက်တော့ သူမကော သူမဒက်ဒီပါ ရင်တွေတုန်တာကို ခံစားလာခဲ့ကြရသည်။

ကြာလျှင် နှလုံးရောဂါ ဖြစ်ရချည်ရဲ့ဟု အယူရှိကာ ရိုးရိုးကော်ဖီပဲ သောက်ကြခြင်းဖြစ်သည်။

"အစ်ကို… "

ခေါ်သံကြောင့် ကော်ဖီငုံ့သောက်လျက်မှ ဂျက်စနေ မော်ကြည့်သည်။

အံ့အားသင့်သွားသည်။

သူ့အား လှမ်းဆန့်ထားပေးသော လက်ထဲတွင် ဆွဲကြိုးတစ်ကုံး။

"ဟင်… ဒါ ဘာလဲ… "

"အစ်ကို့အခက်အခဲကို ဒါလေးနဲ့ ဖြေရှင်းလိုက်ပါ အစ်ကို… "

"ဟဲ့… ဘာလဲ… ဘာအဓိပ္ပာယ်လဲ ရွှန်းလဲ့… "



"မနေ့ညနေက ထမင်းစားခန်းထဲမှာ အစ်ကိုနဲ့ မမခိုင်တို့ ပြောနေသံတွေ ရွှန်းလဲ့ ကြားခဲ့ပါတယ်… အစ်ကို့မှာ ငွေနှစ်သောင်းလိုနေတယ် မဟုတ်လား… အဲဒါ အစ်ကို ဒါလေးနဲ့ဖြေရှင်းလိုက်ပါ… "

"ဟာ… "

ဝမ်းခေါင်းသံနှင့် ဟာလိုက်ပြီး သောက်လက်စ ကော်ဖီပန်းကန်ကို ချလိုက်သည်။ ရှက်သွေးနှင့်ဂျက်စနေ မျက်နှာမှာ ခရမ်းချဉ်မှည့်ရောင် သန်းသွားလိုက်၏။

"နင်က… နင်… ဟာ… မဖြစ်ပါဘူး… "

"တစ်အိမ်တည်း နေကြတာတွေပဲ အစ်ကိုရယ်… ရှက်စရာ မဟုတ်ပါဘူး… အစ်ကို့မှာ ပရက်ဒီကေးမင့် (Predicament) ဖြစ်နေတယ်… ရွှန်းလဲ့ အစ်ကို့ကို စေတနာနဲ့ ကူညီချင်လွန်းလို့ပါ… "

"ဟာကွာ… မဟုတ်တာ… "

သူ ခေါင်းကိုသွက်သွက်ကြီး ရမ်းလိုက်သည်။ လက်ကလည်း သူမ၏ဆွဲကြိုးကိုင်ထားသော လက်ကို တွန်းဖယ်လိုက်သည်။ သူမပြောသော အင်္ဂလိပ်စကားအဓိပ္ပာယ်မှာ ဒုက္ခအကျဉ်းအကျပ်နှင့် ရင်ဆိုင်နေခြင်းဟု ဖော်ပြနိုင်သည်။

ဂျက်စနေ မသက်မသာဖြစ်သွားမည်စိုးလို့

www.burmeseclassic.com



အင်္ဂလိပ်လို ပြောလိုက်ခြင်းဖြစ်သည်။

“မဟုတ်ဘူး အစ်ကိုရဲ့... ရွှန်းလဲ့ တကယ်စေတနာနဲ့ ကူညီတာပါ... အစ်ကို့အဖေနဲ့အမေကိုလည်း သနားတယ်... အစ်ကို့ကိုလည်း ရွှန်းလဲ့သနားတယ်... ဒီငွေ နှစ်သောင်း မရရင် အစ်ကို့အဖေနဲ့အမေ ဘုရားဖူး ဖြစ်မှာမဟုတ်ဘူး... သားတစ်ယောက်အနေနဲ့ အစ်ကို့မှာ မျက်နှာပူစရာဖြစ်နေမယ်... တာဝန်မကျေပွန်ရာ လည်း ဖြစ်နေမယ်... ”

“မဖြစ်ပါဘူး... မလုပ်နဲ့... နင့်စေတနာကို ငါ ကျေးဇူး တင်တယ် ရွှန်းလဲ့... ငါ ယောကျ်ား... ငါ့ဟာငါ ရှာ မယ်... ”

“အစ်ကိုက စီးပွားရေးသမားမဟုတ်တော့ မလွယ်ဘူး နော် အစ်ကို... ယူပါ အစ်ကိုရယ်... ရွှန်းလဲ့ တကယ့် စေတနာနဲ့ ကူညီတာပါ... ”

ထပ်မံပြီး လက်ကို ထိုးပေးသည်။

ဆွဲကြိုးလေးမှာ ရွှန်းလဲ့ဝတ်ဆင်သော ဆွဲကြိုး လေးဖြစ်သည်။ ကိုဂျက် ခေါင်းခါသည်။

ဘာလို့ ယူရမှာလဲ။

သူ့စိတ်ကို တင်းထားလိုက်သည်။

မျက်လုံးတွေကတော့ ဆွဲကြိုးကလေးပေါ်မှာ



ကြည့်မိဆဲ။

“သွား... သွား... မလုပ်နဲ့... ”

“အစ်ကို... ရွှန်းလဲ့နဲ့အစ်ကိုဟာ ရင်းနှီးနေကြတဲ့လူ တွေ... တစ်ယောက်အရေးရှိ တစ်ယောက်ကူညီကြရ မှာပဲ... အစ်ကို... ရွှန်းလဲ့ကို ကူညီခဲ့တယ်... ”

“ဘာကူညီခဲ့လို့လဲ... ”

“တစ်နေ့က ကိုမာန် မစော်ကားရအောင် အစ်ကို ရွှန်းလဲ့ရဲ့ အရှက်ကို ကူညီကယ်တင်ခဲ့တယ်... ”

“ဟယ်... ဒါက တစ်အိမ်တည်းနေကြတာ... စောင့် ရှောက်ကူညီရမှာပဲ... ”

“အစ်ကိုရယ်... အခုလည်း တစ်အိမ်တည်းနေလို့ အစ်ကို့ကို ရွှန်းလဲ့က ပြန်ကူညီတာပဲ... ရော့... လက်ခံ ပါ အစ်ကိုရာ... ”

“ငါ ရှက်တယ်... ”

“ဘာရှက်စရာရှိလဲ... ဒါ... ရွှန်းလဲ့သဘောနဲ့ပေးတာ”

“ဘာလုပ်ရမှာလဲ... ”

“ရောင်းလိုက်ပေါ့... ဆွဲကြိုးက သုံးမတ်သားရှိတယ်... အထည်ပျက်ဆိုရင် ဒီနေ့ဈေးနဲ့ ခြောက်သောင်း ခုနစ်သောင်းလောက်တော့ ရနိုင်တယ်... နှစ်သောင်း ကို အစ်ကိုယူပြီး ကျန်တာ ရွှန်းလဲ့ကိုပေး... ”

www.burmeseclassic.com



"မဟုတ်တာ... ငါ မလိုချင်ဘူး... "

"အစ်ကိုရယ်... ရွှန်းလဲ့စေတနာနဲ့ ပေးတာ လက်မခံတော့ဘူးလား... ပေးတဲ့လူကတောင် အောက်ကျနောက်ကျခံပေးနေရတယ်... "

ပြောရင်း ရွှန်းလဲ့မျက်နှာသွယ်သွယ်လေးမှာ ငိုမဲ့မဲ့ဖြစ်လာတော့သည်။ ဂျက်စနေ ဦးနှောက်ခြောက်နေသည်။

"ဦးနှောက်စားတယ်ဟော့... နင်က ငါ့ကိုပေးရောင်းခိုင်းလိုက်ပါပြီတဲ့... နင့်လည်ပင်းမှာ ဘာနဲ့ဆွဲမလဲ... လည်ပင်းဟောင်းလောင်း... အလှညောင်းနေပါဦးမယ်... "

"အို... ရွှန်းလဲ့လည်ပင်းမှာ အစ်ကို့နှလုံးသား ဆွဲထားလိုက်ရင် ရွှန်းလဲ့ပိုလှသွားမှာပေါ့... "

ဤစကားလုံးများသည် အကောင်အထည်အဖြစ် ပြောကြားခြင်းမဟုတ်။

ရွှန်းလဲ့နှလုံးသားတွင်းမှာ အရိပ်အငွေ့တွေအဖြစ် မြည်တမ်းမိခြင်းသာ။

"ဖြစ်ပါတယ် အစ်ကိုရယ်... အစ်ကို့ဆီက ကျန်ပိုက်ဆံနဲ့ ရွှန်းလဲ့ ငါးမူးသားလောက် ပြန်လုပ်ရင်ရတာပဲ"

ဂျက်စနေ ငေးနေသည်။



သွယ်လျသော လက်ဖြူဖြူကလေးအတွင်းမှ ဝင်းတောက်သောဆွဲကြိုးက သူ့ကိုညို့ငင်နေသယောင်။

"အစ်ကို... ယူနော်... အစ်ကို မယူရင် ရွှန်းလဲ့ရှက်ရှက်နဲ့ ငိုလိုက်မိလိမ့်မယ်... "

ရွှန်းလဲ့ ငိုမဲ့မဲ့သာမဟုတ်ဘဲ အသံက ငိုသံပါလာသည်။ ကောင်မလေး ငိုတော့မလား။

"နင့်ဆွဲကြိုးရောင်းရမှာ နမြောလို့... "

"နမြောရင် ပေါင်လိုက် အစ်ကို... အစ်ကို အားနာရင် နောင်ပိုက်ဆံရှိတော့ ပြန်ရွေးပေး... "

ဆွဲကြိုးကို စားပွဲပေါ် ချထားပေးပစ်ခဲ့ကာ ချာခနဲ လှည့်ထွက်ပြေးသွား၏။

ဂျက်စနေ ကြောင်ကျန်ခဲ့၏။

ချလိုက်ပြန်ပြီသက်ပြင်း။

သက်ပြင်းနှင့်အတူ ဆွဲကြိုးကို တီရှပ်အကျႌအင်္ကျီဘတ်တွင်းထဲ ပစ်သွင်းလိုက်သည်။

အချိန်မီရုံကလေးပဲ။

ပန်းဝါခိုင် ဝင်လာသည်။

သူမ မျက်နှာကလေးက ခပ်တည်တည်။

ဂျက်စနေ စိတ်မဆိုးပါ။

မိမိကို တိတ်တခိုး နမ်းသွားတဲ့ကောင်မလေး။

www.burmeseclassic.com



"ဒက်ဒီက သွားတော့မယ်တဲ့... "

"ဩော်... အင်း... "

"စောစောက ရွှန်းလဲ့ ပြေးထွက်သွားတယ်... ဘာလုပ်
လိုက်တာလဲ... "

စပ်လည်း စပ်စုနိုင်ပါပေ။

ဩော်... မောင့်မှုပိုင်ရှင်ကိုး။

"သူ့ကို ကောင်လေးတစ်ကောင်နဲ့ နောက်လိုက်တာ
ပါ... "

"သိပ်အရောမဝင်နဲ့... အရိုအသေတန်တယ်... "

"တို့နှမလေးပါ... "

"ဘင်္ဂလားနှမ မဖြစ်ပါစေနဲ့... "

"တို့ကိုမယုံဘူးလား... "

"ကိုယ့်ကိုယ်ကိုကလွဲလို့ ဘယ်သူမှမယုံဘူး... "

သဝန်တော့ တိုတတ်သား။

ဂျက်စနေ ချစ်စဖွယ်ပြုံးလိုက်သည်။ သူ့ဘယ်
ဘက်က ပါးချိုင့်ကလေးတစ်ဘက် ခွက်ဝင်သွားပုံက ချစ်
စရာပဲ။

သူ့မူအတိုင်း ပခုံးတွန့်လိုက်သည်။

ထပ်မံ၍ လျှာကို အလုပ်မပေးတော့ဘဲ စားပွဲ
ပေါ်မှ ဂွဒ်မောနင်းကိတ်တစ်ချပ် ဆွဲယူကိုက်ကာ ထွက်လာ



သည်။

သူ့အတွက် အဝတ်အစားများကို ပန်းဝါနိုင်က
...တ်ပေးခြင်းမရှိ။ လင်ကို ပြုစုရမှာ အောက်ကျတယ်လို့ များ
...င်နေသလား။ ခေတ်မိန်းကလေးကိုး... နော့။

သူ့ဖာသာသူ အဝတ်အစားလဲလိုက်သည်။

နံ့မည်ထင်သော အဝတ်အစားတွေကို ခြင်းထဲ
...ထည့်လိုက်သည်။ အိမ်စေကောင်မလေးက လျှော်ဖို့လာ
...သွားပါလိမ့်မည်။

မာန်ဝင့်ထက်ကတော့ ခုထိ သူ့အိပ်ခန်းထဲက
...သေး။

ကိုးနာရီကျော်နေပြီ။

ညက သူပါတီပွဲတစ်ခုသွားပြီး သောက်လာ
...ည်။ ယခုထိနှပ်ရှိ...။

သူ့ကိုလည်း ဘယ်သူကမှ မနှိုးပါ။

အောက်ထပ်တွင် ဂျက်စနေတို့က အိပ်ခန်း
...ခန်း၊ ရွှန်းလဲ့ဝါတတစ်ခန်း။

အိမ်နောက်ဖေးဘက်တွင် ထမင်းချက်ဒေါ်ဒေါင်း
... အိမ်စေမလေး မငြိမ်းအေးကတစ်ခန်း။

အထက်ထပ်တွင် ဦးဘကလေးနှင့် မာန်ဝင့်
...ယ်ကတစ်ခန်းစီ။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက ကုမ္ပဏီမသွားမီ ဦးဘကလေး
သွားလိုရာသို့ လိုက်ပို့ပေးရသည်။

ပထမအဝတ်အထည်ချုပ် လုပ်ငန်းစက်ရုံ တာ
ရုံ။ •

အဲသည်စက်ရုံက မြို့ပြင်နားက ကန်သာယာ
ရပ်ကွက်စက်မှုဇုန်ထဲမှာရှိသည်။

ဦးအာကာထက် တွန်းထားချက်များက
ဦးဘကလေးက စက်ရုံပိုင်ရှင်ရော ဒါရိုက်တာတွေကိုပါ တွေ
ဆုံဖြေရှင်းရန်ဖြစ်၏။

အလုပ်ဖြစ်ပုံရ၏။

သူထွက်လာတော့ မျက်နှာက ပြုံးရွှင်နေသည်

နောက်တစ်ခုက အမြတ်ခွန်ရုံးကို သွားပေး
သည်။ ကားထဲတွင် ဂျက်စနေ ထိုင်စောင့်နေသည်။

ထိုင်စောင့်ရင်း ဘောင်းဘီအိတ်တွင်းမှ ဆွဲကြိ
ကလေးကို ထုတ်ကြည့်သည်။ လက်ဖြင့်ဆကြည့်သည်။

ရွှေအကြောင်းမသိသော်လည်း ပုတီးလုံးဆွဲကြိ
၏ အရည်အသွေးကို ကြည့်ရတာ အရည်အသွေးကောင်
မည့်ဆွဲကြိုးမှန်း သိသာသည်။

ပုတီးလုံးကလေးများမှာ ဆယ်လုံးနီးပါးရှိ
အလယ်တွင် ရွှေပုတီးလုံးကလေးတွေ ကြီးပြီး ဘေးနှစ်ဘက်



တွင် ရွှေပုတီးကလေးတွေက သေးသွားသည်။

ရွှေကြိုးမှာ ကြိုးမျှင်ကလေးတွေ ဖြစ်စေကာ မူ
လက်ရာကောင်းကောင်းနှင့် ခိုင်ခံ့သည်။

သည်ပုတီးကြိုးကုံးကို ရောင်းပစ်ရမှာ နမြော
၏။ ပေါင်လိုက်တာပဲ ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

သူ့အပေါ်တွင် ကောင်းရှာသော ရွှန်းလဲ့ဝါ
အကြောင်းကိုလည်း တွေးမိသည်။

သည်မိန်းကလေးမှာ ဤအိမ်တွင် အနေကြာ
ခဲ့ပေမယ့် ဘယ်သူနှင့်မှ ကတောက်ကဆ မဖြစ်ခဲ့ဖူးပါ။

စိတ်ကောင်းနှလုံးကောင်း ရှိသဖြင့် ဒေါ်ဒေါင်း
နှင့် မငြိမ်းအေးတို့ကပါချစ်သည်။ ဦးဘကလေးကလည်း
ချစ်သည်။

သူမလှလို့ တစ်ခါတလေ ပန်းဝါခိုင်က မိမိ
နှင့် မနာလိုဝန်တိုစိတ်ကလေး ထားတတ်၏။ တစ်ခါတစ်ခါ
ရိပြောလေး ပြောတတ်၏။

ရွှန်းလဲ့ဝါ ကြားသွားမည်စိုးသောကြောင့် ပန်း
ဝါခိုင်ကို ချော့ရသည်။ ဤအခါမျိုးတွင် သူ ပန်းဝါခိုင်ကို
ဒေါသဖြစ်မိ၏။ စိတ်ကုန်သွားမိ၏။

သူက ကောင်မလေးနှင့် တည်တည်တံ့တံ့
နေစေကာမူ သူ့အပေါ် ရွှန်းလဲ့ဝါက ပန်းဝါခိုင်အစား ပြုစု

www.burmeseclassic.com

www.burmeseclassic.com



တာတွေ ခံစားမိပြန်တော့ ပန်းဝါခိုင်နေရာမှာ သူမသာ ဖြ
လျှင် ဘယ်လောက်ကောင်းမလဲဟူသော အတွေးနှင့် စိတ်
ယဉ်မိပြန်သည်။

သို့သော် ထိုအတွေးကို သူ ကပျာကသီဖြေ
ထုတ်ပစ်၍ ရွှန်းလဲ့ဝါကို မိမိ၏ညီမလေးသဖွယ်သာ ချစ်
တော့မည်ဟု စိတ်ပိုင်းဖြတ်မိခဲ့သည်။

ယခု ဤဆွဲကြိုးကလေးကို ရွှန်းလဲ့ဝါ
စေတနာ ဗလပွနှင့် ပေးလာတော့ သူ မရှောင်းရက်ပါ။

ပေါင်နှံပြီး တစ်နေ့တွင် ပြန်ရွေးပေးမည်
အတိုးကို မိမိမုန့်ဖိုးကိုစုကာ ပန်းဝါခိုင် မသိအောင် အပေ
သို့မဟုတ် ငွေချေးဌာနတွင် ပေးတော့မည်ဟု ဆုံးဖြတ်လို
၏။

အမောင်းထိုင်ခုံတွင် လက်နှစ်ဘက်နောက်
ပြီး ယင်းလက်တွေပေါ် ခေါင်းတင်ကာ စဉ်းစားနေခိုက်
ပေါ်မှ ဦးဘကလေး ဆင်းလာတာမြင်သည်။

ဦးဘကလေးကို ကုမ္ပဏီပို့လိုက်သည်။

ဦးဘကလေးကို... ရှင်ရှင်ပြုံးပြုံးကုမ္ပဏီ
တိုက်ခန်းပေါက်မှ ကြိုနေသူက အတွင်းရေးမှူးမလေ
တင်မို့မို့အေး။

ဦးဘကလေး၏ အက်တက်ချီကေ့(စ်)



ယခင်က ဂျက်စနေ ကိုင်ရဖြားလည်း ယနေ့မှာတော့ သူမ
ကပင် ဆွဲကိုင်လိုက်သည်။

ဦးဘကလေး၏မျက်နှာမှာလည်း ပြုံးလို့။
ဂျက်စနေက အထာပေါက်လိုက်တာပေါ့။
နွားအိုမြက်နုကြိုက်၊ ကြိုက်၊ခိုက်။

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၅)

မိုးသားတွေညိုနေသည်။

မကြာမီ မိုးမင်းသားကြီး ငိုချတော့မည်အသွင်။

သည်မိုးမရွာမီ စက်ရုံမှ အိမ်သို့အရောက်ပြန်ဖို့ စိတ်ကူးသည်။ သူ့စက်ရုံကလည်း ကန်သာယာစက်မှုဇုန်မှာပဲရှိ၏။

သူသည်နေ့ စိတ်တိုနေသည်။

အထည်အလိပ်တွေကို ပုံပန်းကျနစွာ ဖြတ်တောက်ဖို့ ဖြတ်စက်၊ ခါးစက်၊ ပုံဖော်စက်တွေအလုပ်မဖြစ်ခဲ့။

လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသောကြောင့်ဖြစ်သည်။

ဦးအာကာထက်၏ အဝတ်အထည်စက်ရုံတွင်



ချုပ်လုပ်သူ စက်ရုံဝန်ထမ်းခြောက်ဆယ်ကျော် ခုနစ်ဆယ်ရှိ၏။

ယောကျ်ားဆိုင်းထက် မိန်းမဆိုင်းက ပိုများသည်။ အထည်အလိပ်ဂိုဒေါင်တွင် ယောကျ်ားတွေပဲထားသည်။

မီးပူတိုက်သောအဆိုင်း၊ ချုပ်လုပ်သောအဆိုင်း၊ အထုပ်အပိုးအဆိုင်းတွင် မိန်းကလေးတွေပဲထား၏။

စက်ရုံမန်နေဂျာက ဦးသန်းအောင် ဖြစ်သော်လည်း ဦးသန်းအောင်မှာ နှလုံးရောဂါသမားမို့ အလုပ်မှန်အောင် မဆင်းနိုင်။

သည်နေ့လည်း ဦးသန်းအောင်မလာ။

လျှပ်စစ်မီးက ယမန်နေ့က မိုးရွာပြီး ဘယ်လိုကြောင့်မှန်းမသိ ပြတ်တောက်သွားသည်။

အချိန်ကို တန်ဖိုးထားသော သူ့အဖို့ လုပ်အားတွေ ဆုံးရှုံး၊ ထွက်ကုန်ချောတွေ ပြန့်တော့မှာကို တွေးတော စိတ်တိုရင်း ဦးသန်းအောင်နေရာကို ဘယ်သူ့ကို အစားထိုးရမလဲဟု စဉ်းစားနေသည်။

ကန်သာယာလမ်းနှင့် မြို့တွင်းသွားလမ်းမှာ လူပြတ်နေသည်။

အမှုးသမားတစ်ယောက်သည် ယိုင်ထိုးယိုင်ထိုး

www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်နေသည်။

သူ့ကိုယ်က အတည်တကျ မသွားဘဲ ဟိုဘက်ရောက်လိုက် သည်ဘက်ရောက်လိုက် လျှောက်နေတော့ ပါဂျဲရိုးကို မောင်းနေသော ဦးအာကာထက် စိတ်ထဲ မသက်မသာဖြစ်လာ၏။

သူရွေ့သလိုကား ကိုလိုက်မရွေ့နိုင်ပါ။

"ဟော့... အမူးသမား... ဘယ်လိုလျှောက်နေတာလဲ"

ကားကိုရပ်ပြီး အော်မေးလိုက်မိသည်။

အမူးသမားကလှည့်လို့တောင်မကြည့်။

ပေါက်ကရသီချင်းတစ်ပုဒ်တောင် အော်ဆိုနေသည်။

တောက်ခေါက်ကာ ကားကို ဂီယာသွင်းလိုက်သည်။ ဘီးတွေ လိမ့်လိုက်သည်။ အမူးသမားက ရုတ်တရက်လှည့်၍

"ဟော့... မင်း... ငါ့ကို တိုက်ချင်တိုက်... မင်းဘာကောင်လဲ... "

အတော်ရင့်သည့်ကောင်ပဲ။

ကြားလိုက်ရသောစကားကြောင့် ဦးအာကာထက်က ကားကို စက်အရှိန်သတ်ပစ်လိုက်တော့၏။

ဆွဲထိုးပစ်လိုက်တော့မည်ဟု စိတ်ကူးလိုက်



သည်။

သူ့စိတ်သည် ချက်ချင်းထိတ်လန့်ခြင်းအသွင်သို့ ပြောင်းသွားသည်။

ဘေးဘက်တွင် သစ်ပင်တွေရှိသည်။

ယင်းသစ်ပင်တွေနောက်မှ လူနှစ်ယောက် ပြေးထွက်လာသည်။ လူချည်းသက်သက်မဟုတ်။

သူတို့လက်ထဲတွင် ဂျပန်ဓားကိုယ်စီပါသည်။ အရှည်ကြီးတော့ မဟုတ်။

ဓားရိုးနှင့်ဆိုလျှင် တစ်ကိုက်နီးပါးလောက်ရှိမည်။

သူတို့အလျင် အမူးသမားက ဦးအာကာထက်နားရောက်လာ၏။ သူ့တွင်လည်း ဘယ်လိုဘယ်ပုံ ဆွဲထုတ်လိုက်သည် မသိရသော ဂျပန်ဓားရှည်တိုတစ်လက်။

"ဟာ... ဟာ... မင်းတို့... "

ဦးအာကာထက်က ဟာ... ဟာ... အသံထွက်နေစဉ် အမူးသမားက ကားကိုတစ်ချက်ဆောင့်ကန်လိုက်သလို ကားတံခါးကိုလည်း ဝုန်းခနဲ ဖွင့်ပစ်လိုက်သည်။

ဦးအာကာထက်၏အကျီလည်ကုတ်ကို ကိုင်ပြီး ကားထဲမှဆွဲချသည်။

"ဟော့ မလုပ်နဲ့... မလုပ်နဲ့... "

www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာထက် ကြောက်အားလန့်အား အော်လိုက်သည်။ သူသည် တိုက်ပုံနှင့်လုံချည်ဝတ်ထားရာ ကျန်လူနှစ်ယောက်ကပါ ဝိုင်းဆွဲသဖြင့် ကားပြင်သို့ ကိုရိုကားရားကျသွား၍ အဝတ်အစားတွေ ဖရိုဖရဲဖြစ်သွားသည်။

"မင်းတို့ဘယ်သူ... "

ခွပ်...

ဖုန်း...

ဒုတ်...

"အား... အမယ်လေး... အား"

သူ့ကိုယ်ပေါ်နှင့် မျက်နှာပေါ်သို့ လူသုံးယောက်၏ လက်သီးတွေ ဒူးတွေက ဝင်လာသည်။

"ကယ်ကြပါ... "

ရောင်ရမ်းပြီး စွတ်အော်သည်။

ပြေးဖို့ကြိုးစားသည်။

ပြေးပေါက်မရှိ။

ခွပ်...

ဖုန်း...

ဘုန်း...

"အလား... အား... အမယ်လေးဗျ... ကယ်ကြပါဦးဗျ... "



နှာလွန်းသည့်ဒဏ်။

"ဒီကောင်ကြီးကို ကောင်းကောင်းနှက်ထား... ဆရာက အသေတောင် ဆော်ခိုင်းတာ... "

"မသေစေနဲ့ ကောင်းကောင်းမှတ်သားရမယ်... "

တကယ်တော့ ဦးအာကာထက် သတိမမူမိပေလို့ဘဲ။

သစ်ပင်များအောက်တွင် ဆိုင်ကယ်သုံးစီး ရပ်ထားသည်။ သည်ရန်သူတွေက သည်ဆိုင်ကယ်တွေနှင့် လာပြီး ကြိုတင်စောင့်ကြခြင်း ဖြစ်သည်။

သူတို့ဦးအာကာထက်ကို အနိုင်အထက်နှိပ်စက်မှုအောက်မှ ဦးအာကာထက် အော်ဟစ်ညည်းညူသံ၊ အကူအညီတောင်းသံတွေက လူသူကင်းမဲ့သောလမ်းတွင် ဗလာနတ္ထိကျိုးမရှိလှ။

ဦးအာကာထက်သည် လုံချည်တောင်မပါဘဲ ဘောင်းဘီတိုကလေးနှင့် ထွက်ပြေးရရှာသည်။

ဒါတောင် တစ်ယောက်က ဓားနှင့်လှမ်းခုတ်လိုက်သေးသည်။

ဝှစ်...

ဓားသွားက နောက်ကျောကို ခတ်မိရုံကလေးသာ။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရက်(စ်)တိုက်ပုံအင်္ကျီ၏ကျောပြင်မှာ ကွဲထွက်သွားသည်။

ဦးအာကာထက်သည် ယောင်တိယောင်ကန်း ကားပေါ်ပြန်တက်ပြေးသည်။ ပါဂျဲရိုးကားတံခါးကို ဂျိုင်းခနဲ ပိတ်ပစ်လိုက်သည်။ သူ့အထဲမှာ အသံ့းတွေ ဆတ်ဆတ် တုန်အောင် ကြောက်နေသည်။

လူသုံးယောက်ကားကို ဝိုင်းလိုက်ကြသည်။

"ဟေ့ကောင်ကြီး ထွက်ခဲ့... မင်းကို ငရဲပို့မယ်... "

ဒုန်း...

ဓားနှင့်ကားစက်ခေါင်းကို ခုတ်သည်။

ခွမ်း...

မှန်ကို ဓားနှင့်ပစ်ထည့်သည်။

အကောင်းစားမှန်တွေမို့ အက်ရုံပဲ အက်ထွက် သွားသည်။

တစ်ယောက်က ကားတံခါးကို ဆွဲဖွင့်၏။

ဦးအာကာထက်က ကားစက်ကို နှိုးသည်။ ကြောက်စိတ်ကြောင့် အယောင်ယောင်အမှားမှား ဖြစ်ကာ သော့ကို မဖွင့်မိ

သည်စဉ်ခိုက်...

ပရာဒိုကားတစ်စီးက လာနေ၏။



သူတို့နှင့် မလှမ်းမကမ်းမှာရပ်၏။

အထဲဘက်မှ လူတစ်ယောက် ငုန်းခနဲခုန်ထွက် ဆင်းလာသည်။

လူသုံးယောက်သည် အဲသည်လူဘက်လှည့် ရင်ဆိုင်လိုက်ကြ၏။

"ဘာတွေဖြစ်နေကြတာလဲ... ခင်ဗျားတို့ ဘာလုပ်နေ ကြတာလဲ... "

အဲသည် သူစိမ်းလူက ဂျက်စနေ။

ဂျက်စနေသည် နေကာမျက်မှန်ကို တပ်ထား သည်။ သူက မတည်ပဲ ပြုံးပြုံးရွှင်ရွှင်မေးတော့ လူရမ်းကား ဘစ်စုမှာ ရုတ်တရက်တော့ ကြောင်သွားသည်။

ပြီးတော့မှ တစ်ယောက်က ခြိမ်းခြောက်သံနှင့်။

"ကိုယ့်လူ... ဒါ မင်းနဲ့ မပတ်သက်ဘူး... မင်းလမ်း မင်းသွား... "

"ဂျက်စနေရေ... ကယ်ပါဦးကွာ... ငါပါ... ငါပါ... "

ကားတံခါးကို ဆတ်ခနဲဖွင့်၍ ကျောခိုင်းနေ သော လူသုံးဦးနောက်ဘက်မှနေပြီး ဦးအာကာထက်က အော် သည်။ လူသုံးဦးလုံးက ဆတ်ခနဲလှည့်ကြည့်လိုက်တော့ သူ က ကားတံခါးကို ဂျိုင်းခနဲ ပြန်ဆွဲပိတ်လိုက်သည်။

ဦးအာကာထက်မှန်း ဂျက်စနေ သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့ရှေ့ကို တိုးလိုက်၏။

"ခင်ဗျားတို့... "

"ဒီကောင့်ကို နှာကွာ... "

တစ်ယောက်ကအော်လည်း ပြောသည်။ ဓားနှင့်လည်း လက်နှစ်ဘက်ကိုင်ပြီး ပြေးခုန်ခုတ်သည်။

ဂျက်စနေ မြန်လွန်းကာ လျှပ်တစ်ပြက်ပဲ။

တစ်ဘက်လူက ဓားနှင့်စုံကိုင်ပြေးအခုတ် သူက အဲသည်လူ၏ဝမ်းဗိုက်အောက်သို့ ကိုယ်ကိုပြေးညွတ်တိမ်း၍ လျှိုဝင်လိုက်သည်။

ထိုနောက် သူ့အရှိန်ကိုယူကာ တစ်ဘက်သို့ ပခုံးပေါ်မှ ပစ်ချလိုက်သည်။

ဝုန်း...

ကိုယ်ကြီးက မြောက်လင့်သွားသည်။

ဦးအာကာထက်၏ ပါဂျဲရိုးကား ဦးခေါင်းမြင့်မြင့်နှင့် ဝင်ဆောင့်လိုက်သည်။ ခြေကားယားလက်ကားယား ကျသွားသည်။ ဓားလည်းလွင့်သွားသည်။

အဲသည်ဓားက ဂျက်စနေရှေ့သို့ ကျသွား၏။

ဂျက်စနေက ဓားကို ဖျတ်ခနဲ ကုန်းအကောက်မှ တစ်ယောက်က ပြေးမိုးခုတ်ပြန်သည်။

ဂျက်စနေဘေးသို့ ကြောင်လိုမ့်နည်းနှင့်လိမ့်ထွက်သွားသည်။ သည်စဉ်နောက်တစ်ယောက်က ဗိုင်းခုတ်သည်။ ဂျက်စနေက သူ့ဓားနှင့်ဓားဦးစိုက်ခံပေးသည်။

ချွင်...

သံသံချင်း ထိသည်။ မီးတောင်ပွင့်ထွက်သွား၏။

ရွပ်...

ဝုပ်...

လေထဲဓားချက်တွေဖြတ်သွားသည်။ ဂျက်စနေက သူ့ဓားနှင့်ပင့်ခုတ်လိုက်သည်။

တစ်ဘက်ကရှောင်သည်။ ပြန်ခုတ်သည်။ ဂျက်စနေက ဘေးကိုခုန်ထွက်သည်။

တစ်ယောက်က ဦးခိုက်၍ ဂျက်စနေရင်ခေါင်းထဲ ထိုးသွင်း၏။ ဂျက်စနေကြောင်လိမ်ခြေကွက်ဆုတ်ပြီး ဝင်လာသောဓားကို သူ့ဓားနှင့်ဖယ်ပစ်သည်။

ဦးအာကာထက်မှာ ကားမောင်းရန် သတိမရအဲ အားတက်သရော ကြည့်နေမိသည်။

ဂျက်စနေ လာတာမြင်တော့အားတက်မိသည်။

"အား... "

တစ်ယောက်က အော်လိုက်သည်။ ဂျက်စနေ၏ ပိုင်းဓားချက်က တစ်ယောက်၏လက်မောင်းသားကို

www.burmeseclassic.com

မြည်းစမ်းသွား၏။

လက်မောင်းတွင် သွေးတွေရဲခနဲ။

ဒဏ်။

လူသည် ဒဏ်ကိုကြောက်၏။ ဒဏ်ရာရပြီဆိုလျှင် ရုတ်တရက်တော့ ထိတ်လန့်သွားကြ၏။

ဒဏ်သည် ခန္ဓာဝေဒနာနှင့် စိတ်ဝေဒနာကို ခံစားရမြဲ။

နောက်ကိုဆုတ်သွားသည်။

ဂျက်စနေသည် ကိုယ်ကို နဂါးပတ်လှည့်ခုန်လှည့်သလို ဓားကိုလည်း လျှပ်တစ်ပြက် ထွက်ပိုင်းပိုင်းပစ်လိုက်၏။

"အား... ယား..."

နောက်တစ်ယောက်၏အသံ။

သူ့နဖူးကို ဓားထိပ်ဦးက ကစားသွားသည်။ နဖူးကို လက်ဝါးနှင့်အုပ်လိုက်သည်။ ထွက်လာတာက နီနီစွေးစွေးသွေးတွေ။ လက်ချောင်းများကြားမှ စိမ့်ထွက်လာသည်။

သူတို့သည် နောက်ကို ဆုတ်သွားကြသည်။ ဂျက်စနေကို အလွယ်တကူ ဝင်မရမှန်းသိသွားသည်။

နာကျင်သောဝေဒနာ။





ခံပြင်းသောဒေါသ။

ရှုံ့ကြောက်သောစိတ်။

သည်ဒဏ်တွေကို တစ်ပြိုင်တည်းခံစားလာရ၏။

ဦးအာကာထက်သည် ကားတံခါးကို ဖွင့်လိုက်၏။

"ဂျက်စနေ ကားထဲဝင်တော့..."

ရန်သူ၏တန့်သွားမှုကို အခွင့်ကောင်းယူကာ ဘရနင်းကြမ်းခုတ်ပစ်လိုက်လျှင်ရသည်။

ဦးအာကာထက်ခေါ်သံကြောင့် သူက ဓားကို ပစ်ချလိုက်သည်။ သူ့ပရာဒိုကား၏ တစ်ဘက်တံခါးကို သွားရောက်ဆွဲဖွင့်လိုက်သည်။ သူ့တွင် လက်နက်မဲ့သွားသည့်တိုင်အောင် ဘယ်သူကမှ သူ့ကိုလည်းကောင်း၊ ဦးအာကာထက်ကိုလည်းကောင်း မထိပါးရဲကြတော့။

လူပဲဖြစ်စေ၊ နိုင်ငံပဲဖြစ်စေ၊ အင်အားကြီး သူက အင်အားငယ်သူကို လက်နက်အားကိုးဖြင့် ထိပါးညှင်းဖိစမြဲ။

ကိုယ့်သတ္တိ၊ ကိုယ့်အစွယ်၊ ကိုယ့်ခြေလက်တွေသာ မဟုတ်မခံပြလိုက်လျှင်တော့ သူတို့တွန့်သွားစမြဲ။

သည်ကိစ္စသည် ဂျက်စနေကိစ္စမဟုတ်။

ဦးအာကာထက်ကိစ္စ။

www.burmeseclassic.com



" ဦးအာကာထက်ကို လူသားချင်းနိုင်လိုမင်း
ထက် လုပ်တာကို မခံချင်၍ ဝင်ပြီးသတ္တိပြလိုက်ခြင်းဖြစ် ၏။
ကားတွေမောင်းပြီး တစ်နေရာမှာရပ်၍

"မင်းကို ကျေးဇူးဘယ်လိုတင်ရမှန်းတောင် မသိတော့
ဘူး ဂျက်စနေ... မင်းဟာ အန်ကယ်(လ်)ရဲ့အသင်
သခင် ဖြစ်သွားပြီ... "

တကယ့်ကို လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရ
တင်ရှိပုံမျိုးနှင့် ဦးအာကာထက်ကဆိုသည်။

"ကြုံတုန်းဝင်ကယ်လိုက်ရတာပါ... တစ်လုတ်စား
သူ့ကျေးဇူးတဲ့လေ... အန်ကယ်(လ်) တစ်ခါကျွေး
တဲ့ ကျေးဇူးမမေ့ပါဘူး... လူတွေထဲမှာ ကိုယ်ဟာကို
ဝယ်စားနိုင်တဲ့သူ ရှိကြပေမယ့် တစ်ဘက်က ခင်
မှုနဲ့ ကျွေးတဲ့မေတ္တာ စေတနာကို မမေ့အပ်ဘူးလေ..."

"ကောင်းကွာ... နှစ်ဆယ့်တစ်ရာစု ခင်ညိုနဲ့မှ
တွေ့တာပဲ... "

ပုဂံရာဇဝင်တွင် ခင်ညိုသည် မင်းယဉ်နရသီ
၏ နတ်ကွန်းမှ ဗလိနတ်စာကို စားခဲ့ရသဖြင့် ထမင်းရှင်ဆို
မင်းယဉ်နရသိခ်ကို မသတ်ဘဲ သူ့ကျေးဇူးကို အောက်မေ့ပြီ
လွှတ်ခဲ့ဖူး၏။ ဒါကို ဦးအာကာထက်က ပြန်ပြောပြသည်
သည်ဇာတ်ကိုလည်း စနေ သိခဲ့ပြီးဖြစ်သည်



သူနှင့်ဦးအာကာထက် ပိုရင်းနှီးသွားသည်။

ဦးအာကာထက်၏မျက်ခုံးတစ်ဘက်နှင့် နှုတ်
ခမ်းတစ်ဘက် ကွဲသွားသည်။ မျက်နှာကို လက်နှစ်ဘက်ပူး
၍ ပိတ်ထားခဲ့သောကြောင့် သက်သာသွားသည်။

ဆေးတိုက်တစ်ခုသို့သွားသည်။

အဲသည်မှာ ဆေးထည့်ဆေးထိုးပြုသည်။

အပြန်တွင်ပြုစုပါရစေဦးဟုဆို၍ စားသောက်
ဆိုင်တစ်ဆိုင်သို့ ခေါ်သွားသည်။ ဂျက်စနေက အားနာလို့
ငြင်းသည်။ မရ။

"အန်ကယ်(လ်)ကို လူတစ်ယောက်က တယ်လီဖုန်းနဲ့
သတိပေးဖူးတယ်...အန်ကယ်(လ်)မှာအသက်အန္တရာယ်
ရှိတယ်တဲ့... အန်ကယ်(လ်)က လျှောက်နောက်တယ်
ထင်တာပေါ့လေ... ဒါပေမယ့် အခုတော့ တကယ်ကြုံ
လိုက်ရပြီ ကိုဂျက်... "

ဂျက်စနေကို ခင်မင်သူတွေက ကိုဂျက်လို့ ခေါ်
ကြောင်း ဂျက်စနေက ပြောသဖြင့် ဦးအာကာထက်ကလည်း
ကိုဂျက်လို့ပဲ ခေါ်သည်။

"အန်ကယ်(လ်)ကို သတင်းပေးတဲ့လူကို အန်ကယ်
(လ်) သိသလား... "

"မသိဘူးကွယ်... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် အန်ကယ်(လ်)ကို အသက်အန္တရာယ် ပြုကြတာလဲ... အန်ကယ်(လ်)မှာ ရန်ငြိုးရှိသလား"

"မရှိပါဘူးကွာ... အန်ကယ်(လ်)ဟာ လူတိုင်းအမုန်းကိုတော့ မခံပါဘူး... ဒါပေမယ့် စီးပွားရေးမသင့်မြတ်မှုနဲ့ ငြိုးထားတဲ့လူတွေကတော့ ရှိချင်ရှိမှာပေါ့... "

"အခုကိစ္စ အန်ကယ်(လ်)က ဘယ်လိုတုံ့ပြန်မလဲ"

"ကိုဂျက်က အန်ကယ့်(လ်)ကို ဖျူးနေပြီထင်တယ်"

"အန်ကယ်(လ်) ဘာလုပ်မလဲဆိုတာ သိချင်လို့ပါ"

"ကိုယ့်ကို ရန်မူတဲ့လူဟာ ဘယ်သူဆိုတာ မသိဘဲနဲ့တော့ အန်ကယ်(လ်) ဘယ်လိုတုံ့ပြန်မှာလဲ... "

"အန်ကယ်(လ်) အခုလို အန္တရာယ်ဖြစ်တာကို ရဲတိုင်ပြီး အမှုဖွင့်မလား... "

"စဉ်းစားတာပဲ... "

ဂျက်စနေ၏ဦးနှောက်ထဲတွင် ဦးဘကလေး နှင့် မာန်ဝင့်ထယ်ကို ပြေးဝင်လာသည်။

တစ်နေ့ကပဲ ရုံးခန်းထဲမှာ ဦးအာကာထက်ကို အန္တရာယ်ပြုရေးအတွက် ပြောခဲ့ကြသေးသည် မဟုတ်လား။

သူ့ကို ဒံပေါက်အဝယ်ခိုင်းတာ သည်အကြောင်းတွေပြောဖို့အတွက် တမင်ပထုတ်လိုက်ခြင်း ဖြစ်မှာပေါ့။

အခုလက်ရှိ အန္တရာယ်ပြုသူတွေမှာ ဦးဘ



ကလေးနှင့် မာန်ဝင့်ထယ်တို့၏ လက်ချက်ဖြစ်နိုင်သည်။

"ရဲကိုတိုင်တာတော့ မမှားဘူး... ဥပဒေသမားတွေကို အသိပေးထားတာ အကောင်းဆုံးပဲ... သူတို့စုံစမ်းပါလိမ့်မယ်... "

ဂျက်ကလိုရှင်းတိုရှင်းပဲဆိုသည်။

"မင်းသတော့ပဲ... မင်းရဲ့ကူညီတဲ့အသက်ပဲ အန်ကယ်(လ်)မှာရှိတော့... မင်းစကားကို အန်ကယ်(လ်) နားထောင်ရမှာပေါ့... မင်းကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိဘူး... မင်းဘာအကူအညီလိုသလဲ... အကူအညီလိုတာပြောပါ... "

"မလိုပါဘူး... "

"လူဆိုတာ အကူအညီတစ်ခုခုတော့ လိုနေစမြဲပဲကွယ့်... မင်းမှာလက်တလော ဘာလိုသလဲပြောပါ"

သူတို့အအေးသောက်နေကြခြင်းဖြစ်သည်။

ဂျက်စနေမှန်းဆနေသည်။

ခုလက်ငင်းအချိန်မှာ ဦးအာကာထက်၏အကူအညီကို ရနိုင်လျှင် အကောင်းဆုံးဟုထင်၏။

"အန်ကယ်(လ်) အဲဒါကြည့်စမ်းပါ... "

သူက ဘောင်းဘီဘေးအိတ်ထဲရှိ စက္ကူထုပ်ကလေးတစ်ခုကို ဖြေ၍ အတွင်းမှ ရွှေပန်းသီးသွဲကြိုးကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲတော့ပြသည်။

"ဘာလဲကွယ်... "

"ဒါက ကျွန်တော့်အမျိုးသမီးပိုင်တာပါ... ဒီဆွဲကြိုးကို ငွေနှစ်သောင်းနဲ့ အန်ကယ်(လ်)ဆီမှာ အပေါင်ထားချင်တယ်... ကျွန်တော် မရွေးမချင်း အတိုးပေးပါ့မယ်... တကယ်တော့ တခြားမှာသွားပေါင်ဖို့ပဲ... အန်ကယ်(လ်)က အကူအညီပေးချင်တယ် ဆိုလွန်းလို့ ကျွန်တော် ဒီပစ္စည်းကို အန်ကယ်(လ်)လက်ထဲထားဖို့ ဆုံးဖြတ်လိုက်တာပါ... "

"ဟာကွယ်... မဟုတ်တာ... "

"ကျွန်တော့်ကို အန်ကယ်(လ်)မကူညီနိုင်တာကို အပြစ်မပြောပါဘူး... "

"မဟုတ်ဘူးကွ... "

"ကျွန်တော်တောင်းတဲ့ငွေများနေလို့လား... "

"ဒီလိုလည်း မဟုတ်ဘူး... "

"ဒါဖြင့် ဘာဖြစ်လို့... "

အဘိုးကြီးက ပလတ်စတာကပ်ထားခြင်းခံရသော မျက်လုံးတစ်ဘက်အောက်ရှိ ပလတ်စတာကပ်ထားသော နှုတ်ခမ်းကို ရွဲ့လိုက်သည်။

တကယ်တော့ ပြုံးခြင်းသာ။



ပလတ်စတာကပ်ထားပြီး ဒဏ်ရာက ရောင်ကိုင်းနေတော့ ပြုံးတာက ရွဲ့သလိုဖြစ်သွားသည်။

နှာနှာနှင့် ကျိတ်မှိတ်သောက်နေသော စီပလပ်(စ်)နာနတ်အချိုရည်ဖန်ခွက်မှ ပိုက်စုတ်တံကိုချ၍

"မင်းက အန်ကယ့်(လ်)ဆီမှာ ဘာမှ ပေါင်နှံစရာ မလိုဘူး... မင်းလိုတဲ့ငွေကို အန်ကယ်(လ်)သည့်ထက်မကပေးနိုင်ပါတယ် ကိုဂျက်... အပေါင်တွေဘာတွေ မလိုပါဘူး...နှစ်သောင်းယူမလား...ငါးသိန်းယူမလား... သည်ထက်မက အန်ကယ်(လ်)ကပေးရမှာ... "

"ကျွန်တော် အကျပ်အတည်းတွေ့နေလို့ အန်ကယ့်(လ်) အကူအညီကို ယူတာပါ... ငါ ကူညီရတယ်ဆိုပြီး အနိုင်ကျင့်တဲ့သဘောနဲ့... "

"ငါ့တူရာ ပြောစရာမလိုပါဘူး... မင်းလိုတဲ့ငွေကို အန်ကယ်(လ်)က စေတနာမေတ္တာနဲ့ အလကားပေးလိုက်ပါ့မယ်... အပေါင်ထားစရာမလိုပါဘူး... "

"အလကား... ဟာ... အလကားဆိုတဲ့ စကားကြီးက ကြက်သီးထစရာကြီးပါ... ကျွန်တော် သူများငွေကို အလကား မလိုချင်ဘူး... ဒီဆွဲကြိုးကိုသာ အတိုးနဲ့"

"မောင်မောင်ဂျက်... အန်ကယ်(လ်) ပြောတာ နားထောင်...မင်းနဲ့အန်ကယ်(လ်)ဟာတစ်ယောက်ကျေးဇူး

www.burmeseclassic.com



တစ်ယောက်ရှိကြသူတွေ…အဲဒီလူတွေဟာတစ်ယောက်ကိုတစ်ယောက် မြော်မြင်ပြီး ဘာမှပေါင်းစရာမလိုဘူး… တစ်ဦးအကျိုးကို တစ်ဦးလိုလားပြီး ပေါင်းသင်းဆက်ဆံကြဖို့ပဲ ရှိတယ်… ”

“ကျွန်တော်… ”

“တော်တော့… ထပ်မပြောနဲ့တော့ ကိုဂျက်… မင်းလိုတဲ့ငွေနှစ်သောင်းဟာ အန်ကယ်(လ်)က စေတနာမေတ္တာနဲ့ပေးတာ မင်းလက်ခံဖို့သင့်တယ်…ဒီဧွဲကြိုးကိုလည်း အန်ကယ်(လ်) လုံးဝမယူဘူး… မင်း ဒါကိုမှ လက်မခံရင် အန်ကယ်(လ်)ရဲ့ တစ်သက်မှာစိတ်မကောင်းဖြစ်တော့မယ်… ”

ဂျက်စနေ ဘာမှမပြော။

အဘိုးကြီး၏ သူ့အပေါ်ထားသော ခင်မင်တွယ်တာမှုကို အကဲခတ်မိသည်။

“ဒီလိုဆိုလည်း ကျွန်တော် လက်ခံပါတယ်… ကျေးဇူးတင်ပါတယ်ဆိုတဲ့… လူတွေရဲ့ဟန်ဆောင်မှုအပိုစကားတွေကို ကျွန်တော်မပြောတော့ပါဘူး အန်ကယ်(လ်)…”

“မင်းဟာ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို ပြောမယ့်အစား… ကျေးဇူးကိုဆပ်တာ အကောင်အထည်ဖော်ဆပ်တဲ့လူစားပဲကွ… ”



“ကျွန်တော်က ဒီလိုပဲ ဖြစ်ချင်ပါတယ်… ”

“ငါ့မှာ သမီးမရှိလို့ကွ… သမီးရှိရင် မင်းနဲ့ပေးစားလိုက်တယ်… ငါ့မှာသမီးလေး မွေးခဲ့တယ်ကွ… တစ်နှစ်သမီးမှာ ဆုံးသွားတယ်… မိန်းမက လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ဆုံးသွားတယ်… ”

“ဟာ… ဒက်ဒီနဲ့ ဘဝတူချင်းပါလား… ”

“မင်းဒက်ဒီနဲ့ မနိုင်းနဲ့… ဒီကောင်က ခွေးလိုကောင်… ငါနဲ့သူနဲ့က စိတ်ဓာတ်ချင်း မတူဘူး… သစ္စာတရားမရှိတဲ့ကောင်… ”

ဂျက်စနေ အံ့အားသင့်သွားသည်။

ဦးအာကာထက် မျက်နှာမှာ ရွံရှာစက်ဆုပ်ဟန်ပြနေ၏။ ဆက်မပြောတော့ဘဲ စီပလပ်(စ်)ကို ဖန်ခွက်ထဲမှ ကုန်စင်အောင် ပိုက်နှင့်စုပ်သောက်နေသည်။

“ကဲ… မင်း လုပ်ရှားမှုလေးအတွက် အမောပြေပြီမဟုတ်လား… မင်းလိုတဲ့ငွေကို ကားထဲလိုက်ယူ… ”

“အန်ကယ့်(လ်)ကားက ဒဏ်ရာဒဏ်ချက်တွေ များနေတယ်… ဘယ်လိုလုပ်မလဲ… ”

“ဆေးရုံတင်လိုက်ရမှာပေါ့ကွာ… ”

“အန်ကယ့်(လ်)ဘေးအန္တရာယ်ကိုလည်း ကရုစိုက်ဦးနော်… ဒီကောင်တွေ ထိသွားတာ မလွယ်ဘူး… ”

www.burmeseclassic.com



"အန်ကယ်(လ်)ထက် မင်းဘေးကို မင်းကြည့်... ဒီကောင်တွေ မင်းကို အခဲကြေကြေမှာ မဟုတ်ဘူး"

ဂျက်စနေက မဲ့မဲ့လေး ပြုံးလိုက်သည်။

အရေးမစိုက်ပါ။

ဦးအာကာထက်ဆီမှ ငွေကို အားနာနာနှင့် လက်ခံလိုက်သည်။ ရဲစခန်းတစ်ခုသို့သွားသည်။

တိုင်ချက်ဖွင့်သည်။

ရဲများက မေးမြန်းစရာရှိတာတွေကို မေးမြန်းသည်။ တိုင်ချက်ကို လက်ခံ၍ ဖွင့်လိုက်သည်။ အမှု။ အမှု။

ဦးအာကာထက်က ဆရာဝန်၏ဆေးထောက်ခံချက်ကိုပါ ပေးခဲ့သည်။

သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြသည်။

ဂျက်စနေ၏ နေကာမျက်မှန်မှာ ရန်သူများနှင့် တိုက်ခိုက်စဉ်က ကျကွဲခဲ့သည်။

ယင်းမျက်မှန်သည် ပန်းဝါခိုင်က ဝယ်ပေးသော မျက်မှန်ဖြစ်သည်။

သူက စက်မှုဇုန်သို့ ဦးဘကလေး ခိုင်းလိုက်သော ကိစ္စတစ်ခုနှင့်လာရင်းမှ ဦးအာကာထက်ကို တွေ့ကြုံ ကယ်ဆယ်လိုက်ရခြင်းသည် ဦးအာကာထက်၏ ကုသိုလ်ကံဟု ဆိုရမည်။

BURMESE CLASSIC .com



ဂျက်စနေ ရောက်မလာလျှင် ဦးအာကာထက်၏ အသက်သည် ဆက်လက်ရှည်ဖို့ တွေးဝံ့စရာတောင်မရှိ။

ဂျက်စနေက ဦးအာကာထက်၏အသက်ကို ကယ်လိုက်ရလို့ ဝမ်းသာသလို မမျှော်လင့်ဘဲ ငွေနှစ်သောင်း ရလို့လည်း ဝမ်းသာသည်။

သူက စက်မှုဇုန်သို့ ပြန်သွား၏။

လမ်းတွင် သူနှင့် ရင်ဆိုင်ခဲ့သူတွေကို လုံးဝ မတွေ့ရတော့ပါ။

ကိစ္စတွေ ပြီးပြတ်သွားတော့ အပြန်မှာ ဖေဖေနှင့် မေမေတို့ဆီ ဝင်သည်။ ငွေနှစ်သောင်းပေးလိုက်သည်။

သူတို့သားဆီက သည်မျှလောက် မြန်မြန်ရလိမ့်မည်ဟု မထင်။

မိဘနှစ်ပါးမှာ အတော်ဝမ်းမြောက်သွားကြသည်။ သူတို့သားကိုလည်း အထင်ကြီးသွားကြသည်။

"ဒါ... ဖေဖေနဲ့မေမေကို သားကန်တော့တာပါ... ပြန်ပေးဖို့လည်း မလိုပါဘူး... ဖေဖေ မေမေတို့ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါမှာသာ သားအတွက်ဆုတောင်းပေးပါ... "

"အေးလေ... သာဓုခေါ်စရာပဲပေါ့... "

ဖေဖေနှင့်မေမေက သာဓုခေါ်သည်။ ဆုတွေ

www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။

ငွေနှစ်သောင်းကို ဖေဖေနှင့်မေမေအား ပေးလိုက်ရလို့ ဝမ်းသာမိသည့်ပြင် လေးလံသောအရာကြီးတစ်ခု ခေါင်းပေါ်မှ ပြုတ်ကျသွားခြင်း ခံရသလို ခေါင်းပေါ့သွားသည်။

ရင်တစ်ခုလုံးလည်း ပေါ့ဆင်းသွားသည်။

မိမိအပေါ် စေတနာထားရှာသော ရွှန်းလဲ့ဝါ၏ ရွှေပုတီးဆွဲကြိုးလေးကို မပေါင်ရဘဲ ပြန်ပေးလိုက်ရတော့ မှာမို့ ဝမ်းမြောက်မိသည်။

သည်ကနေ့ လောကလေးတစ္ချန်ချန်နှင့်ရွှင်လန်းမိပါဘိခြင်း။

ကုမ္ပဏီကို ပြန်ရောက်ပြီး ဦးဘကလေးကို တွေ့တော့ စိတ်ထဲ မသက်မသာ ဖြစ်သွားမိပြန်၏။

သည်လူကြီးသည် အယောင်ဆောင် ကြောင်သူတော်ကြီး ဖြစ်နေပါကလားဟု စဉ်းစားမိသည်။

သူနှင့်သူ့သားသည် ဦးအာကာထက်ကို ဘယ်လောက် နောက်ထပ်ရန်ရှာကြဦးမှာလဲ။

တကယ်လို့သာ ရဲကို မိမိက ဖွင့်ချခဲ့လျှင် သားအဖနှစ်ယောက်လုံး ထောင်ထဲဝင်ရမှာ ကျိန်းသေပေါ့။

ပန်းဝါခိုင် မျက်နှာက ရှိသေးတယ်လေ။



ညနေအိမ်ပြန်ရောက်သည်။

သူနှင့်ရွှန်းလဲ့ဝါ မျက်နှာချင်းဆုံမိတော့ အဓိပ္ပာယ်ပါသော မျက်လုံးများနှင့် တစ်ယောက်ကိုတစ်ယောက် မေးမိကြသည်။

ရွှန်းလဲ့ဝါ မျက်လုံးက...

"ကိစ္စတွေပြီးပြီလား... "

ဟူသော အမေးပါသည့်မျက်လုံးအဓိပ္ပာယ်။

ဂျက်စနေ၏မျက်လုံးအဓိပ္ပာယ်က...

"ပြီးပါပြီ... "

ဟူသော အဓိပ္ပာယ်ဆောင်သည့် အကြည့်မျက်လုံးတွေ။

ဒါပေမယ့် ရွှန်းလဲ့ဝါ ညဘက်စာကြည့်ခန်းထဲ စာကျက်နေချိန်တွင် ဂျက်စနေ ရောက်လာသည်။

ရွှေဆွဲကြိုးကို ပြန်ပေးသည်။

သူ ငွေနှစ်သောင်းရပုံကို အသံတိုးတိုး တိုးတိုး ...င့်ပြောသွားသည်။

ဂျက်စနေကပြောပြီးပြီးချင်း သူမ၏ဘယ်လို ...တ်ချက် ဘယ်လိုတုံ့ပြန်မှုကိုမျှ မစောင့်တော့ဘဲ စာကြည့် ...န်းထဲမှ အလျင်အမြန် ထွက်ခွာသွားသည်။

ထိုအချိန်တွင် ဦးဘကလေးအိမ်မှာ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကား သူမောင်း၍ အတွင်းရေးမှူးလေး တင်မိုမိုအေးကိုခေါ်ကာ လောကကြီး၏လွတ်လပ်မှု၊ ပျော်ရွှင်မှုတွေကို ရယူနေချိန်ဖြစ်သည်။

သူ့လှုပ်ရှားမှုကို ဘယ်သူမှမသိဟု သူထင်သည်။

သိသူတွေရှိပါသည်။

သူက ဂျက်စနေ။

သို့လင့်ကစား ဂျက်စနေက သူနှင့်မဆိုင်သလိုပဲ နေလိုက်တော့သည်။

ဦးဘကလေးသည်လူ။

သူလည်း သွေးနဲ့သားနဲ့ တည်ဆောက်ထားတဲ့ လူပဲ။

ဥဒ်။



ဇာတ်လမ်းစဉ် (၆)

တယ်လီဖုန်းမြည်လာသည်။

ပန်းဝါခိုင်က ဗွီစီဒီကြည့်နေရာ ဖုန်းသံကြောင့် ...်လိုက်တာဟု စိတ်ထဲမှထင်သည်။

ကြည့်သော နိုင်ငံခြားကားတွင် စိတ်ဝင်စားမနေ...သည်။ ဗွီစီဒီကြည့်ရာတွင် အိမ်မှ မငြိမ်းအေးလည်း ပါသည်။

ပန်းဝါခိုင်နားတွင် ထိုင်နေသူက ရွှန်းလဲ့ဝါ။

"မငြိမ်း... ဖုန်းသွားနားထောင်စမ်း... ဒက်ဒီလား... တခြားသူလားသိရအောင်... "

မငြိမ်း ထသွားသည်။

ခဏအကြာပြန်လာသည်။

"အစ်ကိုဂျက်ရဲ့အမေဆီကဖုန်း... မမနဲ့ စကားပြောချင်လို့တဲ့ မမရဲ့... "

www.burmeseclassic.com



ကိုဂျက်အမေဆီကပဲ။

ကားကလည်းကြည့်ကောင်းနေဆဲ။ နားမလည်သော်လည်း ဇာတ်ကွက်ဇာတ်လမ်း၏အရသာကိုတော့ ခံမိ၏။ လူတွေအပြောများတဲ့ (Titanic) ဖြစ်သည်။

ရုံမှာတင်စဉ်က မကြည့်လိုက်ရ။

ကိုဂျက်အမေဆီကဆိုတော့ ရှုပ်လိုက်တာဟု ပြောပြီး နေရာမှထသည်။

ဖုန်းက ဧည့်ခန်းထဲမှာရှိသည်။

သူတို့ ဗွီစီဒီကြည့်နေတာက အပန်းဖြေခန်းထဲမှာပဲ။

ဖုန်းကိုကောက်ကိုင်ပြီး...

"ဟလို... "

"သမီးလေးလား... "

"ပြောစရာရှိလား... မြန်မြန်ပြော... ဒီမှာ ဗွီစီဒီကြည့်နေတယ်... "

"သြော်... သမီးလေးကို ကျေးဇူးတင်စရာပြောမလို့ပါ သမီးလေးရယ်... "

"ဘာပြောမှာလဲ... "

"မနေ့က ကိုဂျက်လာတယ်... အန်တီတို့ကို ငွေနှစ်သောင်းပေးသွားတယ်... "



"ရှင်... "

သူမ အံ့အားသင့်သွားသည်။

ကိုဂျက်က လုံးဝမပြောခဲ့။

"သမီးလေး ပေးခိုင်းလို့ဆိုတာ ကိုဂျက် မပြောပေမယ့် အန်တီတို့ကတော့ သမီးလေးကိုပါ ကျေးဇူးတင်တယ်... အဲဒါ ဖုန်းဆက်ပြောတာပါကွယ်... "

"သြော်... ဟုတ်ကဲ့ ရပါတယ်... ဒါပဲ မဟုတ်လား"

"ဒါပါပဲ သမီး... "

တစ်ဘက်က ဖုန်းထဲမှာ စကားမပြတ်ခင် ပန်းဝါခိုင်က သူမ၏ဖုန်းကို ချလိုက်သည်။

ဗွီစီဒီ ဆက်ကြည့်နေရတာတောင် ဗွီစီဒီထဲ စိတ်မဝင်စားတော့။

သည်ငွေနှစ်သောင်းကို ကိုဂျက် ဘယ်လိုရပါလိမ့်ဟု စဉ်းစားနေသည်။

ကိုဂျက် ညနေပြန်လာသည်။

မမျိုသိပ်နိုင်သော ပန်းဝါခိုင်က ကိုဂျက်ကို အိပ်ခန်းထဲခေါ်၍

"ကိုဂျက်... နင့်အမေဆီက ဒီနေ့ဖုန်းလာတယ်... "

"ဟုတ်လား... ဘာတဲ့လဲ... ဘာတွေပြောလဲ... "

"နင့်ဆီ ဖုန်းဆက်တာ မဟုတ်ဘူး... ငါ့ဆီ ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



တာ... ”

“အလဲ့... တယ်ဟုတ်ပါလား... ချေးမကို တော်တော်ချစ်ရှာတယ်... ”

“ငွေနှစ်သောင်း ပေးလို့ချစ်ရှာတာပါဟာ... နင့်ဆီက ငွေနှစ်သောင်းရတာ နင့်ကိုကော ငါ့ကိုကော ကျေးဇူးတင်တယ်တဲ့... ကျေးဇူးတင်စကားပြောတာပေါ့... ”

ဂျက်စနေ ငေးနေသည်။

“ပြောစမ်း... အဲဒီငွေနှစ်သောင်းဟာ နင် ဘယ်လိုလုပ်ရသလဲ... ငါလည်းနင့်ကို ပေးတာမဟုတ်ဘူး... ”

“ဘယ်နည်းနဲ့ရရ... နင်နဲ့မဆိုင်ပါဘူး... ”

“မဆိုင်တော့ မဆိုင်ဘူးပေါ့... ဒါပေမယ့် နင် ဘယ်လိုလုပ်ပြီး ရှာနိုင်သလဲဆိုတာ ငါ သိချင်တယ်... ”

“ဘာလဲ... နင်က ငါ့ကို ငွေရှာနိုင်တဲ့ အစွမ်းမရှိဘူးထင်လို့လား... ဟင်း... ဂျက်စနေပဲ... လက်ဖျောက်တီးရင် ကြိုဟ်တုတောင် ပြုတ်ကျနိုင်တယ်... ”

“အေး... နင် ဘယ်လိုရှာတယ်ဆိုတာ ငါ သိချင်လို့ပါ... နင်နဲ့ငါဟာ လင်နဲ့မယား... ”

“အေးပေါ့လေ... သိရမှာပေါ့... ငါ့စားပြတိုက်လာတာ... ကဲ... ရှင်းပြီနော်... ”

ဂျက်စနေ ရွှဲ့ပြောလေးပြောပြီးတော့ အိပ်ခန်း



ထဲမှ ထွက်သွားသည်။

စိတ်ထဲတွင် ဒွိဟဖြစ်၍ ပန်းဝါခိုင်တွေဝေ ကျန်ရစ်ခဲ့သည်။

ပြီးတော့မှ သူမက တစ်နေရာတွင်ရှိသော အဝတ်ဗီရိုဘက် လျှောက်သွား၏။

သူမ၏လက်ကိုင်ပိုက်ဆံအိတ်ကပ်ကလေး ထဲတွင် ထည့်ထားသော သော့ပြားလေးတစ်ချောင်းကို ထုတ်လိုက်သည်။

ထိုအဝတ်ဗီရိုသည် သူမပိုင်သော အဝတ်ဗီရိုဖြစ်သည်။ ယင်းအဝတ်ဗီရိုထဲတွင် သူမ၏အဝတ်အစားများနှင့် လက်ဝတ်လက်စား ငွေကြေးထည့်ထားသည်။

ဗီရိုက သူတစ်လုံး၊ ဂျက်စနေ တစ်လုံးဖြစ်သည်။

ဗီရိုကို ဖွင့်လိုက်သည်။

ဗီရိုအံဆွဲထဲတွင်ရှိသော တစ်ထောင်တန်ငွေစက္ကူများနှင့် ငါးရာတန်ငွေစက္ကူတွေက အထပ်လိုက်ရှိနေသည်။

ယင်းငွေများသည် ပန်းဝါခိုင်ငွေစုဘဏ်သို့ မအပ်ရသေးဘဲ လက်ကျန်သိမ်းထားသော ငွေတွေသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေတွေကို ရေတွက်ကြည့်၏။

ခြေရာလက်ရာမပျက်ဘဲ တစ်သိန်းငါးသောင်း ခြောက်ထောင်ကို ယခင်အတိုင်းတွေ့ရ၏။

သက်မတစ်ချက်ချလိုက်သည်။

ထိုသည့်နောက် လက်ဝတ်လက်စားသေတ္တာကလေးကို ထုတ်ကြည့်၏။ စိတ်ထည်ရွှေထည်တွေကလည်း လျော့မသွားပါ။

ဒုတိယသက်ပြင်းချလိုက်သည်။

ရင်ပေါ့သွားသည်။

ပန်းဝါခိုင်၏သေးသိမ်သော အတွေးနှင့် လုပ်ရပ်ကို ဂျက်စနေသာသိလျှင် အတော်ဒေါပွသွားလိမ့်မည်။

"ညီမလေး... ပန်းဝါ... "

ပန်းဝါက ငိုင်ပြီး ဟိုတွေးသည်တွေး တွေးနေဆဲ အိပ်ခန်းမြင်မှ ကိုကို၏ခေါ်သံက ပြေးဝင်လာသည်။

ပန်းဝါအပြင်ဘက်ထွက်သည်။

မာန်ဝင့်ထယ်က ရပ်စောင့်နေသည်။

ဂျက်စနေကိုတော့ မမြင်။

"ဘာလဲ ကိုကို... "

"ရော့... နင့်ငွေနှစ်သောင်း... "

သူ့မဘက်သို့ ငါးရာတန်တစ်ထပ်ကို မာန်ဝင့်ထယ်က ထိုးပေးလိုက်သည်။

"အဟင်း... ကျေးဇူးပဲကိုကို... "

"လူက ငွေနဲ့ကြေးနဲ့ပါဟ... ငါ့ကို အထင်မသေးပါနဲ့... နင့်ငွေမဆုံးပါဘူး... အတိုးကော ယူဦးမလား"

မာန်ဝင့်ထယ်က ဟန်နှင့်ပန်နှင့် မေး၏။ သူမ၏ငွေပြန်ရသဖြင့် ဝမ်းသာသွားသော ပန်းဝါခိုင်က နှုတ်ခမ်းထူထူကလေးကို ပြုံးရင်း...

"မလိုပါဘူး... မောင်နှမချင်းပဲ... ဒါလောက်ရက်တိုတိုလေးနဲ့ အတိုးယူရမလားလို့... "

"ငါ... မော်တော်ဆိုင်ကယ်တစ်စီး ရောင်းဖြစ်တယ်... အဲဒါ စရန်ရထားလို့ နင့်ကိုလာပေးတာ... သန်ဘက်ခါဆို ဆိုင်ကယ်ထုတ်လိုက်မယ်... တစ်သိန်းလောက်တော့ မြတ်မယ်... လုပ်ပေးတဲ့ ပွဲစားကို နှစ်သောင်းပေးရမယ်... ရှစ်သောင်းကျန်မယ်... "

"အဲဒါ... နင်လေးသောင်း... ငါလေးသောင်း... "

"အိုကေ... ကောင်းတယ်... ဒါမှ တို့ကိုကိုက အားကိုးရတာ... "

"နင့်ယောကျ်ားထက်တော့ ငါအစ်ကိုက နင့်ကို ရှာဖွေပေးနိုင်ပါတယ်... နင့်အကောင်က အစွမ်းအစမရှိဘူး... ဒီငွေနှစ်သောင်းနဲ့ ပတ်သက်ပြီး ဒီကောင် ဘာပြော

www.burmeseclassic.com

သလဲ... "

"ဘာမှမပြောပါဘူး ကိုကို... "

"အေး... ပြောရင် ငါ့လက်သီးစာမိမယ်... ဒီကောင်က မယားကို ဝအောင်ရှာကျွေးနိုင်တဲ့ကောင် မဟုတ်ဘူး"

ပြောသာပြောသည်။

မျက်လုံးကစားရသေးသည်။

ငတိကြားသွားက ပြဿနာပေါ်မှာ စိုးရသည်။

သူက လက်သီးစာမကျွေးဘဲ ဟိုကလက်သီးစာကျွေးမှဖြင့်။

သူက လှည့်ထွက်သွားသည်။

ပန်းဝါခိုင်၏စိတ်ထဲမှာ အကြွေးပြန်ရသည့်ဖြင့် နောက်ထပ်ဆိုင်ကယ်ရောင်းလုပ်ငန်းမှ ရှယ်ယာထပ်ရမည် ဆိုသဖြင့် ပျော်သွားသည်။

မိန်းကလေးဖြစ်ငြားလည်း လေကလေးချွန်လိုက်သည်။



## ဇာတ်လမ်းစဉ် (၇)

"ကိုင်း... မင်း ဘာပြောမလဲ... "

"ပြောချင်တာမှ ပါးစပ်တွင်မဟုတ်ဘူး... လက်ပါ ပြောချင်တာကွ... "

ဦးဘကလေး၏မျက်နှာမှာ ရဲရဲနီနေသည်။

ဦးအာကာထက်ကတော့ အေးအေးဆေးဆေးပဲ။

သူ့မျက်ခုံးပေါ်မှ ပလတ်စတာမှာ မခွာရသေးပေ။ နှုတ်ခမ်းပလတ်စတာကတော့ ခွာပြီးပြီ။

မျက်နှာတွင် ဒဏ်ရာအညိုအမည်းက နည်းနည်းကျန်သေးသည်။

"မင်းချည်း လက်ပါတာ မဟုတ်ဘူး ဘကလေး... ငါ့မှာလည်း လက်နဲ့ပဲ... မင်း ဘာပြောမလဲပြော"

www.burmeseclassic.com

"မင်းပြီးခဲ့တဲ့တစ်ပတ်က စက်မှုဇုန်က ဂိုး(လ်)ဒင်းလိုင်းယင်း အဝတ်အထည်လုပ်ငန်းစက်ရုံကို... ငါ့အကြောင်းနဲ့ ပတ်သက်ပြီး ဘာတွေသွားပြောသလဲ"

"ငါက ဘာပြောလို့လဲ... "

"ငါ့သိက္ခာကို မင်းချတယ်... ငါနဲ့အလုပ်မဖြစ်အောင် မင်းပြောတယ်လေ... "

ဦးအာကာထက်၏ အပုပ်ချစကားတွေကို ဦးဘကလေးက ပြန်ပြောပြသည်။

သူတို့နှစ်ယောက် တွေ့ကြတာက ပန်းခြံတစ်ခု အတွင်းမှာတွေ့ကြသည်။ မျက်နှာချင်းဆိုင် ရပ်စကားပြောသည်။

"ဒါတွေ ငါ မပြောဘူး... ငါ့ကို လာမပတ်နဲ့... "

"မင်းမလိမ်နဲ့... ဂိုးလ်ဒင်းလိုင်းစက်ရုံပိုင်ရှင်နဲ့ ခေါ် တွေ့ပြီး ရှင်းမလား... "

"ရှင်းစရာမလိုဘူး... ငါပြောတာ ဘာလို့ရှင်းရမှာလဲ ကွ... "

"အာကာ... မင်းအလုပ်လုပ်ရင့် ယောကျ်ားပီပီအလုပ် လုပ်ပါကွာ... လူတစ်ယောက်ကို မုန်းတာနဲ့ကွယ်ရာ မှာ မိန်းမလိုလုပ်ပြီး အတင်းအဖျင်းမချပါနဲ့... အပုပ် မချပါနဲ့... မင်းလုပ်ပုံဟာ ယောကျ်ားမပီသဘူး— ဒမ်း(မ်)ရှစ်... ဘူး(လ်)ရှစ်... "

"ငါမပြောတဲ့ စကားနဲ့ ငါ့ကိုလာမရစ်နဲ့ဘကလေး"

"မင်းပြောလို့ တစ်ဘက်က အထင်သေးပြီး အလုပ်မဖြစ်တာပေါ့ကွ... ငါ သွားရှင်းလိုက်ရတယ်... မင်းဟာ စာပေလောကက စာရေးဆရာတချို့လိုပဲ... စိတ်ပုပ်ပြီး မတရားပြောချင်တယ်... ငါ့အသိစာရေးဆရာတစ်ယောက်ဟာ သူ့ဟာသူ ကြိုးစားပြီး နာမည်ကြီးလာတယ်... ဒါကို မလိုလား မရှုစိမ့်တဲ့စာရေးဆရာတချို့က စိတ်ပုပ်ပုပ်နဲ့ သူ့အကြောင်းကွယ်ရာမှာ မဟုတ်တန်းတရားပြောတယ်... သိက္ခာချတယ်... ဒီစာရေးဆရာရှေ့ကျတော့ သွားဖြီးပြကြတယ်... ဟိုခမျာကတော့ မသိရှာဘူးပေါ့... တချို့တတွေက သူ့အပေါ် အထင်မှားကြတာပေါ့... မင်းလည်း အဲဒီအယုတ်တမာလူစားတွေ လုပ်သလိုလုပ်တဲ့ကောင်"

"မင်းစကားတွေ လွန်လာပြီနော်... ဘကလေး... "

"ငါက မင်းလိုကွယ်ရာမှာ မပြောဘူး... ရှေ့တွင်ပြောတာ ဘာဖြစ်သလဲ... မင်းဘာလုပ်ချင်သလဲ... "

"တောက်... "

တောက်ခေါက်ရုံမှလွဲပြီး ဦးအာကာထက် မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဂိုးလ်ဒင်းလိုင်းယင်းစက်ရုံပိုင်ရှင် ဦးသောင်းမြင့်ကို သူက ဦးဘကလေးအလုပ်မဖြစ်အောင် အပုပ်ချ မတရားပြောခဲ့တာတွေအမှန်ပဲ။

တကယ်ကိုယ်ထိလက်ရောက် ရှင်းမယ်ဆိုတော့ မရှင်းရဲပါ။

"မင်း ပြောချင်တာ ဒါပဲလား... "

"မင်းနဲ့ငါ လုပ်ငန်းချင်းကွဲနေပြီ... ငါ့အကြောင်း မင်းဘာမှ ပြောစရာမလိုဘူး... နောက်တစ်ခါပြောရင် မင်းမလွယ်ဘူး... "

"အေးပါ... စမ်းကြည့်ပါ... "

မထေမဲ့မြင်အသံနှင့် ဦးအာကာထက်က ပြောပြီးလှည့်ထွက်သွားသည်။ စိတ်တိုသော ဦးဘကလေးက လိုက်ပြီး ဆွဲထိုးမည်စိတ်ကူးပြီးမှ ထိုစိတ်ကူးကို ပယ်ဖျက်လိုက်သည်။

ထိုးတာစ ကြိတ်တာက မိမိတို့အသက်အရွယ်နှင့်မလုပ်ကောင်းပါ။ လူမြင်လို့လည်း မတော်ပါ။

ထို့ပြင် မိမိက လူကြီးလူကောင်းဆိုတော့ ဒါမျိုး လုပ်လိုက်လျှင် လူကြီးလူကောင်းပီသတော့မည် မဟုတ်။

ဒေါသကိုဖြေလိုက်သည်။

လူတကာကို အပုပ်ချသောသူသည် ကွယ်ရာမှာ အတင်းအဖျင်းပြောကြသူများသည် သတ္တိရှိကြသူတွေမဟုတ်။



တချို့က သခင်အားရ ကျွန်ဒေါ်ဝပြီး စောင်းကာန်းနားက ဟောင်သောခွေးလို အပုပ်ချအတင်းချကြတာတွေရှိတတ်သည်။

ဒေါသကို ချုပ်ပြီး ပန်းခြံအပြင်ဘက် ပြန်လာသည်။ ပရာဒိုကားကို သူကိုယ်တိုင်ပဲ မောင်းခဲ့သည်။

ဂျက်စနေ ပါမလာ။

ကားပေါ်တွင် ထိုင်စောင့်ကျန်နေခဲ့သူက တင်မို့မို့အေး။

"ကိစ္စပြီးခဲ့ပြီလား အစ်ကိုကြီး... "

ဘော့(စ်)တောင်မဟုတ်တော့။

ရာထူးထက်အဆင့်မြင့်သော အခေါ်မျိုးဖြင့် ခေါ်လိုက်ပါသည်

အစ်ကိုကြီး... တဲ့လေ။

ဝှဒ်... ။

ဦးဘကလေးသည် တင်မို့မို့အေးနှင့်တွဲပြီး တင်မို့မို့အေး အလိုကျလုပ်ပေးသည်။ ဝယ်ပေးသည်။ သူလိုချင်တာကိုလည်း ရယူသည်။

သူ့ခံစားမှုတွေအားရတော့ တင်မို့မို့အေးကို

www.burmeseclassic.com



အကြောင်းရှာ အလုပ်ဖြုတ်ပစ်လိုက်သည်။

တင်မို့မို့အေးက သူ့အားဘယ်သို့ရစ်ပြီး ဘယ်သို့ပတ် ဘယ်သို့ညစ်တော့မည်ကို ရိပ်မိထားသည့်အားလျော်စွာ ဦးဘကလေးက တင်မို့မို့အေးနှင့် ခံစားချက်တွေပြည့်ဝပြီဆိုတော့ အကြောင်းရှာ အလုပ်ဖြုတ်ပစ်လိုက်သည်။

ယွန်းတော့။ ညောင်းတော့။

သုံးလစာပါ လိုတာထက်ပိုပေးလိုက်သည်။

ဘကလေးပဲ။ မင်းတို့ထက်လည်လို့ ငါးတန်းခြောက်တန်းပညာနဲ့ ဒီကုမ္ပဏီပိုင်ရှင်ဖြစ်လာတာ။

တင်မို့မို့အေးကတော့ သူမအတိတ်မှ တွေ့ခဲ့တဲ့ လူတွေလို အသာကလေး ညာလို့ရမည်ထင်သည်။

သူမရည်ရွယ်ချက်က မာယာဖြင့် အထိအတွေ့ဖြင့် ဦးဘကလေးကို စည်းရုံးသိမ်းသွင်းပြီး လက်ထပ်မည်အထိ ရည်ရွယ်ထားသည်။

သားသမီးများရှိမှန်းသိသော်လည်း တစ်နေ့ ဦးဘကလေးကို ကြိုးကိုင်နိုင်လျှင် အဘိုးကြီးရဲ့ရှိပစ္စည်းတွေ သူမရင်ခွင်ထဲ ပြုတ်ကျချည်ရဲ့လို့ ခေတ်မီဖြတ်လမ်းအတွေးအခေါ်ဖြင့် တွေးခေါ်ခဲ့သည်။

တကယ်ပြုတ်ကျသွားတာက အဘိုးကြီး သို့မဟုတ် အဘိုးကြီးရဲ့ပစ္စည်းတွေမဟုတ်။



သူမပဲ ဖြစ်သည်။

သူမ နှုတ်ခမ်းကိုက်သည်။ အံကြိတ်သည်။ ရင်တွင်းမှ ကျိန်ဆဲသည်။

ကြိမ်းဝါးလိုက်ပုံက...

တစ်နေ့တွေ့ကြသေးတာပေါ့တဲ့။

သူမသည် အဘိုးကြီး၏ဇာတ်လမ်းထဲတွင် ဦးအာကာထက်နှင့် မတည့်ကြပုံတွေ ဆန့်ကျင်ဘက်ဖြစ်ကြပုံတွေကိုသိ၏။

ဦးဘကလေးဆီက ခွဲခွာတော့ သူမသည် ဦးဘကလေး၏လုပ်ငန်းများကို ဦးအာကာထက်အား လျှို့ဝှက်အကြောင်းကြား၏။

ဦးဘကလေးနယ်စပ်မှာ မှောင်ခိုလုပ်၍ တစ်ဘက်နိုင်ငံမှ အစိုးရတားမြစ်ထားသော အချိုမှုန့်အထုပ်ပေါင်းမြောက်မြားစွာ ဝယ်ထားပြီး ကားနှင့်နယ်စပ်မှ ဘယ်သို့ဘယ်ပုံ တင်ဆောင်မည်ကို ပြောလိုက်ခဲ့သည်။

ဒါတွေကို ဦးအာကာထက်က ကြားဖြတ်လုလိုက်လျှင် ရသည်။ သို့လင့်ကစား အချိုမှုန့်ထုပ်တွေကို လျှို့ဝှက်သိမ်းဆည်းရတာက တစ်ဒုက္ခ၊ လျှို့ဝှက်ဖြန့်ချိရတာက တစ်ဒုက္ခ။

သည်ဒုက္ခတွေကို သူမလိုချင်

www.burmeseclassic.com



အဲသည်တော့ ရှာဖွေရေးနှင့် ရဲကို လက်တို့ပြီး အမည်မဖော်ဘဲ လျှို့ဝှက်သတင်းပေးလိုက်သည်။

သူသတင်းပေးတာက မူးယစ်ဆေးဝါး။

ဦးဘကလေးပစ္စည်းတွေ လမ်းမှာသယ်လာခိုက် ရဲကရှာဖွေရေးက စောင့်ဖမ်းတော့ မူးယစ်ဆေးဝါးမဟုတ်ဘဲ အချိုမှုန့်ထုပ်တွေ။

ဘာပဲဖြစ်ဖြစ် တရားမဝင်ပစ္စည်းများအဖြစ် သိမ်းလိုက်သည်။ ပိုင်ရှင်မဲ့ဖမ်းမိတာကြောင့် မီးရှို့ဖျက်ဆီးပစ်လိုက်၏။

ဦးဘကလေးမှာ သိန်းနှစ်ရာဖိုးလောက် အထိနာသွားသည်။ သူသည်းမခံနိုင်။

သူက လိုက်လံစုံစမ်းခိုင်းတော့ မာန်ဝင့်ထယ်က စုံစမ်းပေး၏။ ရှည်ရှည်ဝေးဝေးလက်ညှိုးထိုးဖို့မလို။

ဦးအာကာထက်၏လက်ချက်။

ယမ်းပုံမီးကျတာထက် နျူကလီးယားထိပ်ဖူး ကိုဒုံးကျည်မှန်တာနှင့်မခြား။

ဦးဘကလေး ဒေါသကို မချုပ်တည်းနိုင်တော့။

သည်နေရာမှာ လိမ္မာစွာထိန်းကြောင်းပေးသူက မာန်ဝင့်ထယ်။

မာန်ဝင့်ထယ်သာ သူ့အဖေကို မကိုင်တွယ်



လိုက်လျှင် အဘိုးကြီးလူသတ်မှုနှင့် ထောင်ထဲ တန်းဝင်သွားမှာ သေချာသည်။

သူသတ်ချင်သူက အာကာထက်။

ဒါတွေ ကိုဂျက်စနေက တစိုးတစိပဲ သိထားလိုက်သည်။ ဂျက်စနေက မိုးထဲလေထဲ ကားမောင်းပြီး နေ့လယ်စာစားဖို့ အိမ်သို့ပြန်လာစဉ် ဦးအာကာထက်က သူ့ကားနှင့် လိုက်လာသည်။

ကားမှပျက်စီးသွားတာတွေကို ပြန်ပြင်ပြီး မနေ့ကမှ ဝပ်ရှော့ရုံမှ ထုတ်လာသည်။

ဂျက်စနေကို စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွား၏။ သည်တစ်ခါတော့ သီးသန့်ခန်းကလေးတစ်ခုတွင်းမှာ ဖြစ်သည်။

"မင်းကိုပဲ တိုင်ပင်ရမှာပဲ ကိုဂျက်... ခုနေအခါ ငါ့မှာ ယုံကြည်ရမယ့်လူဆိုလို့ မင်းပဲရှိတယ်..."

"ရပါတယ်..."

"ရပါတယ် မလုပ်နဲ့... ခု ငါပြောမယ့်စကားကို နားထောင်... ငါ့မှာအန္တရာယ်ရှိနေတယ်..."

"ကျွန်တော် သိပါတယ်..."

"ဟောဒီစာအိတ်ကို သေသေချာချာ သိမ်းထား... ဘယ်သူလာတောင်းတောင်း မပေးနဲ့... အချိန်တန်ရင်

www.burmeseclassic.com

www.burmeseclassic.com



ငါ ပြန်ယူမယ်... ”

အဘိုးကြီးက သူ့တိုက်ပုံအင်္ကျီအိတ်ဖြစ်သော အတွင်းအိတ်ထဲမှ စာအိတ်ညိုညို ရှည်ရှည်တစ်စောင် ထုတ်ပေးသည်။ စာအိတ်မှာ လေးလံလံမဟုတ်ဘဲ ပေါ့ ပါးပါးပင်ရှိ၏။

စာအိတ်၏အဖွင့်အပိတ်ကို ပိတ်ထားသော ကြောင့်သာ ဘာပါသည်ကိုတော့ မသိနိုင်ပါ။

“ဒါကို ကျွန်တော် သိမ်းထားရမလား... ”

“အေး... ဟုတ်တယ်... မင်းမိန်းမလည်း မတွေ့စေနဲ့ မသိစေနဲ့... မင်းယောက္ခမလည်း မတွေ့စေ... မ စေနဲ့... အိုကွာ... ဘယ်သူမှမသိစေနဲ့... ”

“စိတ်ချပါ... ”

စာအိတ်ကို ဂျက်စနေလက်ထဲကို ပေးလိုက် တာကြောင့် ဦးအာကာထက်မှာ ပေါ့ပါးသွားပုံရသည်။

“အန်ကယ့်(လ်)မှာ တခြားယုံကြည်ရမယ့်လူ မရှိတော့ ဘူးလား... ”

“မရှိဘူးကွ... လူတွေက ငါ့အသိုင်းအဝိုင်းမှာ ငါ့ ပေါင်းတာ... ရလိုမှုနဲ့ပေါင်းတာပဲ... သူတို့အတွက် ငါကလုပ်ပေးပြီးရင် သူတို့နဲ့ခွာပြဲသွားတာပဲ... တင်း တလေ ငါ စဉ်းစားတယ်... ငါပဲ လွန်သလား... သူ



ပဲ လွန်သလားလို့... ”

“ကျွန်တော်တော့ နားမလည်ဘူး... ”

“ဆိုကြပါစို့ကွာ...ငါ့လုပ်ငန်းမှာ ငါက အဝတ်အထည် ထုတ်လုပ်ရေးနဲ့ လည်ပတ်တယ်... အဲဒီအခါ လုပ် ငန်းရှင်တစ်ဦးက ငါ့ကိုလာ မိတ်ဆက်တယ်... သူက ငါ့ဆီက နည်းပညာလိုချင်တယ်... သူ့လုပ်ငန်းက ပလတ်စတစ်လုပ်ငန်းပေါ့... ဒါပေမယ့် သူ့လုပ်ငန်းက ဟန်မကျဘူး... ငါ့ဆီက နည်းပညာတွေလိုချင်တယ်... ခုခေတ်မှာ မင်းသိတဲ့အတိုင်းပဲ... အဝတ်အထည် လုပ် ငန်းဆိုတာ တွက်ခြေကိုက်တယ်... လိုကယ်မိတ် (Local Made) တစ်ထည်ကို နိုင်ငံခြားတံဆိပ်တစ်ခု တပ်လိုက်ရင် ငါ့စက်ရုံထွက်က ငါးရာဆိုရင် သူတို့က နှစ်ထောင်သုံးထောင်လောက်နဲ့ ရောင်းတယ်... ‘အင်’ ပေါ့ကွာ... ဒါကတော့ မဆန်းပါဘူး... တို့ဆီက ထွက်တဲ့အထည်အလိပ်တွေက အရည်အသွေးကောင်း တော့... နယ်စပ်ကဝယ်ပြီး ဘာတံဆိပ် ညာတံဆိပ်တွေ တပ်ပြီး... ထဘီအဖြစ် ပြန်ရောင်းကြတာပဲ... ဥပမာ ပါတိတ်ထဘီတို့ ဘာတို့ပေါ့... တို့ဆီက ဝယ်တော့ တစ်ထည်ကို နှစ်ရာဈေးထားပြီးဝယ်... သူတို့ဆီက တံဆိပ်အမျိုးမျိုးတပ်ပြီး ပြန်ရောင်းတော့ နှစ်ရာတန်က

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်သုံးထောင်တန်ဖြစ်တာပေါ့... ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တာပေါ့... ”

“အန်ကယ်(လ်)ဆီလာတဲ့လူက... ”

“ငါက မြန်မာလေ... မြန်မာဆိုတာ သဘောကောင်းတယ်... မြန်မာ... မြန်မာချင်းဆိုတော့ ပိုသဘောကောင်းတယ်... ငါ့ဆီလာတောင်းတဲ့လူဆို ငါက နည်းပညာပေးတယ်... အကြံဉာဏ်ပေးတယ်... ကုန်ကုန်ဆိုကြပါစို့ကွာ... ပစ္စည်းအတုလုပ်နည်းကအစ ပေးလိုက်တယ်... အဲဒီပုဂ္ဂိုလ်က အလုပ်ဖြစ်လို့ ထော သွားရောဆိုပါစို့ကွာ... အဲဒီမှာ ငါနဲ့ပခုံးချင်းယှဉ်တော့ တာပဲ... ဒီတော့ သူက ငါ့ကို ကျေးဇူးတရားကန်း တာနဲ့ မတူဘူးလား... ”

“သတ်တောင်ပစ်ဖို့ ကောင်းတယ်... ”

“ငါ့စေတနာကို စော်ကားသွားတာပဲကွ... ငါ့ပတ်ဝန်းကျင်မှာ ဒီလို လူမျိုးတွေချည်းပဲ... ဒီတော့ ငါ ဘယ်လိုလုပ်ယုံရမလဲ... အဲဒီတော့ ငါလည်း ပုထုဇဉ်လူသားပဲ... တန်ပြန်ပြောမိဆိုမိ လုပ်မိတာပေါ့... ”

“စေတနာသည် လူတိုင်းနဲ့ မတန်ဆိုတဲ့စကားလေး ကို အန်ကယ်(လ်) သတိထားလိုက်မှပေါ့... ”

“အဲဒီစကားက အင်မတန်မှန်ပဲ... မင်းက ငါ့အပေါ်



အသက်နဲ့ရင်းပြီး စေတနာရှိတယ်... ဒီတော့ မင်းကို ငါ ယုံတယ်... ဒီစာအိတ်ကို သိမ်းထားပါ... ဘာလဲ မင်းမျက်နှာကြည့်ရတာ ဒီစာအိတ်နဲ့ ပတ်သက်ပြီး မေးမြန်းချင်ပုံပဲ... ဆောရီးကွာ... အချိန်မဟုတ်သေးတော့ ပြောလို့ကို မဖြစ်သေးဘူး... အချိန်တန်လို့ ဒီစာအိတ်ကို ငါ ပြန်ယူတဲ့အခါ... မင်းကိုကောင်းကောင်း ကျေးဇူးဆပ်ပါ့မယ်ကွာ... ”

“ဖြစ်ပါတယ်... ကျေးဇူးဆပ်ဖို့ မလိုပါဘူး... အန်ကယ်(လ်)နဲ့ ကျွန်တော်ဟာ တစ်ဦးနဲ့တစ်ဦး နားလည်ကြပါတယ်... နားလည်ရေးစာချုပ်တောင် ချုပ်ဖို့ မလိုပါဘူး... ”

သည်စကားကြောင့်ဦးအာကာထက်ကသဘောကျသလိုပြုံးသည်။

ဂျက်စနေကလည်း ပြုံးပြသည်။

“မင်းပြုံးရင် အတော်ချစ်စရာကောင်းတာပဲ... ငါ့မှာ မင်းလို သားလေးတစ်ယောက်ရှိရင် ကောင်းမယ်”

“အန်ကယ်(လ်)အိမ်ထောင်က... ”

“ဆုံးတာကြာပါပြီကွာ... သားသမီးလည်းတစ်ယောက်မှ ဆုံးပြီး နောက်ထပ် မထွန်းကားခဲ့ပါဘူး... ”

“ကျွန်တော် သိချင်တာလေးတော့ မေးပါရစေ... ”

www.burmeseclassic.com

www.burmeseclassic.com

"ဆို..."

"အန်ကယ်(လ်)နဲ့ ဒက်ဒီက ဘယ်လိုမတည့်ကြတာလဲ..."

"အင်း... မင်းမေးထိုက်စရာဆိုလည်း မေးထိုက်စရာပဲ... မင်းက မင်းယောက္ခမကို ဘယ်လိုမြင်သလဲ"

"ကျွန်တော် မဝေဖန်လိုပါဘူး... ပုဂ္ဂိုလ်ရေးဝေဖန်မှုဆိုတာကလည်း အကောင်းအဆိုးဒွန်တွဲနေမှကောင်းတာ..."

"ငါ့ကိုကော ဘယ်လိုမြင်သလဲ..."

"အန်ကယ်(လ်)ကိုလည်း ကျွန်တော် မဝေဖန်လိုဘူး"

"အေးလေ... ဝေဖန်ရေးဆိုတာ မျှတမှု လွတ်လပ်မှုတွေနဲ့ ပြည့်စုံမှကောင်းတာ... လောကပါလတရားနဲ့ကြည့်ရင် ဝေဖန်ရေးဆိုတာ မရှိလိုက်ဘူး... ဆင်ခြင်သုံးသပ်ရေးပဲ ရှိတတ်တာပဲ... လူဟာအတ္တနဲ့မွေးလာပြီး အတ္တနဲ့သေကြတော့ ဝေဖန်ရေးဟာလည်း အတ္တပဲရှိမှာပဲ... ဆင်ခြင်သုံးသပ်ရေးက ကောင်းကျိုးဆိုးကျိုးနှစ်ခုကို ခွဲခြားနိုင်တယ်..."

"အန်ကယ့်(လ်)ဒဿနိကကော ဘယ်ဆိုးလို့လဲ..."

"ဒဿနိကပိုင်ရင် လောကကြီးကို ပြောင်းပြန်လှန်လို့ရတယ်ကွ... မာ့(တ်)စ်တို့၊ အိန်ဂျယ်(လ်)တို့၊ လီနင်တို့က ဒဿနိကပိုင်သလိုလိုနဲ့ လောကကြီးကိုပြောင်းပြန်လှန်တယ်... လောကကြီးဆိုတာ လူတွေကြောင့်လောကဖြစ်တော့ လူတွေပါပြောင်းပြန်လှန်ပစ်လိုက်တာပေါ့... ဟဲ... ဟဲ... ဟဲ... ဒါပေမယ့် ဘုရားကလွဲပြီး ဘယ်ဒဿနိမှ မမှန်ပါဘူးကွာ..."

စားသောက်လို့ပြီးသွားကြတော့ ဦးအာကာသက်က စားသောက်ဖိုးတွေကို ရှင်းလိုက်သည်။

"ကျွန်တော့်အလှည့်မရှိဘူး... အန်ကယ့်(လ်)အလှည့်ချည်းပဲ... ကျွန်တော် အားနာတယ် အန်ကယ်(လ်)... တစ်နေ့ကျရင်တော့ ကျွန်တော့်အလှည့်ကြုံလာမှာပဲ"

"မင်းဟာ မြစ်ဆိုတဲ့အမည်ပဲရှိတယ်... ရေမရှိဘူး... ထမင်းအိုးဆိုတဲ့အမည်ပဲရှိတယ်... ဆန်မရှိဘူး..."

ဂျက်စနေ ရက်ပြုံးလေးပြုံးလိုက်သည်။

"ကျွန်တော် နားလည်ပါတယ်... သူဌေးသားမက်ဆိုတဲ့အမည်ပဲရှိတယ်... ငွေဝိုင်းဗလာ..."

"အား... ဟား... ဟား... မင်း နားလည်သားပဲ... ကဲ... တို့လမ်းခွဲကြစို့..."

သူတို့ ကိုယ့်ကားနှင့်ကိုယ် ပြန်လာကြသည်။

သည်တစ်ခါတော့ ဦးအာကာထက်က သူ့အိမ်လိပ်စာပါသော ဗစ်စစ်တင်းကတ်ကို ပေးလိုက်သည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ကို လာလည်ပါရန် ပြောလိုက်သည်။

ဂျက်စနေကုမ္ပဏီသို့ သွားသည်။

သည်ကနေ့ နိုင်ငံခြားသားနှစ်ဦးနှင့် တွေ့စရာရှိသည်။ ဟောင်ကောင်မှ တရုတ်အမျိုးသားနှစ်ယောက်ဖြစ်သည်။

လုပ်ငန်းနှင့်ပတ်သက်၍ အင်္ဂလိပ်လိုပြောလာသော ထိုတရုတ်အမျိုးသားနှစ်ယောက်နှင့် ဆဲရေးမှုနှစ်ခု သာ အင်္ဂလိပ်လိုတတ်သော ဦးဘကလေး၏ကြားတွင် ဂျက်စနေက စကားပြန်လုပ်ပေးရသည်။ သူများတွေ စကားပြန်လုပ်လျှင် ပိုက်ဆံရသည်။ သူ့မှာလေကုန်သည်။ ငွေပုံကမလာ။ အလကား၊ ဖရီး၊ နိမ်းဟေး။

သူတို့ပြန်လာသည်။

သည်ညနေတွင် ပန်းဝါခိုင် ရွှင်ပျနေသည်။ မော်တော်ဆိုင်ကယ်တစ်စီး ထွက်သွားလို့ ကတိအတိုင်း မာန်ဝင့်ထယ်က ငွေလေးသောင်းထပ်ပေး၏။

တကယ်တော့ မာန်ဝင့်ထယ် ကလိန်ကကျစ်ကျလိုက်တာကို ပန်းဝါခိုင်မသိ။

ဆိုင်ကယ်အမြတ်ငွေတွေမှာ တစ်သိန်းမဟုတ်။

တစ်သိန်းခုနစ်သောင်းဖြစ်သည်။

ဒါကို မာန်ဝင့်ထယ်က တစ်သိန်းဟုလိမ်ပြော

ခဲ့၏။

သူတို့၏စီးပွားရေးလောကတွင် တစ်ယောက်ကို တစ်ယောက် ဖျံကျရာ၌ ညီအစ်ကိုမောင်နှမချင်း၊ သားအဖချင်းပါလားဟူသော အသိတရားမရှိကြတော့။

ဂျက်စနေကို အောက်တွင်ထားပြီး အဘိုးကြီးအပေါ်တက်သွားသည်။

ဂျက်စနေက ရေချိုးနေသည်။

သူ့အတွက် သွားတိုက်ဆေး၊ သွားပွတ်တံ၊ မျက်နှာသုတ်ပဝါကို ပန်းဝါခိုင်က ယူပေးရကောင်းမှန်းမသိ။

ကိုယ့်ဟာကိုယ်ပဲ ဂျက်စနေ ယူငင်ပြီး ရေချိုး၏။ ပန်းဝါခိုင်က သူ့အား သူမ ထမင်းစားပြီးကြောင်းပြောသည်။

လင်ရယ် မယားရယ်လို့ လက်ဆုံစားရတာနည်းသည်။

သူရေချိုးထွက်လာ အဝတ်အစားလဲချိန်မှာ

"ပန်းဝါခိုင်... မာန်ဝင့်... ဟိုကောင် ဂျက်... ရွှန်းလဲ့"

ခေါ်သံက အိမ်ရှေ့မှထွက်လာသည်။ ရိုးရိုးခေါ်သံမဟုတ်ဘဲ ဒေါသသံပါနေသည်။

အဖေကိုတော့ ကြောက်ကြသည်။

မောင်နှမနှစ်ယောက်လုံး အိမ်ရှေ့ရောက်လာ

www.burmeseclassic.com

ကြသည်။ စနေက နောက်မှရောက်သည်။ ပြီးတော့မှ ရွှန်းလဲ့ဝါ။

အဘိုးကြီးမျက်နှာညိုပုပ်နေသည်။

သူ့လက်ထဲတွင် တစ်ထောင်တန်တွေရော ငါးရာတန်တွေရော ငွေစက္ကူတစ်ထပ်ကြီးကိုင်ဟားသည်။

ယင်းငွေစက္ကူတွေကို စားပွဲပေါ်ဖုတ်ခနဲ ပစ်ချလိုက်သည်။

"ငွေနှစ်သောင်း ပျောက်နေတယ်... "

သူ့အသံက ဒေါသသံနှင့် သံပြင်း။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ အံ့အားသင့်သွားကြသည့်ပုံ။

"ဘယ်လို ပျောက်တာလဲ ဒက်ဒီ... "

မာန်ဝင့်ထယ် မေးလိုက်ပုံက မဝံ့မရဲ။

အဘိုးကြီးက သူ့ကိုသူငယ်ချင်းလိုပေါင်းပေမယ့် စိတ်မထင်လျှင် တီးတတ်သည်။

"အဝတ်စက်ရုံကို ငွေဆယ့်ငါးသိန်းစရန်ပေးထားလိုက်တယ်... ဒီအထဲမှာ အားလုံးတစ်သိန်းသုံးသောင်းကျန်တယ်... အခု တစ်သိန်းတစ်သောင်းပဲ ရှိတယ်... နှစ်သောင်းပျောက်သွားပြီ... ဒါဟာ မရိုးဘူး... "

"ဒက်ဒီရယ်... အသုံးများမှားသလား... "



"မမှားဘူး သမီး... ဒီငွေတွေကို ဒက်ဒီ ဗီရိုအပေါ်ထပ်မှာပဲ တင်ထားပြီး လုံးဝထိတာမဟုတ်ဘူး... ကျန်ငွေကို ချက်(က်)နဲ့ပဲပေးဖို့ရှိတာ... အခုဟာကလည်း အဝတ်စက်ရုံက ငွေသားချည်းလိုချင်ပါတယ်ဆိုလို့ ဆယ့်ငါးသိန်းငွေသားချည်း ပေးတာ... "

"ဒက်ဒီဘဏ်က ထုတ်တုန်းက ဘယ်လောက်ထုတ်လဲ... "

"သိန်းနှစ်ဆယ်ထုတ်တယ်... ဆယ့်ခြောက်သိန်းသုံးသောင်းကို ဒက်ဒီ ချန်ထားတာ... အခု... ဟာကွာ... ရှင်းနေရတာ စိတ်ရှုပ်တယ်... ဒီငွေဟာ သူ့ဟာသူ ခြေထောက်ပေါက်ပြီး ဗီရိုထဲက ထွက်ပြေးတာမဟုတ်ဘူး... တစ်ယောက်ယောက် မရိုးမသားလုပ်လိုက်လို့ပဲ... "

"အမယ်လေး... သမီးတို့တော့ အရှင်းကြီး... သမီးမှာ သမီးငွေ သမီးရှိတယ်... "

"ကျွန်တော့်မှာလည်း ကျွန်တော့်ငွေရှိတယ်... "

ကျန်နှစ်ယောက်ကတော့ တုံဏှိဘာဝေငေးနေကြ၏။ ရွှန်းလဲ့ဝါနှင့် ဂျက်စနေသည် တစ်ယောက်ကို တစ်ယောက် မသိမသာလှမ်းကြည့်မိကြသည်။

ရွှန်းလဲ့ဝါက ခေါင်းလေးမသိမသာခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါင်းနဲ့ မိငြိမ်းကို မေးကြည့်ပါဦး ဒက်ဒီ... "

"ဟဲ့... သူတို့က ဒီမှာနေတာကြာလှပြီ... တစ်ခါမှ လက် ဆော့ခြေဆော့ မရှိဘူး... ပြီးတော့ ယူရင်လည်း နှစ် သောင်းယူမလား... အနည်းအပါးတော့ ယူမှာပေါ့"

"ကျွန်မ မယူဘူးနော်... ကျွန်မမှာ ဒီလိုအကျင့်မရှိဘူး အန်ကယ်(လ်)... "

တည်ငြိမ်စွာပဲ ရွှန်းလဲ့ဝါက ပြောသည်။

"ကျွန်တော်လည်း မယူဘူး... "

ဂျက်စနေက အေးဆေးစွာပြောသည်။ ပန်းဝါခိုင်သည် ဂျက်စနေဘက်မှ ဘယ်လိုခုခံကာကွယ်ပေးမှုမှ မလုပ်ဘဲ သူမဒက်ဒီအားသာ မငြိမ်းအေးနှင့် ဒေါ်ဒေါင်းကို ခေါ်မေးဖို့ ပြောသည်။ ဦးဘကာလေးက နောက်ဖေးမှ အမျိုးသမီးနှစ်ယောက်ကို ခေါ်သည်။

သူမတို့ကို မေးတော့ သူမတို့ မယူကြောင်း အကြောက်အကန်ပြောကြသည်။

"အေး... ဒီအိမ်မှာ နင့်တို့အပါအဝင် လူခြောက်ယောက် ရှိတယ်... ငါ နှစ်ဆယ့်လေးနာရီ အချိန်ပေးလိုက်မယ်... ငွေနှစ်သောင်း ပျောက်တာထက် ဒီအိမ်မှာ သူခိုးရှိတာ ငါမလိုချင်ဘူး... ရှက်ဖို့ကောင်းတယ်"



"ဟုတ်တယ်... သူခိုးရှိတော့ ရှက်ဖို့ကောင်းတယ်... ငွေနှစ်သောင်းဆိုတာ နည်းတာမဟုတ်ဘူး... ကျွန်တော်တို့က ကိုယ့်ငွေကိုယ်သုံးတဲ့သူတွေ... "

"ပြောကြတာတော့ ကိုယ့်ငွေကိုယ်သုံး ပြောကြတာပဲ မာန်ဝင့်... ဘယ်သူမှ ငါမယုံဘူး... ရွှန်းလဲ့ဝါကိုတော့ ခုလိုပြောရတာ အန်ကယ်(လ်)အားနာပါတယ်ကွယ်... ဒါပေမယ့် သမီး မယူပါဘူးလို့ အန်ကယ်(လ်)မပြောလိုပေမယ့် သမီးလည်း ဒီမှာနေနေတဲ့လူ ဖြစ်နေတယ်"

ပြောပြီး ဦးဘကာလေးက အားလုံးကိုအကဲခတ်လိုက်သည်။

ဂျက်စနေနှင့် ရွှန်းလဲ့ဝါမှလွဲလျှင် အားလုံး မျက်နှာထားတင်းတင်းပင်ဖြစ်သည်။

"ကောင်းပြီ... နှစ်ဆယ့်လေးနာရီ အချိန်ပေးလိုက်မယ်... နှစ်ဆယ့်လေးနာရီ မပြည့်ခင်မှာ ခိုးမိ... အဲ... ယူမိတဲ့လူက ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံတဲ့သဘောနဲ့ စာကလေးရေးပြီး ငါ့အိပ်ခန်းဘေးက စားပွဲပေါ်မှာ လာချထားလိုက်ပါ... အဲဒါကို ဘယ်သူမှ မသိစေရဘူး... ကြားကြလား... "

"ဟုတ်... ဟုတ်ကဲ့... "

ဒေါ်ဒေါင်း၏အသံ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘဘကြီး... "

မငြိမ်းအေးပြောလိုက်သံ။

ကျန်လူတွေက တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မေးငေါ့မေးကြသည်။ ခေါင်းလည်းခါသည်။

မာန်ဝင့်ထယ်က ဂျက်စနေကို စူးစိုက်ကြည့်သည်။

ဂျက်စနေကလည်း စိမ်းစိမ်းပဲပြန်ကြည့်သည်။ မာန်ဝင့်ထယ်မျက်နှာလွှဲသွားသည်။

"မင်းတို့ သွားနိုင်ပြီ... "

အပြင်တွင် တီးတိုးသံတွေ ကြားရသည်။ ယူသည့်လူကို မကျေနပ်ချက်ပြောသံတွေပဲ ဖြစ်သည်။

ဂျက်စနေကို ပန်းဝါခိုင်က လက်ဆွဲ၍ အိပ်ခန်းထဲ ခေါ်သွားသည်။

သူမမျက်နှာက တစ်စုံတစ်ခု အလိုမကျသလို ဖြစ်နေသည်။

"ဂျက် ဖြေစမ်း... နင့်အဖေနဲ့အမေကို ပေးတဲ့ ငွေနှစ်သောင်း ဘယ်ကရသလဲ... "

"ဘာလဲ... နင်က ငါ့ကို... သူခိုးလို့ စွပ်စွဲချင်တာလား"

"ဒီငွေနှစ်သောင်းကို နင် ဘယ်ကရသလဲဆိုတာ ငါ့ကို မပြောခဲ့ဘူး... နင့်အဖေနဲ့အမေကို ပေးဖို့ငွေနှစ်သောင်း



ကို နင် ဘယ်လိုနည်းနဲ့မှ မရှာနိုင်ဘူး... "

"နင်က ငါ့ကို အထင်သေးလှချည်လား... "

"နင် ဒီငွေနှစ်သောင်း ဘယ်ကရသလဲဆိုတာ ပြောလေ... "

စနေ့ရင်တွင်းမှာ ဒေါသထောင်းခနဲ ဖြစ်လာသည်။ သူ့အား အထင်သေးအမြင်သေးစကားတွေ ပြောလာချေပြီ။

"ငါ ဘယ်ကရရ နင့်ကို ပြောလို့မဖြစ်ဘူး... "

"ဘာမဖြစ်ရမှာလဲ ဂျက်... နင် ယူလာတာ ရိုးရိုးသားသားဆိုရင် ပြောရဲရမှာပေါ့... "

ဂျက်စနေက ဦးအာကာထက်ဆီမှ ရသည်ဟု မပြောချင်ပါ။ သူနှင့် ဦးအာကာထက် ဆက်သွယ်နေမှန်း ဦးဘကလေး သိလျှင် မိုးမီးလောင်သွားနိုင်သည်။

ပေါက်ကွဲကုန်ကြမည်။

မိမိနှင့် ယောက္ခမနှာပြဲရုံရှိမည်။

"နေစမ်းပါဟာ... ဒီငွေဟာ... ငါ ရိုးရိုးသားသား ရှာထားတဲ့ငွေတွေပါ... အခု ပျောက်တဲ့ငွေနဲ့ ဘာမှမဆိုင်ဘူး... "

"ဂျက်နော်... နင် မဟုတ်တာတွေ လုပ်မနေနဲ့နော်... နင့်အတွက် ငါ ရင်ပူတယ်... "

www.burmeseclassic.com



"ပူလည်း မတတ်နိုင်ဘူးလေ... "

ပြောလည်းပြော ဒေါ်လေး မောလေးနှင့် ဂျက်စနေ ထွက်သွားသည်။

သူနည်းတူပင် ပန်းဝါခိုင် ဒေါ်သဖြစ်လျက် ခုတင်ပေါ် ဆောင့်ထိုင်ချလိုက်သည်။

အိမ်တွင်းမှာက သာယာမှုမရှိတော့။



## ဇာတ်လမ်းစဉ် (၈)

နှစ်ဆယ့်လေးနာရီ ပြည့်ခဲ့ပြီ။

မည်သူ့ဆီကမှ ဝန်ခံချက်မရ။

ဦးဘကလေး ဒေါ်သူပုန်ထတော့သည်။

သူကအားလုံးကိုပြောသည်။

နောက်ထပ်နှစ်ဆယ့်လေးနာရီ အချိန်ထပ်ပေးမည်။ တရားခံမပေါ်လို့ကတော့ အိမ်ရှိလူတွေအားလုံး အိမ်ပေါ်မှဆင်းရမည်ဟု ရာဇသံထုတ်သည်။

လူတွေ တီးတိုးတီးတိုး ခေါင်းရိုက်ကြသည်။

သည်အတွင်း မငြိမ်းအေးက မှုပျက်သည်ဟု ရှန်းလုံဝါကထင်သည်။ မငြိမ်းအေးသည်ရှန်းလုံဝါကို တစ်ခုခု ပြောချင်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမသည် ချိတုံချတုံဖြစ်ပြီးမှ ထွက်
သွားတာကို ရွှန်းလဲ့ဝါ အကဲခတ်မိသည်။

မိငြိမ်းအေးသည် သူမ၏အပြစ်ကို သူမ ဝန်
ချင်ဟန်ရှိသည်ဟု ရွှန်းလဲ့ဝါ ထင်သည်။

မသင်္ကာလည်း ဖြစ်မိသည်။ သို့တစေ တို
ရိုက်မော့ မမော့ပါ။

နှစ်ဆယ့်လေးနာရီ မပြည့်မီပင် ပြဿနာဖြ
လာ၏။

အဲသည်နေ့က ဂျက်စနေ အအေးမိကာ
မကောင်းချင်သလို ဖြစ်နေသောကြောင့် ဦးဘကလေး
လိုက်မပို့ဖြစ်။

သူ့အိပ်ရာထဲမှာပင် သူ လှဲနေသည်။

မနက်ဆယ့်တစ်နာရီလောက်မှာ ရွှန်းလဲ့ဝါ
ကျောင်းမသွားဖြစ်ဘဲ အိမ်တွင်ရှိနေသည်။

ဧည့်ခန်းတွင် ပန်းဝါခိုင်က စာဖတ်နေသည်
ဖြုန်းချင်း ဒိုင်းချင်း ဦးဘကလေး ပါလာသည်
မာန်ဝင့်ထယ်လည်း လိုက်လာသည်။

"ဟိုကောင် အိပ်နေလား... "

စာဖတ်နေသော ပန်းဝါခိုင်ကို ဦးဘကလေး
မေးသည်။ ဦးဘကလေး မျက်နှာမှာ အလိုမကျဘဲ



သုန်မှုန်မှုန်။ မျက်မှောင်ကြီးကလည်း ကြုတ်နေလိုက်သေး။

"ကိုဂျက်... ကိုဂျက်... ဒက်ဒီခေါ်နေတယ်... "

ပန်းဝါခိုင် အသံစူးစူးလေးကြောင့် ဂျက်စနေက အိပ်ခန်းထဲမှ ထွက်လာသည်။

"ဘာလဲ ပန်းဝါ... "

"ဟော့ကောင် ထိုင်ဦး... "

ဒက်ဒီနှင့် မာန်ဝင့်ထယ်က မတ်တတ်။

ဂျက်စနေက ဝင်ထိုင်သည်။ ဆံပင်စုတ်ဖွားနှင့် ဂျာကင်ဝတ်ထားသော ဂျက်စနေ၏မျက်နှာကို ဦးဘကလေးက စူးစိမ်းစိမ်းကြည့်သည်။

မာန်ဝင့်ထယ်က ခေါင်းထောက်ကာ သူ့အဖေလိုပဲ အောက်သိုးသိုးမျက်နှာထားနေသည်။

"ဂျက်... ဟော့ကောင်... မင်းအဖေနဲ့ ဒီနေ့တွေ့ခဲ့တယ်... မင်းအဖေကို မင်းက ငွေနှစ်သောင်း ပေးခဲ့တယ်ဆို"

"ခင်ဗျာ... "

"ဘာ ခင်ဗျာလဲ... စကားစပ်မိရင်းက မင်း သူတို့ကို ဘုရားသွားဖူးဖို့ ငွေနှစ်သောင်းပေးလိုက်တယ်ဆို"

"ဟုတ်ပါတယ်... "

"ဒီငွေနှစ်သောင်း ဘယ်ကရသလဲ... "

လာပြန်ပြီ ဒီငွေနှစ်သောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေ၏ စိတ်ထဲ ရေရွတ်လိုက်သည်။ တကယ်တော့ သူ့အပြစ်ပါပဲ။ တကယ်ဆို ဒီငွေနှစ်သောင်း ပေးတာနှင့် ပတ်သက်ပြီး ဘယ်သူ့ကိုမှ မပြောဖို့ ဖေဖေ မေမေ တို့ကို နှုတ်ပိတ်ခဲ့ဖို့ကောင်းသည်။

"ပြောလေ... ဒီငွေနှစ်သောင်း ဘယ်ကရလဲ... "

ပန်းဝါခိုင်၏မျက်လုံးများသည် ကိုဂျက်အပေါ်တွင် စူးစိုက်ကြည့်နေသည်။ အပြစ်တင်လိုခြင်း၊ ဒေါသဖြစ်ခြင်း မျက်လုံးများ။

"ကျွန်တော့်နည်းနဲ့ ကျွန်တော် ရှာလိုက်တာပါ... "

"ဘယ်လိုရှာတာလဲ... "

"ဒါကိုတော့ ကျွန်တော် ပြောလို့မဖြစ်ဘူး... "

"ဘယ်ဖြစ်မလဲ... ခိုးတာပဲ... မင်း... ငါ့အိပ်ခန်းထဲဝင်ရှာလိုက်တာ မဟုတ်လား... "

"မဟုတ်ဘူး... "

"ဘာမဟုတ်ရမှာလဲ... သူခိုး... "

"ကျွန်တော် သူခိုးမဟုတ်ဘူး ဒက်ဒီ... ကျွန်တော့် ဒက်ဒီ့ပိုက်ဆံ မခိုးဘူး... "

"ဂျက်... မင်း မဟုတ်တာတွေ မပြောနဲ့... ဟုတ်တာပြော... မင်း ခိုးတာ ခိုးတာပေါ့... ပန်းဝါသမီး နင့်ယောကျ်ားဟာ သူခိုးပဲ... "



"ကိုဂျက်... နင်... နင်... ငါ ရှက်တယ်... နင်သူခိုး"

"ပန်းဝါ... ငါ ပြောပါရစေဦးဟာ... ငါ... နင့်အဖေ ပိုက်ဆံကို စိတ်နဲ့တောင် မပြစ်မှားဘူး... အခုဟာ..."

"ဘာမပြစ်မှားတာလဲ... ခိုးထုပ်ခိုးထည်နဲ့ ပေါ်နေပြီပဲ... နင့်အဖေအမေကို ပေးတဲ့ပိုက်ဆံဟာ ဘယ်က ပိုက်ဆံလဲ... နင်ဒက်ဒီ့ဆီက ခိုးလို့ရတဲ့ပိုက်ဆံ... "

"မဟုတ်ဘူး... မဟုတ်ဘူး... နင်... ငါ့ကို မစွပ်စွဲနဲ့"

"ဟေ့ကောင်... မင်းက သက်သေနဲ့ တွေ့တောင် လိမ်ချင်သေးသလား... "

"ကျွန်တော် ရှင်းပြ... "

"ဟာ... ဘာရှင်းပြရမှာလဲ... သူခိုးဟာ သူခိုးပဲ... "

မာန်ဝင့်ထယ်က ဒေါသတကြီး ဝင်ပါလာသည်။ သူက နဂိုကတည်းက ငြိုးမာန်ဖွဲ့ခဲ့သူ။

"ရှက်တယ်... သမီး ရှက်တယ်... ဒက်ဒီ... "

ပန်းဝါခိုင်က ပြောလည်းပြော ထလည်းပြေးဖြင့် ဂျက်စနေက စိုးရိမ်စွာ...

"ပန်းဝါ... ပန်းဝါ... ငါ ရှင်းပြပါရစေဦး... "

"မင်းက ဘာရှင်းမှာလဲ... ခိုးတာဟာ ခိုးတာပဲ... "

"ကိုမာန်... ခင်ဗျား မပါနဲ့ဗျာ... ကျွန်တော်တို့လင်မယား ရှင်းတာပဲ... ခင်ဗျားနဲ့မဆိုင်ဘူး... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာ… မင်းက လှုပါးဝစကားပြောတာလဲ… "

စကားနှင့်မပြီး လက်ဝါဝင်သွားသည်။

ခွပ်…

မေးကို လက်သီးအဝင်ခံရသဖြင့် ဂျက်စနေ မျက်လုံးထဲ မီးပွင့်သွားသည်။ မေးရိုးမှာလည်း နာပြီး ကျင်တက်သွားသည်။

သူသည်လည်း ပေါက်ကွဲသွားသည်။ ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ…

"ကိုင်းကွာ… ငါ့ကိုထိုးရင် မင်းကိုလည်း ထိုးတယ်ကွာ… "

ခွပ်…

ခွပ်…

ဒုတ်…

"အား… "

ဘယ်ဝိုက်ညာဝိုက် လက်သီးတွေက တစ်ချက်ပြီးတစ်ချက် ဝင်သွားသည်။ မာန်ဝင့်ထယ် ကောင်းကောင်းကြီးခံလိုက်ရသည်။

မေးရိုးတွေ ပြုတ်ထွက်သွားပြီလားထင်ရအောင် လက်သီးတွေက ပြင်းထန်ပါပေ့။ မြန်လိုက်တာလည်း လွန်ရောပဲ။



နောက်ဆုံး လက်ဝါးစောင်းက သူ့လည်ပင်းစောင်းထဲ ခုတ်ချပြီးဖြစ်သည်။

တစ်ချက်သာအော်၍ ဆိုဖာပေါ် ပုံလဲကျသွားတော့သည်။

ဆူဆူညံညံတွေဖြစ်ကုန်သဖြင့် အိမ်နောက်ဖေးခန်းထဲမှ ရွှန်းလဲ့အပါ မိန်းမသားသုံးယောက် ပြေးထွက်လာကြသည်။

ဦးဘကလေးက သူ့သားကို ပြေးပွေ့သည်။ ဒေါသနှင့်မော်ကြည့်သည်။

"ဟေ့ကောင် ခွေးတိရစ္ဆာန်… ခွေးလိုကိုက်တယ်… ငါ့သားကိုထိုးတယ်… "

"ဟုတ်တယ်… သူ… ကျွန်တော့်ကို ထိုးလို့ ကျွန်တော်ပြန်ထိုးတာ… ဘာဖြစ်သလဲ… ဒက်ဒီထိုးရင် ကျွန်တော်ခံမယ်… ကျွန်တော့်အသားကို တော်ရုံလူ လာထိလို့မရဘူး… "

"မင်း… မင်း… ခွေး… ခွေး… သူခိုး… "

"ကျွန်တော် မခိုးဘူး… မစွပ်စွဲနဲ့… "

"မင်း… ငါ့အိမ်ကဆင်းသွား… "

"ဆင်းမှာပါ… "

"ဟင်… ကိုကို… "

www.burmeseclassic.com

www.burmeseclassic.com

ပန်းဝါခိုင်သည် သူမကိုကို လဲနေတာတွေ့သဖြင့် အပြေးကလေးလာသည်။ ပွေ့ယူသည်။

"ဒက်ဒီ... သွေးတွေ... သွေးတွေ..."

မှာန်ဝင့်ထယ်၏ပါးစောင်မှ စီးကျလာသော သွေးများကြောင့် ပန်းဝါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ပန်းဝါခိုင်ကို ဂျက်စနေ တွေတွေကြီးကြည့်နေ၏။

"ကိုကို... ကိုကို... ဒက်ဒီ လုပ်ပါဦး... ဒီမှာ ကိုကိုကို ခေါ်လို့မရတော့ဘူး..."

"မေ့နေတာပါ သမီး..."

ဦးဘာကလေးက ပြန်ပြော၍ ဂျက်စနေဘက် ဒေါသတကြီးလှည့်ကြည့်ကာ...

"မဟုတ်ကောင်... ဆင်း... အခု အိမ်ကဆင်း..."

"မှတ်တယ်... နင် မိုက်ရိုင်းတယ်... ငါ့အစ်ကိုကို ထိုးတယ်... နင် အခု အိမ်ကဆင်းသွား... နင့်မျက်နှာ ငါ မကြည့်ချင်ဘူး..."

"ငါ့ကို နှိမ်လို့ ငါ သည်းခံတာများပြီ... နင်တို့အိမ်မှာ များ နေချင်တယ်လို့... နင်တို့က အောက်မေ့နေသလား... ဟင်း... တောက်... တစ်မိနစ်... တစ်စက္ကန့် တောင် ငါကနေချင်တာမဟုတ်ဘူး... နင်တို့သိအောင် ငါ ပြောမယ်... ငါ သူခိုးမဟုတ်ဘူး... မှတ်ထား..."



ဒေါသနှင့် ပြော၍ ဂျက်စနေ အိပ်ခန်းထဲဝင်သွားသည်။

သူ့ဗီရိုထဲမှ အဝတ်အစားတွေကို ခရီးဆောင်အိတ်တစ်ခုထဲ ထည့်သည်။ သူ ဒေါသတွေထွက်နေသည်။ လူသတ်ချင်စိတ်ကိုပေါက်နေသည်။ ဦးအာကာထက်ပေးသော စာအိတ်ကိုပါ ယူထည့်ပြီး ထွက်လာ၏။

အားလုံးကို မိုက်ဂိုက်နှင့်ကြည့်ပစ်လိုက်သည်။

"ယောက္ခမအိမ်မှာ ဝပ်တွားတွား... သားမက်မကြီးပွား တဲ့... ကျုပ်... ခင်ဗျားတို့ရဲ့အမင်္ဂလာရွှေနန်းတော်ကြီး ဆီက ထွက်သွားပြီမှတ်... ပန်းဝါ... ငါဟာ နင့်လင်... နင်ဟာ ငါ့မယားပဲ... နင်မကျေနပ်ရင် မုန်းရင်... ကွာပစ်လိုက်... ငါအဆင်သင့်... နင်တို့ဒက်ဒီ ငါမခံနိုင်တော့ဘူး..."

ပြောလည်းပြော အိမ်ထဲမှ ထွက်သွားသည်။

"အစ်ကို... အစ်ကို... မသွားပါနဲ့..."

ငိုင်ကြည့်နေသော ရွှန်းလဲ့ဝါ သတိရ၍ လိုက်ခေါ်သည်။ အဘိုးကြီးက လှမ်းအော်သည်။

"ဟဲ့ကောင်မလေး... ဒီအိမ်မှာ သူခိုးကိုလက်မခံဘူး... နင်ပါ အိမ်ကဆင်းသွားရလိမ့်မယ်... လိုက်မခေါ်နဲ့... ဒမ်း(မ်)ရှစ်... ဘူး(လ်)ရှစ်..."

www.burmeseclassic.com

www.burmeseclassic.com

တော်လည်းတော်တဲ့လူကြီး။

မဆိမဆိုင် လက်ပံသား စားနဲ့ချိုင်လိုက်သည့်စကား။

ပြောရက်ပါပေ့။



ကန်ရေပြင်ကို ငေးကြည့်နေ၏။

ဒေါ်သက မပြေသေး။

ရှုခင်းသာပန်းခြံထဲမှာရှိသော ရွှေလက်တွဲကန်သည် ချစ်သူတွေ လာရောက်၍ ချစ်တင်းနှောစကားပြောရာဖြစ်၏။

သူနှင့်မလှမ်းမကမ်းရှိ ပိတောက်ပင်ကြီး၏ ပင်ရင်းမြစ်ခြေတွင် မောင်ရောမေပါ နှစ်ဦးယှဉ်တွဲထိုင်စကားပြောနေကြသည်။

သူဒေါ်သဖြစ်နေသည်က ပန်းဝါခိုင်ကိုပိုဒေါသဖြစ်နေသည်။ လင်ဘက်မှ တစ်ချက်ကလေးမှ မကာကွယ်သည့်ပြင် မိမိကိုပါရောအထင်မှားသည့်အပိုင်းမှာပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မိမိကို ချစ်တယ်ဆိုတာ ဘာချစ်တာလဲ။

ထိုင်၍တွေး၊ တွေးရင်းဒေါသကမပြေ ဖြစ်နေ၏။

ခုအိမ်မှ ဆင်းလာပြီ။

ဘယ်ကိုသွားမလဲ။

ဖေဖေ၊ မေမေတို့အိမ် ရှိတာပဲ။

မိဘဆိုတာ အရေးကျ ကိုယ်အားကိုးနေကြ။

ကုမ္ပဏီကိုလည်း အလုပ်မဆင်းတော့ရန် ဆုံးဖြတ်လိုက်သည်။

သူတို့ဆီမှာ မလုပ်ရလို့ တခြားဆီမှာ သွားလုပ်လျှင် မိမိပညာနှင့် တစ်ဝမ်းတစ်ခါးတော့ ရနိုင်တာပဲ။

အိတ်ကိုဆွဲပြီး ထိုင်ရာမှထလိုက်သည်။

မနီးမဝေးမှ လူတစ်စုကို သူမမြင်။

အဲသည်လူက သုံးယောက်။

သူတို့လက်များထဲ သတင်းစာတွေကိုအလိပ်လိုက် ကိုင်ထားကြသည်။

တစ်နေရာမှ ဂျက်စနေ လှုပ်ရှားပုံကို စောင့်ကြည့်နေကြသည်။

သူတို့ကို သတိမထားမိသော ဂျက်စနေက ပန်းခြံထဲမှအထွက် ရှခင်းသာလမ်းပေါ်အရောက် လူသုံး



ယောက်က သူ့ကိုဝိုင်းလိုက်ကြ၏။

လမ်းပေါ်မှာ ကားသွားကားလာကော လူပါ ပြတ်နေ၏။

လူသုံးယောက်၏ပုံမှာ ဒုစရိုက်ပေးမည့် လက္ခဏာတွေ။

လူပြတ်နေတာကပင် သူတို့အတွက်အခွင့်အရေး။

"ဘာလိုချင်သလဲ... "

ဂျက်စနေ မျက်နှာမပျက်။ လေသံကလည်း အေးအေးဆေးဆေးပဲ။ အဲသည်အထဲက တစ်ယောက်ကိုတော့ မှတ်မိသည်။ တစ်နေ့က ကန်သာယာလမ်းမှာ တွေ့ခဲ့ ဖိုက်ခဲ့ရသည့် လူတစ်ယောက်။ သည်လူ့မျက်နှာမှာ ဒေါသလှိုင်းတွေ ထနေသည်။

"သူပဲကွ... တို့နဲ့ တီးခဲ့တာ... "

ကျန်လူနှစ်ယောက်ကို သူကပြောပြီး တစ်ဆက်တည်း...

"မင်း... ဘယ်သူဆိုတာ ငါတို့သိတယ်... မင်း ဦးအာကာထက်ကိစ္စမှာ ဝင်ရှုပ်တဲ့ကောင်... "

"ခင်ဗျားတို့ ဘယ်သူတွေလဲ... ကျုပ်က မတရားမှု တစ်ခုကို ဝင်ရှင်းပေးတာပဲ... "

"မင်းကို ဦးအာကာထက်ပေးထားတဲ့ ငွေအိတ်... တို့

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တယ်... မင်းအေးအေးသက်သာ ပေးလိုက်ရင် တော့ မင်းကို ဘာမှမလုပ်ဘူး... "

ပြောသည့်သူမျက်လုံးတွေက စနေ၏လက် တစ်ဘက်တွင် ကိုင်ထားသော အဝတ်ထည့်အိတ်သေတ္တာကို စောင်းကြည့်၏။

"ဟောဒီစာအိတ်ကို သေသေချာချာ သိမ်းထား... ဘယ် သူလာတောင်းတောင်း မပေးနဲ့... "

ဦးအာကာထက်၏စကားကို သတိရသည်။

အန္တရာယ်ဆိုတာ သူသိသည်။ မကြောက်။ ရင် မခုန်။ သတိထားရုံပဲ ရှိသည်။

ခြေတွေက ဆက်လှမ်းသည်။

"ချကွာ... "

ပြောသည်နှင့်အညီ သူတို့သတင်းစာလိပ်တွေ က ရုတ်ချည်းဓားဖြစ်သွားသည်။

သတင်းစာလိပ်များထဲမှ ဂျပန်ဓားတို့များ လျှောထွက်လာခြင်းဖြစ်သည်။

သည်ကောင်တွေ ဂျပန်ဓားကိုတော်တော်ကြိုက် ပုံရ၏။

ဂျက်စနေက သူတို့ထက်မြန်လိမ့်မည်ဆိုတာ ကို သူတို့မသိ။

ဘုန်း...



ဂျက်စနေလက်မှ အဝတ်အိတ်သေတ္တာက အနီး ဆုံးလူ၏မျက်နှာကို လက်ပြန်ကျုံးရိုက်ပြီးသား ဖြစ်သွားစဉ် တစ်ဦးက ဓားကိုလက်နှစ်ဘက်နှင့် ဆုပ်ကိုင်လျက် ရင်ဝ ထဲကို ပြေးစိုက်ထိုးသည်။

ဂျက်က လွတ်ရုံကလေးကိုယ်တိမ်းပေးပြီး အိတ်နှင့်ပင် အဲသည်လူမျက်နှာကို ရိုက်ပစ်လိုက်သည်။ အထိ နာခြင်းမရှိသည့်တိုင်အောင် အဟန့်အတားဖြစ်သွားသည်။

ဒါကိုပဲ အကွက်ကောင်းယူပြီး ဆီးခုံထဲ ဆောင့် ကန်ပစ်လိုက်သည်။

မှန်းချက်ကောင်းတော့ နှမ်းထွက်ကောင်း သည်။

"အိ... "

တစ်ချက်တည်း ထိုင်ဆင်းသွားစဉ် သူ့လက်မှ ဓားက ဂျက်စနေလက်ထဲ ရောက်သွားသည်။

ရှပ်...

ဝှစ်...

ဓားတွေက သူ့ဆီဝင်လာသည်။ ဂျက်စနေက ကိုယ်ကို ခြေထောက်ကြိုးတန်းလျှောက် ဘေးတိုက်ရွှေ့ပေး သည်။

ဓားသွားတွေလွတ်အောင် ရှောင်တိမ်းပေးသည်။

အရှောင်ရော ခြေကွက် တက်ကွက် ဆုတ်ကွက်တွေက တစ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်လူ့ မမျှော်မှန်းမိအောင် မြန်လှသည်။

ဝှစ်...

ဝှစ်...

နေရောင်ထဲတွင် သံရောင်ဝင်းလက်နေသော ဓားသွားတွေက လက်ခနဲ၊ လက်ခနဲ။

မကြာခင်ပဲ...

"အား..."

တစ်ယောက်က အော်လိုက်၏။ သူ့ပေါင်ကို ဓားဦးက ဝင်သွားခြင်းခံရသည်။

ဂျက်စနေက လူချင်းအကပ်တွင် နောက်ပြန် ထိုးသွင်းလိုက်သောကြောင့် ဖြစ်၏။

သူ့အဝတ်အိတ်မှာ တစ်နေရာတွင် လွင့်ကျနေသည်။ ဆီးခုံကို ကန်ခံရသူက အဲသည်အဝတ်အိတ်သေတ္တာကို ပြေးကောက်သည်။ ဂျက်စနေက သူ့နားတွင်တွေ့ရသော ခဲတစ်လုံးကို ခြေထောက်နှင့် ကန်ထုတ်ပစ်ပြီး တစ်ဘက်လူ၏ တည့်တည့်မတ်မတ် ခေါင်းပေါ်ဝင်လာသော ဓားကို သူက သူ့ဓားနှင့် ဆီးခံပြီးဖြစ်၏။

ခဲလုံးမှာ လက်သီးဆုပ်နီးနီးရှိသည်။

ရန်သူ၏နောက်စေ့ကိုဝင်သွားသည်။

ငတိလက်နှစ်ဘက်မြှောက်ပြီး သစ်တုံးတစ်တုံးလို ပြိုလဲသွားသည်။



သည်အတွင်းမှာ ဂျက်စနေက ကျလာသော ဓားချက်ကို သူ့ဓားနှင့် ကန့်လန့်ဆီးခံ၍ ဓားသွားကို အောက်သို့ ဆွဲချသည်။ တစ်ဘက်လူကလည်း ဓားကိုအောက်ဘက် ဆွဲချသည်။

ဓားသွားနှစ်ခု တွေ့၍ သူနိုင်ကိုယ်နိုင် အတွင်းအားပြိုင်ကြသည်။ မျက်နှာတွေ နီရဲလာကြသည်။ သွားစေ့ကာ အံကြိတ်ထားကြသည်။

"ထွီ..."

ပရိယာယ်နှင့် ဂျက်စနေက တစ်ဘက်လူ၏ မျက်နှာကို တံတွေးနှင့်ထွေးပစ်လိုက်သည်။

ရုတ်တရက်ဆိုတော့ မျက်နှာတံတွေးပေခံလိုက်ရတာမို့ တစ်ဘက်လူအားပျော့သွားသည်။

ဂျက်စနေက ဓားကွက်ပြောင်းပြီး ဆတ်ခနဲ ပိုင်းခုတ်ချလိုက်သည်။

ရှူးခနဲ ရှူးခနဲ ခံစားလိုက်ရတာကြောင့် တစ်ဘက်ရန်သူမှာ လန့်အော်လိုက်သည်။

သူ့လက်မောင်းတစ်ဘက်မှာ သွေးချင်းချင်းနီသွား၏။ ဓားလည်း လွတ်ကျသွားသည်။

ရန်သူသုံးယောက်မှာ ဒဏ်ရာအသီးသီးနှင့် သူ့ကို မယှဉ်နိုင်ကြတော့။

"ခင်ဗျားတို့ အဓမ္မစနစ် မသုံးကြပါနဲ့... ဒါနောက်ဆုံး

www.burmeseclassic.com



ပညာပေးလိုက်တာပဲ…သင်ခန်းစာယူကြပေါ့…နောက် တစ်ခါဆိုရင် ခင်ဗျားတို့ရဲ့ အသက်ကို ကျုပ် ဆက် ရှင်ခွင့်ပေးမှာ မဟုတ်တော့ဘူး… ”

ရန်သူသုံးယောက်လုံး သူ့ကို ဘာမှမလုပ်နိုင် မှန်းသိသည်။ လက်မှာကိုင်ထားသော ဓားကို ရွံရှာစက်ဆုပ် ကြည့် ကြည့်၍ လွှင့်ပစ်လိုက်၏။ အိတ်ကိုဆွဲပြီး ထွက်သွား သည်။

နောက်လှည့်လို့တောင် မကြည့်။

လူသုံးယောက်၏ အသည်းထဲမှာတော့ မှတ် တမ်းတင်ထားကျန်ခဲ့သည်။

ဂျက်စနေဆိုသောလူသည် ဘယ်လိုလူလဲ။

ဂျက်စနေက ဖေဖေနှင့်မေမေဆီကို ရောက်သွား သည်။ သူ့အတွက် ခိုမှီရာအိမ်က မိဘအိမ်ပဲဖြစ်သည်။

အမှန်အကန်ကို မပြောဘဲ ပန်းဝါခိုင်နှင့် စိတ် သဘောချင်း မတိုက်ဆိုင်လို့ စိတ်ဆိုးထွက်လာကြောင်းသာ ပြောသည်။ ဖေဖေတို့ကလည်း လင်မယားစိတ်ဆိုး အခိုက် အတန့်ပေါ့ဟုဆိုသည်။

မေမေကတော့ သားလေးက သည်အိမ်မှာ နေဦးမည်ဟု ဆိုတာကြောင့် ဝမ်းသာသည်။

သားကြိုက်တာ ချက်ပြုတ်ကျွေးမည်ဟု ပြော ၏။



သည်အတွင်းမှာပဲ ဖေဖေက ထူးထူးဆန်းဆန်း စကားဆိုသည်။

“သား… ဖေဖေတို့ဘုရားဖူးမယ့် အစီအစဉ်ကို ခဏ တော့ ဖျက်လိုက်ပြီ… မန္တလေးကို နောက်တော့မှပဲ သွားတော့မယ်… လက်ရှိမှာ ဖေဖေတို့မှာ ဝင်ငွေလို နေတယ် သား… ဒါကြောင့် မင်းပေးတဲ့ငွေနှစ်သောင်း နဲ့မန္တလေးကို ဘုရားဖူးမသွားတော့ဘဲ ဖေဖေစုဆောင်း ထားတဲ့ ပင်စင်ငွေကလေးနဲ့ ရောပြီး… စိန်ပန်းပြာ ဈေးထဲမှာ ကုန်ခြောက်ဆိုင်ကလေး တစ်ဆိုင်ဖွင့်မယ် လို့ စိတ်ကူးတယ်… ငွေပိုငွေလျှံကလေးလည်းရ… စားရေးသောက်ရေးလည်း အဆင်ပြေအောင်ပေါ့… အဲဒါ သားနဲ့တိုင်ပင်မလို့ဘဲ… ”

“သိပ်ကောင်းတာပေါ့ ဖေဖေ… ဈေးရောင်းဈေးဝယ် ဆိုတာ ဝမ်းကိုစိုပြေစေတယ်… ထမင်းကြမ်းဘဝက ထမင်းပူဘဝ စားနိုင်တာပဲ… ဖေဖေတို့ သဘောကျ လုပ်ပါ… ”

သည်သို့ပဲ ပြောသည်။

ဘာမဟုတ်သည့်ငွေနှစ်သောင်းနှင့် သူ့အပေါ် ပန်းဝါခိုင်တို့မိသားစုက အထင်အမြင် လွဲမှားကြသည်ကို သွေးအေးအေးနှင့် တွေးမိတော့ စိတ်မကောင်းဖြစ်မိ၏။

သူ ညဘက်တွင် အတွေးတွေကြောင့် အိပ်

www.burmeseclassic.com

www.burmeseclassic.com



မပျော်။

ပန်းဝါခိုင်ကို သိပ်သတိရနေသည်။

သည်တော့မှ သူ့စိတ်သူသိလာသည်။

ပန်းဝါခိုင်ကို မိမိချစ်နေပါကလား။

ပန်းဝါခိုင်အကြောင်း တွေးရင်းမှ မိမိအား ရန်သတ္တရုပြုခဲ့သူတွေအကြောင်း အတွေးရောက်သွားသည်။

အဲသည်လူတွေက ဘယ်သူတွေလဲ။

ဦးဘကလေးရဲ့လူ၊ မာန်ဝင့်ထယ်ရဲ့လူတွေလို့ အစကထင်ခဲ့သည်။

သူတို့ပြောပုံ လှုပ်ရှားပုံတွေက ဦးဘကလေးတို့နှင့် လုံးဝပတ်သက်မှုမရှိသည့်အလား။

အိပ်ရာထက်မှထသည်။

ဤအခန်းသည် လူပျိုတုန်းက အိပ်ခဲ့သည့်အခန်း။

ဤအခန်းထဲမှာပင် အိပ်သည်။ ဤအခန်းထဲမှာပင် နေသည်။ သူ မာစတာတန်းတက်ပြီး အောင်သည်အထိ နေခဲ့ရသည်။

ပန်းဝါခိုင်နှင့် ညားတော့မှ ယင်းအခန်းကလေးကို ခွဲခဲ့ရသည်။ အခန်းကလေးက သခင်နှင့်ခွဲရတော့ လွမ်းကျန်နေရစ်ခဲ့တော့မှာ။

ယခု သခင်ပြန်လာပြီဆိုတော့ ဝမ်းသာနေ



မလားမသိ။ သခင့်ကို သိပ်လွမ်းတာပဲဟု စကားပြောတတ်လျှင် ပြောကောင်းပြောမည်။

သားမရှိပေမယ့် မေမေက ဤအိပ်ခန်းလေးကို အလွမ်းပြေအဖြစ်ထားပြီး အမြဲသန့်ရှင်းပေးထားသည်။

ယခုလည်း တစ်ယောက်အိပ်ခုတင်နှင့် စောင်၊ ခေါင်းအုံးကို လူပျိုတုန်းကလိုပဲ ကျကျနနလုပ်ပေးထား သည်။

စာကြည့်စားပွဲကိုလည်း ရှင်းပေးထားသည်။

မီးဖွင့်၍ စာကြည့်စားပွဲ၏ဆွဲအံကို သူဖွင့်လိုက်သည်။ အထဲတွင် သူ ဖတ်သော တိုင်း(မ်)စာစောင်တွေရှိသည်။

ယင်းကြားထဲတွင် စာအိတ်ညိုကို ခေါက်ပြီး ညှပ်ထားသည်။ စာအိတ်ညိုကို သူ သေသေချာချာကြည့်၏။

စာအိတ်ထဲတွင် ပေါ့ပါးလွန်းသော စာရွက်တစ်ရွက်ပဲ ပါရှိမည်ကို အလိုလိုသိသည်။

ပေါ့ပါးလွန်းသောကြောင့် သိခြင်းဖြစ်၏။

ဦးအာကာထက်သည် စာအိတ်ကို သေသေချာချာ သိမ်းဖို့ပြောခဲ့သည်။

လူတစ်စုကလည်း ထိုစာအိတ်ကိုပဲ အသက် နှင့်ရင်းပြီး လိုချင်လှသည်။

အထဲမှာ ဘာတွေပါလို့လဲ။

လျှို့ဝှက်သည်းဖိုဆန်လွန်းလှ၏။

ဂျက်စနေက သိချင်သည်။ ဦးအာကာထက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မသိချင်ပါနှင့်ဟု ပြောထားသည်။

ဂျက်စနေက စာအိတ်ညို၏ထိပ်ကို ကြည့်၏။ ချိတ်ပိတ်ကပ်မထားသဖြင့် အဖောက်ရလွယ်မည်ကိုသိသည်။

ဒါကြောင့် သူက စာအိတ်ထိပ်ဖုံးကို ပုံပန်းမပျက်အောင် သတိနှင့်ထားဖောက်သည်။

တစ်အိမ်လုံးတိတ်ဆိတ်နေသည်။

တစ်ခါတစ်ရံမှသာ အိမ်တွင်းရှိ ကြွက်ဖလောင်းကလေးတွေ၏ ဟိုမှသည်သို့ လျှောက်ပြေးသံကြားရ၏။

တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်သော်လည်း တစ်ခါတစ်ခါ မော်တော်ကားတစ်စီးတစ်လေဖြတ်မောင်းသွားသံ။ လူတစ်ယောက် နှစ်ယောက်၏လမ်းလျှောက်ရင်း စကားပြောသံတွေ ကြားတတ်ရသည်။

ညဉ့်ကတော့ နက်နေပြီ။

ကျွမ်းကျင်ပိုင်နိုင်စွာနှင့် သတိထားဖောက်မှုကြောင့် ကော်ကပ်ထားသော စာအိတ်ဖုံးမှာ ပွင့်ထွက်သွား၏။

စာအိတ်ထိပ်အတွင်းပိုင်းထဲကို ပါးစပ်လေနှင့်မှုတ်လိုက်သည်။ ကြွတက်သွားသော စာအိတ်အတွင်းပိုင်းနှစ်ခြမ်းကို ဖြဲပြီး နှိုက်ယူလိုက်သည်။

ထင်သည့်အတိုင်း စာရွက်ကလေးတစ်ရွက်ပဲပါလာသည်။



အို...။

တကယ်အံ့အားသင့်စရာပဲ။

စာရွက်မှာ နှစ်ဘက်စလုံး အဖြူသားဖြောင်ချောကြီး ဖြစ်သည်။ ပြည်တွင်းလုပ် စက်မှု (၁)မှ ထုတ်လုပ်သော စာရွက်ချောဖြစ်၏။

စာရွက်မှာ ဘာအမှတ်အသား၊ ဘာရေးသားချက်မှလည်း မပါ။ မီးရောင်တွင် ဟိုထောင် သည်ထောင်ကြည့်သည်။

စာတစ်လုံး၊ မျဉ်းတစ်ကြောင်း၊ ဘာအမှတ်အသားမှ မပါသော သည်စာရွက်ကို ဦးအာကာထက်က ဘာသဘောနှင့် ပေးလေသလဲ။

လူတစ်စုက သူ့အသက်ကို ရန်ရှာလောက်အောင်၊ မိမိတစ်ဘက်ကို ရန်ရှာပြီး သည်စာအိတ်ထဲက စာရွက်ကိုယူရလောက်အောင် သည်စာရွက်က ဘယ်လောက်များ တန်ဖိုးရှိလေသလဲ။

သူ ခေါင်းကို ခါယမ်း၍ အိပ်ရာထက်တွင် ခြေချထိုင်လိုက်၏။

တွေးရင်းသံသယတစ်ခုတော့ပေါက်လာသည်။

ဦးအာကာထက်တွင် အရေးကြီးသော လျှို့ဝှက်စာ သို့မဟုတ် အမှတ်အသားတစ်ခုခု ရှိချင်ရှိမည်။

ဒါကိုလိုချင်သော လူတစ်စုက လိုက်ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



လုမှာကို စိုးသဖြင့် ပုံမှားရိုက်သည့် သဘောမျိုးနှင့် ခေါင်းပြောင်း ခေါင်းလွဲလုပ်ကာ အတုကို မိမိလက်သို့ပေးလိုက်မည်။

ရန်သူက မျက်ခြည်ပြတ်ပြီး မိမိဘက်သို့ဦးလှည့်လာသောအခါ မိမိက ထိုစာရွက်မပျောက်ဆုံးရေးအတွက် ကာကွယ်ရလိမ့်မည်။

ဒါကြောင့် ဖွင့်မကြည့်ပါနှင့်ဟု ဦးအာကာထက်က ဆိုခဲ့၏။ ယခုဖွင့်ကြည့်တော့ အကျိုးအကြောင်းကို မိမိ သိသွားရပြီ မဟုတ်လားဟု ဆင်ခြင်စဉ်းစားမိ၏။

တတ်လည်းတတ်နိုင်သည့် ဦးအာကာထက်ပေပဲ။

သူ့ကို အပြစ်မဆိုပါ။

သူသည် စီးပွားရေးသမားတစ်ယောက်။

စီးပွားရေးသမားတစ်ယောက်သည် မိမိကိုယ်ကျိုးရှိရာရှိကြောင်းသာ လုပ်ပေလိမ့်မည်။

အရေးကြီးတာက မိမိသာ အသုံးချမခံရဖို့။

မိမိယောက္ခမအိမ်မှာတော့ ယောက္ခမကအစ မယားအဆုံး မိမိသာ အသုံးချခံခဲ့ရသည်။

အသုံးချခံခဲ့ရသည်ကိုလည်း သိ၏။

ယောက္ခမမို့ မပြောချင်လို့ကြည့်နေတာကြာပြီဟု ဆိုရမလိုပဲ။



ယခုတော့ ပွင့်ထွက်ပေါက်ကွဲခဲ့ချေပြီ။

စာအိတ်ထဲသို့ စာရွက်ကို ပြန်ထည့်လိုက်ပြီး လျှင် မနက်မှ ကော်ပြန်ကပ်တော့မည်ဟူသော အတွေးနှင့် အံဆွဲထဲထည့်လိုက်သည်။

ကောင်းကင်မှ မိုးထစ်ချုန်းမြည်ဟီးသံက ညလွှာကို ဖောက်ထွင်းလာ၏.

ခေါင်းရင်းရှိ ပြတင်းပေါက်မှ ကြည့်လိုက်၏။ တစ်မိုးသားလုံး နီမြန်းသော ဝတ်ရုံကြီး လွှမ်းလာသည်။

မကြာမီ မိုးရွာတော့မည်။

ရွာလည်း ရွာတာပါပဲ။

မယားကို လွမ်းသည့်စိတ်၊ မိုးအေးအေးနှင့် အိပ်ပျော်သွားခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ❋ အခန်းစဉ် (၉) ❋

"ကဲ... မိငြိမ်း... နင် ဘာပြောချင်တာလဲပြော... "

မငြိမ်းအေးက ခြံထဲမှာ စကားပြောရအောင် ဆို၍ ရွှန်းလဲ့ဝါက ခြံထဲမှာ မငြိမ်းအေးနှင့်တွေ့သည်။

မငြိမ်းအေးသည် စိတ်မလုံဟန်နှင့် ဟိုဟိုသည်သည် ကြည့်၏။ သူမသည် ရွှန်းလဲ့ဝါနှင့် မျက်နှာချင်းဆိုင် ရပ်နေ၏။

အရပ်ငါးပေးသုံးလက်မရှိသော ရွှန်းလဲ့ဝါထက် သူမ၏အရပ်က အနည်းငယ်နိမ့်သည်။

"အစ်ကိုလေး သနားပါတယ် မမလဲ့ရယ်... သူ့ခမျာ မဟုတ်ဘဲနဲ့ ခံလိုက်ရတယ်... "

"နင် ဘာပြောချင်တာလဲ မိငြိမ်း... "

"ငွေခိုးတာ အစ်ကိုလေးခိုးတာ မဟုတ်ဘူး မမလဲ့ရဲ့...



တကယ်ခိုးတာက ကိုကြီးမာန် ခိုးတာ... "

"ဟင်... ဟုတ်လား... ဘယ်လို... ပြန်ပြောစမ်းပါဦး"

"အစ်ကိုလေးက သက်သက်အထင်အမြင် အလွဲခံရတာ မမလဲ့ရဲ့... တကယ်ခိုးတာက ကိုကြီးမာန် ခိုးတာ... ကျွန်မ မြင်တယ်... "

"ကိုမာန် ခိုးတယ်... "

"ဟုတ်တယ်... "

"ပြောစမ်းပါဦးဟယ်... "

"တစ်နေ့က ကျွန်မအပေါ်မှာ တံမြက်စည်းတက်လှဲတယ်... ဒေါ်ကြီးဒေါ်င်းက နောက်ဖေးခန်းမှာ အိပ်ပျော်နေတယ်... မမဝါလည်း အိပ်နေတယ်... မမလဲ့က ကျောင်းတက်နေတယ်... အပေါ်ထပ်မှာ ဘယ်သူမှရှိတာမဟုတ်ဘူး... ကျွန်မ တစ်ယောက်တည်းတိတ်တိတ်ဆိတ်ဆိတ် တံမြက်စည်းလှဲနေတုန်း ဘဘကြီးအခန်းထဲက အသံသဲ့သဲ့ကြားတယ်... ကျွန်မလည်း ပထမတော့... သရဲခြောက်တယ် ထင်တာပေါ့... ကြောက်သွားတယ်... နောက် သွားချောင်းကြည့်တော့ ကိုကြီးမာန်ရယ်... ဘဘကြီး ဗီရိုကိုဖွင့်နေတယ်... ပြီးတော့ ငွေတွေကို ယူတာတွေ့တယ်... အဲဒီနေ့က သူ့အိတ်ထဲ ဟိုနှိုက်သည်နှိုက် ဟိုထည့် သည်ထည့်

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး... ဗီရိုကို အသံမကြားအောင် ပြန်ပိတ်တယ်... အဲဒီအထဲက ကျွန်မ သိတယ်... ကိုကြီးမာန်တော့ ဇွ ခိုးပြီဆိုတာ... ကျွန်မလည်း ကြောက်တာနဲ့ တံမြက်စည်း မလှဲရဲတော့ဘဲ အောက်ထပ်ကို ပြန်ဆင်းလာတယ်... "

"နင် တကယ်တွေ့တာပေါ့... "

"သြော်... မိငြိမ်း မျက်စိနဲ့ကို မြင်ခဲ့တာ... "

"ကိုမာန်... ကိုမာန်... အတော်ယုတ်မာတဲ့လူပဲ... သူခိုးအစစ်က သူကိုး... ငါကတော့ အစကတည်းက အစ်ကိုလေးကို မထင်ပါဘူး... အကြောင်းရှိတယ်... မပြောသာလို့ ကြည့်နေတာဟ... ထင်တော့ထင်သား... ကိုမာန်ပဲ ဖြစ်မယ်လို့... "

"အဲဒါ ဘယ်လိုလုပ်ကြမလဲ... ဟင်... မမလှ... "

"တစ်ဘက်သား မနစ်နာရအောင်တော့ ဖွင့်ပြောရမှာပေါ့... ကိုဂျက်က ငါ့အပေါ် အင်မတန် ကောင်းရှာတာ... သူ့နာမည်အပျက်ခံလို့ မဖြစ်ဘူး... "

"ပြောရင် မမ ဒီအိမ်ကထွက်သွားရမှာပေါ့... ကိုကြီးမာန်က မမကို ငြိုးတော့မှာ... "

ရွှန်းလှဲ့ဝါ မထေမဲ့မြင် ပြုံးလိုက်သည်။

"ငါက မရှိလို့... ခိုကိုးနေတာမှ မဟုတ်ဘဲ... ကျောင်း



တက်ချင်လို့ ဒီမှာလာနေတာ... ငါ့အဖေအမေအိမ် ငါ ပြန်ရုံပေါ့... နင့်အတွက်သာ... "

"ကျွန်မ သတ္တိရှိပါတယ်... အမှန်ကိုပြောလို့ ကျွန်မကို မုန်းပြီး အလုပ်ထုတ်ပစ်ရင်လည်း ကျွန်မ တခြားနေရာသွားနေ သွားလုပ်လို့ရတယ်... ခုခေတ်မှာ အိမ်ဖော်ကောင်းကောင်း လိုချင်လွန်းလို့ လူတွေနန့်နန့်ထိုးနေတာ... ရတယ် မမ... "

"နင် မြင်တာက ဟုတ်တယ်... မျက်မြင်သက်သေနဲ့ မပြီးဘူး... ကိုမာန် သူ့အဖေအခန်းထဲဝင်တာ... အထောက်အထားလိုတယ်... "

"ဒါလည်း မပူနဲ့... သူငွေထည့်ဖို့ ဟိုထည့်သည်ထည့် သည်တော့ သူ့အိတ်ထဲက သော့တွဲတစ်တွဲ အိပ်ရာပေါ်မှာ ကျကျန်ခဲ့တယ်... သူထွက်သွားပြီး ကျွန်မ ဘဘကြီးအခန်းထဲ ဝင်ကြည့်တော့... အဲဒီသော့တွဲ ကို တွေ့ရတယ်... ကျွန်မက ဒီသော့တွဲကို မွေ့ရာအောက်မှာ ထိုးထားလိုက်တယ်... "

"ကောင်းတယ်... ကိုဂျက် ဒုက္ခမရောက်အောင် ငါ ပြောမယ်... ကိုဂျက် ငွေနှစ်သောင်းရတဲ့အကြောင်း လည်း ပြောလိုက်မယ်... "

သည်စကားကို မငြိမ်းအေးက နားမလည်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စဉ် ရွှန်းလဲ့ဝါက ကျေးဇူးတင်သည့်သဘောနှင့် မငြိမ်းအေး ပခုံးကို ပုတ်ပြီးထွက်သွားသည်။

သူမသည် ဤစကားကို ဘယ်သူ့ကိုပြောရမလဲဟု စဉ်းစားသည်။ အနီးစပ်ဆုံးလူက ပန်းဝါခိုင်သာ ဖြစ်တော့သည်။

ပန်းဝါခိုင်ကို ပြောပြသည်။

သက်သေမငြိမ်းအေးကိုခေါ်၏။

မငြိမ်းအေးက သူမတွေ့ရချက်ကို ပြန်ပြောင်းပြောပြပြန်သည်။

ပန်းဝါခိုင်မျက်လုံးကလေး ကလည်ကလည်ဖြစ်သွားသည်။ ငေးသွားသည်။ သည်နောက် သက်ပြင်းကိုချသည်။

"ခုတ်ရာတခြား ရှရာတလွဲတော့ ဖြစ်ကုန်ပြီပေါ့ ရွှန်းလဲ့ရယ်... "

ညည်းတွားဆိုသည်။ အသံမှာ ဆို့နင့်သံပါသွား၏။

"ငါလေ... ကိုဂျက်အပေါ် ရက်စက်ရာကျနေပြီလားလို့ တစ်ခါတစ်ခါ တွေးမိတယ်... ဒါပေမယ့် သူ့အဖြစ်နဲ့ သူပါပဲလေလို့ စိတ်ကိုဖြေရတယ် ရွှန်းလဲ့ရယ်–တကယ်တော့ ကိုဂျက်ကို ချစ်ခဲ့ပါတယ်... ဒါပေမယ့်



ငါ့ဘဝက အစစမြင့်နေခဲ့တော့ ကိုဂျက်ကို ငါက အပေါ်စီးကပဲ မြင်ခဲ့တယ်... ကောက်ရထားတဲ့ မြင်းတစ်ကောင်လို စီးဖို့ပဲ ကြံထားခဲ့တာပဲလေ... သူမရှိတော့မှ ငါအထီးကျန်ဘဝဖြစ်လာတာကို ခံစားလာရတယ် ရွှန်းလဲ့ရယ်... အခုလို အဖြစ်မှန်သိရတော့ ကိုဂျက်ဟာ သနားဖို့ကောင်းတာပဲ... သူ့မှာ အပြစ်မရှိဘူးပေါ့... ဒါပေမယ့် ငွေနှစ်သောင်းက ဘယ်လိုလုပ် ရသလဲဆိုတာ အဖြေကိုမပေါ်ဘူး... "

"မမဝါ... ရွှန်းလဲ့ကို အပြစ်မဆိုနဲ့နော်... တလွဲလည်း မတွေးနဲ့... ရွှန်းလဲ့မှန်တဲ့အတိုင်းပဲ ပြောမယ်... "

သူမက ရွှေပုတီးဆွဲကြိုးပေးလိုက်တာကအစ ဦးအာကာထက်က ကိုဂျက်အား ငွေနှစ်သောင်း ကူညီခဲ့ပုံတွေကိုပြောပြလိုက်သည်။ သူမကို ကိုဂျက်က တစ်ချိန်မှာ ပြောခဲ့သဖြင့် သူမ ပြန်ပြောလာခိုင်းခြင်းဖြစ်၏။

ပန်းဝါခိုင်မျက်ရည်လည်သွားရှာသည်။

စိတ်ထိခိုက်သွားပုံပေါ်သည်။

ကိုဂျက်ကို သူ ပစ်ပစ်နှစ်နှစ်ပြောခဲ့တာတွေကို ပြန်သတိရသည်။

"အေး... ငါတော့ ရင်ထဲမှာ ငိုချင်နေပြီ... ငါ့ကို လုပ်လိုက်ပုံဟာ တစ်ဘက်သားကို တော်တော်ထိခိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပါပဲလား ညီမရယ်... အေး... ဒက်ဒီလာရင်တော့ ငါ တိုင်ကိုတိုင်မယ်... မိငြိမ်း နှင် သက်သေနော်-- ဟုတ်လား... ”

“စိတ်ချပါ မမရယ်... ကျွန်မ သူများအိမ်မှာ အခိုင်းခံ လုပ်နေပေမယ့် စိတ်ဓာတ်က အောက်တန်းမကျပါ ဘူး... မှန်ရာမှန်ရာပဲ... ”

ထိုကိစ္စကို ပန်းဝါခိုင်က တိုင်စရာတောင်မလို။

ညနေ ထမင်းမစားမီ ဦးဘာကလေးက ပန်းဝါ ခိုင်နှင့် ရွှန်းလဲ့ကို သူ့ရှေ့တွင်ခေါ်သည်။

မေးရိုးကားကား၊ မျက်နှာပုအိုင့်အိုင့်နှင့် ခေါင်း တွင် ဆံပင်ပုံစံ မတိုမရှည်နှင့် လည်ပင်းစောင်းငန်းစောင်း ငန်း လုပ်ပြီး စကားပြောတတ်သော မာန်ဝင့်ထယ်ကိုယ်တိုင် သူ့ဒက်ဒီနှင့် ထိုင်နေသည်။

မာန်ဝင့်ထယ်က စပ်ဖြဲစပ်ဖြဲနှင့် ရွှန်းလဲ့ကို ကြည့်သည်။ ရွှန်းလဲ့နှာခေါင်းလေးက ရှုံ့သွားသည်။

“သမီးရွှန်းလဲ့ ထိုင်ကွာ... အန်ကယ်(လ်)က ငါ့သမီး ကိုစကားတစ်ခုပြောရမယ်... ”

“ပြောပါ အန်ကယ်(လ်)... ”

“ငါ့သမီးပန်းဝါလည်း ရှိတယ်... တိုင်ပင်ကြတာပေါ့ သမီးရယ်... ဒီလို ရွှန်းလဲ့ရဲ့... ဒီကောင် မာန်ဝင့်ထယ် က ငါ့သမီးကို မေတ္တာသက်ဝင်နေတယ်... ”

“မေတ္တာသက်ဝင်နေတာ မဟုတ်ဘူး... ချစ်နေတာ... ချစ်နေတာ... ဒီရင်ဘတ်ကြီးထဲက ချစ်နေတာ... ”

“ဟေ့ကောင်... ငါ ပြောရင် မင်း ဝင်မပြောနဲ့... အဆင် ပြေအောင် ငါ လုပ်ပေးနေတာကွ... မင်းကွာ... ဒက်ဒီ ပဲ ပြောပေးပါဆိုလို့ ပြောပေးရတာ... အဲဒီတော့ကွာ... ရွှန်းလဲ့... သမီး... သမီးက ဒီအိမ်မှာနေလာခဲ့တော့ သမီးအကြောင်းကို အန်ကယ်(လ်)က သိထားတော့ ငြင်းစရာတော့မရှိဘူး... တကယ်လို့ သမီးက အန် ကယ်(လ်)ပြောတာ သဘောတူပါတယ်ဆိုရင်တော့ သမီးမိဘတွေကို အကြောင်းကြားပြီး သမီးနဲ့အိမ်ကို သွားမယ်... နားဖောက်မယ်... ”

“သမီးကတော့ ငြင်းရလိမ့်မယ် အန်ကယ်(လ်)... ”

“ဟင်... ဘာဖြစ်လို့... ”

“ကိုမာန်ဆိုတဲ့လူဟာ အကျင့်စာရိတ္တမကောင်းလို့ပဲ”

“ဟင်... ဘာပြောတယ်သမီး... ”

“သူဟာ သူခိုးပဲ... ”

တိတ်ဆိတ်သွားသည်။ ရွှန်းလဲ့က ရဲဝံ့သည်။

“သူခိုးတစ်ယောက်ကို ကျွန်မ လက်မထပ်နိုင်ဘူး”

“ဘာပြောတယ်... ငါ သူခိုး... နင် ဘာပြောတာလဲ”

www.burmeseclassic.com



မာန်ဝင့်ထယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည် ဒေါ်သတကြီး ဖြစ်လာသည်။

ရွှန်းလဲ့ကတော့ တည်တည်အေးအေးပဲ။

"ပြောပါဦး သမီး... "

ဦးဘကလေးက မျက်မှောင်ကုတ်လိုက်သည်။ ရွှန်းလဲ့က မငြိမ်းအေးပြောတာတွေကို ပြောပြသည်။ မငြိမ်းအေးကိုလည်း ခေါ်သည်။ မငြိမ်းအေးသည် အကြောက်အရွံ့မရှိ ပြန်ပြော၏။

အလိမ်တွေပေါ်၊ ခိုးတာတွေပေါ်၊ ဒေါ်သက မော်ပြီပေါ့။

ဒေါ်သတကြီးနှင့် ဝုန်းခနဲထသည်။ သူ့မူအတိုင်း လည်ပင်းစောင်းငန်း ဇက်လိမ်လိမ်နှင့်

"နင့်တို့ငါ့ကို တိုင်ပင်ပြီး အရှက်ခွဲတာ... နင်တို့ အရှက်လာခွဲတာ... "

"ကိုမာန်... အောက်တန်းမကျပါနဲ့... မဆဲပါနဲ့... "

အေးဆေးပင် ရွှန်းလဲ့ကပြောသည်။ မာန်ဝင့်ထယ်က လက်ညှိုးထောင်၍

"ဒီမှာ မာန်ဝင့်ထယ်တဲ့... ကိုယ့်ဟာကိုယ် မာန်ဝင်ပြီးနေတာ... အဖေကလွဲပြီး ဘယ်သူမှ ဂရုစိုက်တာ မဟုတ်ဘူး... နင်တို့ငါ့ကို သိက္ခာချချင်လို့ တိုင်ပင်



ကြတာပဲ... "

"ကျွန်မက အမှန်ကိုပြောတာပါ... သက်သေပြစရာရှိတယ်... ကျွန်မ ပြမယ် ဘဘကြီး... "

"မိငြိမ်းအေး... နင် ဘာသက်သေပြမလဲ... "

"တစ်နေ့ကပဲ ကိုကြီးမာန်က သူ့ဆိုင်ကယ်သော့တွဲ ပျောက်လို့ လိုက်ရှာတယ်... ဟိုမေးသည်မေး မေးတာ ဘဘကြီးတို့လည်း သိမှာပဲ... အခု ဒီဆိုင်ကယ်သော့တွဲဟာ သူ ငွေဝင်ခိုးတုန်းက ဘဘကြီးအိပ်ခန်းထဲမှာ ကျကျန်ရစ်ခဲ့တယ်... "

"ဒက်ဒီ... မိငြိမ်း ပြောသလို သွားကြည့်ရင် အကောင်းဆုံးပဲ... သွားကြည့်ပါ... "

အားလုံးပင် အဘိုးကြီးအိပ်ခန်း သွားသည်။

မာန်ဝင့်ထယ်ပါ ပါသည်။ မငြိမ်းအေးက မြှုပ်မွေ့ရာအောက်မှာ သိမ်းထားသော ဆိုင်ကယ်သော့တွဲကို ထုတ်ပြလိုက်သည်။

မာန်ဝင့်ထယ် ငြိမ်သွားသည်။

မျက်နှာပျက်နေသည်။

"မင်းယူတယ် မဟုတ်လား ကိုမာန်... "

"ဟုတ်တယ် ဒက်ဒီ... သား ယူမိပါတယ်... မနေ့ဝါက သူ့ငွေနှစ်သောင်း အကြွေးရှိနေတာကို ပြန်ပြန်တောင်း

www.burmeseclassic.com



လွန်းလို့ နားငြီးတာနဲ့ ဒက်ဒီ့ငွေကို ယူပေးလိုက် တာပါ... "

မာန်ဝင့်ထယ်ကို ဒေါသတကြီးနှင့်အဘိုး က ဝုန်းဒိုင်းကြဲလိမ့်မည်ဟု အားလုံးက ထင်မှတ်ကြသည်

အားလုံးအံ့အားသင့်လောက်အောင် အဘိုး ကအေးဆေးသည်။ ဘာမှမဖြစ်သလို။

"အေးလေ... အဖေ့ငွေကို သားက ယူသုံးတာ... ခိုး မှ မဟုတ်ဘဲ... မာန်ဝင့်ထယ် သူခိုးမဟုတ်ဘူး... ကျေနပ်တယ်... "

"ဟာ... ဒက်ဒီ... ဒါတော့ မဟုတ်သေးဘူး... ကိုဂျ က ဒီကိစ္စမှာ မဟုတ်ဘဲနဲ့ သူခိုးလို့ အစွပ်စွဲခံ တာ... "

ပန်းဝါခိုင်နှုတ်မှ လွှတ်ခနဲထွက်သွားသည် သူမရင်ထဲ ကိုမာန် ငွေခိုးတာကို အဘိုးကြီးက အပြစ် သဖြင့် မကျေမနပ်ဖြစ်သွားမိသည်။

"ဟဲ့... နင့်ကိုဂျက်က အိမ်ကငွေတော့ မခိုးဘူး... ငွေနှစ်သောင်းရတာ ဘယ်လိုရတာလဲ... အပြင် ခိုးလို့ဖြစ်မှာပေါ့... "

"ဒက်ဒီရာ... ကိုဂျက်ကို အဲဒီလို မျက်ကန်းမစွပ်စွဲ နဲ့... သူငွေနှစ်သောင်းရတာ ပေးတဲ့လူရှိလို့ရတာ



ရွှန်းလဲ့... ညီမလေး ပြောပြလိုက်စမ်းပါ... "

"ဟုတ်တယ်... ကိုဂျက်ဟာ ဘုန်းကြီးအမှူ ရှာပတ်သွား တာပဲ... ငတေကြက်ခိုးတာ... ငနီကြက်ဝယ်တာနဲ့ ကြုံကြိုက်သွားတာပဲ... ကိုဂျက် ဘယ်လိုပိုက်ဆံရခဲ့ တယ်ဆိုတာ ကျွန်မ ပြောပြမယ်... "

ရွှန်းလဲ့က ဦးအာကာထက်ဆီမှ ရခဲ့ပုံကို ာက်သည်ချလိုက်သည်။ သူ့သားငွေခိုးခဲ့တုန်းက မတုန် ပ်ခဲ့သော ဦးဘကလေးသည် ကိုဂျက်နှင့် ဦးအာကာထက် ဆက်အသွယ်ရှိပုံလည်း ကြားရော ယမ်းအိုးမီးရှို့သလို ါသူပုန်ထတော့သည်။

ကိုဂျက်ကို အမျိုးမျိုး ဆဲရေးတိုင်းထွာလိုက်ပုံ းက လူကြီးပီသမှုတောင်မရှိတော့။

သည်တစ်ခါတော့ ပန်းဝါခိုင်က တည်ငြိမ် ည်။ နောက်မှ ဦးဘကလေးက သူ့စိတ်ကိုထိန်းလိုက်၍

"အသားထဲက လောက်ထွက်တဲ့ကောင်... တစ်သက် လုံး ငါ့အိမ်မှာ လက်မခံဘူး... ငါ့သမီးနဲ့ မရစေရ ဘူး... "

"မဖြစ်ဘူး ဒက်ဒီ... သမီး ကိုဂျက်နဲ့နေမှဖြစ်မယ်... သမီးသူ့ကို ချစ်တယ်... "

"သူ့ထက်သာတဲ့လင်နဲ့ နင့်ကိုပေးစားမယ်... "

www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ လူဦးရေတိုးနေပြီ... နှစ်လတောင်ရှိနေပြီ"

"ဟင်... "

အဘိုးကြီး မဲ့ပစ်လိုက်၍...

"နင်... သူနဲ့နေမယ်ဆို ငါ့အိမ်မှာ မနေနဲ့... "

"ဒက်ဒီရာ... ဒါတွေထားလိုက်ပါဦး... သားကိစ္စ မဖြစ်သေးဘူး... လုပ်ပါဦး... "

"မင်းကလည်း သူတောင်းစား ရေခဲမုန့်တောင်းသလိုတစာစာနဲ့ပဲကိုးကွ... ရှုန်းလှဲ... နင် ငါ့သားကိုယူ-အခုဟာ အဖေ့ပိုက်ဆံယူတယ်ဆိုတော့ ငါခွင့်လွှတ်တယ်... ခိုးမှုမမြောက်ပါဘူး... "

"ဘာလို့ယူရမှာလဲ အန်ကယ်(လ်)... သူဟာ အကျင့်မကောင်းဘူး... ကျွန်မကိုလည်း စော်ကားဖူးတယ်-ကိုဂျက် ဝင်ကယ်လို့အစော်ကားမခံရတာ... "

ပြောမှတော့ မိုးအဆုံး ရေအဆုံးကို ပြောရမည်။

သူမ ပြောပြချက်က အားလုံးကို တုန်လှုပ်သွားစေ၏။

အဘိုးကြီးပင် မျက်နှာပျက်နေသည်။

"ဒါ ကျွန်တော် ချစ်လို့ပါ... အပျော်ကြံတာမှ မဟုတ်ဘဲ... "

လေးလေးကြီးလည်းပင်းစောင်းကာ မာန်ဝင့်ထ



ပြော၏။

"အေး... ငါ့သားမှာ ဒီလိုအကျင့်စာရိတ္တတော့မရှိဘူး... နင့်ကို ချစ်လို့ပါ... "

မဖောလို့မဖြစ်။

သူ့သားနှင့်သူက တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားတွေ။

"ဒါချစ်တာ မဟုတ်ဘူး... အကျင့်ယုတ်တာ အန်ကယ်(လ်)... ကျွန်မ ဒီလိုယောက်ျားမျိုးကို မယူနိုင်ဘူး... "

"မယူနိုင်ရင် နင်လည်း ငါ့အိမ်မှာ မနေနဲ့တော့... ကြွတော့... "

"ဒက်ဒီကလည်း ဘာတွေ ပြောနေတာလဲ... သူများသားသမီးကို အတင်းပေးစားလို့ ဘယ်ဖြစ်မလဲ... သူ့မှ မကြိုက်တာ... ပြီးတော့ သူ့မှာအပြစ်နဲ့... "

"နင် ဘာမှ ဝင်အာချောင်နေစရာ မလိုဘူး ပန်းဝါ... နင့်ပါးစပ်ပိတ်ထားရင် ကောင်းမယ်... "

"အို... ကိုယ့်လူ အသုံးမကျတာတော့ ပြောရမှာပဲ... "

အပြစ်မဲ့ ဂျက်စနေအတွက် မကျေမနပ်ဖြစ်နေသော ပန်းဝါနိုင်က သူ့အစ်ကိုအား မာမာတင်းတင်းပင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝုန်းခနဲခုန်ထပြီး ပန်းဝါခိုင်ကို မာန်ဝင့်ထယ်က ထိုးမည်အပြု ဦးဘကလေးက လှမ်းဆွဲထားသည်။

"ဩော်... ကိုကိုက မှန်တာပြောတော့ ထိုးမလို့ပေါ့လေ... စိတ်ချ... ဒီအိမ်မှာ မနေဘူး... ရွှန်းလဲ့ နှင်လည်း မနေနဲ့တော့... "

"ကျွန်မလည်း မနေဘူး... "

မငြိမ်းအေးက ဝင်ပြောသည်။ အဘိုးကြီးက မျက်လုံးပြူးကြည့်၍...

"ဟဲ့... နှင်နဲ့ဘာဆိုင်လဲ... "

"အစ်မတို့ မရှိရင် ကျွန်မလည်း မနေရဲဘူး... ကိုကြီးမာန်က ကျွန်မကို မဟုတ်တရုတ်ကြံတာ နှစ်ခါရှိပြီ... ဒေါ်ကြီးဒေါင်း သိတယ်... ညညအိပ်ရင်တောင်အိပ်ခန်းတံခါးကို ချက်ထိုးအိပ်ရတယ်... ကျွန်မမှာ အိမ်တွင်းအမည်းရောင်နယ်မြေထဲ ရောက်နေသလိုပဲ... "

မငြိမ်းအေး စကားဆုံးတော့ ပန်းဝါခိုင်က သူ့အစ်ကိုကို ဆဲသည်။ တိုးတိုးလေးရယ်၊ ကြားအောင်တော့ မဆဲရဲ။

လက်သီးကြောက်ရတယ်လေ။

*"ကိုမာန်... မင်းဟာ မလွယ်ပါလားကွာ... အပြစ်နဲ့ချည်းပဲ... "*



ဦးဘကလေးက မြှားရင်း စိတ်ထိခိုက်မှာတွေးပြ ထက်ကဲတဲ့ သားမိုးသားဟု မှတ်ချက်ချလေသည်။

မာန်ဝင့်ထယ်မှာ မျက်နှာပျက်သွားပြီး ဒေါသနှင့် ရှက်ရမ်းရမ်းသည်။

"အိမ်မှာ ခိုင်းတဲ့ ကျွန်ကို ငါလုပ်တာ ဘာဖြစ်သလဲ... ဒီကောင်မ မိငြိမ်းက လှပါးဝလို့... သူပဲ ငါ့ကို ညုသလိုလိုလုပ်တာနဲ့... "

"အို... ကျွန်မ ဘာမှ မလုပ်ဘဲဘူး... သူကသာ... "

"အေး... ငါတို့အိမ်မှာ နှင်တို့မနေကြနဲ့... သွားကြ... သွားကြ... "

"အမလေးလေ... မနှင်လည်း သွားမှာပါ... အဖေကလည်း သူ့သားဘာလုပ်လုပ် အပြစ်မယူဘူး... သူများတွေကျတော့ ဝင်ပြောလို့ နှင်ချရတာနဲ့... သူ့သားကို မယူလို့ နှင်ချရတာနဲ့... ကိုဂျက်လည်း သူ့ခများ သူများဒဏ်ကို လက်လျှိုခံရသေး... ဒီမှာ ကိုကြီး မိငြိမ်းဟာလည်း လူပဲ... အခု ရဲစခန်းသွားတိုင်ရင် ကိုကြီး ထောင်ထဲရောက်သွားမယ် သိလား... အခု အမျိုးသမီးရေးရာဥပဒေရှိတယ်... ဘာမှတ်သလဲ... "

နောက်ဆုံးစကားက မာန်ဝင့်ထယ်ကို တွန့်သွားစေသည်။

www.burmeseclassic.com

ပန်းဝါခိုင်၏ခြိမ်းခြောက်စကားက ထိရောက်သည်။ တစ်ချီတည်း မာန်ဝင့်ထယ် ငြိမ်သွား၏။

ပန်းဝါခိုင်၊ ရွှန်းလဲ့ဝါ၊ မငြိမ်းအေးတို့ အိမ်ရှေ့ဆင်းသွားတော့ ထမင်းချက် ဒေါ်ဒေါင်းကလည်း သူမ တစ်ယောက်တည်း မိန်းကလေးတစ်ယောက်တည်း မနေတော့ပါဟုဆိုကာ ဆင်းသွားပြန်၏။

သူမ ဆင်းမည်လုပ်ကာနီးမှာ ဦးဘကလေးက ဒေါသနှင့်

"ခင်ဗျားလို မည်းမည်းသည်းသည်း အိုကြီးရွတ်တွပလတ်စတစ်စည်ပိုင်းကြီးလိုဟာမျိုး ဘယ်သူက စိတ်ဝင်စားမှာလဲ... "

"ထန်းပင်ဆိုတာ ပျိုလည်း ထန်းပင်... အိုလည်း ထန်းပင်ပဲ ဆရာရဲ့... ထန်းရည်သမားဟာ ထန်းရည်လိုချင် ထန်းပျိုကော ထန်းအိုရော ဂရုစိုက်တာမဟုတ်ဘူး... တွေ့သမျှ လက်ညှိုးထိုးတာပဲ... ကြောက်ပါတယ်... ဆရာရယ်... "

ဟုဆိုကာ ကမန်းကတန်း ထွက်ပြေးတော့၏။

ဦးဘကလေးက သူ့သားအား ဒေါသနှင့်

"ကောင်းတယ်... ကောင်းတယ်... မင်းလုပ်တာနဲ့ ငါတို့ ထမင်းငတ်ပေါက်တိုးပြီ... ဟင်း... မင်းနော်...



မင်း... "

"ဒက်ဒီရာ... မပူစမ်းပါနဲ့ သားချက်ကျွေးပါ့မယ်... ကန်စွန်းရွက်ကြော်နဲ့ ဘဲဥပြုတ်တော့ အီဖေကိုယ်လုပ်တတ်ပါတယ် ဒက်ဒီရာ... "

"အေး... အေး... မင်းကျွေးတာက အိမ်သာနဲ့ဖင်မနားတမ်း မိတ်ဆက်ရမယ့်ဟင်းပဲ အီဖေကိုယ်ရဲ့... မင်းက အီဖေကိုယ်မဟုတ်ဘူး... အီးဖေကိုယ်... အီးဖေကိုယ်... မင်းကြောင့် အီးထွက်မှာပဲ့... "

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းစဉ် (၁၀)

"မင်းအလုပ်လိုချင်တယ်... ဟုတ်လား... "

"ဟုတ်တယ် အန်ကယ်(လ်)... ကျွန်တော့်ယောက်ဖမဆီက ကျွန်တော် အလုပ်ပြုတ်လာပြီ ခင်ဗျ... "

မနက်ခင်း အလုပ်မဆင်းမီ ဦးအာကာထက်ပေးထားသော လိပ်စာအတိုင်း မြစံပယ်လမ်းရှိ အိမ်သို့သွားသည်။ မြစံပယ်လမ်းသည် ဗိုလ်ချုပ်လမ်းနှင့် ကပ်နေသော စံပယ်မြိုင်ရပ်ကွက်မှာ ရှိသည်။

စံပယ်မြိုင်က လူချမ်းသာတွေနေသောရပ်ကွက်။

ဦးအာကာထက် အိမ်မှထွက်လာသော တင်မို့မို့အေးနှင့် ဂျက်စနေ ဆုံမိ၏။

ဂျက်စနေ အံ့အားသင့်သော်လည်း တင်မို့မို့



အေးက ကြနေ့မပျက်ပဲရယ်မော၍...

"ကိုဂျက်... ရှင်.. ဦးအာကာထက်ဆီမှာ အလုပ်တောင်းမလို့ထင်တယ်... "

"အေးဗျာ... အိမ်ကအဘိုးကြီးနဲ့ မကြည်လို့ အိမ်ပေါ်က ဆင်းချလာတယ်... သူ့ဆီမှာလည်း အလုပ်မလုပ်တော့ဘူး... မမို့က ဒီမှာလုပ်နေသလား... "

"မမို့ မလုပ်ပါဘူး... ဒါပေမယ့် အဆက်အသွယ်ရှိတယ်... ဦးအာကာထက်က ဦးဘကလေးလို မဟုတ်ဘူး... သဘောကောင်းတယ်... ကိုဂျက် အလုပ်မရရင် မမို့ကိုပြော... မမို့ ပြောပေးမယ်... "

"အားကိုးရတာ ဝမ်းသာပါတယ် မမို့ရယ်... ကျွန်တော်သွားတွေ့လိုက်ဦးမယ်... "

"အိုကေ... ဆီးယူ... "

"ဆီးယူ မမို့... "

သူက ဦးအာကာထက်နှင့်တွေ့သည်။

သူအလုပ်လိုချင်ကြောင်းပြောတော့ ဦးအာကာထက်က ဖော်ပြပါ စကားတွေနှင့် မေးလာသည်။

ဦးအာကာထက်မှာ တပည့်ယောက်ျားတစ်ယောက်နှင့်ပဲနေသည်။

စားရေးသောက်ရေး သူ့ကိုပြုစုရေးနှင့် အိမ်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကို ယင်းလူကပဲ ယူရသည်။

လစာတစ်သောင်းပေးထားသည်။

ဦးအာကာထက်အား မိမိဘာကြောင့် ယောက္ခမ အိမ်မှ ဆင်းလာခဲ့ရကြောင်းကို ပွင့်ပွင့်လင်းလင်းပင် ပြောပြ သည်။

ဦးအာကာထက်က မိမိနှင့် ပေါင်းနေသရွေ့ တစ်နေ့ သည်လိုပင် ဖြစ်လိမ့်မည့်အကြောင်းပြော၏။

ဦးအာကာထက်နှင့်မိမိ ပေါင်းသင်းဆက်သွယ် နေတာကို ဦးဘကလေး မသိပါဟု ဂျက်စနေကဆိုသည်။

“မင်းပြောသလိုဆို ဒီငွေကို ဘယ်သူခိုးတယ်လို့ ထင်သလဲ... ”

“ကျွန်တော် ဘယ်သူ့ကိုမှ မယိုးစွတ်ဘူး... ဒါပေမယ့် ထင်ထားတာတော့ရှိတယ်... မပြောကောင်းလို့... ”

“ပြောသာပြောပါကွာ... အထင်ပြောတာပဲ... ယိုးစွတ်တာမှ မဟုတ်ဘဲ... ”

“ကျွန်တော့်အထင်ပြောရရင် ဟိုလူ မာန်ဝင့်ထယ်ပဲ ဖြစ်မယ်... သူပဲ သူ့အဖေအခန်းထဲ ဝင်ရဲထွက်ရဲတာ... ကျန်လူတွေက မဝင်ရဲကြဘူး... အိမ်ဖော်မလေး မငြိမ်းအေးတောင် သန့်ရှင်းရေးလုပ်ရင် အဘိုးကြီးအခန်းကို ချန်ထားရတယ်... အဘိုးကြီးက သူ့ဟာသူ လုပ်တာ”



“အောက်ခြေက လာတဲ့လူဆိုတော့ ခုထက်ထိ အောက်တန်းအလုပ်ကို မစွန့်နိုင်ဘူး... ”

“အောက်ခြေ... ဟုတ်လား... သူက... ”

“ဒီကောင်က အညာကလာတဲ့ကောင်ကွ... စာပညာကလည်း ငါးတန်းအထိနေဖူးတာ... ငါလည်း အညာကပဲ... တို့ကမုံရွာဘက်ကပေါ့ကွာ... ဘာဇာတိ ညာဇာတိတော့ မပြောတော့ပါဘူး... ငါက ဆယ်တန်းအောင်ပြီး ရန်ကုန်မှာ အလုပ်လာရှာတယ်... သူကလည်း ရန်ကုန်မှာ အလုပ်လာရှာရင်း ထမင်းဆိုင်တစ်ဆိုင် မှာ ဆုံကြရင်း ရင်းနှီးသိကျွမ်းကြတယ်... အညာကလူချင်းလည်းဖြစ်...တစ်နယ်သားချင်းလည်းဖြစ်တော့ ခင်မင်ကြတာပေါ့ကွာ... ဒီကောင်က ကားမောင်းတတ်တယ်... သူဌေးအိမ်တစ်အိမ်မှာ ကားမောင်းအလုပ်ရသွားတယ်... ငါကလည်း အိမ်တွင်းလက်မှုအလုပ်တစ်ခုမှာ အလုပ်ရသွားတယ်... တို့နှစ်ယောက်ရဲ့ ဆက်သွယ်မှုက မပြတ်ကြဘူးပေါ့ကွာ... ဒါဟာ ပြီးခဲ့တဲ့ခေတ်ဟောင်း စံနစ်ဟောင်းတုန်းကပေါ့... အစိုးရဲ့... ...အဓိပ္ပာယ်မရှိ နိုင်ငံကို တံခါးပိတ်ထားပြီး ဈေးကွက်စီးပွားရေး ပျက်သုဥ်းနေတဲ့ ကာလပေါ့... ငါရတာက အချုပ်အလုပ်မှာ စာရင်းကြည့်ပေးရတဲ့အလုပ်ပဲ...

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိကလုပ်ငန်းဆို ကြီးကြီးကျယ်ကျယ် ဘာမှ မလုပ်နိုင်ဘူး… အရင်းရှင်ဆိုပြီး နှိပ်စက်တာပေါ့ကွာ– အဲဒီလို ဖြစ်လာတာဟာ ဒီစံနစ်ကောင်းရက်နဲ့ ဘေးဘ[က်] ကလူညာတွေ မကောင်းလို့ဖြစ်လာရတာကွ… ”

“ဒါတွေ ကျွန်တော် သိပါတယ်… ”

“အေးပေါ့… ဒါနဲ့ ကိုဘကလေးက ပိုက်ဆံရှိတဲ့အိမ်မှာ ကားမောင်းရင်း နှစ်တွေကြာလာတော့ သူ့အလုပ်ရှင် သူဋ္ဌေးက သေပါရော… သူ့သူဋ္ဌေးက တရုတ်ကြီးကွ… သဘောကောင်းတယ်… သူ့မိန်းမက တရုတ်ကပြားမ အဘွားကြီးကွ… အဘွားကြီးပေမယ့်အသက် ငါးဆယ်လောက်ပဲ ရှိပါဦးမယ်… ကိုဘကလေး[က] သုံးဆယ်လောက်ပေါ့ကွာ… အဲဒီမှာ ငါက ကိုဘ[ကို] အကြံပေးတယ်… အလုပ်ရှင်အဘိုးကြီးမရှိတဲ့နော[က်] အဘွားကြီးကို ချိတ်လိုက်… အသက်အရွယ်ချင်း မ[တူ] ပေမယ့်…ခင်ဗျားအဘွားကြီးကို ရရင် ပိုက်ဆံချမ်းသာမှာပဲလို့… ငါ့အကြံအတိုင်း ကိုဘက အဘွားကြီး[ကို] ချိတ်ပြီး ညားကြရောကွာ… သူ့အတွက် ဖြတ်လမ်း[က] ဒါပဲရှိတာကိုး… အဘွားကြီးက ပွဲရုံရှိတော့ ကိုဘ[က] ပွဲရုံပိုင်ရှင် ဖြစ်လာတာပေါ့… ”

“ဒါပေါ့လေ… ရွှေလမ်းရှာတော့ ရွှေတွေ့တာပေါ့–



“စကားတစ်ခုရှိတယ်ကွ… ငွေရှာရင် ငွေတွေ့တယ်… မိန်းမရှာရင် မိန်းမတွေ့တယ်ဆိုတာ… ကိုဘလည်း ငွေရှာတော့ ငွေတွေ့တာပေါ့… တစ်နေ့တော့ သူက အဘွားကြီးဆီက စိန်တစ်လုံးခိုးလာတယ်… ငါ့ဆီလာ အပ်ထားတယ်… ငါက အဲဒီစိန်ကို နားလည်တဲ့လူဆီ ပြကြည့်တော့ စိန်ကအတုကြီး ဖြစ်နေတယ်… ဒီကောင် ဘာကြောင့် အတုကြီးခိုးလာရသလဲပေါ့… မကြာပါဘူးကွာ… အဘွားကြီးဆီက စိန်ပျောက်မှုနဲ့ ဒီကောင့်ကို အဘွားကြီးက ယိုးစွတ်တော့… ဒီကောင်က ငါခိုးတာပါဆိုပြီး ငါ့ကို လက်ညှိုးထိုးတော့တာပါပဲ… ”

“ဦးဘကလေးဟာ ယုတ်မာတဲ့စိတ်ဓာတ် ရှိတာ… အခုမှသိတယ်… ”

“အဓိပ္ပာယ်ကတော့ အဘွားကြီးဆီက စိန်အစစ်ကို သူကယူ… ဒီစိန်နဲ့ မခြား ဓာတုဗေဒစိန်တစ်လုံးကို အတုလုပ်ပြီးတော့ ငါ့ဆီလာအပ်တာ… အမှုပေါ်တော့ ငါ့ကို လက်ညှိုးထိုး… ရဲက ငါ့ကိုဖမ်း… အမှုစစ်… ငါ့ဆီက စိန်ကိုသိမ်းပေါ့… ဒီကောင့်လုပ်ရပ်ကို ငါက မခံနိုင်လို့ ရဲကို ဒီကောင် ပါပါတယ်ပြောတယ်… ဒါပေမယ့် သူက အကြောက်အကန်ငြင်းပြီး… သူ့ဆီ

www.burmeseclassic.com

www.burmeseclassic.com



ငါလာလည်တုန်း ခိုးတာကို ဘယ်အသိခံမလဲ... ငါ့ကိုပဲ ပြောတော့တာပေါ့... ပြီးတော့ စိန်ကိုလည်း စေ့စေ့ကြည့်ရော အတုကြီးဖြစ်နေတော့ စိန်အစစ်နဲ့ အတုလဲတာပဲလို့ ရဲကမှတ်ချက်ချရော... ”

“အန်ကယ်(လ်) ပြေးပေါက်မရှိတော့ဘူးပေါ့... ”

“ဒါပေါ့ကွ... သူက သူရတဲ့စိန်ကို အဘွားကြီး မသိအောင် တိတ်တိတ်ကလေး ရောင်းပြီး... ရတဲ့ငွေတွေနဲ့ လှေးကောင်းဂျင် သွားလိုက်... ဖဲဝိုင်းသွားလိုက်နဲ့ ဖိမ်ကျနေတာပေါ့... ဒါနဲ့ ငါက တစ်နေ့ သူလေးကောင်ဂျင်ဝိုင်းသွားတုန်း အဲဒီနယ်မြေက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နဲ့ ရဲကို လက်တို့အကြောင်းကြားလိုက်တာ ငတိကြီးရော... သူ့ထိုးသားတွေပါ အဖမ်းခံရရော... ”

“သူက ဘာလဲ... ”

“သူက ထိုးသား မဟုတ်တော့ဘဲ ဒိုင်လေကွာ... အဲဒါပိုကောင်းသွားတာပေါ့... ထောင်ငါးနှစ်ကြီးတောင်”

“သူ့မကောင်းတဲ့ဒဏ် သူ့ပြန်အကျိုးပေးတာပါပဲလား”

“ဒါပေမယ့် သူက ငါ့လက်ချက်မှန်းသိတယ်... ဂျက်စနေရ... အဲဒီကစပြီး ရန်သူတွေဖြစ်သွားကြတာ... ဒီနေ့အထိပဲ... ”



“ဒါကြောင့် သူက အန်ကယ်(လ်)ကို သဲကြီးမဲကြီးဖြစ်နေတာကိုး... ”

“ဒါပေါ့ကွာ... ကဲ... ဒါတွေထားပါတော့... မင်းအလုပ်ကိုဆက်ရအောင်... ”

ဦးအာကာထက်က စဉ်းစားသည်။

ဦးသန်းအောင်က နှလုံးရောဂါပြင်းလာတာမို့ အလုပ်မလုပ်ဘဲ အနားယူချင်နေပေပြီ။

“မင်းပညာအရည်အချင်းနဲ့ မင်းလုပ်ရည်ကိုင်ရည်နဲ့ ဆိုမင်းကို ငါ့စက်ရုံမှာ မန်နေဂျာပေးမယ်... လက်ရှိဦးသန်းအောင်က လုပ်နိုင်မှာမဟုတ်တော့ဘူး... ”

“ဟုတ်ကဲ့... ”

ဂျက်စနေ ဝမ်းသာသွားသည်။

“မင်းလခ ဘယ်လောက်လိုချင်သလဲ... ”

“အန်ကယ်(လ်) ကြိုက်သလောက်ပေးပါ... ”

“ဦးသန်းအောင်ကို သုံးသောင်းပေးတယ်... မင်းကအလုပ်ဝင်ကာစဆိုတော့ နှစ်သောင်းငါးထောင်ပေးမယ်... ပြီးမှ မင်းကို ထပ်တိုးပေးမယ်... ”

“တကယ်ဝမ်းသာတယ် အန်ကယ်(လ်)ရာ... အန်ကယ့်(လ်)ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ များနေပါပြီ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာကျေးဇူးလဲကွယ့်… တစ်ယောက်ကိုတစ်ယောက် ကူညီကြတာပဲ… "

"ကျွန်တော် ဘယ်တော့ အလုပ်ဆင်းရမလဲ… "

"ခန့်တာတော့ ခုအချိန်ကစပြီး ခန့်လိုက်ပြီ… မင်း ဆင်းရမှာက… "

ဦးအာကာထက်က ခဏမျှငေးကာ ချိန်ဆနေသည်။

"သန်ဘက်ခါလာဆင်းကွာ… အလုပ်ချိန်က မနက် ကိုးနာရီက ညနေငါးနာရီထိပဲ… အလုပ်ပိတ်တာက ညနေလေးနာရီပဲ… အလုပ်သမားတွေ ဆင်းပြီး… မင်း တစ်နာရီပိုနေရမယ်… "

"ရပါတယ်… ကျွန်တော် ဆင်းမယ်… "

"ဒါထက် မင်း… ငါပေးထားတဲ့ပစ္စည်း သိမ်းထား လိုက်… "

အဘိုးကြီးက အန်ကယ်(လ်)တွေ အန်ကယ် တွေ လုပ်မနေတော့။

ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပဲ မင်းတွေ ငါတွေ သုံးလာသည်။ အလုပ်သမားနှင့်အလုပ်ရှင်ဖြစ်ခဲ့ပြီ ကိုး။

"သိမ်းထားပါတယ် အန်ကယ်(လ်)… "



"ဖွင့်ကော ကြည့်သေးလား… "

"ဖွင့်မကြည့်ဘူး… ဒါပေမယ့်… "

"ဒါပေမယ့်… ဘာဖြစ်သလဲ… "

"ကျွန်တော့်မှာ အန္တရာယ်ကြုံနေတယ် ခင်ဗျ… "

"ပြောပါဦး… "

တမြန်နေ့က ယောက္ခမအိမ်မှဆင်း၍ ရှုခင်းသာ ပန်းခြံထဲ ခဏသွားထိုင်ပြီးမှ အပြန် လူသုံးယောက်နှင့် ဖိုက်ခဲ့ရသည့်ဇာတ်လမ်းပဲဖြစ်သည်။

ဦးအာကာထက် နားထောင်နေသည်။

"မင်းကို အားနာတယ်ကွာ… ဘယ်လိုထင်သလဲ… "

"သူတို့က ဒီစာအိတ်ကို ဘာလို့လိုချင်သလဲ… "

သွေးတိုးစမ်းမေးလိုက်သည်။

"မင်းဆီအပ်ထားတာ ဘာမှအဖိုးမတန်တဲ့စာအိတ် ဖြစ်ပေမယ့် လိုချင်သူတွေအတွက်ကတော့ သိန်းနဲ့ချီပြီး တန်ဖိုးရှိနေတာ… "

"အဲဒီလူတွေက ဘယ်သူလဲ… "

"စောပီတာပဲ… "

"စောပီတာ… စောပီတာဆိုတာကကော ဘယ်သူလဲ… ဘာလဲ… "

"ဒီကောင်က နယ်စပ်မှာ သောင်းကျန်းနေတဲ့ အကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖက်သမားတွေထဲက လူတစ်ဦးပါ... ”

“အန်ကယ်(လ်)နဲ့ဘယ်လို ပတ်သက်သလဲ... ”

အန်ကယ်(လ်)နဲ့သူနဲ့က ခေတ်ဟောင်းတုန်းက မှောင်ခိုလုပ်ဖော်ကိုင်ဘက်တွေ ဂျက်စနေ... တစ်နေ့မှာ တစ်ဘက်နယ်စပ်ကနေ ရွှေချောင်းတွေ မှောင်ခိုသွင်းလာတယ်... ဒီတုန်းက ဒီစောပီတာဆိုတဲ့ကောင်ဟာ ဒီဘက်နယ်မြေမှာပဲ ရှိတော့... သူနဲ့အန်ကယ်(လ်) နှစ်ယောက်ပေါင်းပြီး ရွှေချောင်းတွေ သွင်းလာတာ... မြဝတီလည်း ရောက်ရော အန်ကယ်(လ်)တို့ရွှေချောင်းတွေကို ရှာဖွေရေးက ပိတ်ဖမ်းမယ်ဆိုတဲ့သတင်းရထားပါရော... စောပီတာကတော့ အကြမ်းဖက်သမားဆိုတော့ မလိုက်လာနိုင်ဘူး... အန်ကယ်(လ်)က တစ်ယောက်တည်းပဲ ဆောင်ရွက်ရတယ်ကွယ်... ဒီတော့ အန်ကယ်(လ်)က ရွှေချောင်းတွေကို ရှာဖွေရေးဆီ မရောက်ခင် တောထဲတစ်နေရာမှာ သိမ်းဆည်းထားလိုက်တယ်... မြေပုံလည်း ဆွဲထားလိုက်တယ်... အခု ဒီဘက်ကာလရောက်တော့ စောပီတာက အန်ကယ်(လ်)ကို ဆက်သွယ်တယ်... ဒီရွှေချောင်းတွေကို မေးတယ်... အန်ကယ်(လ်)က ရှာဖွေရေးက သိမ်းသွားတယ်လို့ပဲပြောတယ်... သူ မယုံဘူး... နောက်ဆုံး



အန်ကယ်(လ်) သို့ဝှက်ပြီး... မြေပုံဆွဲထားမှန်းလည်း သိရော... အန်ကယ်(လ်)ကို ရန်ပြုပြီး မြေပုံကို လုဖို့ ကြိုးစားတာပဲ... ”

“သိပြီ... ဒါဆို ဒီမြေပုံဟာ ကျွန်တော့်လက်ထဲမှာပေါ့”

သူက ဂျက်စနေကို ခေါင်းညိတ်ပြသည်။ ဂျက်စနေက ဝမ်းထဲမှာရယ်သည်။

သည်လူကြီး မိမိကိုပါ ပတ်ပြန်ပြီ။

ခင်ဗျားပေးတဲ့မြေပုံဟာ ဗလာစာရွက်ပါဟု ပြောပစ်လိုက်ချင်သည်။

“ရွှေချောင်းတွေက ဘယ်လောက်တန်ဖိုးရှိမလဲ... ”

“တစ်ခေတ်တုန်းမှာတော့ ဒီရွှေချောင်းတွေကို တို့သွင်းလာတာ သိန်းနှစ်ဆယ်ရင်းတာ... သိန်းငါးဆယ်လောက် တန်ဖိုးရှိမယ်... ခုခေတ်မှာတော့ ရွှေဈေးက တက်လာတော့ သိန်းသုံးရာကျော်လောက်တော့ ရှိမှာပဲ... ”

“မဆိုးပါလား... ဒါဆို ဒီရွှေချောင်းတွေရှိတဲ့နေရာကို အန်ကယ်(လ်)ဘာလို့ မသွားသလဲ... ”

“ငါ အသက်ကြီးလာပြီကွ... သိပ်မလှုပ်ရှားနိုင်တော့ဘူး... ငါလည်း ဒီမှာ ဈေးကွက်စီးပွားရေးအားကိုး စနစ်နဲ့ လုပ်လိုက်တာ လုပ်ငန်းရော... ငွေကြေးရော

www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားနေပြီ... တောကြီးတောင်ကြီးထဲ အပင်ပန်းခံ မသွားနိုင်တော့ပါဘူးကွာ... ဒါပေမယ့်... "

"ပြော... အန်ကယ်(လ်)... "

"ဇောပီတာကတော့ လိုချင်နေတယ်... သူကတစ်ဘက် နိုင်ငံမှာ စက်မှုလုပ်ငန်းတစ်ခု လုပ်ချင်တော့... ဒီရွှေ ချောင်းတွေပြန်ရရင် အဲဒါကို အရင်းတည်ပြီး စီးပွား ရှာမလို့တဲ့... "

"ဒါကို အန်ကယ်(လ်)က ဘယ်လိုသဘောထားလဲ"

"ငါက ဇောပီတာနဲ့ ချိန်းပွဲလုပ်လိုက်တယ်... ဒီညပဲ... သူက ငါ့ဆီက မြေပုံကို သိန်းငါးဆယ်နဲ့ပေးဝယ် မယ်... တကယ်လို့ ငါပါ သူနဲ့လိုက်လို့ရရင် မြေပုံ အရ တောထဲလိုက်ပေါ့... ဒီညညှိကြမယ်... "

"အန်ကယ်(လ်)ကို အန္တရာယ်ပြုရင်ကော... "

"အဲဒါကို ငါ စဉ်းစားနေတာကွ... မင်းအကူအညီ ယူရ ကောင်းမလားလို့... မင်းက အထိုးအကြိတ် အခုန်အပေါ့ ကောင်းတယ်... "

"ဓားခုတ်ရာ လက်ဝင်မလျှိုပါရစေနဲ့ အန်ကယ်(လ်) ရယ်... "

"မင်းအတွက်ပါ အကျိုးရှိမှာပါ... မင်းကို ငါသိန်းငါး ဆယ်ထဲက ဆယ်သိန်းပေးမယ်ကွာ... "



ဂျက်စနေ စဉ်းစားနေသည်။

ထိုနောက်မှ ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် သဘောတူတယ်... "

"ဒါဆိုရင် ငါနဲ့ဇောပီတာ ချိန်းထားတဲ့နေရာကို ငါ ပြောမယ်... မင်းနားထောင်... "

သူသွားမည့်နေရာကို ပြောသည်။ ဂျက်စနေက နားထောင်သည်။ မှတ်သားသည်။ အချိန်ကိုပါ မှတ်ထား၏။

သူ စိတ်လက်ရှင်ကြည်စွာနှင့် ပြန်လာသည်။ ခေါင်းထဲတွင် စဉ်းစားလာသည်။

မကောင်းမှုဒဏ်ကို သူ ခံနိုင်သည်မဟုတ်။

ဇောပီတာဆိုသည့် အကြမ်းဖက်သမားက မြို့ ထဲဝင်နေသည်။

ဦးအာကာထက်က သူ့ကိုယ်ကျိုးအတွက် သောင်းကျန်းသူနှင့်ဆက်သွယ်သည်။

သောင်းကျန်းသူနှင့် ဆက်သွယ်ခြင်းသည် နိုင်ငံတော်ပုန်ကန်မှုတွင် အားပေးအားမြှောက်ပြုလုပ်ခြင်းပင် ဖြစ်တော့သည်။

မိမိလည်း သည်အထဲတွင် ပါဝင်မလား။

မပါဝင်ချင်ပါ။ ဦးအာကာထက်ထံမှာ အလုပ် မလုပ်ရလျှင် နေပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပုန်ကန်မှုတွေနှင့် မဆက်သွယ်နိုင်။

ဒါကြောင့် သူ့ခြေလှမ်းများက ရဲစခန်းတစ်ခုထဲသို့ ဦးတည်သွားသည်။

ရဲစခန်းတွင် နာရီဝက်နီးပါးကြာပြီးမှ သူထွက်လာသည်။ ဘာပဲပြောပြော နိုင်ငံတော်အတွက် သူလုပ်ပေးရတာမို့ စိတ်ရွှင်လန်းနေသည်။

အိမ်ကိုပဲ ပြန်သည်။

ထမင်းစားချိန်လည်း ရောက်နေသည်။

အိမ်ဝသို့ ခြေချကတည်းက ရယ်မောစကားပြောသံတွေကို ကြားရသည်။

ဧည့်သည်တွေရောက်နေပါလား။

"ဟင်... "

သူ အိမ်ဖိနပ်ချွတ်သို့ အရောက်မှာ ဟင်သံပေးမိသည်။

ဧည့်ခန်းမှာ ဖေဖေ၊ မေမေတို့နှင့်ထိုင်စကားပြောနေကြတဲ့ ဧည့်သည်တွေက တခြားမဟုတ်။

ပန်းဝါခိုင်ရယ်၊ ရွှန်းလဲ့ဝါရယ်၊ နောက်ပြီး ကြမ်းပြင်ပေါ်မှာထိုင်နေသည့် မငြိမ်းအေး။

ဖိနပ်ချွတ်နှင့် တံခါးဝတည့်နေတာမို့ သူက မားမားကြီးရပ်မိရာ သူ့ကိုမြင်လိုက်တာနှင့် အားလုံးစကား



ပြော ရပ်သွားကြသည်။

ဟုတ်မှဟုတ်ပါ့မလား။

အိပ်မက်ပဲလား။

သူက ကြောင်တောင်ကြီး ငေးကြည့်နေရဲ့။

"ကိုဂျက်... "

ဝမ်းသာအားရ ခေါ်သံလေးနှင့် ဦးစွာထလိုက်သူက ပန်းဝါခိုင်။

"ပန်းဝါ... "

"ကိုဂျက်... ကိုဂျက် နေကောင်းတယ်နော်... "

ပန်းဝါအသံသည် ယခင်ကလို မာန်မတင်းတော့ပါ။ ဂျက်စနေက အံ့ဩသွားပြီး သတိရလို့အတွင်းထဲဝင်လာသည်။

"ပန်းဝါ... နင်တို့ ဘာလာလုပ်တာလဲ... ဒီမှာ အဝတ်အစားအိတ်တွေပါလား... "

"ဒက်ဒီနဲ့ ကိုမာန်က နှင်ချလိုက်လို့... ပန်းဝါတို့အိမ်က ဆင်းလာကြတယ် ကိုဂျက်... "

"ဟင်... ဘယ်လိုဖြစ်ကြတာလဲ... "

"သူခိုးပေါ်သွားပြီလေ... သူခိုးက ကိုမာန်... ကိုဂျက်ရဲ့... မျက်မြင်သက်သေ လက်ဆုပ်လက်ကိုင်နဲ့ပြပြီဟော့ ကိုမာန် ဘာမှမပြောနိုင်တော့ဘဲ ဝန်ခံတယ်... အဲဒါ

www.burmeseclassic.com



အဘိုးကြီးက သူ့သားကို အပြစ်မပြောဘူး... အရေး မယူဘူး... ပန်းဝါက ကိုဂျက် ခံထားရတာကို မကျေ နပ်လို့ အဘိုးကြီးကို စောဒကတက်တာ... ဒက်ဒီ ကလေ ပန်းဝါတို့ကို နှင်ချတယ်... "

"သြော်... သူခိုးက ကိုမာန်ကိုး... ထင်တော့ထင်သား... မပြောအပ်လို့... ရှင်းအောင်ပြောစမ်းပါဦး... "

မိန်းမသားသုံးယောက်က မိန်းမသားပီပီ နဂို က ပြောချင်ချင်နှင့် မဲ့တစ်ခါ၊ ရွဲ့တစ်မျိုး ခြေဟန်လက်ဟန် တွေနှင့် ပြောကြသည်။

အဖေနှင့်အမေကတော့ နဂိုကသိပြီးသားဟန် နှင့် ငြိမ်နားထောင်နေကြသည်။

"အဘိုးကြီးက သူ့သားနဲ့ပတ်သက်ပြီး ဖွတ်စိမ့်တာ တော့ သူ့အမှားပေါ့... အေးလေ... အရာရာတိုင်း သူ စီမံရင်ဖြစ်မယ်ထင်နေတာ... သူနဲ့ သူ့သားက တစ် ကျိတ်တည်း တစ်ဉာဏ်တည်းဆိုတော့ သူ့သားဘက် ကပဲ လိုက်ပေမပေါ့... "

သည်သို့ပဲ ဂျက်စနေက မှတ်ချက်ချသည်။

အဖေကတော့ သက်ပြင်းချ၍...

"ကိုဘကလေးဟာ အစကဒီလို မဟုတ်ပါဘူး... အခု နောက်ပိုင်းမှ... ဘယ်လိုတစ်ယူသန်တွေ ဖြစ်လာပါ



လိမ့်... "

"လောဘပေါ့ အဖေရာ... လောဘ... လောဘ... သူက စီးပွားရေးလည်း အုပ်စီးချင်တယ်... လူမှုရေးလည်း အုပ်စီးချင်တယ်...နေရာတိုင်း သူအုပ်စီးချင်တဲ့လောဘ တွေကများတာကိုး... ပြီးတော့ လူတစ်ယောက်ကို ပေါင်းရင် ဘယ်လိုအသုံးချရမလဲလို့...ကြည့်နေတာ... မာန်ဝင့်ထယ်ကိုလည်း သူပဲ အသုံးချနေတာ... ကြည့် နေ... သူ့သားဟာ သူ့ကြောင့် တစ်နေ့ ထောင်ထဲဝင် သွားရလိမ့်မယ်... "

www.burmeseclassic.com

www.burmeseclassic.com



"သူ လာပါ့မလား ဒက်ဒီ... "

"လာမှာပါ... ဒက်ဒီ သူ့ကို စကားပြောချင်တဲ့ အကြောင်း... ဖြစ်ပြီးတာတွေ တောင်းပန်ချင်တဲ့ အကြောင်း... ဖုန်းနဲ့ပြောလိုက်တာပဲ... မျက်နှာချင်းဆိုင်တွေ့ပြီး တောင်းပန်ပါရစေဆိုလို့ သူလာမှာပဲ... "

"လာစမ်းပါစေ... အချိုမှုန့်ဖိုး သိန်းနှစ်ရာဖိုး နစ်နာအောင် လုပ်ခဲ့တဲ့ ဒီလူကြီးကိုတော့ ငရဲပို့ပစ်မယ်... "

သူတို့ချိန်းထားတာက 'ကသည်းသောင်' ဖြစ်သည်။

'ကသည်းသောင်' သည် သောင်အမည်ပါသော်လည်း သောင်ပြင်မဟုတ်ပါ။ မြစ်လည်း နံဘေးတွင် မရှိပါ။

ဘယ်အချိန် ဘယ်ကာလက ခေါ်ဝေါ်ခဲ့သည်



မသိ။

သည်အမည်ပဲတွင်ခဲ့သည်။

တကယ်တော့ 'ကသည်းသောင်' သည် သောင်အမည်နှင့် မလိုက်သော ဖုန်းဆိုးတောမြက်ကွင်းပြင်ကြီးသာ ဖြစ်သည်။

ကားကို ကွင်းပြင်တစ်ဘက်တွင် ရပ်ပစ်ခဲ့သည်။

မြို့မှထွက်သော ကားလမ်းမကြီးက ကွင်းပြင်နှင့် သုံးဖာလုံလောက်ဝေးသည်။

'ကသည်းသောင်' ၏ဟိုမှာဘက်တွင် သစ်ပင်အုပ်အုပ်ကလေးများနှင့် ဒိုင်းပြ၊ ပုလဲဖြူ၊ အုန်းနှစ်ပင် စသော ရွာငယ်ကလေးတွေ ရှိသည်။

'ကသည်းသောင်' မှ လှည်းလမ်းပေါက်သည်။ ဘေးတစ်ဘက်တစ်ချက်မှာက မြေရိုင်းများနှင့် ဖုန်းဆိုးမြေသာ ရှိ၏။ ထိုမြေရိုင်းများကို နောင်နှစ်တွင် စပါးစီမံကိန်းဖြင့် စပါးစိုက်ရန်စီမံကိန်းတော့ရှိသည်။

ဦးဘကလေးက ထိုစီမံကိန်းတွင် ပါဝင်ရကောင်းမလားဟု စဉ်းစားသည်။

မကြာမီ လူတစ်ယောက်သည် မပွင့်တပွင့် နေခြည်အောက်တွင် သူတို့ဘက် လျှောက်လာတာကို မြင်ရ၏။

www.burmeseclassic.com



"အာကာတော့ လာနေပြီဟေ့... "

"ဒါဆို ကျွန်တော် ပုန်းနေတော့မယ်... "

သစ်ပင်တစ်ပင်နောက်ကွယ်သို့ မာန်ဝင့်ထယ် ဝင်သွားသည်။ သစ်ပင်ကြီး ကြီးမားသလို ပင်စည်က လူသုံးယောက်လက်ကာ၍ ဖက်မှ လုံးပတ်မိသော ကျွန်းပင်ကြီးဖြစ်သည်။

"မင်းကွာ... တောင်းပန်မယ့်စကားများ ဒီခေါ် လာရသေးတယ်လို့... "

မျက်နှာချင်းဆိုင်မိလျှင် ဆိုင်မိခြင်း ဦးအာကာထက်ကပြောသည်။

သူသည် ပေါ်လီယက်စတာတိုက်ပုံအင်္ကျီနှင့် ရခိုင်လုံချည်ကို ဝတ်၍ ခါးတွင် ဆယ်လူလာချိတ်ထားသည်။

ဦးဘကလေးကတော့ စပို့ရှပ်အင်္ကျီကြက်ဥနှစ်ရောင်နှင့် ဟောင်ကောင်ပုံစံဘောင်းဘီရှည်ဝတ်၍ ခါးတွင် ဆယ်လူလာချိတ်ထားသည်။

"ငါက ကိုယ်တိုင်ကိုယ်ကျ မျက်နှာချင်းဆိုင် တောင်းပန်ချင်တာပါ အာကာရာ... ငါတို့အသက်တွေလည်း ကြီးလာကြပြီ... တစ်ယောက်ကိုတစ်ယောက် အာဃာတတွေ မထားဘဲ ပြေငြိမ်းလိုက်ကြရင်ကောင်းမှာပဲ"

"ငါ ခံရတာတွေရှိသလို... မင်းခံရတာတွေရှိတာလည်း



ငါသိပါတယ်... ဒါတွေဟာ ဘာကြောင့်လဲဆိုတော့ အာဃာတထားမှုတွေကြောင့်ဆိုတာ ငါသိပါတယ်..."

ဦးအာကာထက်က ပြောစဉ် သူ့နောက်ဘက်မှ တရွေ့ရွေ့ချဉ်းကပ်လာသော မာန်ဝင့်ထယ်ကို သတိမထားမိချေ။

မာန်ဝင့်ထယ်၏လက်နှစ်ဘက်တွင် ဝိုင်ယာကြိုးတစ်မျှင်ကို ကိုင်ထားသည်။

"တစ်ယောက်နဲ့တစ်ယောက် မေတ္တာတရားဟာ ကောင်းပါတယ်ကွာ... ဒီနေ့ကစပြီး ပြေငြိမ်းလိုက်ကြပါစို့... မင်းကို ငါ တောင်းပန်ပါတယ်ကွာ... "

"ငါကလည်း မင်းကို တောင်းပန်ပါတယ်... တို့နှစ်ယောက်လုံး ငယ်ငယ်တုန်းကလိုပဲ ပျော်ပျော်ရွှင်ရွှင် ပြန်ပေါင်းကြတာပေါ့... "

ဦးအာကာထက်က ရွှင်လန်းပြုံးရွှင်စွာ ပြောတော့ ဦးဘကလေးက လက်ကမ်းပေးလိုက်သည်။

ဦးအာကာထက်က ထိုလက်ကို ဆွဲကိုင်နှုတ်ဆက်လိုက်၏။ ဦးဘကလေး၏တင်းကျပ်သော လက်ဆွဲနှုတ်ဆက်မှုကို သူခံစားလိုက်ရစဉ် ဦးဘကလေးမျက်နှာကို သူတွေ့လိုက်ရ၏။

သူ့လက်လိုပဲ တင်းမာသောမျက်နှာ။

ဘာသယရိပ်သည် ရင်တွင်းမှာ ပေါက်ဖွားလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့လက်ကို ဦးဘကလေးလက်ထဲမှ ဆွဲနုတ်လိုက်သော်လည်း လက်မည်းကြီးထဲမှလက်ကို ရုတ်တရက် ပြန်နုတ်မရ။

ထိုစဉ် သူ့လည်မျိုမှာ တစ်စုံတစ်ခု၏ရစ်ပတ်ခြင်းခံလိုက်ရသည်။

နောက်သုံးလေးမိနစ်အတွင်းမှာ သားအဖ နှစ်ယောက်သည် မျက်လုံးပြူး လျှာထွက်သေနေသော ဦးအာကာထက်၏အလောင်းကို ငုံ့ကြည့်လျက်သားရှိသည်။

"မင်းလက်ရာက သေသပ်ပါတယ်နော်... "

"ဟာ... အဖေရယ်... ဝိုင်ယာကြိုးစတောင် လည်ပင်းအသားထဲ မြုပ်သွားတာကြည့်ပါလား... ခုလောက်ဆို သရဲတောင်ဖြစ်နေပြီ... "

"အာကာ... အာကာ... လက်ပေး အသက်ခံရတယ်ဆိုတာ ဒါမျိုးပဲပေါ့ကွာ... မင်း ငါ့သိန်းနှစ်ရာကို အသက်နဲ့လဲပြီး ပြန်လျော်လိုက်ရတာတော့ သနားတယ်ကွာ..."

"ကဲ... ဒက်ဒီ လစ်ကြစို့... "

"အလောင်းကြီးကို ဘယ်လိုလုပ်မလဲ... "

"ဒီအတိုင်းထားခဲ့ပေါ့... လာ... သွားကြမယ်... "

မသတ်ခင်ကတော့ မစဉ်းစား။

သတ်ပြီးမှ ဖြစ်ပေါ်လာမည့် အပြစ်ဒဏ်ကို ခံစားရင်း မာန်ဝင့်ထယ် တုန်လှုပ်သွားသည်။ ထိုနေရာမှ မြန်မြန်ခွာချင်နေသည်။



"ကျွန်တော်တော့ မှားပြီထင်တယ် ဒက်ဒီ... ကိုယ့်အဖေအတွက် မခံနိုင်လို့ လုပ်လိုက်မိတာပဲ... "

"မမှားပါဘူးကွာ... ဒီကိစ္စ မင်းမှန်ပါတယ်... မင်းက အဖေ့အတွက် တာဝန်ကျေပွန်တဲ့သားပဲ... လာ... လာ... သွားကြစို့... "

အလောင်းကြီးကို ဒီအတိုင်းပဲထားပစ်ခဲ့ကြသည်။ ဝိုင်ယာကြိုးစကို မာန်ဝင့်ထယ်က တစ်နေရာတွင် ပစ်ခဲ့သည်။

ဦးအာကာထက်ကို သတ်ပြီးချိန်မှစပြီး တုန်လှုပ်နေသော မာန်ဝင့်ထယ်သည် အရက်ကိုချည်း ဖိသောက်တော့၏။

အိမ်ကြီးထဲတွင် ဦးဘကလေးနှင့် မာန်ဝင့်တယ်ပဲရှိနေသည်။

"ကျွန်တော် မှားသွားတယ် ဒက်ဒီရာ... ကျွန်တော် သူ့ကို သတ်ဖို့မကောင်းဘူး... ကျွန်တော် ကြောက်လာပြီ... "

အရက်သောက်စဉ် ဦးဘကလေးရော သူငါ မှုးနေကြသည်။ ထမင်းစားစားပွဲပေါ်တွင် ဖန်ခွက်တွေ၊ ပုလင်းနှင့် စားစရာတွေက ပစ္စလက်ခတ်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မမှားဘူးသားရဲ့… တို့ရဲ့ဆို့ပိတ်နေတဲ့လမ်းကို ဒီလိုပဲ ရှင်းကြရမယ်… မင်းသတ္တိရှိလိုက်စမ်းပါကွာ… ဘာကြောက်စရာရှိလဲ… "

"ကျွန်တော်… ဒက်ဒီကို ဘယ်လောက်ချစ်လဲ… ချစ်လို့… ကိုယ့်အဖေအတွက် မခံချင်လို့လုပ်လိုက်တာ"

အာလေးလျှာလေးကြီးနှင့် မာန်ဝင့်ထယ် လေးလေးတွဲ့တွဲ့ပြောသည်။

ဦးဘကလေးကတော့ ခံစားမှုမဖြစ်။

လူ့သတ်မှုပေါ်မှာကိုပဲ စိုးရိမ်သည်။ အကောင်းဆုံးက သားအဖနှစ်ယောက်လုံး ဒီမြို့ကထွက်ပြီး တခြားမြို့တစ်မြို့သို့သွားပြီး ဇာတ်မြှုပ်ရလျှင် ကောင်းမလားဟု စဉ်းစားသည်။

ရန်ကုန်ကို သွားလျှင်ကောင်းမည်။

အဲသည်မှာက လူဦးရေများတော့ မိမိတို့ရော နေ့ဇာတ်မြှုပ်နိုင်မည်။ လုပ်ငန်းလည်း တစ်နည်းပြောင်းလုပ်နိုင်မည်။ ယုတ်စွအဆုံး မာန်ဝင့်ထယ်ကို ပြည်ပလွှတ်ပြီး စီးပွားရေးလုပ်ခိုင်းမည်။

ကိုယ့်သားသမီးတောင် ကိုယ်ဘယ်လို အသုံးချရမလဲဟု စဉ်းစားနေသည့်လူ။

မာန်ဝင့်ထယ်အသံက ထွက်လာသည်။

"ဒက်ဒီ့ကို ကျွန်တော့်လောက် ဘယ်သူချစ်သလဲ—



ပန်းဝါဆိုတဲ့ကောင်မက အညာမ… ဒက်ဒီ့ကို ပါးစပ်ချစ်ချစ်ပြီး ပိုက်ဆံလိမ်ယူနေတာ… သူယူတဲ့ကောင်ကလည်း အသုံးမကျ… အွန့်… "

လည်ချောင်းထဲ လေတစ်ချက်တက်ပြီး အွန့်သံပေးကာ စားပွဲမျက်နှာပြင်ပေါ် မှောက်သွားသည်။

"သား… ကိုမာန်… "

သူ့သားလောက် မမူးသေးသော ဦးဘကလေးက လှုပ်ခေါ်သည်။ ဟိုင်နဲ့ခေါင်းတောင်မမတ်တော့။

"မင်းက မင်းစိတ်မင်းပြန်ချောက်နေတာကိုးကွ… "

ပြောပြီး သူ့သားကို ဆွဲကိုင်သည်။ ပခုံးထက်ရအောင် ထမ်း၍ လှေကားပေါ်တစ်ထစ်ချင်း ယိုင်ထိုးယိုင်ထိုး တက်သွားသည်။

တစ်ချိန်က စကားပြောသံ ရယ်မောသံများနှင့် သာယာရွှန်းမြိုင်ခဲ့သော အိမ်ကြီးကတိတ်ဆိတ်ပြီး သူ့ခြေသံကိုပဲ သူကြားနေရသည်။

သူ့သားအိပ်ခန်းဆီသို့ ဦးတည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



### ဇာတ်လမ်းစဉ် (၁၁)

တိတ်ဆိတ်သောညတွင် လှုပ်ရှားနေသူတို့က တော့လှုပ်ရှားနေကြသည်။

နိုင်ငံဝန်ထမ်းဥပဒေသမားတစ်စု။

သူတို့တတွေက ရဲ။

ရဲအုပ်စုသည် စုစုပေါင်း ဆယ်ယောက်ရှိမည်။ ဒုရဲအုပ်တစ်ဦး ရဲတပ်ကြပ်ကြီး တစ်ဦးက ခေါင်းဆောင်လာ သည်။

သူတို့အထဲတွင် ဂျက်စနေလည်းပါသည်။

ဂျက်စနေ၏ စိတ်ထဲမှာတော့ ဦးအာကာထက် ပြောတာမှန်ပါစေလို့ပဲ ဆုတောင်းနေမိသည်။

တကယ်လို့ စောပီတာသာ မရောက်လာခဲ့လျှင် ရဲအဖွဲ့က မိမိအား ဘာတွေပြော ဘာတွေ ဝေဖန်ကြမလဲ။



ရှက်ဖွယ်လိလိပဲ။

ဦးအာကာထက်ကိုပါ ဖမ်းမိလျှင် ဦးအာကာ ထက်ကကော မိမိအားဘာပြောမလဲ။

အမုန်းကြီးစွာ ငြိုးသွားမှာ သေချာသည်။

မိမိက သူ့အပေါ် သစ္စာဖောက်ခဲ့မိပေသကိုး။

မတတ်နိုင်ပါ။

နိုင်ငံ၏ မျက်နှာ၊ ပြည်သူ၏ မျက်နှာကိုပဲ ကြည့်ရမည်။

သန်းပေါင်းများစွာရှိသော ပြည်သူတွေထဲမှ ဆွမ်းဆန်ထဲကြွက်ချေးရောသလို လောဘဇောတိုက်နေသော လူတွေကို ညာတာထောက်ထားမှုရှိနေအပ်မရှိနေအပ်ခြင်းကို မိမိသုံးသပ်ဆင်ခြင်ကြည့်တော့မရှိအပ်တာက ကောင်းသည် ဟု ယူဆသည်။

ဒါကြောင့် ဦးအာကာထက် မိမိအပေါ်ဘယ် လောက်ပဲ ကောင်းနေပါစေ။ သူ့အား တရားဥပဒေအရစီရင် ရမည်သာ ဖြစ်သည်။

ဒါကြောင့် ဂျက်က ရဲအဖွဲ့ကို ပြောကြားသည်။

တာဝန်သိလုပ်သားပြည်သူတစ်ယောက်အနေ နှင့် ရဲအဖွဲ့နှင့်ပဲ ပူးပေါင်းလိုက်သည်။

ထိုသည်နောက် အုန်းနှစ်ပင်ရွာသို့ ချီတက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

အုန်းနှစ်ပင်တွင် သည်ကနေ့ထောက်လှမ်းရေး လွှတ်တော့ လူစိမ်းလေးဦးရောက်ရှိနေပြီးဟု သိရသည်။ ရွာနားရောက်တော့ရဲအုပ်ကပင် ...

"ဆရာဘိုးနီ.. ကျွန်တော်တို့ ကျေးရွာလူကြီးဆီကို ပထမသွားလိုက်မယ်... လူခြောက်ယောက်ကို ရွာရှေ့ပေါက်နောက်ပေါက်တွေမှာ ကင်းပုန်းဝပ်ခိုင်းထားလိုက်ပါ တကယ်ရွာထဲမှာ တိုက်ပွဲဖြစ်ခဲ့ရင် တပ်ကူမလာနဲ့... ဒီကပဲ ထွက်ပြေးလာတဲ့လူတွေကိုဆီးကြို ပိတ်ဖမ်းပါလို့ သူတို့ကို ပြောပါ... ဆရာဘိုးနီပဲ ခေါင်းဆောင်ပါ..."

"ဟုတ်..."

"ဘာပြောစရာရှိသေးလဲ... "

"ပြောစရာမရှိ..."

"ဆက်လုပ်..."

မှောင်ထဲတွင်တစ်ယောက်စကားနှင့်တစ်ယောက် တီးတိုးပျံ့သွားသည်။

ရှေ့နောက်တန်းစီ ချီတက်ရာမှ ဝဲယာရင် ဘောင်တန်းချီတက်ကာ ဆရာဘိုးနီ၏ ရွေးချယ်ချက်ဖြင့် လူခြောက်ယောက် လက်နက်ကိုယ်စီဖြင့် ခွဲထွက်သွားသည်။



သည်ညမိုးက ပထမရွာလာပြီးမှ မိုးသားတွေကင်းသွားသည်။

မမှောင်လင့်ဘဲ လထွက်လာသည်။

လပြည့်ကာနီးမို့ လရောင်က ဖိတ်ဖိတ်တောက်နေသည်။

အုန်းနှစ်ပင်သည် မေ့မြောနေသော လူမမာသည် တစ်ယောက်လိုလရောင်အောက်တွင် တုတ်တုတ်မှမလှုပ်။

လောကကြီး၏ သရုပ်သဏ္ဍာန် မှန်ကန်သောရုပ်ဝတ္ထုတစ်ခုအသွင်ဖြင့် လရောင်အောက်မှာ ဝပ်စင်းနေသည်။

မိုးရေကြောင့်သွားရလာရတာတောင် ရွံ့ဗွက်တွေများသည်။

ရွာကမြင်မှာစိုးလို့ လက်နှိပ်ဓါတ်မီးတောင် သူတို့ကမသုံးဘဲ လရောင်ဖြင့် လာကြ၏။

လူခြောက်ယောက်ခွဲထွက်သွားပြီး ဂျက်စနေနှင့် ဒုရဲအုပ်ဝင်းဆွေ အပါအဝင် ရဲလေးယောက်က ရွာအတွင်းသို့ ဂရုတစိုက် ပုန်းလျှိုးကွယ်လျှိုးဝင်လာ၏။

ရွာအဝင်လမ်းမှာ မြေလမ်းဖြစ်၍ ချောက်စရစ်နှင့် မြေမာရောခင်းထားသောကြောင့် ရွံ့နွံဗွက်အိုင်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်နေသည်။

သည်အုန်းနှစ်ပင်သို့ ဂျက်စနေသုံးလေးခါတော့ လာဖူးသည်။ ကျောင်းသားဘဝက ထန်းရည်သောက်လာဖူးသည်။

ရွာ၏ တစ်ဘက်တွင် ထန်းတောတစ်ခုရှိသည်။ ယင်းထန်းတောကို ရွာထဲမှပင် လရောင်အောက်မှာ မြင်နေရသည်။

ရွာလူကြီးအိမ်ကို ဒုရဲအုပ်ကသိသည်။

ပျဉ်တောင်အိမ်တစ်လုံးကို ညင်သာစွာသွားခေါက်၏။ မှောင်နေသောအိမ်သည် လျှပ်စစ်မီးဖြင့် လင်းလာသည်။ မြို့နှင့်နီးသောကြောင့် လျှပ်စစ်မီးရသည်။

တံခါးပွင့်သွားသည်။

ရွာလူကြီးနှင့် ဒုရဲအုပ်တို့တိုး တိုးတိုး ပြောကြ၏။ သူတို့စကားထဲတွင် လှမောင်ထောင်ထွက်ဟူသော စကားနှစ်လုံးကို ဂျက်စနေကြားရသည်။

ထောင်ထွက်လှမောင်၏ အိမ်တွင် စောပီတာရှိမည်ဟူသော စကားကို ဦးအာကာထက် ကပြောခဲ့ပြီးဖြစ်၏။

"ဆယ့်တစ်နာရီထိုးဖို့ ငါးမိနစ်ပဲလိုတယ်... ဆယ့်တစ်နာရီမှာ ကိုဂျက်စနေပြောတဲ့ ဦးအာကာထက်ဆို



တဲ့ လူနဲ့ စောပီတာတို့ တွေ့ဆုံဆွေးနွေးကြမှာပဲ တစ်ခါတည်းဝင်ဖမ်းမယ်... "

သူ့လူတွေအား ဒုရဲအုပ်က ပြောပြီး ဂျက်စနေအားလေသံနှင့်...

"ကိုဂျက်စနေ... ခင်ဗျားပြောတာ ဒီအချိန်ပဲနော်"

"ဟုတ်ပါတယ်... "

သူကပြောစဉ် စိတ်ထဲမှာ ဝမ်းသာနေသည်။ ဦးအာကာထက်၏ မော်တော်ကားကို လှည်းလမ်းတစ်လျှောက်ရော ရွာထဲမှာပါ မမြင်မတွေ့ရသောကြောင့် ဖြစ်၏။

ဒါဆို ဦးအာကာထက် မရောက်လာနိုင်သေး။

ဖမ်းလျှင် စောပီတာကိုပဲ မိနိုင်သည်။

"ကဲ... လှမောင်အိမ်သွားကြရအောင်... ဦးဘဆွေ ခင်ဗျားပဲ လှမောင်အိမ်သိတယ်... လိုက်ပြ... "

အုန်းနှစ်ပင်ရွာမှာ အိမ်ခြေငါးဆယ်လောက်ရှိမည်။ တစ်အိမ်နှင့် တစ်အိမ်ခပ်ကျဲကျဲ သူ့ဝိုင်းနှင့် သူဆောက်ထား၏။

ခနိုမိုး ပျဉ်ကာအိမ်တစ်အိမ်ရှေ့ရောက်၏။

လှမောင်၏ အိမ်ဖြစ်ကြောင်း ဦးဘဆွေက ပြောသည်။

"ကဲ... ကိုဂျက်စနေရေ... ခင်ဗျားပြောလွှတ်ရာနေပေ

www.burmeseclassic.com



တော့… အထဲမှာ သောင်းကျန်းသူတွေရောက်နေရင်တော့ ဒီကောင်တွေလွယ်လွယ်နဲ့ အဖမ်းခံကြမှာမဟုတ်ဘူး… ခုခံမှာပဲ… ဒီတော့ ကျည်လွတ်ရာမှာ သာနေပေတော့… ”

ဒုရဲအုပ်ကပြောပြီး သူ့လူတွေကို လက်ပြလိုက်သည်။ ဦးဘဆွေနှင့်သူတို့ ဝိုင်ထဲဝင်သွားသည်။

ဝိုင်မှာ သစ်ပင်တွေကြောင့် မှောင်ရိပ်ကျသည့်နေရာကကျနေသည်။

တံခါးခေါက်သံ။

“လှမောင်ရေ… တံခါးဖွင့်စမ်းဟေ့ … ဧည့်စာရင်းစစ်မလို့ဟေ့… ”

ဦးဗဆွေ၏ အော်ပြောသံပါထွက်လာသည်။

အိမ်ကလေးမှာ မှောင့်အတိကျနေသည်။ ပကတိငြိမ်သက်လှသည်။

“လှမောင်… တံခါးဖွင့်… တို့ဧည့်စာရင်း… ”

ဒိုင်း… ဒိုင်း…

ပြင်းထန်သော ပေါက်ကွဲသံများသည် အိမ်အမှောင်တွင်းမှ ပေါ်လာသည်။

တစ်ရွာလုံးကို ကိုင်လှုပ်လိုက်သည်။

နေရာယူပြီးသောရဲများက ပြန်လည် ပစ်ခတ်ခြင်းမပြုပဲ…



“အိမ်ထဲကသောင်းကျန်းသူ… မင်းတို့ကို ရဲကော ဗစ်တပ်ကောဝိုင်းပြီးပြီ… ပြေးလို့မလွတ်ဘူး… လက်နက်ချပါ… အဖမ်းခံပါ… ”

အော်ဟစ်သတိပေးသည်။ သောင်းကျန်းသူဆိုတာ ရဲထက် တပ်မတော်ကို လန့်ကြသည်။

ဒုရဲအုပ်၏ ပရိယာယ်နှင့် အော်ပြောတာကို သူတို့ အဟုတ်ထင်မှတ်ကြသည်။

နောက်ထပ်ပစ်သံခတ်သံတွေပေါ်မလာ။

“မင်းတို့ကို သုံးမိနစ်အချိန်ပေးမယ်… အားလုံးလက်တွေခေါင်းပေါ်ယှက်တင်ပြီး ထွက်ခဲ့ပါ… အေးအေးဆေးဆေးအဖမ်းခံခဲ့ရင် သက်သက်ညှာညှာ စဉ်းစားမယ်… ”

ဒုရဲအုပ်၏ အောင်မြင်စွာ အော်ပြောသံ။

သေနတ်သံအော်ပြောသံတွေကြောင့် တစ်ရွာလုံးလှုပ်လှုပ်ရွရွ ဖြစ်ကုန်ပြီပေါ့။

အိမ်တွင်းမှ လူတွေကို ရဲကဂရုစိုက်နေချိန်တွင် ဝိုင်အတွင်းမှ သစ်ပင်မှောင်ရိပ်တွေကို သူတို့ ဂရုမစိုက်မိ။

လူတစ်ယောက်သည် မှော်ရိပ်ခိုပြီး ဝိုင်ဝသို့ ပြေးသည်။ ဝိုင်ပတ်လည်မှာ ဝါးလုံးတွေကို ခြံစည်းရိုးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကာထားသည်။

ဝိုင်ဝမှ ထွက်လျှင် ပင်သူ့ကိုယ်သည် လရောင်အောက်မှာ ထင်းခနဲ ဖြစ်သွားသည်။

သူက ပစ္စတိုလ် တစ်လက်ကို ကိုင်ထားသည်။

လက်ပံပင်ကြီး တစ်ပင်နားတွင် ကပ်ခိုနေသော ဂျက်စနေကို သူကဂရုမပြုမိ။

လက်ပံပင်အောက်မှ အဖြတ်တွင် ဂျက်စနေက ပြေးနေသော အဲသည့်လူ၏ ကိုယ်အောင်ပိုင်းကို ဒိုင်ဗင်ထိုး၍ ဖမ်းဖက်လိုက်သည်။

ယင်းလူသည် ရှေ့သို့ ဟပ်ထိုးမှောက်ယက်ကြီး လဲသွားသည်။

သူလူးလဲမထမီ လဲသွားသူ၏ လက်ထဲရှိ သေနတ်ကို ဂျက်စနေက ဦးအောင်ထပြေးပြီး ပြေးကန်ထည့်ပစ်လိုက်၏။

သေနတ်လွင့်ထွက်သွားသည်။

ယင်းလူ၏ အင်္ကျီလည်ကုတ်ကို ဂျက်စနေက ဆွဲယူထူမလိုက်သည်။

ဂျက်စနေအမှား။

အဲသည်လူက ဂျက်စနေက ကုတ်ဆွဲအထူမှာ အရှိန်နှင့်လိုက်ပြီး သူ့ခေါင်းနှင့် ဂျက်စနေ၏ မေးကိုပင့်



တိုက်ထည့်လိုက်၏။

ခွပ်...

ဂျက်စနေ နောက်လှန်ထွက်သွားသည်နှင့်အညီ ကိုင်ထားသော လက်က အင်္ကျီစမှ လွတ်ထွက်သွားသည်။

ဂျက်စနေ မျက်လုံးထဲ မီးပွင့်ထွက်သွားသည်။

ဂျက်စနေသည် သူ့ခေါင်းကို ခါယမ်းပစ်လိုက်၏။

မြင်ကွင်းအားလုံးကြည်လင်စေဖို့ အမေရိကန်ဗစ်ရှင်းမျက်မှန်တပ်ဖို့တောင်မလို။

ခေါင်းခါယမ်းလိုက်တာနှင့် မြင်ကွင်းထဲရှင်းသွားတော့သည်။

လရောင်အောက်တွင် လည်ကုတ်လောက်ထောက်နေသော ဆံပင်ရှည်ရှည်နှင့် ကိုယ်ထွားထွား လူကသူ့လက်ထဲတွင် မောင်းပြန်ဓားတစ်လက်ကို လက်ဖြင့် ချိုး၍ကစား၍ ဓားသွားကို ထုတ်ကိုင်လိုက်သည်။

သူကဆဲလိုက်သည်။

ဓားနှင့် ဘယ်ညာဝှေ့ယမ်းထိုးသည်။

ဂျက်စနေက ခြေကွက်တွေ ဆုတ်ပြီး တိမ်းရှောင်ပေးသည်။

အဲသည့်လူက ဆတ်ခနဲ ဂျက်စနေ၏ ဝမ်းဗိုက်

www.burmeseclassic.com

www.burmeseclassic.com



ထဲ ထိုးထည့်ပစ်လိုက်သည်။

ဂျက်စနေဘယ်လက်က ယင်းဓားသွားကို ခန္ဓာကိုယ်ကို တိမ်းရှပ်ပေးယင်းပင် ဖယ်ထုတ်လိုက်စဉ် ညာလက်ခုံနှင့် ရန်သူ၏ မျက်နှာကို ဝှေ့ရိုက်ပစ်လိုက်သည်။

ဖေါင်း။

နဖူးမှာ မိသွားခံရသည်။ ယိုင်ထွက်သွားသည်။

ဒါပေမယ့် သူမဖြုံ။

ဓားဦးနှင့် ဂျက်စနေနံကြားထဲကို တစ်ဆက်တည်း ဝိုက်ထိုးထည့်လိုက်သည်။

ဂျက်စနေနောက်သို့ ခုန်ဆုတ်ပေး၏။ ဓားချက်က ဝမ်းဗိုက်ရှေ့မှ လွဲအသွားလေထဲတွင် ခုန်ကာ နှစ်ဆင့်ကန်နည်းဖြင့် ယင်းလူ၏ မျက်နှာကို ကန်ထည့်ပစ်လိုက်၏။

အသံထက်မမြန်တောင် ကျည်ဆန်သွားနှုန်းနီးပါမြန်လွန်းသဖြင့် ဓားသမား မရှောင်နိုင်။

ဖောင်းခနဲ ဖောင်းခနဲ အကန်ခံရပြီးတော့ မြေပေါ်သို့ပစ်ခွေလဲကျသွားသည်။ လက်တွင်းတွင် ကိုင်ထားသည့် ဓားမှာလည်း တစ်နေရာသို့ လွင့်စင်သွားပြီး ဖြစ်သည့်အလျှောက် အကန်ခံရသော ဒဏ်ကိုမခံနိုင်ဘိသည့်အလား မျက်နှာကို လက်ဝါးများဖြင့် အုပ်ထားသည်။

ဂျက်စနေက ပြေးလာသည်။



ရင်ဝကို ဖနောင့်နှင့် တစ်ချက်ဆောင့်ပေါက်လိုက်၏။

"အိ"

မပီသတော့အသံ၊ မညီမျှသော တိုက်ခိုက်မှုဒဏ်ကိုခံရပြီး လောကကြီးကို တာ့တာလုပ်သွားတော့၏။

မေ့သွားသော တေဝီကို ဂျက်စနေ ငုံ့ကြည့်စဉ် သူနောက်မှ ပြေးလာသော ခြေသံကြောင့် နောက်တစ်ယောက်ဟူသော အသိနှင့် တိုက်ဖို့ရန် ကိုယ်ဟန်ပြင်လိုက်သည်။

"ကိုဂျက်စနေ... ကျွန်တော်ပါ..."

ဒုရဲအုပ်ဖြစ်နေသည်။

"ခင်ဗျားကျေးဇူးပဲဗျာ... တာဝန်သိလုပ်သားပြည်သူတွင်မဟုတ်ဘူး ဟီးရိုးတစ်ယောက်တောင် ပီသနေပါလား... အဲဒီကောင်က စောပီတာပဲ... ခင်ဗျားတီးလိုက်တာကို... တယ်တော်တဲ့လူဗျာ..."

မေ့လဲနေသော စောပီတာကို လက်ထိတ်ခတ်လိုက်သည်။

"ဒီကောင်က တစ်ခေတ်က သထုံဘက်က အကျဉ်းသားရဲဘက်ပြေးဗျ... ရဲဘက်ကနေပြေးပြီး နယ်စပ်မှာသွားသောင်းကျန်းနေတဲ့ကောင် ခင်ဗျားလာပြောပြီးတဲ့နောက်... ရဲစခန်းမှာ ကျွန်တော် သူ့ဟာမီစရီကိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း သိလာတာ... ”

ပြောနေရင်းမှာပင် စောပီတာကို လက်ထိတ်ခတ်လိုက်သည်။ ရွာမှ လူတွေ ဆူညံဆူညံနှင့် စုဝေးလာကြသည်။

သူတို့ကို ဝိုင်းအတွင်း မဝင်ရန် ဒုရဲအုပ်ကတားထားသည်။

“အိမ်ထဲကလူတွေကောမိလား...”

ဒုရဲအုပ်ကိုမေးတော့ ဒုရဲအုပ်က ပြုံးရွှင်စွာကျေနပ်စွာ...

“ဒီကောင်တွေ လက်နက်ချပါတယ်... အိမ်ခံလုမောင်လည်းမိတယ်...လုမောင် အပါအဝင် လေးယောက်ပေါ့ ဦးအာကာထက်ကိုတော့ ဖမ်းမမိသေးဘူး...ရပါတယ် စောပီတာရဲ့ထွက်ချက်နဲ့ ခင်ဗျားထွက်ချက်ရပြီးမို့ သူ့အိမ်သွားဖမ်းလိုက်ရုံပဲ...”

“စောပီတာကလူလည်နော်... သူက ဦးအာကာထက်ကို ယုံပုံမရဘူး...ဒါကြောင့်သူ့လူတွေ အိမ်ထဲမှာ ထားခဲ့ပြီး ဒီဝိုင်းထဲမှာ လာခိုနေတာ... ရဲအုပ်တို့အိမ်ကို ဝိုင်းတော့သူကပြေးပေါက်ရတာပေါ့...”

“ခင်ဗျားစွမ်းလို့ ဒီလူကိုမိတာပါ...”

“ကျွန်တော်ကလည်း တတ်နိုင်သလောက်ကူညီတာပါ



ဒါပေမယ့် သူဒီကိုထွက်ပြေးလည်း မလွတ်ပါဘူး...ရွာပြင်မှာ ကင်းပုန်းတွေချထားတာ ဝင်တိုးပြီးမိမှာပဲ...”

ဂျက်စနေက သူ့ကိုယ်သူလူစွမ်းကောင်းကြီးတမျှ ဂုဏ်ယူဝင့်ကြွားချင်သူမဟုတ်ပါ။

အေးအေးဆေးဆေးပင်ပြောသည်။

ရွာသူရွာသားတွေကို ကျေးရွာလူကြီးများက ကိုယ့်အိမ်ကိုယ်ပြန်ရန် ပြောသောအခါ တစ်ယောက်တစ်ပေါက်ပြောပြီးပြန်ကြသည်။

တရားခံတွေကို ရဲစခန်းသို့ ခေါ်သွား၏။

ကင်းပုန်းဝပ်နေသောရဲများနှင့် ပြန်လည်ပူးပေါင်းပြီးခြေလျင်ပင်ပြန်ကြသည်။

တစ်နာရီလောက်လျှောက်လိုက်မိလျှင် မိုးများတဖျောက်ဖျောက်ကျလာသည်။

သို့သော် မြို့ထဲကို ဝင်နေမိကြပြီ။

ရဲစခန်းထဲလည်း ဝင်မိရော မိုးကသည်းသည်းထန်ထန်ကြီးကို ချလာပါလေရော။

မိုးနှင့် လေနှင့်ပါလာသော သတင်းက နီးစပ်ရာရွာမှ မဟုတ်ဘဲ ညဘက်မြို့ပြင်ဘက်လှည့်သော ကင်းမှသတင်းပါပဲ။

“ကသည်းသောင်” ကွင်းထဲတွင် လူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရပြီး ကွင်းနှင့် မနီးမဝေးတွင် ပါဂျဲရိုးကားတစ်စီးကို ရပ်လျက်တွေ့ရှိပါသည်ဟူသောသတင်း။

စခန်းမှူးက ဒုရဲအုပ်အား ထိုသတင်းကို ပြောပြသည်။ ဂျက်စနေမှာ သံသယဖြစ်သွားသည်။

ပါဂျဲရိုးကားမှာ ဦးအာကာထက်စီးနေကျကားဖြစ်တာကြောင့် ဦးအာကာထက်များ အသတ်ခံရသလားဟု သံသယဖြစ်မိသည်။

လူသတ်မှုကို ဒုရဲအုပ်က တာဝန်မယူရတော့ပါ။ စခန်းမှူးရဲအုပ်ကပင် တာဝန်ယူရသည်။

မိုးစီးသွားသည့်အထိသူတို့စောင့်လိုက်ကြသည်။ ဂျက်စနေကို အိမ်ပြန်နိုင်ပါသည်ဟု ဒုရဲအုပ်က ပြောတော့ ဒုရဲအုပ်အား ဂျက်စနေက လူသတ်မှုရှိရာသို့ လိုက်လိုပါသည်ဟု ဆို၏။

ဒုရဲအုပ်က ခွင့်ပြုသော်လည်း စခန်းမှူး ရဲအုပ်က ခွင့်မပေး။

ဂျက်စနေနှင့် မဆိုင်ဟု ဆို၏။

အိမ်တွင်ပန်းဝါခိုင်က စိတ်ပူစွာစောင့်နေလိမ့်မည်။

ညကြီးမင်းကြီး ဦးအာကာထက်နေသောအိမ်သို့လည်းမသွားနိုင်ပါ။



အိမ်သို့ ပြန်လာသည်။

ထင်သည့်အတိုင်း မငြိမ်းအေးမှလွဲ၍ ဖေဖေ၊ မေမေ၊ ပန်းဝါခိုင်နှင့် ရွှန်းလဲ့ဝါတို့က မအိပ်ဘဲ စောင့်နေကြသည်။

အဘိုးကြီးက ဘာမှမဖြစ်သော်လည်း အဘွားကြီးက စိုးရိမ်မှုနှင့် ဗျစ်တောက်ဗျစ်တောက် ဖြစ်နေသည်။

ဂျက်စနေကို မြင်တော့မှ ဟင်းချကြသည်။

ပန်းဝါခိုင်မှာ ဂျက်စနေရင်ခွင်ထဲ ပြေးဝင်တိုးမည်လုပ်ပြီးမှ လူတွေရှိနေတာကို သတိရသည်နှင့် ဂျက်စနေလက်တွေကို ကိုင်ကာ...

"စိတ်ပူလိုက်ရတာကိုဂျက်ရယ်... "

"သောင်းကျန်းသူတွေကိုဖမ်းမိလာဟော့... "

ဖေဖေ့အမေး...

"တောကောင်ဟာ... တောထဲမှာ မနေဘဲမြို့ပေါ်တက်လာတော့ အဖမ်းခံရတာပေါ့ ဖေဖေရာ... ခေါင်းဆောင်ကို ကျွန်တော်ကိုယ်တိုင်ဖမ်းပေးခဲ့တယ်... "

"အဲဒါမှ ငါ့သားကွ... "

"အဖေကြီးကလည်း မြှောက်ပေးမနေနဲ့... နဂိုကမှ ငဂျက်က ရွှနေတာ... "

"ကြည့်ပါဦး... သူ့ကိုယ်မှာ ရွှံ့ဗွက်တွေပေနေတာပဲ

www.burmeseclassic.com

www.burmeseclassic.com



မိုးမိထားတာလည်း စိုရွှဲနေတာ... လာ... ရေချိုးမယ်... အအေးမိနေဦးမယ်... "

ပန်းခိုင်ဝါက တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ပြောသည်။ ရွှန်းလဲ့ဝါကတော့ ဘာမှမပြော။

"အအေးမိတော့လည်း... ကိုယ့်ချစ်ချစ်ကလေးရဲ့ ရင်ခွင်မှာ လှုံလိုက်တာပေါ့ကွာ... "

နောက်ဖေးခန်းတွင် လေသံနှင့် ဂျက်စနေက ဆိုသည်။

"ဘာချစ်ချစ်လဲ... သူလည်းမချစ်ဘဲနဲ့... "

"ချစ်သွားပြီ... တကယ့်ကိုချစ်သွားပြီ... အဲဒါဘယ်ကစလဲ... သိလား... ပန်းဝါကလေ တို့ကို မနက်စောစောမှာ တိတ်တခိုးနမ်းသွားတာတို့သိတယ်... အဲဒီ မှာ ကိုယ့်ရင်ထဲမှာ လှုပ်ကျန်ရစ်ခဲ့တယ်... ရစ်(ချ်)တာစကေး ဘယ်လောက်နဲ့လည်း မသိပါဘူးကွာ... "

"ရစ်(ချ်)တာစကေး(လ်) ထောင့်ငါးရာဖြစ်မှာပေါ့ "

ပြောပြီး ပန်းဝါခိုင်က ရယ်မောသည်။

ဂျက်စနေအတွက် ရေလဲလုံချည်ယူပေးသည်။

"ဟာ... ငါ့မိန်းမ သိပ်လိမ္မာလာပြီ... "

"အန်ကယ်(လ်)နဲ့ အန်တီကို ဆယ့်ငါးရက်အတွက် အိမ်မှာ ချက်ပြုတ်ဖို့ ငွေနစ်သောင်းပေးထားလိုက်ပြီး



ပြီ... ကိုဂျက် အလုပ်မရသေးခင်တော့ ပန်းဝါတာဝန်ပေါ့နော်... "

"ငါ့မိန်းမ လိမ္မာလာပြီဟ... "

"ဘာငါလဲ... ဒီနေ့ကစပြီး နင်နဲ့ငါနဲ့မပြောရတော့ဘူး... "

"အစကတည်းက မပြောချင်ပါဘူး မယားအငယ်မှ လေးရယ်... ဟယ်... ဟယ်... "

ရယ်မောရင်းက ပန်းဝါခိုင် ပြည့်ဖေါင်းအိစက်ညက်နေသော ပါးကလေးကို လိမ်ဆွဲလိုက်သည်။

"ကိုဂျက်... သား ကိုဂျက်... "

ခေါ်သံသည် အိမ်ခန်း၏ အပြင်ဘက်မှ ဖြစ်သော်လည်း နားပါးသော ဂျက်စနေကြားသည်။

ပန်းဝါခိုင်သည် ခုတင်ထက်တွင် တစောင်းအိပ်ကလေး အိပ်ပျော်နေသည်။

သူမ၏လက်ကလေးတစ်ဘက်က သူ့ပခုံးပေါ်တင်ထားသည်။

ဂျက်စနေက ယင်းလက်ကလေးကို အသာအယာဘေးသို့ ဆွဲချသည်။ သူမတစ်ချက်တွန့်ကာ တစ်ဘက်သို့ ပြန်စောင်းသွား၏။

"သား... ကိုဂျက်... ကိုဂျက်ထပါဦး... "

www.burmeseclassic.com



နှိုးခေါ်သံမှာ မေမေ၏ အသံ... ။

ညကနှစ်နာရီထိုးမှ အိပ်ရသည်။ သူထထချင်း သတိထားမိတာက သွပ်တွေပေါ်ကျသော မိုးစက်ရေတို့၏ တဖျောက်ဖျောက်ထိမှန်သံပင်။

ဝါးကနဲ သန်းလိုက်၏။

ပန်းဝါခိုင် နိုးမှာမို့ အသာထလိုက်သည်။ အိပ်ရေးမဝတာကြောင့် ခေါင်းထဲမှုးဝေဝေခံစားနေရသည်။

အိပ်ခန်းတံခါးကို ချက်ဖြုတ်၍ ဖွင့်လိုက်သည်။

"မေမေ... ဘာဖြစ်လို့လဲ... "

"မင်းကို ရဲစခန်းက အခေါ်ခိုင်းလိုက်တယ်... "

အားခနဲမြည်ကာ လက်နှစ်ဖက်အထက်မြှောက်၍ ပျင်းကြောဆန့်လိုက်သည်။

ရဲစခန်းသို့ လိုက်သွားသည်။ တာဝန်ကျရဲအုပ်နှင့် စခန်းမှူးရဲအုပ်မှာလည်း တစ်ညလုံးအိပ်ရဟန်မတူပေ။

တရားခံတွေကို စစ်ဆေးရခြင်း။

လူသေအလောင်းကို စစ်ဆေးစုံစမ်းရခြင်းနှင့် ပတ်သက်၍ အလုပ်ရှုပ်နေဟန်တူသည်။

နှစ်ယောက်လုံး၏ မျက်ကြောတွေမှာ နီယောင်သန်းကာ မျက်နှာတွင် အဆီတွေဝေ့နေသည်။

"စောပီတာက ဝန်ခံဖြောင့်ချက်တော့ ပေးပြီးပြီ...



လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက်က ဦးအာကာထက်နဲ့ ရွှေချောင်းမှောင်ခို လုပ်ဖူးတယ်... သူက သောင်းကျန်းသူတွေရဲ့ တပ်ကြပ်ကြီးဆာဂျင့် အဆင့်ရှိပြီး... မှောင်ခိုဂိတ်မှာ ဂိတ်ကြေးကောက်ရတဲ့ တာဝန်ထမ်းဆောင်ရင်းက ဦးအာကာထက်နဲ့တွေ့ကြတယ်တဲ့... နောက်ရွှေချောင်းတွေ ကို အတူပေါင်းချပြီး ဦးအာကာထက်က ရွှေချောင်းတွေကို အပျောက်ဖျောင်သွားလို့ ဦးအာကာထက်ကို သတ်ဖို့ကြိုးစားခဲ့တာတဲ့... နောက်ဆုံး ဦးအာကာထက်က ရွှေချောင်းတွေကို ပြန်ပေးပါမယ်... သူနဲ့နားလည်မှုယူရအောင် ဆွေးနွေးမယ်ဆိုတာနဲ့ အုန်းနှစ်ပင်ရွာက လှမောင်အိမ်မှာ အချိန်းအချက် လုပ်ကြတာပဲတဲ့ဗျ ကိုစနေဂျက်... "

တာဝန်မှ မထွက်ရသေးသော ဒုရဲအုပ်က ဂျက်စနေကို ရှင်းလင်းပြောပြသည်။ ပြီးတော့ထပ်၍...

"ဦးအာကာထက်ကို လုပ်ကြံသတ်ဖြတ်ဖို့လုပ်တိုင်းခင်ဗျားက အကာအကွယ်ပေးခဲ့တယ်ဆို... "

"ဦးအာကာထက်ကို ကျွန်တော်က လူလူချင်းကယ်ဆယ်မှုအနေနဲ့ အကာအကွယ်ပေးခဲ့တာပါ... ဘာကြောင့် ဒီလူတွေလုပ်ကြံ အန္တရာယ်ပြုဖို့ကြိုးစားခဲ့တယ်ဆိုတာ ကျွန်တော် မသိသလို ဦးအာကာထက် ဘာလုပ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း ကျွန်တော်မသိခဲ့ဘူး... ကျွန်တော်နဲ့ ဦးအာကာထက်က သိကျွမ်းရုံပဲရှိတယ်... ခင်မင်မှုရှိကြတာမှ မဟုတ်တာပဲကလား... ရဲအုပ်ရဲ့"

"ဒါဆို ရွှေချောင်းတွေအကြောင်းလည်း မသိဘူးပေါ့"

"မသိပေါင်ဗျာ... နောက်ဆုံးသိရတာက ကျွန်တော့်ကဦးအာကာထက်ဆီမှာ အလုပ်တောင်းရင်းက ကျွန်တော့်ကို သူက စောပီတာတို့နဲ့ ချိန်းထားတယ်... သူ ဘော်ဒီဂတ်လုပ်ပေးပါဆိုတာနဲ့ ကျွန်တော်က တာဝန်သိသိနဲ့ ရဲအုပ်တို့ကို ပြောတာပါ... "

ဒုရဲအုပ်ပြန်လည် စစ်မေးသမျှကို ဂျက်စနေက ပြောသည်။ နံဘေးမှာထိုင်နေသော ရဲတပ်ကြပ်က လိုက်လံပြီး စာအုပ်တစ်အုပ်ထဲတွင် ရေးမှတ်သည်။

"ဦးအာကာထက်နဲ့ ခင်ဗျားသိတာ ကြာပြီလား... "

"အင်း... အရက်နှစ်ဆယ်လောက်တော့ရှိမယ်ထင်တယ်ဗျ... "

စခန်းမှူးက စီးကရက်သောက်နေလျက်မှ ဝင်မေးခွန်း ထုတ်သည်။

"ဦးအာကာထက်ကို ... ခင်ဗျားမြင်ရင်မှတ် မိမလား"

"မှတ်မိပါတယ်... "

"ကွင်းပြင်ထဲမှာ သေဆုံးခဲ့သူဟာ ဦးအာကာထက် ဖြစ်



ကောင်းဖြစ်မယ်... "

"ဗျာ... ဦးအာကာထက်... "

မေးသာမေးသည်။ အံ့အားမသင့်ပါ။

"ဟုတ်တယ်... ဦးအာကာထက်ဖြစ်နိုင်တယ်... သေတဲ့လူရဲ့ကားဒက်(ရှ်)ဘုတ်ထဲက ဒရိုင်ဘာလိုင်စင်ရတယ် လိုင်စင်ဓါတ်ပုံနဲ့ လိုင်စင်ရဲ့ ဖော်ပြချက်အရာမှာ ဦးအာကာထက်ပဲ... သူက အသတ်ခံရတယ်... အလောင်းကို မော်ကျူရီပို့လိုက်ပြီးပြီ... ခင်ဗျားနဲ့ စောပီတာကိုခေါ်သွားမယ်... သူဟုတ် မဟုတ်ခင်ဗျားတို့ မှတ်ချက်ပေးပါ... "

"သတ်တဲ့လူက... "

"စောပီတာကတော့ သူမသတ်ဘူးလို့ ငြင်းနေတာပဲ ဟုတ်မှာပါ... တကယ်သာ သူသတ်ခဲ့ရင် ချိန်းတဲ့နေရာ ဘယ်လာတော့မလဲ... ကိုစနေဂျက်ကို မေးချင်တယ်... ဦးအာကာထက်မှာ သူနဲ့ မတည့်တဲ့ တခြားရန်သူများရှိနိုင်မလားလို့... "

ပြောရခက်ပါသည်။

မျက်လုံးများထဲတွင် ယောက္ခမကြီးဦးအာကာလေးနှင့် ယောက်ဖတော် မာန်ဝင့်ထယ်ကို မြင်ယောင်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်မှု ထိန်ချန်ရေးနှင့် ပတ်သက်သော အပြစ်ဒဏ်ကထောင်။ ထောင်။

သက်ပြင်းချလိုက်သည်။

ပန်းဝါခိုင် မျက်နှာလေးကို ဘေးဖယ်ထား လိုက်တော့သည်။

အမှန်တရားကအမှန်တရားပဲလေ။

"ကျွန်တော်... သိသလောက်တော့ ဦးအာကာထက်နဲ့ ကျွန်တော့် ယောက္ခမ ဦးဘကလေးဟာ မတည့်ကြဘူး... "

"သေချာလို့လား... "

"သေချာတာပေ့ါ စခန်းမှူးကြီးရယ်... ဦးအာကာထက်ကလည်းပြောဖူးတယ်... ဦးဘကလေးကလည်း ပြောဖူးတယ်... "

"မတည့်တာက ရိုးရိုးမတည့်တာလား... "

"တစ်ယောက်ကို တစ်ယောက် အာဃာတထားကြတဲ့ အထိမတည့်တာ... "

ပြောမှတော့ ရှင်းလင်းအောင် ပြောရမှာမို့ သူတို့ တစ်ယောက်ကို တစ်ယောက် အကောက်ကြံပုံတွေ ငယ်စဉ်မှ ကြီးလာသည်အထိ ဖြစ်လာသော အတိတ်သမိုင်းကြောင်းကို ဖွင့်ပြောလိုက်သည်။



ဒုရဲအုပ်ရော၊ စခန်းမှူးကပါ စိတ်ဝင်စားစွာ နားထောင်ကြသည်။ ပြီးဆုံးသွားမှ နှုတ်ခမ်းမှ စီးကရက်ကို လွှင့်ပစ်လိုက်၍ စခန်းမှူးက...

"ဒါဆို... ဒီလူသတ်မှုရဲ့ အရင်းခံတရားခံဟာ ဦးဘကလေး ဖြစ်ဖို့များတယ်... "

"ဆရာ... ကျွန်တော်တို့ သူ့ဆီသွားစစ်ဆေးမေးမြန်းကြရင်မကောင်းဘူးလား... "

"ကောင်းတယ် ဆရာကိုကိုလတ်... ခင်ဗျားပဲ ဦးဘကလေးကို စစ်ဆေးမေးမြန်းဖို့ ရဲစခန်းခေါ်ခဲ့ပါ... ကိုဂျက်စနေကတော့မလိုက်နဲ့တော့... ခင်ဗျားယောက္ခမဆိုတော့ မကောင်းဘူးလူမှုရေးကရှိတယ်... အအေးတိုက်ကို သွားပြီးရင်ကိုလတ်နဲ့ ရဲနှစ်ဦးက ဦးဘကလေးဆီသွားပါ... ကိုဂျက်စနေဆီက လိပ်စာယူသွားလိုက်ပါ... ဆရာဘိုးနီနဲ့ ရဲနှစ်ယောက်က တရားခံစောပီတာကို စခန်းပြန်ခေါ်ခဲ့ပါ... ဟုတ်ပလား... "

"ဟုတ်ကဲ့... "

အိပ်မရလို့ ဖန်စပ်စပ်ဖြစ်နေသော မျက်လုံးများကို လက်ချောင်းများနှင့် ညင်သာစွာ ပွတ်လျက် ဒုရဲအုပ်ကိုလတ်က ဖြေလိုက်သည်။

အအေးတိုက်သို့ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုပြသည်။

ဂျက်စနေနှင့် စောပီတာက ယခုအလောင်းသည် ဦးအာကာထက် အလောင်းဖြစ်ကြောင်း ဝန်ခံပြော ကြားကြသည်။

ဂျက်စနေအားသွားနိုင်ပြီ ဖြစ်ကြောင်း ကိုလတ်ကပြောသည်။

ဆေးစာယူရန်ရှိသေးသဖြင့် တာဝန်ကျခဲ့သော ဆရာဝန်နှင့် ဆက်တွေ့တော့ ဆရာဝန် အိမ်ပြန်သွားကြောင်း သိရ၏။

ပင်ပန်းဦးမှာမို့ ကိုလတ်သက်ပြင်းချသည်။

သည့်နည်းအတူ ဂျက်စနေသက်ပြင်းချ၏။

ဂျက်စနေသက်ပြင်းချတာက ဦးအာကာ အတွက် ဖြစ်သည်။

စိတ်မကောင်းပါ။



အခန်းစဉ် (၁၂)

"ညကသားတော်တော်များသွားတယ်ထင်တယ်... "

"များလား မများလားတော့ ငါမပြောတတ်ဘူး...မင်းကို အိပ်ရာထဲ ထမ်းပို့လိုက်ရတဲ့အထိပဲ... "

"ဒယ်ဒီကို အားနာလိုက်တာ... "

ခေါင်းထက်တွင် ရေခဲထုပ်တင်ထားသည်။ ခေါင်းအုံ ခေါင်းကိုက် မပြေသေး။

ဇက်လည်းလေးနေသည်။သူတို့သားအဘနှစ်ယောက် ထမင်းစားခန်းထဲတွင် စကားပြောနေမိကြသည်။

နံနက်စောစောစာကို မိငြိမ်းရှိကြစဉ်က အခန့် သားစားသောက်နိုင်ကြပေမယ့် မိငြိမ်းတို့မရှိတော့ ဇာန်ဝင့် ထယ်က လုပ်ကိုင်ပေးသည့် အခါပေးသည်။

ဦးဘကလေးက လုပ်သည့်အခါလည်း လုပ်

www.burmeseclassic.com



သည်။

ခုမနက်တော့ ကော်ဖီကို သူကိုယ်တိုင်ဖျော်ပြီး ခရားတွင် ထည့်ကာ ဗွဒ်မောနင်းကိတ်နှင့်ပင် ပြီးရသည်။

မာန်ဝင့်ထယ် ညက ရေချိန်လွန်သွားပြီး ယခု ကိုးနာရီထိုးကာနီးမှ ထလာသည်။

ဦးဘကလေးက မနေ့က အဖြစ်ကို မေ့ထားလိုက်သော်လည်း ကုမ္ပဏီသို့ သွားချင်စိတ်မရှိ။

ဒါကြောင့် ကုမ္ပဏီမန်နေဂျာသို့ ဖုန်းဆက်ကာ မိမိမလာရောက်နိုင်ကြောင်း ဖုန်းဖြင့်ပြောဖို့ စိတ်ကူးထားသည်။

တကယ်တော့ ညကသူလည်း အိပ်မပျော်ပါ။

သားရှေ့တွင်သာ ဟန်ဆောင်ထားရသည်။ လူသတ်မှုတစ်ခုကို ကိုယ်ထိလက်ရောက် မကျူးလွန်ပေမယ့် အခါပေး ဦးပုညက သူပဲဖြစ်သည်။

သူ့သားကို လူသတ်မှု ကျူးလွန်အောင် သူပဲ အသုံးချခဲ့သည်။

ဘာပဲ ဖြစ်ဖြစ် ပြန်တွေးမိတော့လည်း မကောင်းမှုဒဏ်ကို ခံစားရတာမို့ တုန်လှုပ်ချောက်ချားခဲ့၏။

ဒါကြောင့် ကြိုးစားမေ့ပစ်လိုက်သည်။

မာန်ဝင့်ထယ်ကို တွေ့ကာမှ မေ့ပစ်လို့



မရအောင် ပြောရမည့်စကားတွေက ပေါ်လာသည်။

"ကိုမာန်..."

"သားနားထောင်နေပါတယ်ဒယ်ဒီ..."

"မင်း ညက ကယောင်ချောက်ချားတွေဖြစ်နေတယ်... ကိုယ့်စိတ်ကိုယ်ထိန်းမှပေါ့... လုပ်ခဲ့မိတာလုပ်ခဲ့ပြီးပြီ တို့နှစ်ယောက်မှုမပျက်နေဖို့ အရေးကြီးတယ်..."

"ဟုတ်တယ်... ဒယ်ဒီ... နေ့ဘက်မှာတော့ အလင်းရောင်ရှိလို့လားမသိဘူး... သားမကြောက်ပါဘူး... ဒါပေမယ့် ညရောက်လာတော့ အမှောင်ကြောင့်သားစိတ်တွေ တစ်မျိုးကြီး ဖြစ်လာတယ်... သားတို့လုပ်တာ အမှုများပေါ်နိုင်မလား..."

"ဘယ်လိုပေါ်နိုင်မှာလဲကွာ... ဒီကိစ္စက ဘယ်သူမှ မသိဘူး... တို့နှစ်ယောက်ပဲသိတာ... မျက်မြင်သက်သေလည်းမရှိဘူးကွ... မင်းသာဣန္ဒြေမပျက်စေနဲ့... ကြားလား..."

"သားတို့ တစ်နေရာရာကို ရှောင်သွားရင်ကောင်းမလားပဲ ဒယ်ဒီ..."

"အခုရှောင်လို့တော့ ဘယ်ကောင်းမလဲကွာ... လူသတ်မှုက ခုလောက်ဆိုရဲက သိလောက်နေပြီ... ဣန္ဒြေမပျက်နေရင် ရဲက ချက်ချင်းလည်းသိမှာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



နောင်လည်း သိမှာ မဟုတ်ဘူးကွ… တို့ကူခြေမပျက် နေပြီးမှ တစ်နေရာရာကို ရွှေ့ကြတာပေါ့ကွာ… ”

“ကျွန်တော်က တစ်ခုပဲစိုးရိမ်တယ်… ”

“မင်းကဘာတွေများ စိုးရိမ်နေပြန်ပြီလဲ… ”

“ဟိုကောင် ဂျက်စနေပေါ့… ဒီကောင်က ဦးအာကာ ထက်နဲ့ သိကြတော့ ရဲကို သူက ကျွန်တော်တို့နဲ့ ဦး အာကာထက်မတည့်ကြတဲ့အကြောင်းတွေ ပြောမလား မသိဘူး… ”

သည်စကားကြောင့် ဦးဘကလေးတွေခနဲ ဖြစ် သွားသည်။ နောက်မှ ခေါင်းယမ်း၍…

“ဒီကောင်… ဒီအထိအောင်တော့ပြောမယ် မထင်ပါ ဘူး… ဘာကြောင့်လဲဆိုတော့ ငါက သူ့ယောက္ခမ ဖြစ်နေလို့ပဲ… တကယ်ပြောချင်ဦးတော့ ပန်းဝါမျက် နှာရှိသေးတယ်ကွာ… ”

“ပန်းဝါက အခုသူ့ယောက္ခမ အိမ်မှာရောက်နေတာ ဒယ်ဒီရဲ့… သူက သူတို့နဲ့ နီးစပ်ရင် သူတို့လူဖြစ်သွား နိုင်တယ်… ကျွန်တော်တို့ ပန်းဝါကို နှင်ချတာများ များသွားပြီလား မသိဘူး… ”

“ငါလည်း… ဒေါသအလျောက် ပြောမိဆိုမိတာပဲ… တကယ်ဆို ကောင်မလေးဟာ တို့ဘယ်လောက်ပြော





ပြော သမီးအနေနဲ့ အိမ်ကမဆင်းသင့်ဘူးကွ… ငါ လည်း သူမရှိတော့ တစ်မျိုးကြီးပါပဲ… ”

“အိမ်တစ်အိမ်ဆိုတာ မိန်းမတွေရှိမှ အိမ်စည်တာ ဒယ် ဒီရဲ့… သူတို့က စကားများတော့ သူတို့စကားသံတွေ နဲ့ပဲ အိမ်မှာ အသက်ဝင်နေတာ… ချက်ပြုတ်တာတို့ အိမ်ကိစ္စတို့လုပ်တာတွေဟာလည်း… သူတို့ကြောင့် အိမ်ဒီသက်ဝင်တာပဲလေ… အခုသားတို့နှစ်ယောက် တည်းဆိုတော့ ပျင်းစရာကြီးဗျာ… ပြီးတော့ ချောက် ချောက်ချားချားလည်းရှိတယ်… ”

“မင်းသဘောက… ”

“ကျွန်တော်က ညီမလေးကို ပြန်ခေါ်ချင်တယ်… ပြီး တော့… ”

သည်နေရာတွင် မာန်ဝင့်စကားကို ရပ်လိုက် သည်။ တစ်ချက်တွေစဉ်းစားပြီး ခေါင်းထက်မှ ရေခဲထုပ်ကို ချ၍ ကော်ဖီခွက်ကို ကိုင်ကာမော့လိုက်၏။

ဆက်ပြောသင့် မပြောသင့် စဉ်းစားနေသည်။

“ပြောလေကွာ… ပြီးတော့… ဘာဖြစ်သလဲ… ”

“ရွှန်းလဲ့ဝါကို ကျွန်တော်က ခေါ်ချင်တယ်… ”

“မင်းညီမကတော့ သွေးသားမို့ ပြန်ခေါ်လို့ရတယ်… ရွှန်းလဲ့ဝါက သူစိမ်းကွ… ငါစိတ်ထင် သူလိုက်လာမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူးထင်တာပဲ... ”

“ကျွန်တော် ရွှန်းလဲ့ဝါကို ချစ်တယ် ဒယ်ဒီရာ... ”

“မင်းကလည်း ခက်ခက်လွန်းလို့... ကိုအောင်ဖေ၊ မဝါတို့ကိုသွားပြောရင်ပြီးတာပဲ... ဒယ်ဒီကိုယ်တိုင်သွားနားဖောက်ပေးမယ်ကွာ... ”

“ဟာ... ဒယ်ဒီရာ ... အဲဒါကို ကျွန်တော်မေ့နေတယ်... မိဘကို နားဖောက်မှတော့ မိဘက နားတောင်းပန်ရမှာမို့ ငြင်းမှာမဟုတ်ပါဘူး... သား သမီးဆင်စီးမြင်းရံပြီး သူတို့လည်း နားတောင်းပန်ရမယ်လေ... ငြင်းမှာတော့ မဟုတ်ပါဘူးနော်... ဒက်ဒီက သိပ်တော်တဲ့ဒက်ဒီပဲ...တကယ့်ကို အားကိုးရတဲ့ဒက်ဒီကြီး...”

“မင်းက ဒယ်ဒီအတွက် ဘာမဆိုလုပ်ပေးတော့ ဒယ်ဒီကလည်း မင်းအတွက် လုပ်ပေးရမှာပေါ့ကွာ... တစ်ခုတော့ရှိတယ်ကွ... ”

“ဘာတွေရှိဦးမှာလဲ... ”

“ပန်းဝါ ရောက်လာပြီရင်... မင်းအပြောအဆိုအနေအထိုင်သတိထားရမယ်... ဂျက်ဆိုတဲ့ကောင်နဲ့လည်း မင်းတည့်အောင်ပေါင်းရမယ်... ဟိုကောင်မလေး မိငြိမ်းအေးကတော့ တို့မလိုတော့ဘူး... ထမင်းချက်ဖို့ အိမ်မှာ ခိုင်းဖို့ မိန်းမနှစ်ယောက် အသစ်ရှာရမယ်...”



“ကျွန်တော် သတိထားး... ”

စူးရှသော လူခေါ်ခေါင်းလောင်းသံကလေးက မာန်ဝင့်ထယ်၏ ဆက်ပြောတော့မည့်စကားတွေကို ချိုးဖဲ့လိုက်သည်။

စကားကိုရပ်လိုက်ပြီး မာန်ဝင့်ထယ်က ထရှုံ့သည်။

“ဘယ်သူများပါလိမ့်... ”

“ကုမ္ပဏီက တစ်ယောက်ယောက်ဖြစ်မှာပေါ့ကွာ... မင်းသွားဖွင့်ချေ... ”

မာန်ဝင့်ထယ်ထွက်သွားသည်။

သူက တံခါးဘက်ကိုအသွား တစ်ဘက်မြင်မှန်ချပ်ကြီးများ၏အပြင်ဘက်တွင် ကုမ္ပဏီမှ လူတစ်ယောက်ရပ်နေတာကို မြင်သည်။

အံ့အားသင့်သွားသည်။

ကုမ္ပဏီမှလူပေမယ့် ယခုလက်ရှိလူမဟုတ်ပါ။

မာန်ဝင့်ထယ်က ကပ္ပာကသီ သူ့ဒက်ဒီရှိရာသို့ဝင်လာပြီးလျှင်...

“ဒယ်ဒီ... ဟိုဟာမ ရောက်နေတယ်... တင်မို့မို့အေး”

“ဟေ... တင်မို့မို့အေး... သူက အစောကြီးဘာလာလုပ်တာလဲ... ”

“ကျွန်တော် ဘယ်သိမလဲ ဒယ်ဒီရာ... ဒယ်ဒီကို တွေ့

www.burmeseclassic.com



ဖို့ လာတာဖြစ်မှာပေါ့… ”

တင်မို့မို့အေးနှင့် ဒယ်ဒီ ဘယ်လိုဇာတ်ခင်းပြီး ဘယ်လိုချည်နှောင်ခဲ့ကြသည်ဆိုတာကို မာန်ဝင့်ထယ်က သိပြီးဖြစ်သည်။

သူကလည်း မတင်မို့မို့အေးနား ကပ်ကြည့်သည်။ အကပ်မခံ။

သူ့အဖေ သက်ကြားအိုကြီးကျတော့ အကပ်ခံသည်။ ဒါကို သူက ခံပြင်းသည်။

သူ့ဒယ်ဒီက ဒီဟာမကို အလုပ်ထုတ်ပစ်လိုက်ခဲ့တာကို သူဝမ်းသာသည်။

“လွှတ်လိုက်ရမလား… ဒယ်ဒီ… ”

လူခေါ်ခေါင်းလောင်းသံက ထပ်မံမြည်လာပြန်သည်။

“ငါမရှိဘူးပြောလိုက်ကွာ… ”

ပြီးစလွယ်ပြောလိုက်သော သူ့ဒယ်ဒီစကားကို မာန်ဝင့်ထယ်က ခေါင်းညိတ်ကာ ထွက်အလာ ထမင်းစားခန်းဝရောက်ကာနီးမှ သူ့ဒယ်ဒီ၏ စကားပြောင်းခြင်းကို ခံလိုက်ရသည်။

“ဟော့… ဟော့… ငါမရှိဘူးလို့ မပြောနဲ့တော့… လွှတ်လိုက်… လွှတ်လိုက်… ”

မာန်ဝင့်ထယ် ထွက်သွားသည်။



ဦးဘကလေးက ထမင်းစားခန်းထဲတွင် ငိုင်တွေးကျန်နေခဲ့ပြီး တီးတိုးလေသံနှင့်…

“ဒီကောင်မကို … ဒီမှာတွေ့လို့မဖြစ်သေးပါဘူးလေ ရှေ့ခန်းမှာ တွေ့မှဖြစ်မှာ… ”

လေအေးပေးစက်ပေးထားသော အိမ်ရှေ့ခန်းသို့ သူထွက်လာသည်။

“ကိုမာန်တို့ကလည်း… ဘာတွေလုပ်နေတာလဲ… အပြင်မှာစောင့်ရတာကြာပြီ… ”

“နှစ်ဆယ့်တစ်ရာစုက နှစ်ဆယ့်နှစ်ရာစုမကူးသေးပါဘူးဗျာ… ကျွန်တော်ရော ဒယ်ဒီရော မအားဘူးဗျ…”

“အစ်ကိုကြီး ဘာတွေလုပ်နေသလဲ… ”

ယခင်ခေါ်နေကျ ဘော့(စ်) မဟုတ်ပဲ အစ်ကိုကြီးလို့ခေါ်ကတည်းက သူ့ဒယ်ဒီပရိုမိုးရှင်းတက်ပြီးပေါ့။

“တစ်ယောက်ယောက်ကို လွမ်းနေတယ်ထင်ပါ့ဗျာ…”

သူတို့ပြောသံတွေ နားထောင်ရင်း ဦးဘကလေး အိမ်ရှေ့ ရောက်ခဲ့၏။

“အစ်ကိုကြီး… ”

“ဘာကိစ္စလဲ… ”

တစ်ခါမှ မတွေ့ဖူး မမြင်ဖူးသလို အေသံမျိုးနှင့် ဦးဘကလေး၏ အမေးက တင်မို့မို့အေးအား အောင့်သက်သက်ဖြစ်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးကလည်း... သူစိမ်းဆန်လိုက်တာ... မို့ကို မမှတ်မိတော့ဘူးလား... "

"ဘာလဲ... အလုပ်ပြန်ဝင်ချင်လို့လား... "

တင်မို့မို့အေးမှာ အလုပ်ဖြုတ်ခံရသဖြင့် မိမိထံ အလုပ်ပြန်ဝင်ဖို့လာသည်လို့ပဲ ထင်သည်။

သည်ဟာမကို အလုပ်ပြန်ပေးဖို့ထက် မိမိအတွက် ဘယ်လိုထမ်းမံ အသုံးချရမည်ကို ဦးဘကလေး စဉ်းစားနေသည်။

"အစ်ကိုကြီးကလည်း... မို့ကို ထိုင်ခွင့်မပေးတော့ဘူးလား... အစ်ကိုကြီးနဲ့ဆွေးနွေးချင်လို့... "

တင်မို့မို့အေးမှာ သူ့ဆီမှာလုပ်နေတာထက် ပိုလှနေသည်ဟု ထင်သည်။

ကေသီပန်သွေးဆေးများ သောက်ထားလို့လား။

"ထိုင်လေ... "

မေးငေါ့ပြလိုက်သည်။

တင်မို့မို့အေးက ဆိုဖာတွင် ဝင်ထိုင်စဉ် သူမနောက်တွင် မာန်ဝင့်ထယ်က ရပ်နေသည်။

"ဒယ်ဒီ... ကျွန်တော့်ကို ဘာခိုင်းဦးမလဲ... "

မတော်ရသော အမေလေးလောင်းနှင့် သူ့အဖေ လွတ်လွတ်လပ်လပ် စကားပြောဆိုရန် မာန်ဝင့်ထယ်က ရှောင်



ကွက်ကိုရှာလိုက်သည်။

"နေပါစေကွာ... မင်းဟာမင်းပဲနေပါ... "

သူ့ဒယ်ဒီက သူ့ကို အနားမှာပဲရှိစေချင်သည်။ မာန်ဝင့်ထယ်ရိပ်မိသည်။ သည်မှာပဲ တည်ရှိနေသည်။

"ကဲဆို... ဘာဆွေးနွေးမှာလဲ... အလုပ်ကြောင်းလား မမို့... "

"အလုပ်အတွက်လာတာ မဟုတ်ဘူး အစ်ကိုကြီး... မို့ရဲ့ အခက်အခဲအတွက်လာတာ... "

ဦးဘကလေး မျက်မှောင်ကုပ်လိုက်သည်။

"ဘာအခက်အခဲလဲ... "

မေးရင်းတွေးသည်။

ဒီကောင်မတော့ ငါ့ဆီငွေတောင်းဦးတော့မှာပဲ။

တင်မို့မို့အေးက ပြောရခက်သလို စဉ်းစားနေသည်။ ဦးဘကလေးက အလိုက်တသင့်...

"မင်း... ငွေလိုလို့လား... "

သူမတောင်းလျှင်တော့ သူတောင်းစားပေးပေးပစ်မည်ဟု ဦးဘကလေး စိတ်ကူးသည်။

"မဟုတ်ပါဘူး... မလိုပါဘူး... "

"ဒါဖြင့်ဘာလဲ... "

တင်မို့မို့အေးသည် ဦးဘကလေးကို မရဲတရဲ ကြည့်လိုက်သည်။ ထိုသည်နောက် သူမ နောက်ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မာန်ဝင့်ထယ်ကို သမင်လည်ပြန်ကြည့်လိုက်သည်။

ပြီးမှ ဦးဘကလေးအား လေသံတိုးတိုးနှင့်...

"မို့မှာ မပေါ့မပါးဖြစ်နေပြီ အစ်ကိုကြီး... "

ဦးဘကလေး လန့်သွားသည်။ ထိုနောက်မှ မျက်မှောင်ကုပ်၍ စူးစူးပြင်းပြင်းကြည့်ကာ...

"ဘာပြောတယ်... "

"မို့မှာ... ကိုကြီးနဲ့ရတဲ့ ရင်သွေးကလေးကို လွယ်ထားရပြီ... "

"ဟေ... အဲဒါ ငါဘာလုပ်ရမှာလဲ... "

"မို့ကို အစ်ကိုကြီး... လက်ထပ်ယူပါ... "

"ဘာပြောတယ်... "

"မို့ကို အစ်ကိုကြီး... လက်ထပ်ယူပါ... "

ခဏတိတ်ဆိတ်သွားသည်။

"ဟား... ဟား... ဟား... ဟား... ဟား... "

ရယ်သံကြီးက အူလှိုက်သည်းလှိုက်ရှိလှသည်။ ဦးဘကလေးသည် ခေါင်းကို နောက်ပစ်ရယ်သည်။

မာန်ဝင့်ထယ်က သူ့ဒယ်ဒီကို ငေးကြည့်နေသည်။ တင်မို့မို့အေးပြောတာကို သူလည်းကြားသည်။

"အစ်ကိုကြီး... ဘာရယ်တာလဲ... "

တင်မို့မို့အေးက မလုံမလဲဟန်နှင့် မေးသည်။



ဦးဘကလေးအရယ်ရပ်လိုက်သည်။ သူက

တင်မို့မို့အေးနှင့် မျက်နှာချင်းဆိုင်ထိုင်ရာမှ ထရပ်လိုက်၏။

ခါးကိုတင်းတင်းထောက်လိုက်သည်။

"တင်မို့မို့အေး... မင်းပြောတာကို သဘောကျလို့ ရယ်

တာပေါ့ကွ... ဘာလဲ မင်းကို ငါက လက်ထပ်ရမယ်

သူမက ခေါင်းလေးကို ညိတ်ပြလိုက်သည်။

"ဘာလဲကွ... မင်းကိုဘာလို့လက်ထပ်ရမှာလဲ... "

"အစ်ကိုကြီးကြောင့် မို့အရှက်တကွဲ အကျိုးနည်းအဖြ

မခံနိုင်ဘူး အစ်ကိုကြီး... "

"သွားစမ်းပါကွာ... မင်းငါ့ကို ဒီနည်းနဲ့ လာလှည့်

မနေစမ်းပါနဲ့... ဒီနည်းတွေဟာ ရိုးနေပါပြီကွာ..

ရုပ်ရှင်တွေထဲ ဝတ္ထုတွေထဲ မင်းတို့ဖတ်တဲ့ကာတွန်

ရုပ်ပြတွေထဲမှာ ပါနေကြနည်းတွေ... "

"မဟုတ်ဘူး... မဟုတ်ဘူး... တကယ်... "

"မို့ အစ်ကိုကြီးကို အားကိုးလာတာပါ... "

"အားကိုးရင် တခြားသွားအားကိုး... "

"အစ်ကိုကြီး... မို့ကို ဒီလို ပက်ပက်စက်စက်မပြောပ

နဲ့... "

"ကောင်မ... ငါပါးပိတ်ရိုက်ရင်သေတော့မယ်..

ထွက်သွား... ငါ့ဘာအောက်မေ့လဲ... "

www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူး... ယုတ်မာတဲ့ ရှင်နဲ့ ရှင်းပြီးမှ သွားမယ်"

သူမက ဦးဘကလေးကို မချိုမချဉ်ကြည့်ကာ

"ကျွန်မကို ... အဓမ္မမောင်းထုတ်ဖို့ မကြိုးစားနဲ့... ခုခေတ်မှာ အမျိုးသမီး ဥပဒေတွေရှိတယ်... "

"အေး... အဲဒီ ဥပဒေနဲ့ ငါ့ကိုလာမခြောက်နဲ့... လာမကိုင်နဲ့...ဒီဥပဒေက မမှန်ကန်တဲ့ မင်းတို့လို ကလိန်မမျိုးတွေအတွက် လိုက်မှာ မဟုတ်ဘူး... "

ဦးဘကလေး ဒေါသထွက်သော်လည်း ဒေါသကိုချုပ်၍ လှောင်တောင်တောင်လေသံနှင့် ဆိုသည်။

"ဘာမမှန်ကန်တာလဲ... ဦးဘကလေး... "

တင်မို့မို့အေးကလည်းခပ်မာမာ။

"မင်းမှာ ကိုယ်ဝန်ရှိပါတယ်ဆိုပြီးလာလိမ်နေတာပေါ့..."

"ကျွန်မ ဆရာဝန်နဲ့စစ်ပြီးပြီ... "

"အဲဒါ မင်းလိမ်တာ... ဒါငါ့ကိုယ်ဝန်မဟုတ်ဘူး... "

"ရှင်ပဲ... "

"မင်း ငါ့အကြောင်းမသိသေးဘဲကိုး... ငါကဒါမျိုးတွေ ကြိုမြင်လို့သားကြောဖြတ်ထားတာ ကြာပြီကွ... "

အောင်မြင်သော ပြတ်သားသော လေသံနှင့် ဦးဘကလေးက ပြောကာ ခပ်တိုးတိုးရယ်သည်။



တင်မို့မို့အေး မျက်နှာပျက်သွားသည်။

သူမ၏ ထောင်ချောက်တစ်ခုလွတ်သွားပြီကို သိသည်။

"ရှင်ကြီး... လျှောက်ပြောမနေနဲ့... ရှင်ကြီးက ကျွန်မကို လိမ်တာ... လိမ်တာ... "

"ဟ... ဘာလိမ်စရာလိုသလဲကွ... မင်းမယုံရင် ငါ့ကို ဆရာဝန်နဲ့ စစ်ကြည့်... ဟုတ်နေလို့ကတော့ကွာ... မင်းကို ငါက... ငါ့ကိုလာပြီး မိန်းကလေးတန်မဲ့ ခြိမ်းခြောက်ပါတယ်ဆိုပြီး တရားစွဲမယ်... ငါ့သားက သက်သေရှိပြီးသား... "

"ဟင်း... ဟင်း... ဟင်း... ဦးဘကလေးရယ်... ကျွန်မက မနိုင်ရင်ဘာမှမကိုင်ဘူး... ကျွန်မ မပိုင်ရင် ယင်ကောင်တောင်မဖမ်းဘူး... ရှင်တို့သာ ဒုက္ခရောက်မှာ"

"ဟေ... ဘကလေးတဲ့ကွ... မင်းကြိုက်တဲ့ နေရာမှာ သွား... မင်းခံရတော့မှ ဟိုဆေးကြော်ငြာထဲကလို အောင့်နာနာထိုးနာနာ မဖြစ်နဲ့... "

"ဟာ... ဒယ်ဒီရယ် အပြောပိုင်လိုက်တာ... "

သားတော်မောင် သားကြီးသြရသက ကောင်းချီးပေးတော်မူသည်။

"ဟင်း... ဟင်း... ဦးဘကလေးနဲ့ ကိုမာန်ဝင့်ရယ်...

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ကို ထောင်ထဲကို ဆွဲသွင်းမှာ... မိမို့ကို အထင်မသေးပါနဲ့... "

ထောင်ဆိုသောစကားကြောင့်သားအဖနှစ်ဦးလုံးမျက်လုံးကျယ်သွားသည်။

တစ်ယောက်ကို တစ်ယောက်လှမ်းကြည့်လိုက်မိကြသည်။

ဒါကိုရိပ်မိလိုက်သော တင်မို့မို့အေးက တဟင်းဟင်းလှောင်ရယ် ရယ်သည်။ နောက်ပြီးမှ ခေါင်းကလေးနောက်ပစ်ကာ...

"ဦးအာကာထက်ကတော့ ရှင်တို့ကိုတမလွန်ဘဝက... အခဲကြေမှာ မဟုတ်ဘူး... "

"မင်း... မင်း... ဘာပြောတယ်... "

"လန့်သွားသလား... ဦးအာကာထက်ကတော့ရှင်တို့ကို တမလွန်ဘဝရောက်နေတာတောင် ကမ္ဘာမကြေဖြစ်နေမှာ... အစာမကြေ၊ ကမ္ဘာမကြေ... မသာတွေလိုဆဲနေမှာ... "

ဘုရား... ဘုရား... ဘယ်လိုစကားကြီးပါလိမ့်။

တင်မို့မို့အေးက တိုက်ကွက်ပြောင်းချေပြီ။

"ဘာဦးအာကာထက်လဲ... ဦးအာကာထက်နဲ့ မင်းနဲ့ ဘာဆိုင်သလဲ... "



"ဆိုင်ပြီကောရှင့်... ကျွန်မကဦးအာကာထက်နဲ့ ခင်တယ်လေ... မနေ့က ကသည်းသောင်ကို ဦးအာကာထက် သွားတော့ ကျွန်မကို ခေါ်တယ်... ကင်မရာတစ်လုံးလည်းပေးထားတယ်... ကသည်းတောင်မှာ လူတစ်ယောက်နဲ့ချိန်းထားတယ်တဲ့... အဲဒီလူနဲ့ စကားပြောရင် အမှတ်တရ ဓါတ်ပုံရိုက်ပေးပါတဲ့... ကျွန်မကလည်း ကသည်းသောင်ကိုလိုက်လာခဲ့တယ် ကသည်းသောင်ရောက်တော့ ဦးအာကာထက်က ကျွန်မကို ပုန်းလျှိုးကွယ်လျှိုးလိုက်ခဲ့ဖို့ပြောတယ်... ကျွန်မဆိုတဲ့ မိန်းမကလည်း အင်မတန် စပ်စုချင်တယ်လေ... ဘာတွေပြောမလဲ... ဘာတွေလုပ်ကြမလဲဆိုတာ သိချင်တယ်... အဲဒါနဲ့ ပုန်းလျှိုးကွယ်လျှိုး သူမမြင်အောင်လိုက်သွားတယ်... "

တင်မို့မို့အေးအသံက လှောင်သံအပြည့်။

ဦးဘကလေးနှင့် မာန်ဝင့်ထယ်မှင်သက်မိသလို နားထောင်နေမိ၏။ တင်မို့မို့အေးက မြိန်ရေရှက်ရေ ပြောသည်။

"ဦးအာကာထက်ချိန်းထားတာ ... တစ်ယောက်မဟုတ်ဘူး... နှစ်ယောက်ဖြစ်နေတယ်... တစ်ယောက်က ငယ်ငယ်... တစ်ယောက်က အသက်ကြီးကြီး... မနိုင်း

www.burmeseclassic.com



ကောင်းနိုင်းကောင်းရှင်ရယ်… ဦးဘကလေးတို့ သားအဖနဲ့ သိပ်တူတာ… ဦးအာကာထက်နဲ့ အဲဒီလူကြီး စကားလည်းပြောပြီးရော… နှစ်ယောက်သားလက်ဆွဲနှုတ်ဆက်ကြတယ်… အဲဒီမှာတွင် လူငယ်ငယ်က နောက်ကနေပြီး ဦးအာကာထက်ရဲ့လည်ပင်းကို ညှစ်တော့တာပဲ… ကျွန်မကင်မရာကလည်း အလိုက်သိလိုက်တာ… တစ်ခါတည်း ဓါတ်ပုံရိုက်ပြီးသားကို ဖြစ်သွားတယ်… အဲဒီဓါတ်ပုံထဲက နဂ္ဂတစ်က ကျွန်မဆီရှိပြီးသား… ပုံကြီးချဲ့လိုက်ရင်တော့ ဘယ်သူတွေဆိုတာ ပေါ်လာမှာပဲရှင့်… ”

တကယ့်ကို ပိုင်ပိုင်နိုင်နိုင်အသံနှင့် ပြောသွားသည်။တစ်ခန်းလုံးမှာ အပ်ကျမတတ် တိတ်ဆိတ်သွားသည်။

တင်မို့မို့အေးက မျက်ခုံးကလေးတွေမြှင့်၍ ပြုံးလိုက်၏။

“ကျွန်မကလည်း… ရာဇဝတ်မှုဆိုရင် ကြောက်တယ်ရှင့်… အဲဒီနဂ္ဂတစ်နဲ့ ကူးပြီးဓါတ်ပုံကို ရဲလက်အပ်လိုက်ရမလားလို့ စဉ်းစားနေတယ်လေ… ဘယ့်နှယ်လဲ… ကျွန်မပြောတဲ့ ကိုယ်တွေ့ဇာတ်လမ်းကလေးက စိတ်ဝင်စားစရာမကောင်းဘူးလား… ”

ယောကျ်ားသားနှစ်ယောက်မှာ တုန်လှုပ်မှုနှင့်



ငိုင်နေကြသည်။ ဦးဘကလေးမှာ မျက်နှာ အပျက်ကြီးပျက်ကာ နဖူးတွင်လည်းကောင်း၊ လည်တိုင်စပ်နှင့် ကျောတွင်လည်းကောင်း ချွေးတွေစို့လာသည်။

နားထင်နားရင်တွေ ပူပြီးအာခြောက်လာသည်။ ဒေါသလည်းဖြစ်၊ စိတ်လည်း တုန်လှုပ်လာ၏။ မိမိတို့ ကိစ္စကိုသည်တန်ဖိုးမဲ့ကောင်မ သိသွားပြီ။

“ကိုင်း… ကျွန်မပြန်လိုက်ပါဦးမယ် ဦးဘကလေး… ”

တင်မို့မို့အေးက ပြောပြီးထမည်အပြု ဦးဘကလေးက လက်နှင့်ဖမ်းထားလိုက်ပြီး…

“နေဦး… ”

ထပြန်တော့မည့် တင်မို့မို့အေး ကိုယ်ရှိန်သတ်လိုက်သည်။

“မင်းကို ငါ လက်ထပ်မယ်… ”

ဦးဘကလေးက ပြောသည်။ တင်မို့မို့အေးက ပြုံး၍ခေါင်းခါပြ၏။

“ကျွန်မမှာ ကိုယ်ဝန်မှမရှိတာဘဲ… ရှင့်ကို ဘာလို့ လက်ထပ်ရမှာလဲ… မထပ်တော့ဘူး… ”

“မဟုတ်ဘူးလေ… ငါက မင်းကိုချစ်လို့တာ… ”

“တော်ပါ… ရှင်ကြားကောင်းအောင် မပြောပါနဲ့… ရှင့်

www.burmeseclassic.com



အသက်အရွယ်ကြီးနဲ့ ကျွန်မ... လူကြားလို့လည်း မကောင်းပါဘူး..."

"တကယ်ပြောတာ..."

"ကျွန်မက ရှင့်သမီးအရွယ်လောက်ရှိတာပါ... ကျွန်မက အဘိုးကြီးတွေကို မချစ်တတ်ဘူးရှင့်..."

ပြောပြီးတော့ တင်မိုမိုအေးက လှောင်ရယ်ရယ်သည်။

ဦးဘကလေးသည် သူရပ်မိနေသော ရှေ့မှ နှစ်ယောက်ထိုင် ဆိုဖာဆက်တီ၏နောက်မှီဘောင်ကို လက်နှစ်ဘက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မိသည်။

မျက်လုံးတွေမှာ ကြောက်ဒေါသန်းလာသည်။

ဒါကိုကြည့်ကာ တင်မိုမိုအေးက အောင်နိုင်သူ၏ ပြုံးခြင်းမျိုးဖြင့် မာန်ဝင့်ဝင့်ကလေး ပြုံးလိုက်သည်။

"ကျွန်မ ရှင့်ကို စိတ်မဝင်စားတော့ဘူး ဦးဘကလေး"

တင်မိုမိုအေးက ခေါင်းကလေးစောင်း၍ သမင်လည်ပြန်ကြည့်လိုက်သည်။

သူ့အားစေ့စိုက်ကြည့်နေသော မာန်ဝင့်ထယ်၏ မျက်လုံးများနှင့် ရင်ဆိုင်နေမိသည်။

သားအဖနှစ်ယောက်မှာ နိုင်လိုမင်းထက် ပြောသော တင်မိုမိုအေး စကားကြောင့် ဒေါသတွေထွက်သလို

BURMESE CLASSIC .com



တုန်လှုပ်ချောက်ချားလာကြ၏။

ရာဇဝတ်မှုတစ်ခု၏အပြစ်ဒဏ်ကို သည်မိန်းကလေးကြောင့် ခံရတော့မည်ကို စဉ်းစားလာမိကြသည်။

"မင်းက နိုးဆိုတော့ ဘာကိုကြိုက်သလဲ..."

"ကျွန်မ ကြိုက်တာ ကိုသိန်း..."

"ဘာကိုသိန်းလဲ..."

"အာ... ဦးဘကလေးကလည်း ခေါ်မမိတော့ပြန်ဘူး... ကိုသိန်းဆိုတာ သိန်းတစ်ရာကိုပြောတာရှင့်"

"သိန်းတစ်ရာ..."

"ဟုတ်ပါတယ်ရှင်... မြန်မာလို ပြောတာ... သဘောမပေါက်ရင် သိန်းတစ်ရာဟာ (One Hundred Lakhs) ဝမ်းဟန်ဒရက်လက်စ်"

"ကောင်းပြီ... ဒါပေးရင် နဂ္ဂတစ်နဲ့ကူးပြီး ဓာတ်ပုံပေးမလား..."

"ဓာတ်ပုံက မကူးရသေးပါဘူး... နှစ်ဆယ့်လေးနာရီတောင် မပြည့်သေးတာ ဘယ်လိုလုပ်ကူးမလဲ... နဂ္ဂတစ်ပဲ ရှိမယ်..."

"ဒါဆိုဘယ်မလဲ နဂ္ဂတစ်..."

"ကျွန်မအိမ်မှာ သိမ်းထားတယ်... သိန်းတစ်ရာရရင် အဲဒီနဂ္ဂတစ်ကို ချက်ချင်းပေးမယ်..."

www.burmeseclassic.com

www.burmeseclassic.com



"သိန်းတစ်ရာဆိုတော့ များတယ်... လျှော့ပါဦးကွာ"

"ဩော်... ရှင်ခုခေတ်က ကုန်ဈေးနှုန်းအရမ်းကြီးမြင့်တော့... ကျွန်မ လျှော့ချင်ပေမယ့် လျှော့လို့မရဖြစ်နေတယ်... "

ဦးဘကလေးသည် မတ်တတ်ရပ်နေရာမှ မဲ့ပြုံးပြုံး၏။ တင်မိုမိုအေးနောက်ဘက်တွင် ရပ်နေသော သူ့သားမာန်ဝင့်ထယ်ကို လှမ်းကြည့်လိုက်သည်။

သူ့မျက်နှာကြီးမှာ ခက်ထန်မာကြောကာ သူရူးလို ဖြစ်နေသည်။ မျက်လုံးတွေ အရောင်တောက်ကာ ရက်စက်တော့မည့်အသွင်။

ဒါကို မြင်လိုက်မိသည့် တင်မိုမိုအေးမှာ စိတ်ထဲ မသိုးမသန့်ဖြစ်၍ ထိတ်လန့်လာတော့သည့်အလျောက်။

"ရှင်တို့နော် မဟုတ်တရုတ်လုပ်မယ် မကြံကြနဲ့... ကျွန်မ... "

သူမ စကားမဆုံးမီ မာန်ဝင့်ထယ်ကို ဦးဘကလေးက ခေါင်းညိတ်ပြလိုက်သည်။

မာန်ဝင့်ထယ်ကနောက်မှနေပြီး သူမ၏ဆံပင်တွေကို ဆောင့်ဆွဲပစ်လိုက်သည်။ လည်ဆံတိုင်ကြော့ကြော့မော့မော့လေးက ပေါ်လာသည်။

ဦးဘကလေးက အံကြိတ်၍ ထိုလည်တိုင်



ကလေးကို သူ၏လက်နှစ်ဘက်မှ လက်ချောင်းများနှင့် တအားဖျစ်ညှစ်တော့သည်။

တင်မိုမိုအေး ရုန်းကန်သည်။

ဆံပင်ဆွဲကိုင်ထားပြီး ခေါင်းလှန်ခံရခြင်းကြောင့် ဘယ်လိုမှရုန်းမရ။

အသက်ရှူကျပ်ပြီး လျှာပင်ထွက်လာသည်။ မျက်လုံးတွေ ပြူးထွက်လာသည်။ နားထင်သွေးကြောများ ပေါက်ကွဲထွက်မတတ်ဖြစ်လာသည်။

"သတ်... သတ်... ဒက်ဒီ အသေသတ်... "

"တို့အပေါ် အနိုင်ယူချင်တဲ့အယုတ်တမာမ... သေစမ်း... သေစမ်း... "

ထိုစဉ်မှာပဲ...

လူတစ်စုသည် ဟနေသော မှန်ချပ်တံခါးကြီးကို တွန်းဖယ်ပြီး ဝင်လာကြသည်။

သူတို့ကား ဦးဘကလေးအား စစ်တမ်းထုတ်ရန် လာကြသည့် ဗုရဲအုပ်ကိုလတ် ခေါင်းဆောင်သောရဲတစ်စုပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက အံဆွဲတွင်းမှ တာအိတ်ညိုကြိုကို ထုတ်ယူလိုက်၏။

ထိုတာအိတ်ညိုမှာ ဦးအာကာထက် သေပြီးမှတော့ တန်ဖိုးမရှိတော့။ သူရှိခဲ့လျှင်လည်း ဘာမှအသုံးမဝင်။

"ဘာလဲ ကိုဂျက်... ဘာလဲ..."

"အလကားစက္ကူပါ..."

သူက ပန်းဝါခိုင် ဘာညာထင်မည်စိုးသဖြင့် သံသယကင်းရှင်းစေသောငှာ အတွင်းကတာရွက်ဖြူဖြူကို လှမ်းပေးလိုက်၏။ ပန်းဝါခိုင်က ယူကြည့်ပြီး...

"ဘာမဟုတ်တဲ့ တာရွက်ဖြူများ သိမ်းဝဘားရတာယ်လို့"

"ဆွဲဆုတ်ပစ်လိုက်ပါ ပန်းဝါရယ်..."



သူ့စကားအတိုင်း ပန်းဝါခိုင်က တာရွက်ဖြူဖြူကို ဆွဲဆုတ်ပြီးတော့ အိပ်ခန်းပြတင်းပေါက်မှ ပစ်ချလိုက်သည်။

တာရွက်အပိုင်းသုံးလေးပိုင်းသည် ပြတင်းပေါက်မှ လွန့်ကာလူးကာဖြင့် ပြတင်းပေါက်အောက်ခြေရှိ မိုးရေများတင်နေသည့် ရေအိုင်ထဲကျသွား၏။

"ကဲ... စုတ်ဖြဲပြီးပြီ..."

"စုတ်ဖြဲပြီးရင် တာရွက်ကို မသိမ်းတော့ဘူး... ဒီချစ်ချစ်ကလေးကိုပဲ တစ်သက်လုံး သိမ်းတော့မယ်..."

ချစ်ရတဲ့ ချစ်ဇနီးလေး၏တစ်ကိုယ်လုံးကိုဂျက်စနေက ပွေ့ယူလိုက်သည်

"ဟဲ့... ကိုဂျက်... ဖြည်းဖြည်းဟဲ့... ဗိုက်ထဲမှာကလေးလေးနဲ့..."

သူတို့နှစ်ယောက်၏ ရယ်ပုံက ကြည်ရွှင်လှသည်။

ဂျက်စနေက ပန်းဝါကို ဂရုစိုက်ပြီး တာရွက်စုတ်တွေကို ဂရုမစိုက်တော့။

မျက်နှာငယ်ကလေးများနှင့်ရေအိုင်ထဲမှိုးဆင်းသွားသော တာရွက်ပိုင်းလေးတွေက ရေနှင့်ထိတွေ့ပြီး အံ့သြ

www.burmeseclassic.com



ဖွယ်ရာ အရေးအကြောင်းများ စာလုံးများတစ်စံတစ်စ ပေါ်လာတော့သည်ကိုသာ ဂျက်စနေတွေ့ရှျင်...

ထိုအရာတွေကား လမ်းညွှန်မြေပုံတစ်ခုနှင့် သင်္ကေတအမှတ်အသားများသာ ဖြစ်ပါတော့သတည်း။

ဆုံကြဉ်းမယ်ကွယ်

စောညို

၂၃-၆-၂၀၀၁

BURMESE CLASSIC .com

www.burmeseclassic.com